# ကျေးဇူးတင်လွှာ

**မြန်မာ့ရိုးရာ စကားထာများ** စာအုပ်ကိုပြုစုရာ၌ ကူညီညွှန်ကြားပေးကြသည့် ဆရာကြီး မွန်းဓာတု၊ ဆရာ မင်းသုဝဏ်၊ ဆရာ ရဝေထွန်း၊ ပန်တျာကျောင်း နည်းပြဆရာ ဦးကျော်မြသောင်းနှင့် မြစ်ငယ် မောင်လူအေး တို့အား ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ထို့ပြင် ဤစာအုပ်နှင့် ပတ်သက်၍ လိုအပ်သော စာအုပ်စာတမ်းများအား ရှာဖွေပေးခြင်းနှင့်တကွ၊ ဤစာအုပ် ဖြစ်မြောက်အောင် အစစ ကူညီသင်ကြားပြသပေးသည့် ဆရာ နန်းညွှန့်ဆွေအားလည်း ကျေးဇူးတင်ကြောင်းကို ထပ်လောင်း၍ ဖော်ပြအပ်ပါသတည်း။

**ကြည်ဦး**

သိမှတ်ဖွယ်ရာ မြန်မာ့ဓလေ့ရိုးရာစာအုပ်

**ကြည်ဦး**

# မြန်မာ့ရိုးရာစကားထာများ

(ပဉ္စမအကြိမ်)

ယနေ့မန္တလေးစာအုပ်တိုက်
အမှတ် ၁၀၁၊ ၈၄၊ ၂၉-၃၀ လမ်းကြား၊
မန္တလေးမြို့။
ဖုန်း (၀၂)-၃၉၈၀၁/၃၉၈၉၁

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**

ပဥ္စမအကြိမ်ပုံနှိပ်ခြင်း

[၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရေ ၁၀၀၀]

❐

**စာမူခွင့်ပြုချက်အမှတ်**

[ ၇၇/၂၀၀၃ (၁) ]

❐

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

[ ၈၅၈/၂၀၀၃ (၁၀) ]

❐

**မျက်နှာဖုံးပန်းချီ**

ဝသုန်

❐

**မျက်နှာဖုံးကာလာခွဲ**

Eternal

❐

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးစိုးသိန်း (ငွေကြယ်အော့ဖ်ဆက်)

၁၄၈၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

❐

**အတွင်းပုံနှိပ်သူ**

ဦးလွင်ဆန်းယဉ် (စာပေလုပ်သားပုံနှိပ်တိုက်)

၂၁၁၊ ၃၉ လမ်း၊ ရန်ကုန်မြို့။

❐

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

**စာအုပ်ချုပ်** - ကိုမြင့်၊ ညီဝင်းမြင့်

**အတွင်းဖလင်** - ကိုအောင်အောင်

**ကွန်ပျူတာစာစီ** - Dream City

❐

**[တန်ဖိုး-၈၀၀ ကျပ်]**

# မာတိကာ


| | | |
|---|---|---|
| **၁။** | **နိဒါန်း** | **၁** |
| **၂။** | **စကားထာမိတ်ဆက်** | **၁၃** |
| **၃။** | **ကျမ်းဂန်ထွက် စကားထာများ** | **၂၂** |
| **၄။** | **စကားထာများ** | **၅၀** |
| | (က) စကားထာရိုးရိုးများ | ၅၁ |
| | (ခ) မင်းကံစီ၏ စကားထာများ | ၆၄ |
| | (ဂ) ချစ်စကားထာများ | ၆၈ |
| **၅။** | **စကားလိမ်များ** | **၁၀၁** |
| | (က) စကားလိမ်ရိုးရိုးများ | ၁၀၃ |
| | (ခ) စကားလိမ်တစ်နည်း | ၁၀၆ |
| | (ဂ) သစ်ဆိမ့်ဆရာတော်၏ စကားလိမ်များ | ၁၀၇ |
| | (ဃ) စကားလိမ်ပေးစာ | ၁၀၇ |
| **၆။** | **စကားဝှက်များ** | **၁၁၁** |
| | (က) စကားဝှက်ရိုးရိုးများ | ၁၁၃ |
| | (ခ) တစ်ဆယ့်ခြောက်ချက် စကားဝှက် | ၁၁၅ |

**၇။ သင်္ချာစကားထာများ ၁၂၂**

(က) အုန်းသီး ဝယ်ရရောင်းရအောင် ၁၂၃
(ခ) အလေး ၃ လုံး ၁၂၆
(ဂ) ဖားကလေး ကုန်းပေါ်ရောက်ဖို့ ရက်ကိုမျှော် ၁၂၇
(ဃ) ဘဲဥကို စစ်ကြရအောင် ၁၂၈
(င) စာနှင့်ကြာ ၁၃၀
(စ) အလေးတိုက်ရအောင် ၁၃၁
(ဆ) ဆေးလိပ်ဝှက်ကြစို့ ၁၃၄
(ဇ) ငွေအိတ်ထဲမှာ မည်မျှပါ ၁၃၉
(ဈ) အဝေရခက်သော ဆီ ၁၅၁
(ည) ခိုခွဲ ဝမ်းဘဲငါးကျပ် စာတစ်မတ် ၁၅၄
(ဋ) ဆင်ကောင်ရေ ဘယ်လောက်လဲ ၁၅၇
(ဌ) ရေတွင်းနှင့် ရေပုံးကြိုး ၁၆၂
(ဍ) ထရာဇာ ၆ ၁၆၇
(ဎ) နှင်းဆီပန်းပွင့် ၁၆၉
(ဏ) မရန်းသီးချိုချို ၁၇၁
(တ) မုန့်ပုစွန် ၁၇၃
(ထ) စာကလေးတွေ မိုးပေါ်ပျံ ၁၇၈

**၈။ ပုစ္ဆာစကားထာများ ၁၈၃**

(က) ထွတ်ဖူးနှစ်ဆင့်ခံ ၁၈၅
(ခ) ကားယားကောင် ၁၈၇
(ဂ) တစ် နှစ် သုံးလေး အဖြေမေး ၁၈၉
(ဃ) ပလပေါက် ၁၉၁
(င) ဖိနပ်စီးကြရအောင် ၁၉၄
(စ) ဟိုဘက်ကမ်းကို ကူးကြမယ် ၁၉၆

(ဆ) မိုးရထား ၂ စင်း ၁၉၈
(ဇ) ဆွတ်ချူရန် ခက်ပါဘိ ၂၀၂
(ဈ) မင်းသား ၃ ယောက် ဘီလူး ၃၀ တိုက်ပွဲ ၂၁၆
(ည) ဝါးတစ်ရာ မ ကိုးခေါက် ၂၂၂
(ဋ) နန်းခလေ့ ၂၂၇
(ဌ) ရှင်အောင် ရှင်ယျ ရှင်ဦး ၂၃၈
**၉။ ပုံပြင်စကားထာများ ၂၄၇**
(က) သစ္စာရှင် မည်သူနည်း ၂၄၉
(ခ) ကျေးရူးရှင် မည်သူနည်း ၂၅၄
(ဂ) ဖူးစာရှင် မည်သူနည်း ၂၅၉
(ဃ) အကြီးဆုံး မည်သူနည်း ၂၆၁
(င) သင် မည်သို့ဆုံးဖြတ်မည်နည်း ၂၆၄
(စ) ယာခင်းရှင်၏ ပြဿနာ ၂၇၁
(ဆ) ခရီးသည်ကြီးနှင့် စကားထာမြို့တော် ၂၇၆
(ဇ) ရွှေအိုးမြှုပ်ထားသော ကျေးသား ၂၇၉
(ဈ) ဆရာမှာထား ၃ ခွန်းစကား ၂၈၃
**၁၀။ အဖြေများ ၂၈၇**
**၁၁။ ကျမ်းကိုးစာရင်း ၃၁၅**

# နိဒါန်း

နေကပူပူ လေပူပူအောက်တွင် အထက်မြန်မာပြည်တစ်ခွင်သို့ လေ့လာရေးခရီး ထွက်လာခဲ့ကြသော လူငယ်ရေးရာ ညကျောင်းသားများ အပါအဝင် ကျွန်မတို့လူစုသည် ပေါက်ပင်များ၏ အရိပ်ကို ခိုလှုံရင်းဖြင့် ဒုက္ခရ စရိယာ ကျင့်နေကြရတော့သည်။

ခရီးထွက်လာသည့် ကားလေးစီးအနက် ကျွန်မ စီးလာသော ကားသည် ဤတစ်ကြိမ် ပြင်ရသည်ပါဆိုလျှင် နှစ်ကြိမ်မြောက်ဖြစ်သွားပေပြီ။ ပထမတစ်ကြိမ်က ရှေ့ညာဘက် ဘီးတစ်ဖက် ပြုတ်ထွက်သွားသည်ဖြစ်ရာ ကံကြီး၍သာ ကျွန်မတို့ အထိအခိုက်မရှိကြခြင်း ဖြစ်ရသည်ကို ရင်တမမ ဖြစ်ရတော့၏။ ဒုတိယတစ်ကြိမ်မှာကား အတင့်ရဲလွန်းသော ကားလမ်းဖြတ်ကူးသူ တစ်ဦးအား ရှောင်တိမ်းလိုက်ရာမှ လမ်းဘေးမြောင်းထဲသို့ ကျွန်မတို့ ကားကြီး ထိုးစိုက်ကျသွားရခြင်းကြောင့် ဖြစ်သည်။

ကားတစ်စီးက ပြင်ဆင်၍ မပြီးမချင်း ကျန်သော ကားများကပါ စောင့်ဆိုင်းနေကြရသည် ဖြစ်သောကြောင့် ကျွန်မတို့ လူစုသည် စုစုဝေးဝေးနှင့် စကားဝိုင်းဖွဲ့ကုန်ကြတော့သည်။ လဲပင်များနှင့် မတိမ်းမယိမ်း ဆင်ဆင်တူနေကြသည့် ပေါက်ပင်များအား လက်ညှိုးထိုးပြလိုက်ရင်းမှ ကျွန်မသည် အတူဝိုင်းထိုင်နေကြသည့်

ကျောင်းသား ကျောင်းသူများအား ‘အဲဒါ ဘာပင်လို့ခေါ်သလဲ၊ သိကြလား’ဟု မေးလိုက်မိ၏။ တချို့က သိသည်ဟု ဆိုကြသည်။ တချို့က ခေါင်းလေးများ ခါပြကြကုန်သည်။ တချို့ကတော့ ကျွန်မ မေးသည်ကို စိတ်မဝင်စား။ ပူပြင်းသော ရာသီဥတုဒဏ်ကို ခံစားနေကြရသည်က တစ်ကြောင်း၊ တောလမ်းခရီး၏ အလယ် ရှုခင်းရှုဖွယ်ရာများကို စိတ်မဝင်စားသည်က တစ်ဖုံကြောင့် ငိုက်မျဉ်း နေကုန်ကြသည်။

ထိုအခါ ကျွန်မက ပေါက်ပင်နှင့် လဲပင်ကို ကွဲပြားအောင် ရှင်းပြလိုက်ရင်းက သူတို့လေးတွေလည်း အပျင်းပြေလေအောင် ဗဟုသုတလည်း ရကြလေအောင်၊ စိတ်လက် ပျော်ရွှင်မှုလည်း ဖြစ်ကြရလေအောင် ဟူသော အတွေးနှင့်–

“ကိုင်း၊ မင်းတို့အထဲက ပေါက်ပင်နဲ့ ပတ်သက်တဲ့ ဥပမာ စကားပုံ ဒါမှမဟုတ် ရှေးကစပ်ဆိုခဲ့တဲ့ ကဗျာလင်္ကာဖြစ်ဖြစ်ပေါ့၊ ရရာတစ်ခုခုရှိရင် ပြောပြကြစမ်းကွယ်” ဟု မေးစမ်းကြည့်လိုက် သည်။

‘တိုင်းရေးပြည်ရေး၊ ပေါက်နှင့်ကျေး’ ဟု ဆိုသူက ဆိုကြ သည်။ ‘ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်’ ဟု ပြောသူကပြော သည်။ ‘မှုန်ပြာငယ်ရီ၊ ကုံရာသီတပို့တွဲမှာလေ၊ ပေါက်လဲတွေ အရောင်တောက်ကာ တောင်မြောက်လေနှော’ ဟု ရွတ်သူက ရွတ် သည်။

သူတို့ကလေးတွေ ဤကဲ့သို့ ကျွန်မ အမေးစကားမှာ စိတ် ဝင်စားပုံ ရှိလာသည်ကို မြင်လိုက်ရသောအခါ၌ ပေါက်ပင်နှင့် ပတ်သက်သော စကားထာတစ်ခုကို ကျွန်မ သတိရလိုက်မိသည်။ အခုလို သူတို့ ငိုက်မျဉ်းတွေဝေ၍ အချိန်ကုန်ခဲလှချည့်ဟု ဖြစ်နေကြ သော အခါမျိုးတွင် ကျွန်မသည်

ဟတ္ထိဒန္တေ၊ နဒန္တေ၊ ဘိက္ခုကာယေ၊ နကာယေ။

သီသေကာက၊ နကာက

ဟူသော (ပေါက်ပွင့်) ကို အဖြေပေး၍ ဝှက်ထားသော စကားထာ တစ်ပုဒ်ကို မေးလိုက်တော့၏။

စကားထာဟူသော အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင် နက် သူတို့လေးတွေ၏ မျက်လုံးများသည် ပွင့်အာလာကုန်ကြ တော့၏။ သူတို့လေးတွေ၏ အာခံတွင်းသည် နှုတ်တက်ရွရွ ဖွင့် ဆိုလာကြတော့၏။ စကားဝိုင်းသည် စိုပြည်ဆူညံလာချေတော့၏။ တစ်ယောက်နှင့် တစ်ယောက် မိမိတို့ တတ်သိထားသမျှ ကြားဖူး နားဝ ရှိထားသမျှ ကလေးများအား အပြန်အလှန် မေးကြဝှက်ကြ ပန်းပေးကြနှင့် ပျော်ရွှင်ပေါ့ပါးလာကုန်ကြတော့၏။

ထိုအခါမျိုး၌ အစားတစ်ခုခုကို စားရလျှင် စားရ၊ မစားရ၍ ပါးစပ်နှင့်အစား ပြတ်သွားသည်နှင့် တစ်ပြိုင်နက် မျက်လုံးများ မှေးမိုတ်ကာ အိပ်ချင်စိတ် ပေါ်လာတတ်စမြဲဖြစ်သည့် 'ဟံသာဝတီသူ ဆရာမ ဒေါ်ခင်ဝင်းနိုင်' သည် အိပ်ချင်စိတ်များ လွင့်ပျောက်ကာ စကားဝိုင်းထဲသို့ ရောက်လာသည်။

သူနှင့်အတူ တစ်ပါတည်းပါလာသူကား ဆရာမများအနက် အသက် အငယ်ဆုံးဖြစ်ပေသည်။ စီမံကွပ်ကဲမှု၌ 'စည်း' ကြီးလှ သောကြောင့် တပည့်များက 'ဒေါ်ပုံစံ' ဟု အမည်ပေးထားသော ခေတ္တရာသူ ဒေါ်ခင်စန်းရီနှင့် အလွန်အေးဆေး၍ အလျှော့ပေး ဆက်ဆံတတ်လွန်းသောကြောင့် တပည့်ကျောင်းသားများက 'ဒေါ်ရေ ခဲ' ဟု ကင်ပွန်းတပ်ထားသည့် သုဝဏ္ဏဘုမ္မိသူ ဆရာမ ဒေါ်ခင်လေး မြင့်တို့ ဖြစ်သည်။

သည်လိုနှင့် ကားကိုသာ ပြင်ဆင်၍ ပြီးစီးသွားသည်။ ကျွန်မတို့ စကားထာဝိုင်းကမူ စိုပြည်မြဲ၊ စည်ကားမြဲတည်း။

"ကားပေါ်တက်ကြ၊ ခရီးဆက်မယ်" ဟူသော နှိုးဆော်သံနှင့်အတူ အချက်ပေးခရာ မှုတ်သံကို ကြား၍သာ စကားထာဝိုင်းကို ဖျက်လိုက်ကြရသည်။ ဆန္ဒကမူ ဆက်ရန်ရှိကြသေး၏။

ညအိပ်စခန်းဖြစ်သော ပြည်မြို့ အထက်တန်းကျောင်းနှင့် တောင်တွင်းကြီးမြို့၊ ပျဉ်းမနားမြို့စသည့် အထက်တန်းကျောင်းများတွင် ညအိပ်စခန်းချ ရပ်ကြလေတိုင်း–

"ဆရာမ လုပ်ပါဦး၊ စကားထာ ဆက်ကြပါဦးစို့" ဟု ပူဆာကြတော့၏။ သူတို့လေးတွေ စိတ်အဝင်စားဆုံးမှာ သချ်ာ စကားထာ ဖြစ်လေသည်။ အဖြေကို မရကြမချင်း သူတို့လေးတွေ မအိပ်ကြ။ အချင်းချင်း စုပေါင်းစာကျက်ကြသလို ညှိနှိုင်းကြ၊ တိုင်ပင်ကြနှင့် တိုးတိုးတစ်လှည့်၊ ကျယ်ကျယ်တစ်ဖုံ အဖြေကို ရှာကုန်ကြသည်။

ကျောင်းသူများအားလုံးအနက် အဆိုကောင်း အဆိုပိုင်ဖြစ်သည့်အပြင် ရုပ်ရှင်မင်းသမီး တင်တင်မူနှင့် တူသည်ဟုဆိုကြသော ညိုချောကလေး မစိန်အုတစ်ယောက်ကဆိုလျှင် စကားထာဝိုင်း၌ ဗွဲအကြီးဆုံးဖြစ်သည်။

"ကျွန်မ လက်ခွဏာကို ကြည့်ပါဦး မမရဲ့၊ နိုင်ငံခြားသွားဖို့ရာ လိုင်းပါသလား" ဟု ခဏခဏ လက္ခဏာမေးကာ ပူဆာလေ့ရှိသော လူပူလူဆူမကလေး 'ငြိမ်း' တစ်ယောက်ကလည်း ဒီတစ်ခါ လက္ခဏာထက် စကားထာကို မက်နေချေပြီ။ သူသည်လည်း အခန်းထောင့် တစ်နေရာ၌ 'ဘီလူးသုံးဆယ်နှင့် မင်းသားသုံးယောက်' ကို တစ်ဆယ်ဂဏန်းနေရာ မကျအောင် ကူးနေလေပြီ။

ထိုအခါ အခန်း၌ ထွက်ပေါက်ဝင်ပေါက် နှစ်ဖက်၌ ညှပ်၍ထာဝစဉ် အိပ်ဖန်စောင့်ကြရသော ဆရာမ ဒေါ်ခင်ဝင်းနိုင်နှင့် ကျွန်မက

"အိပ်ချိန်ရောက်ပြီ၊ မီးမှိတ်မယ်" ဟု တပ်လှန့်ပေးလိုက်မှ သူတို့မှာ အိပ်ရာသို့ မဝင်ချင့်ဝင်ချင်နှင့် ဝင်ကုန်ကြရတော့သည်။ အမှောင်ထဲမှာပင် ကိုယ့်အိပ်ရာထဲမှနေ၍ အချင်းချင်း တွတ်တွတ် ထိုးကုန်ကြပြန်၏။

သူတို့လေးတွေတင်လား၊ မဟုတ်ပါ။ အခုလို နေ့ဘက်ခရီး ရှည်ကြီးကိုများ ကားမောင်းရပြီဆိုလျှင် ကားပေါ်ပါလာသူ အားလုံး ခရီးကပန်း၊ လူကနွမ်းနှင့် အိပ်ငိုက်ကြသူတွေချည်းသာ။

ထိုအခါမျိုးတွင် ကျွန်မတို့က 'တရုတ်ပြေးမင်း' ဟုခေါ်သော 'တရုတ်ကြီးခေါ် ပြွန်တံဆာ မောင်မြင့်ဆွေ' ၏ မယ်ဒလင်သံ သာသာသည် နားငြီးအောင် အစွမ်းပြလေတော့သည်။ သူကလည်း သူ၏ သည်မောင့်လက်သံကို အခုလို ကားတစ်စီးလုံး တိတ်ဆိတ်၍ မှေးမှိတ်ကုန်တော့မှ အစွမ်းပြခွင့်ရလေသည်ကိုး။

ကား၏ နောက်ဆုံးတန်းမှာ ပါလာကြသော ပရမ်းပတာလေး တစ်စုကလည်း 'စစ်တွေသာထွန်း' ၏ ရခိုင်သံသြသြကြီးနှင့် တစ် စခန်း ထပြန်ကာ အိပ်ချင်နေသူများအား အိပ်ချင်ပြေဆေး တိုက် ကျွေးပြန်လေသည်။

"ယခုခေတ်က ဆန်းပြားပါတယ်၊ သမီးအမေက သမက်ဝယ် တယ်၊ သမက်ဝယ်ပုံ မောင်ပြောပြမယ်၊ သမီးအမေတွေ နားဆင်ပါ့ ကွယ်။

အို အမောင် အို အမောင်၊ အမောင့်သားချော၊ ဇာနတ်တန်းလဲ။

လာမယ့်နှစ်မှာ မက်ထရစ်ဖြေမယ်၊ ဒီဘက်နှစ်မှာ ကိုးတန်း ဖြေမယ်၊ ငါ့သားကိုလိုချင်ရင် ငါးထောင်ပေးမှ ရပါမယ်။

အပါးလေး၊ အို အမောင် တစ်ဆိတ်ကယ်လောက် လျှော့ပါ လားလေ၊ နည်းနည်းပါးပါး လျှော့ပါလားလေ။

မေမယ်ဖြစ်လို့ ငါးထောင်တောင်းတာ၊ အခြားလူဆို ခြောက် ထောင်တောင်းမေ။

ဈေးမတည့်လို့ အမိမှိုင်၊ သမီးဆောင့်ကြောင့် ထိုင်သလေဗျား”

ရခိုင်သံမပျောက်သေးသည့် ရခိုင်တေးသံကို နားထောင်ရင်း စိတ်ပျော်လက်ပျော် ရှိလာကြဟန် ပေါ်လာသည်။ ဒါပေသည့် တာမရှည်။ ငေးကုန်ကြ၊ ငိုက်ကုန်ကြ၊ တိတ်ဆိတ်ကုန်ကြပြန်လေသည်။

သို့နှင့် စကားထာသမိုင်းကို စတင်လာမိကြတော့၏။ ‘အုန်းသီး ဝယ်ရောင်းကြသည်’၊ ‘ဖိနပ်နှစ်ရန်ကို ညီအစ်မသုံးယောက် ရက်သုံးဆယ်အတွင်း၌ တစ်ယောက်လျှင် အရက်နှစ်ဆယ်စီရအောင် စီးကြပြန်သည်’။ တွက်လိုက်ကြသည့်ဖြစ်ခြင်း၊ အဖြေရသည်လည်း ရှိ၊ မရသည်လည်းရှိ။ ဒါပေသည့် အားလုံး စိတ်ပါဝင်စားမှု ရှိလာကြသည်။ စုပေါင်းဆွေးနွေးမှု အောင်မြင်တော့သည်။ အိပ်ချင်စိတ်များ ပြေကုန်ကြသည်။ ထိုအခါမှစ၍ ကျွန်မ၏ စိတ်၌ ‘စကားထာ’ ဟူသော မြန်မာတို့၏ ဓလေ့ထုံးစံဟောင်းတစ်ရပ်ကို ပြန်လည်ဖော်ထုတ်လိုသော အာသီသများသည် တဖွားဖွား ပေါ်လာခဲ့တော့၏။

ဖော်ထုတ်လိုသော ဆန္ဒနှင့် ဖြစ်စေလိုသော စေတနာသာ ရှိခဲ့သည်။ လက်တွေ့အားဖြင့်မူ ကျွန်မအဖို့ မလွယ်ကူ။ အကြောင်းသော်ကား ကျွန်မ၏ အဘိုးအဘွား အဖေအမေတို့ထံမှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားလာခဲ့ရသော အချိန်တို့၌ ကျွန်မသည် ဥမမည်၊ ရွယ်မမြောက်၊ လူလားမရောက်သေးသည့် ကာလဖြစ်သောကြောင့်တည်း။ ကျွန်မ၏ အသိ၌ ဤစကားထာဟူသော အမှတ်သညာသည် ထင်တရေးနှင့် မှေးမှေးသာရှိခဲ့၏။

ကျွန်မတို့ ကလေးဘဝ၌ ကြားနာခဲ့ရသမျှသော စကားထာ တစ်ခုသည် ယခုကဲ့သို့ စာတစ်စောင် ပေတစ်ဖွဲ့အနေနှင့် စုဆောင်းတော့မည့် အခြေသို့ ရောက်လာသောအခါ၌ အပိုင်းပိုင်း အပြတ်ပြတ်

ဖြစ်နေကြကာ အစရှာမရ အဆုံးတွေးမရနှင့် ချာချာလည်ကုန်ကြတော့သည်။

ထို့ကြောင့် ကျွန်မသည် ကျွန်မထက် အကြီးဖြစ်သူ၊ အစ်မကြီး မမစမ်းထံသို့ ချဉ်းကပ်ကာ မှတ်မိထားသမျှသော စကားထာအစုစုတို့ကို အစဖော်ပြီး မေးလိုက်မိသည်။ စကားထာဆိုသောဓလေ့ထုံးစံတစ်ရပ်ကို ဝါသနာမပါသည့် အစ်မကြီးသည် မှတ်မိတန်ကောင်းသော အရွယ်ဖြစ်ပေသည့် ဘာတစ်လုံးမျှ မမှတ်မိတော့။ အားလုံး မေ့ကုန်ပြီဟု ပြည်ဖုံးကား ချလိုက်သည်။

ဒါပေသည့် ကျွန်မ စိတ်မလျှော့။ ကျွန်မအမေသည် ကျွန်မတို့ ငယ်ငယ်ကဆိုလျှင် ကျွန်မ၏အစ်ကိုကြီး အစ်မကြီးများနှင့်အတူ ကြွေပစ်ကစားကြသော ဓလေ့၊ စစ်တုရင် ကစားသောဓလေ့၊ သင်္ချာစကားထာ၊ ပုစ္ဆာစကားထာ စသည်တို့အား ဝှက်ဆိုကစားသော ဓလေ့ရှိခဲ့သည်ကို ကျွန်မ ကောင်းစွာမှတ်မိ သေးသည်ဖြစ်သည်။

အစ်ကိုကြီးက ကွယ်လွန်လေပြီ။ အစ်မကြီးက မေ့ပစ်လိုက်ပြီ။ ထို့ကြောင့် ကျန်သော အစ်မငယ်ထံသို့ သွားရောက်စုံစမ်းမေးမြန်းမှတ်သားရတော့၏။ ထိုအခါ ကျွန်မ၏ အမေပေးထားခဲ့သော 'အမွေစကားထာအိုးကြီး' သည် အစ်မငယ်ထံမှ ပြန်ပေါ်ရလေတော့၏။

ကျွန်မသည် ထိုအခါ ပြန်ပေါ်လာသော 'စကားထာအမွေအိုး' ကို ပြန်လည်ပြင်ဆင်နိုင်ရန်အတွက်လည်းကောင်း၊ နှောင်းလူကလေးများ ဖြစ်ကြသည့် ကျောင်းသား ကျောင်းသူကလေးများအတွက်လည်းကောင်း အထွေထွေ ဗဟုသုတ ပြည့်ဝနိုင်ကြပါစေရန်ဟူသော စေတနာဖြင့် စာအုပ်စာတမ်းများနှင့် ကြားဖူးနားဝအမှတ်အသားကြီးသူ ပုဂ္ဂိုလ်များထံမှ လေ့လာဆည်းပူး စုဆောင်းရပြန်ပါသည်။

အားလုံး အကုန်ပြည့်စုံပြီးစီး၍ စက်တင်ပုံနှိပ်တော့မည့် အခြေသို့ ရောက်ပြီဟုဆိုသော အချိန်တွင်မှ ကျွန်မ၏ စကားထာ အမွေအိုးကို လေနီကြမ်းဆင်လိုက်ခြင်း ခံရပြန်တော့၏။

အကြောင်းသော်ကား တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျွန်မ၏ ရေးပြီးစာမူ အပြည့်အစုံဖြစ်သော 'ငှက်ပုံပြင်'နှင့် 'မြန်မာ့ရိုးရာ စကားထာ' နှစ်ပုဒ်သည် ပျောက်ဆုံးသွားတော့၏။ လက်ခံ ကော်ပီထားလေ့မရှိသော၊ အစစအရာရာကို ဦးနှောက်ဖြင့်သာ မှတ်တမ်းတင်ထားလေ့ရှိသော ကျွန်မအဖို့ ဤအဖြစ်သည် သင်ခန်းစာရစေတော့၏။

မှတ်စုမှတ်ရာ မရှိသောကြောင့် ဒုတိယအကြိမ် ပြန်လည်ရေးရသော စကားထာစာမူသည် နှောင့်နှေးကြန့်ကြာသွားသည်မှ တစ်ပါး ပထမစာမူအတိုင်း အပြီးပြည့်စုံမှု ရှိသည်ကိုမူ ကျွန်မ ကောင်းစွာ အမှတ်ပြုမိပါသတည်း။

ကား နှစ်ကြိမ်ပျက်ပြီးမှ ကျွန်မ၏ လိုရာခရီးဖြစ်သော ပုဂံမြို့တော်ဟောင်းသို့ ရောက်ရသော ကျွန်မ၏အဖြစ်သည် ယခုကဲ့သို့ ကျွန်မ၏ ရေးပြီး 'မြန်မာ့ရိုးရာစကားထာ' စာမူများ ပျောက်ဆုံးသွား၍ နှစ်ကြိမ်မြောက် ပြန်လည်ရေးရသော အဖြစ်နှင့် တူလှပေသည်တကားဟု ကျွန်မသည် ကျွန်မ၏ အကျိုးပေးဆန်းကြယ်မှုအား အံ့သြမိတော့၏။

ဤကဲ့သို့ အကြိမ်ကြိမ် ကြိုးစားရလျက် အချိန်အားရသည်နှင့်တစ်ပြိုင်နက် အပတ်တကုတ် ပြုစုခဲ့ရသော ကျွန်မ၏ 'မြန်မာ့ရိုးရာ စကားထာ' စာအုပ်သည် နှောင်းလူများအတွက် အကျိုးသက်ရောက်သော စာပေတစ်ရပ် ဖြစ်ပါသည်ဟု စာရှုသူအများ၏ လက်ခံမှုကို ရပြီဆိုပါလျှင် ပင်ပန်းရကျိုး ပြုစုရကျိုး နပ်ပေပြီဟု ဆိုရချိမ့်ပေတော့မည်။

စကားထာမှု အစုစုအား ကျွန်မ မှတ်သားလေ့လာ သိမှီးခဲ့သည့် ကာလမှာလည်း ပြီးခဲ့လေပြီ။ ကလေးဘဝ ကျွန်မတို့ခေတ်ကာလ၏ လသာသာ ညီညာသောတလင်းပြင်၌ လူစုစုဝေးဝေး တွေ့ပြီမို့ဆိုလျှင် ကျွန်မ ရောက်သွားလေပြီ။ ရောက်လေရာ အရပ်ဒေသနှင့် တွေ့မြင်ဖူးသမျှသော လူမျိုးစု အသီးသီးတို့ထံမှ ကြားဖူးသမျှ စကားထာတို့ကို မှတ်သားခဲ့ရသည်မှာလည်း မနည်းတော့ပေ။

ဂျပန်ခေတ်အတွင်း စစ်ပြေးစဉ်အခါက တောရွာတစ်ရွာသို့ ရောက်သွားသောအခါ ကျွန်မ စကားထာ ဝါသနာပါသည်ကို သိသော ဘုန်းကြီးလူထွက်တစ်ယောက်က ကျွန်မကို စကားထာ တစ်ပုဒ် မေးလေသည်။ သူ၏အပြောတွင် သူ၏ စကားထာကို ကျွန်မ ဖြေနိုင်လျှင် 'ကျင်ကြီး ၇ ရက်စွန့်' ဟုဆိုကာ လောင်းကစားနှင့် ဆိုလာ၏။ သူ့စကားထာ ပုစ္ဆာကား–

တကျိတ်ကိုး လှမျိုးသည့်အပျိုစင်၊ နဒီတွင် ရေကစား၊
သွားသည့်ဖြစ်အင်၊ တစ်ယောက်ပင်ငယ်၊ ရေမှာပင်သေခဲ့၊
ပြန်လာလျှင် နှစ်ကျိတ်ဖွားဟာမို့ စိတ်ထားအမှန်ယူလို့
တွေးရှုပါလား။

ဟူ၏။ အဓိပ္ပာယ်ကား 'အပျိုဆယ့်ကိုးယောက်တို့၊ ရေချိုးသွားကြရာ၌ အပျိုတစ်ယောက် ရေမှာသေခဲ့သည်။ သို့ရာတွင် မြစ်ဆိပ်မှ ပြန်လာကြသောအခါ၌ အယောက်နှစ်ဆယ် ဖြစ်နေသည်။ အကြောင်းဘယ်သို့နည်း' ဟု ဖြစ်ပေသည်။

ကျွန်မသည် အဖြေကို အမျိုးမျိုးရှာခဲ့သည်။ ဆရာတော်ကြီးများအား လျှောက်ထားမေးမြန်းခဲ့သည်။ သက်ကြီးဝါကြီးများထံ၌လည်း စုံစမ်းခဲ့သည်။ နောက်ဆုံး အဖြေရှာမရသည်နှင့် သည်အတိုင်း မတင်မကျ ရှိခဲ့ရလေ၏။

ခေတ်အဆက်ဆက်ပြောင်း၍ ကျွန်မသည် လူထုပညာရေးကောင်စီ စာစောင်ဌာန၌ အယ်ဒီတာချုပ် ဒို့ရှမ်းပြည် ဦးအုန်းမြင့်၏ လက်ထောက်အယ်ဒီတာအဖြစ်နှင့် တာဝန်ယူရသော ကာလသို့ ရောက်သောအခါကျမှ ဤစကားထာပုစ္ဆာ၏ အဖြစ်ကို ရင်ရှင်းရတော့သည်။

တစ်နေ့သ၌ ဆရာ့စားပွဲ၌ ဆရာနှင့် ကျွန်မ စာစောင်ကိစ္စဆွေးနွေးနေရာမှ ကျွန်မသည် မျိုသိပ်လာခဲ့ရသော ဤပုစ္ဆာစကားထာ၏ အဖြေကို ဆရာ့အား မေးမြန်းမိပြန်သည်။ ထိုအခါ ဆရာက "ဒီဟာ သမန္တာစက္ခုဒီပနီကျမ်း ပထမပွဲမှာ ပါတယ်ထင်တာပဲ၊ ရှာကြည့်ပါလား" ဟုဆိုသည်။

ဒီတော့မှ ကျွန်မ ရှာဖွေဖတ်ကြည့်လေရာ မုံရွေးဇေတဝန်ဆရာတော်အဖြေနှင့် မုံရွာသီရိမာလာက လျှောက်ထားသည့် ပုစ္ဆာ ၁၄ ၌ ပါသော အမေးဖြစ်ပြီးလျှင် မုံရွေးဆရာတော်၏ အဖြေ၌ ဤပုစ္ဆာသည် အမှားဖြစ်နေသည်ဟုဆို၏။ မလိုအပ်သော အနက်ဖြစ်နေသည်။ လိုအပ်သော အနက် အမှန်သည်ကား–

ဝိသတိ၊ နှစ်ကျိတ်ကုန်သော၊ နာရိယော၊ မိန်းမတို့သည် နဟာနာယ၍ဟာနတ္ထံ၊ ရေချိုးအံ့သောငှာ၊ နဒီ၊ မြစ်သို့၊ ဂတာ၊ သွားလေကုန်၏။ တာသုနာရီသု၊ ထိုနှစ်ကျိတ်သော မိန်းမတို့တွင် ဧကံနာရိံ၊ တစ်ယောက်သောမိန်းမကို၊ ကုမ္ဘီလော၊ မိကျောင်းသည် ဂဏှိ၊ ဖမ်းယူလေ၏။ ဧကူနဝီသတိ၊ တစ်ကျိတ် ကိုးယောက်ကုန်သော နာရိယော မိန်းမတို့သည်၊ ဃရံ၊ အိမ်သို့၊ အာဂတာ ပြန်ခဲ့ကြလေ၏"

ဟုဆို၏။

ကျွန်မသည် ထိုအပိုဒ်ကို ဖတ်လိုက်သောအခါမှသာ ကျွန်မ အား ပုစ္ဆာအမှားကိုပေး၍ နှိပ်စက်သွားသော ဘုန်းကြီးလူထွက်

ဦးလေးကြီးအား အလွန်ကျေးဇူးတင်မိတော့၏။ အကြောင်းသော်ကား ဤပုစ္ဆာ အမှားကြောင့်သာ ကျွန်မသည် သမဏ္ဍာ စက္ခုဒီပနီကျမ်းကြီးကို ဖတ်မိသောကြောင့်ဖြစ်ပေ၏။

ဤမျှ ကျွန်မ ကြိုးကြိုးပမ်းပမ်းနှင့် ပြုစုဖန်တီးခဲ့ရသော စကားထာအစုသည် ကျွန်မ၏အစ်မငယ် မမသိန်း (ဒေါ်သိန်းရည်၊ တရားရုံးချုပ်) ကို အမှီပြု၍ အောင်မြင်လာရပါသည်ဟု ဝန်ခံလိုက်ရပါသတည်း။

စကားထာများကို ပြုစုဖော်ပြရာ၌ စကားထာ၊ စကားဝှက်၊ စကားလိမ်၊ ပုစ္ဆာစကားထာ၊ သချာစကားထာ၊ ပုံပြင်စကားထာဟူ၍ စကားထာခြောက်မျိုးကို အပိုင်းပိုင်းခွဲ၍ ရှင်းလင်းအောင် ဖော်ပြထားပါသည်။ အကယ်၍ မရှင်းသော စာပိုဒ်များ ပါရှိပါက စာရေးသူထံသို့ ပုဂံစာအုပ်တိုက်မှတစ်ဆင့် မေးမြန်းစုံစမ်းမည်ဆိုပါက ဝမ်းမြောက်စွာနှင့် ပြန်လည်ဖြေရှင်းမည် ဖြစ်ပါသည်။

ကျွန်မအနေဖြင့် ဤစကားထာအစုအား ပြန်လည်စုဆောင်းဖော်ထုတ်ရသော ရည်ရွယ်ချက်သည်ကား ရှေးမြန်မာများ၏ ရိုးရာပျော်ရွှင်မှုဖြစ်သော ဓလေ့ထုံးစံတစ်ရပ်အား နှောင်းလူများလည်း သိရှိကြစေရန်အတွက် လည်းကောင်း၊ ဤစကားထာဟူသော ဓလေ့ထုံးစံမှုဖြင့် အပျင်းလည်းပြေ၊ ပညာလည်းရ၊ ဉာဏ်လည်းရွှင်၊ စိတ်ကူးလည်း ထက်မြက်ကြစေရန်အပြင် စုပေါင်းဆွေးနွေးကစားကြလိုသော စိတ်ဓာတ်များ ပေါ်ပေါက်လာကြစေရန်ကို ရည်သန်ထားရှိ၍ ကျောင်းသူကျောင်းသား ကလေးသူငယ်များ ဗဟုသုတ ပွားများကြပါစေဟူသော စေတနာဖြင့် ရေးသားပြုစုလိုက်ရခြင်း ဖြစ်ပေသတည်း။

**ကြည်ဦး**

**၁–၁၁–၆၇**

# စကားထာမိတ်ဆက်

## မြန်မာနှင့် စကားထာ

**စကားထာ**ဆိုသော ဝေါဟာရ၏ အနက်ကို အချို့ ပညာရှိများက 'စကား + အတ္ထ = စကတ္ထ'၊ ထိုမှတစ်ဆင့် 'စကထာ' ဟူ၍ ဖြစ်လာကြောင်း ပြောပါသည်။ အဓိပ္ပာယ်မှာ စကား၏အနက်ဟု ဆိုလိုပါသည်။

အချို့ ပညာရှိများကလည်း စကား + ထပန ဟူသည့် ပုဒ်နှစ်ခုကို မြန်မာအသံဖြင့် ပေါင်း၍ဖတ်လျှင် 'စကား ထာပနာ' ဟုရသည်ဖြစ်ရာ အတိုကောက်အားဖြင့် စကားထာဟု တွင်လာကြောင်း ပြောပါသည်။ ပါဠိဘာသာ ထပနပုဒ်သည် သွင်းနှံထားရှိသည် (ဝါ) မြှုပ်၍ ထားသည်ဟူသော အနက်ကို ရပါသည်။ ထပနကို မြန်မာတို့က မြန်မာသံဖြင့် ဖတ်လျှင် ထာပနာ (ဝါ) ဌာပနာဟု ဖတ်ကြပါသည်။ ဘုရားစေတီအတွင်း၌ ဓာတ်တော်ကို ထာပနာသည် ဆိုသော ပြောနေကျစကားမှာ ဤထပနပုဒ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် စကားထာ၏ အဓိပ္ပာယ်မှာ စကားအတွင်း၌ တစ်စုံတစ်

ခုသော အနက်ကို မြှုပ်ကွယ်၍ ပြောဆိုသော စကားမျိုးဟု ဆိုလိုပါသည်။

အချို့ပညာရှိကြီးများကလည်း 'စကားထာဟူသည်မှာ စကား၏ အထာကို ဆိုလိုကြောင်း၊ မြန်မာစကားတွင် သူ့အထာ ကိုယ့်အထာဟု ပြောလေ့ပြောထရှိကြရာ အထာဆိုသော ပုဒ်၏ အနက်မှာ အနေအထား သဘောသရုပ်ကို ဆိုလိုကြောင်း'၊ 'ကျွန်တော် သူ၏အထာကို ကောင်းစွာသိပါသည်' ဟု ပြောသောစကားတွင် အထာမှာ ထိုပုဂ္ဂိုလ် အနေအထား၊ သဘောသရုပ်ကို ဆိုလိုကြောင်း သို့ဖြစ်၍ စကားထာ ဟူသည်မှာ အကြင်စကားရပ်တစ်ခု၏ အနေအထား သဘောသရုပ် ကို ကြည့်၍အဖြေကို ထုတ်ဖော်ရသည့် စကားမျိုးဖြစ်ကြောင်းဖြင့် မိန့်ဆိုကြပါသည်။

ဤစာရေးသူ အနေနှင့်မူ မည်သည့် အယူအဆက မှန်သည်ဟု ဆုံးဖြတ်ရန် မဝံ့ပါ။ တစ်ခု သတိပြုမိသည်မှာကား ပါဠိဘာသာ၊ သက္ကတ ဘာသာတို့တွင် အနက်အဓိပ္ပာယ်ကို မြှုပ်ဝှက်၍ ရေးသော ပဟေဠိစကားများ ရှိကြပါသည်။ ထိုပဟေဠိ စကားမျိုးမှ မြန်မာမှုသို့ ရွေ့လျားလာကာ စကားထာ အသုံးပေါ်လာလေသလောဟု စဉ်းစားမိပါသည်။ သို့ရာတွင် ပါဠိဘာသာ၌ တွေ့ရသော ပဟေဠိစကားမျိုးတိုင်းလည်း 'စကားထာ' သဘော မသက်ရောက်ကြောင်းကို အထူးသတိပြုရန် လိုပါသည်။

သို့ကြောင့် မြန်မာစကားထာဟူသည်မှာ ရှေ့တွင် ဖော်ပြလတ္တံ့သော မဟော်သဓာ ဝတ္ထု၊ ဓမ္မပဒ ဝတ္ထုစသည့် ပါဠိစာပေများမှ အခြေခံ၍ လာသည်မှာ မှန်သော်လည်း မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ မြန်မာ့ စားဝတ်နေမှုဘဝ၊ မြန်မာ့ယဉ်ကျေးမှု အလေ့အထများနှင့် ဆီလျော်စွာ နှစ်ပေါင်းများစွာက စတင်၍ အသုံးတွင်လာခဲ့သော ရိုးရာ မြန်မာမှု စစ်စစ်တစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ရှေးခေတ် ရှေးအခါက ရွှေနန်းတော်ထဲတွင်လည်း ရွှေနန်းတော်အလျောက်၊ ကျေးလက်တောရွာများတွင်လည်း ကျေးလက်တောရွာအလျောက် လုလင်ပျို လုံမပျိုတို့သည် မြန်မာစကားထာဝှက်ဆိုကြသော အလေ့ကို စွဲစွဲမြဲမြဲ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ သို့ရာတွင် ယင်းစကားထာများကို စာတစ်စောင် ပေတစ်ဖွဲ့အနေနှင့် မည်သည့်ပညာရှိ သုတေသီ တစ်ဦးတလေကမျှ မှတ်တမ်းတင်ထားရကောင်းမှန်း မသိကြသောကြောင့် အလွန်တရာချစ်စရာကောင်းသော မြန်မာမှုတစ်ရပ်သည် တိမ်ကောပျောက်ကွယ်သလောက် ရှိနေရသည်ကို ဝမ်းနည်းစွာ တွေ့ရပါသည်။ ထို့ကြောင့် ရခိုင်ရိုးမ တောင်ခြေတွင်ရှိသော မင်းတုန်း၊ စေတုတ္တရာစသည့် မြန်မာရွာကြီးများသို့ သွားရောက်လေ့လာရပါမူ တွေ့တန်သလောက်တွေ့နိုင်ကောင်း၏ဟု ထင်မိပါသည်။ ယခုမူ သိမီသော ရှေးလူကြီးသူမများ၏ ပြောဆိုဆုံးမခဲ့သည့် စကားထာများကို ရတန်သရွေ့စုပေါင်းကာ ပြုစုရေးသားလိုက်ပါသည်။

စကားထာနှင့် ပတ်သက်၍ အနောက်နိုင်ငံများတွင်လည်း ခေတ်စားခဲ့ကြောင်း သိရပါသည်။ ရွှေရောင်လွှမ်းသော ဂရိတ်ခေတ်တွင် စကားထာများဝှက်သော အလေ့သည် အထူးပြန့်ပွားကြောင်း၊ အချို့စကားထာများမှာ အသက်ကိုပင် အပေါင်ပြု၍ဝှက်ကြောင်း၊ ဂရိတ် ကဗျာဆရာကြီး ဟိုးမားသည် စကားထာတစ်ခုကို မဖြေနိုင်သောကြောင့် အရှက်ရကာ စိတ်ထိခိုက်သွားခဲ့ဖူးကြောင်းနှင့် သိရှိရပါသည်။ ယင်းစကားထာများသည် ဩကာသလောက ပတ်ဝန်းကိုမှီ၍ ဝှက်ဆိုကြသည်ဟု ဂရိတ်ပညာရှိကြီး အရစ္စတိုတယ်က ဆိုပါသည်။ ထိုခေတ်တွင် ခေတ်စားသော စကားထာများသည် မြန်မာနိုင်ငံတွင် ခေတ်စားသော စကားထာများနှင့် တူသော်မှ တူပေလိမ့်မည်။ အခြေခံချင်း တူစေကာမူ မြန်မာ့နည်း မြန်မာ့ဟန်နှင့် အနောက်တိုင်းဟန်ချင်းကား ခြားနားမည်ဟု ထင်ပါသည်။

ကုန်းမှာလည်း နေ၊ ရေမှာလည်း ဥ၊ ဥ ပြဿဒါး၊
ဖားငါးလွတ်စေ၊ ဖော်နိုင်ပေလျှင် သက်ဝေညွှန့်ပျောင်း၊
ကိုယ်ကို လောင်းမည်။

ဟုပင် လုံမပျိုကလေးက အသက်ကို အပေါင်ပြု၍ ဝှက်ထားပေသည်။ ဤဝေါဟာရ၏ အနက်ကို မြန်မာမှု နယ်ပယ်တွင် အတော်ပင် နက်နက်နဲနဲ ရှာဖွေယူရပေသည်။

စကားထာ အမျိုးအစားနှင့် ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင်–

ကာရန်အားဖြင့် ဝှက်သော စကားထာ
ဥပမာအားဖြင့် ဝှက်သော စကားထာ
အနက်အားဖြင့် ဝှက်သော စကားထာ
စကားလိမ်အားဖြင့် ဝှက်သော စကားထာ
သင်္ချာအားဖြင့် ဝှက်သော စကားထာ

ဟူ၍ ခွဲခြားဖော်ပြထားသည်ကို တွေ့ရပေသည်။ မှားသည်ဟူ၍ ကား မဆိုလိုပါ။ သို့ရာတွင် အမျိုးအစားခွဲခြားပုံ မရှင်းလင်းဘဲ ထွေးရောယှက်တင် ဖြစ်၍နေပေသည်။ သို့ကြောင့် ဤစာအုပ်တွင်မူ မြန်မာစကားထာများကို အမျိုးအစားအားဖြင့် (၆) မျိုးခွဲခြား ဖော်ပြထားပါသည်။ ယင်းတို့မှာ–

(၁) စကားထာရိုးရိုး
(၂) စကားလိမ်
(၃) စကားဝှက်
(၄) ပုစ္ဆာစကားထာ
(၅) သင်္ချာစကားထာ
(၆) ပုံပြင်စကားထာ

ဟူ၍ ဖြစ်ပါသည်။

**စကားထာရိုးရိုး** ဆိုသည်မှာ အများသိကြပြီးဖြစ်သည့် ဥပမာအားဖြင့် ဖြစ်စေ၊ အနက်အားဖြင့်ဖြစ်စေ ဆိုလိုရင်းကို ဖုံးကွယ်မြှုပ်နှံ၍ ဝှက်သော စကားထာမျိုး ဖြစ်ပါသည်။

သွားတော့ခွေခွေ၊ နေတော့စင်းစင်း = ခေါင်းခု။

ဆယ့်ခြောက်ပြည်ပိုင်စိုး၊ မင်းမျိုးတဲ့ရာဇာ၊ ရှေးကုသိုလ်ကံ မကောင်းသောကြောင့် ခါးခြေလက်မပါ = တင်းတောင်း။

မြစ်လယ်ကောင် သောင်ထွန်း၊ နတ်သမီးနေတဲ့ကျွန်း = ကျောက်ပျဉ်

ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ ဤသဘောမျိုးနှင့် ဝှက်သော စကားထာမျိုးများကို စကားထာရိုးရိုးဟု ခေါ်ဆိုအပ်ပါသည်။

**စကားလိမ်** ဆိုသည်မှာ စကားကို ကာရန်အားဖြင့် ရှေ့နောက် လိမ်လည်၍ လည်းကောင်း၊ အလျားလိုက် လိမ်ပတ်၍လည်းကောင်း ပြောဆိုသော စကားထာမျိုး ဖြစ်လေသည်။ ဤစကားထာတွင်မူ အနက်အဓိပ္ပာယ်ကို မြှုပ်နှံ၍မထား။ နှိုက်၍ယူရန် မလို။ သူ့အဖြေနှင့်သူ ရှိနှင့်ပြီးဖြစ်၏။

**မေး**။ ။ တောင်ကြိုတောင်ကြား၊ ပေါက်သည့်ဝါး၊ အဖျားခပ်သွယ်သွယ်။

**ဖြေ**။ ။ အိမ်ကြိုအိမ်ကြား၊ မွေးသည့်သား၊ စကားခပ်ကြွယ်ကြွယ်။

**မေး**။ ။ ပဝါပါး ကြက်သားထုပ်တော့ စွန်းတတ်တယ်။

**ဖြေ**။ ။ တစ်ရွာသား ရည်းစားလုပ်တော့ လွမ်းရတယ်။

**မေး**။ ။ ခမောက်ဖျား စပါးသီး။

**ဖြေ**။ ။ သပေါက်သား စကားကြီး။

စသည်ဖြင့် အချေအတင် ပြောဆိုကြသော စကားမျိုးများ ဖြစ်ပေသည်။ ထိုစကားထာများတွင် အစအဆုံး ကာရန်ညီသည်လည်းရှိ၍

မညီသည်လည်း ရှိတတ်၏။ တစ်ခါတစ်ရံ ကာရန်လုံးဝ မညီဘဲ အလိုက်သက်သက်ဖြင့်ပင် ပြောသည်လည်း ရှိပေသေးသည်။

နောက် စကားလိမ်တစ်မျိုးမှာ ကာရန်ရှေ့နောက် ပြန်လှန်ကာ လိမ်၍ပြောသော စကားမျိုးဖြစ်သည်။ 'လောကခံ'ကို 'လံကဓော'၊ 'နောင်မှသိ'ကို 'နိမှသောင်'၊ 'လင်မလာ'ကို 'လာမလင်' စသည်ဖြင့် ရှေးကဗျာ သီချင်းများတွင် အသုံးပြုသည့် စကားမျိုး ဖြစ်ပေသည်။

**မေး**။ ။ နမုတစ၊ နူပေ၊ အယုစိတ်။

**ဖြေ**။ ။ နွားမတစ်စု၊ နေပူ၊ အရိပ်စု။

**မေး**။ ။ ဝယင်ဘုံ၊ ဂျုအိုး၊ တေလာလောင်လို့ အကိုကျောက်၊
လောက်ကလေးကကူ။

**ဖြေ**။ ။ ဝါးရုံပင်၊ ချိုးဥ၊ တောင်လေလာလို့ အောက်ကိုကျ၊
လူကလေးကကောက်။

ဤစကားထာမျိုးမှာ အနက် အဓိပ္ပာယ်ကို နက်နက်နဲနဲ နှိုက်ချွတ်ရှာဖွေ ဖော်နေဖို့မလို။ သူ့အဖြေနှင့်သူ အလိုက်သင့်ရှိပြီး ဖြစ်သဖြင့် ဗဟုသုတ အကြားအမြင် များဖို့လိုသည်။ ဟာသ သဘောနှင့် အချေအတင် ပြန်လည်ချေပပြောတတ်ဖို့ လိုသည်။ လျင်မြန်သော ဇဝနဉာဏ်၊ ရွှင်သော ဟာသဉာဏ်ရှိဖို့ လိုသည်။ တစ်ဦးကဝှက်လျှင် တစ်ဦးက လျင်လျင်မြန်မြန် ပြန်လည်ချေပ ဖြေဆိုနိုင်ဖို့ လိုသည်။ ဤစကားထာမျိုးသည် နှုတ်သွက်ရန် လေ့ကျင့်ပေးသော လေ့ကျင့်ခန်းများပင် ဖြစ်ပေသည်။

**စကားဝှက်** ဆိုသည်မှာ စကားတစ်လုံးစီ တစ်လုံးစီကို ဝှက်၍ထားရာ ယင်းတို့ကို စုပေါင်းဖြေဆိုလိုက်သောအခါ လိုအပ်သော အဖြေထွက်လာလေသည်။ ဤစာအုပ်တွင်ပါသော 'ချစ်ချင်းတူပါလား' ဆိုသည့် စကားမျိုးသည် စကားဝှက်ဖြစ်ပေသည်။

အချို့ စကားဝှက်မှာမူ ဝှက်ထားသော စကားလုံးကို စကားလိမ် အဖြစ် ပြန်၍ယူမှ လိုအပ်သော အနက်တို့ကို ရသည်လည်း ရှိပေသည်။

**မေး**။ ။ စံပယ်ဖူး၏၊ ဆီးယောင်းမ။

**ဖြေ**။ ။ ငုံမွှေ = ငွေမှုန်။

**မေး**။ ။ ကန်၏တန်ဆာ၊ တံငါ၏လက်နက်။

**ဖြေ**။ ။ ကြာပိုက် = ကြိုက်ပါ။

**မေး**။ ။ ကောင်းကင်၏ တန်ဆာ၊ လူမလိမ်မာ။

**ဖြေ**။ ။ ကြယ်မိုက် = ကြိုက်မယ်။

စသည်ဖြင့် ပြောဆိုကြသော စကားမျိုးဖြစ်လေသည်။ ဤစကားမျိုးမှာ ကိုယ့်ဘာသာကိုယ် တီထွင်ကြံဆ၍ ပြောလျှင်လည်း ဖြစ်နိုင်သည်ဖြစ်ရာ ရုပ်သေးပွဲ၊ ဇာတ်ပွဲများမှ လူပြက်များ၊ ဆိုင်းနောက်ထများတို့က ထင်ရာမြင်ရာ ပြောကြသဖြင့် ရောက်တတ်ရာရာ စကားမျိုးတွေ ဖြစ်နေသည်ကိုလည်း တွေ့ရပါသည်။

ထိုထက်ဆိုးသည်မှာကား အဆိုပါ လူပြက်များတို့က ဟာသသဘောနှင့် ညစ်တီးညစ်ပတ် စကားမျိုးတွေကို ပြောတတ်သဖြင့် မြန်မာစကားထာများမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ လူအများ၏ အထင်လွဲမှားခြင်းကို ခံနေရပေသည်။ ထို့ကြောင့် ဤစာအုပ်တွင်မူ မတော်မတရား ညစ်ညမ်းသော စကားမျိုးများကို လုံးဝမထည့်သွင်းပါ။ အနုပညာသဘောကို မပေါက်သော အချို့လူပြက်များသည် အလွန် အောက်တန်းကျစွာ ထင်နေကြသည်ကို တွေ့ရတတ်ပါသည်။

ထိုပြင်လည်း နောက်ခေတ် နောက်ကာလမှ ပြောဆိုအသုံးတွင်လာသော ဗန်းစကားမျိုးများကိုလည်း စကားထာဟူသော ခေါင်းစဉ်ထဲတွင် မထည့်ပါ။ ဤစာအုပ်တွင်မူ ရှေးခေတ်က ချစ်

စရာကောင်းသော မြန်မာမှုနယ်ပယ်တွင် အသုံးတွင်လာခဲ့သည့် ရိုးရာဓလေ့ ပြောဆိုနေကြသည့် မြန်မာစကားထာများကိုသာ ထည့်ထားပါသည်။

**သင်္ချာစကားထာ** ဆိုသည်မှာကား ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာနည်းတို့ဖြင့် တွက်ချက်၍ ယူရသောစကားမျိုးဖြစ်ပါသည်။ ဥပမာအားဖြင့်–

ကျွန်မ အသက်၊ သပြေခက် = ၁၆ နှစ်။

အလံတစ်ရာမွေ၊ တွင်းမှာခွေ၊ တစ်နေ့လက်နှစ်သစ်၊ ကျွန်မ

သက္ကရာဇ် = ၁၃ နှစ် ၄ လ။

စသည်ဖြင့် သင်္ချာသဘောနှင့် ဂဏန်းချ၍ တွက်ချက်ယူရသော စကားထာမျိုးများ ဖြစ်ပေသည်။ ဤစကားထာမျိုးများကို ဝှက်ဆိုကြသဖြင့် ရှေးခေတ်က လုလင်ပျို လုံမပျိုများသည် အတွက်အချက်ပညာတွင် ကျွမ်းကျင်သွားကြပေသည်။ ယင်းသို့ တွက်ချက်ရာတွင် လျင်မြန်မှု၊ မှန်ကန်မှုကို အဓိကထားပေသည်။ ရှေးခေတ် လူငယ်များသည် ကျောင်းမှထွက်လာကြသည့်တိုင် ပေါ့ပေါ့ဆဆ မနေကြဘဲ စာပေပညာ၊ အတွက်အချက်ပညာများကို တိုးတက်သည်ထက် တိုးတက်အောင် စကားထာများဖြင့် လေ့ကျက်၍နေကြခြင်း ဖြစ်ပေသည်။

**ပုစ္ဆာစကားထာ** ဆိုသည်မှာကား သင်္ချာစကားထာမျိုး ခပ်ဆင်ဆင်ပင်ဖြစ်သည်။ သို့သော်လည်း စိတ်ဝင်စားဖွယ် ဝတ္ထုကလေးတစ်ခု သဏ္ဍာန်နှင့် ဖန်တီး၍ အမေးပုစ္ဆာ ပြုလုပ်ပြောဆိုသော စကားမျိုးဖြစ်ပေသည်။ ဤစာအုပ်တွင်ပါသော 'ဖားကလေး ကုန်းပေါ်ရောက်ဖို့ ရက်ကိုမျှော်' ဆိုသည့် ပုစ္ဆာစကားမျိုး၊ 'စာနှင့်ကြာ' ဆိုသည့် ပုစ္ဆာစကားမျိုး၊ 'ဘုရားလေးဆူကို ကြာပန်းလှူသည့်' ပုစ္ဆာစကားမျိုးများသည် ပုစ္ဆာစကားထာများ ဖြစ်ပေသည်။

**ပုံပြင်စကားထာ** ဆိုသည်မှာကား တစ်စုံတစ်ခုသော ပြဿနာ ကို တင်ပြဆွေးနွေးလို၍ ပုံပြင်ကလေးတစ်ခုကို ပြောပြကာ ထိုပုံ ပြင်ထဲတွင် 'မည်သူ အကြီးဆုံးနည်း'၊ 'မည်သူ သစ္စာအရှိဆုံးနည်း' စသည်ဖြင့် ဉာဏ်စမ်း၍ ပြောဆိုသော စကားမျိုးကို ပုံပြင်စကား ထာဟု ခေါ်ပေသည်။ ဤပုံပြင် စကားထာမျိုးသည် ရိုးရိုးပုံပြင် ဒဏ္ဍာရီများနှင့် မတူချေ။ တစ်စုံတစ်ခုသော ရည်ရွယ်ချက်နှင့် လိုအပ်သော သဘောထားကို မြုပ်နှံ၍ ဖြေသူ၏ အာဘော်ကို တောင်းဆိုသော စကားမျိုးဖြစ်ပေသည်။ အဖြေကိုရရှိသောအခါတွင်မှ ဤသူသည် ရိုးသည်၊ ဆန်းသည်၊ ကောက်ကျစ်သည် စသည်ဖြင့် ကောက်ချက်ချ၍ အဆုံးအဖြတ် ပေးနိုင်သော စကားထာမျိုးဖြစ် ပေသည်။ ဤစကားထာ ၆ မျိုးသည် မြန်မာ့လူနေမှု စနစ်နှင့် ရင်းနှီးစွာ ဆက်သွယ်ပေါင်းစပ်၍ နေလာခဲ့ပေသည်။ ထို့ကြောင့် မြန်မာစကားထာများ ဖွံ့ဖြိုးရင့်သန်လာစေရန် အခြေခံ အထောက် အကူပြုပေးနေသည့် မြန်မာ့ကျမ်းကြီး ကျမ်းခိုင်များမှ စကားထာများ ကို ဆက်လက်ဖော်ပြပါအံ့။

## ကျမ်းဂန်ထွက်စကားထာများ

## ၁။ မဟော်သဓာ ဇာတ်တော်ကြီး

### မဟော်သဓာနှင့် အမရာ

'တေ ဇ သု နေ မ ဘူ စန် နာ ဝိ ဝေ' ဟူသော ဇာတ်ကြီးဆယ်ဘွဲ့တွင် အလွန်ထင်ရှားသည့် မဟော်သဓာ ဇာတ်တော်ကြီး၌ မဟော်သဓာ သုခမိန်သည် မိမိ၏ ဖူးစာရှင်ကို မိမိကိုယ်တိုင် ရှာဖွေမည်ဟူ၍ နေပြည်တော်မှ ဥတ္တရယဝမဇ္ဈိမရွာသို့ ထွက်လာလေသည်။

လမ်းတွင် ယာဂုအိုးကိုရွက်လျက် ခရီးရင်ဆိုင်လာနေသော အမရာအမည်ရှိ သတို့သမီးကိုမြင်လျှင် ကံဟောင်းနှီးဆော်သဖြင့် မေတ္တာသက်ဝင် ချစ်ခင်သောကြောင့် ပညာဖြင့် စူးစမ်းအံ့ဟု စိတ်၌ ကြံစည်၏။ အမရာသည်လည်း ဘိုးဘေးမိဘ အစဉ်အဆက် သူဌေးမျိုး ဖြစ်ခဲ့သော်လည်း မိဘတို့ လက်ထက်တွင် စည်းစိမ်ဥစ္စာ ပြုန်းတီးပျက်စီး၍ ဆင်းရဲငြိုငြင်စွာ လယ်ယာလုပ်ကိုင်လျက် အသက်မွေး နေထိုင်ရ၏။ ဆင်းရဲသား အသွင်သဏ္ဌာန်ဖြင့် လာနေသော မဟော်သဓာကိုမြင်လျှင် ရှေးနည်းတူပင် ကံဟောင်းနှီးဆော်သဖြင့် အားထားမြတ်နိုးလိုသော စိတ်သည် ဖြစ်ပေါ်ခဲ့၏။

မဟော်သဓာ သုခမိန်သည် ဤအမျိုးသမီး၌ အသိဉာဏ်ပညာ ရှိမရှိ စူးစမ်းလိုသောအားဖြင့် ပုစ္ဆာပြုလိုရကား အဝေးမှနေ၍ လက်ဆုပ်ကိုပြ၏။ ထိုအခါ အမရာကလည်း လက်ဝါးကို ဖြန့်၍ ပြ၏။ အဓိပ္ပာယ်ကား 'အသင့်၌ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်သူ ရှိ၏လော' ဟု မေးခြင်းဖြစ်၍ 'အကျွန်ုပ်၌ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်သူ မရှိသေးပါ' ဟု ဖြေဆိုခြင်း ဖြစ်သတည်း။

ထိုအခါ မဟော်သဓာ သုခမိန်သည် အမရာ၏ အနီးသို့ ချဉ်းကပ်ကာ "အသင်၏ အမည် အသူနည်း" မေး၏။ ထိုအခါ အမရာက "အသင် ကျွန်ုပ်၏အမည်သည် လောက၌ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော ကာလသုံးပါး၌ မရှိသော အမည်ကို ဆိုလိုပါသည်" ဟုဖြေ၏။

မဟော်သဓာ သုခမိန်က ဖြစ်ပြီး ဖြစ်ဆဲဖြစ်လတ္တံ့သော ကာလသုံးပါး၌ မပါဝင်သော ဝေါဟာရပုဒ်ကိုရှာလျှင် အမရာဖြစ်၍ အသင်၏အမည်သည် အမရာဟုတ်လား" ဟု မေးလျှင် "ဟုတ်ပါသည်" ဟုဖြေသည်။ (ဤ၌ အမရာဆိုသောပုဒ်သည် 'မသေခြင်း' ဟု အဓိပ္ပာယ်ရ၏)

မဟော်သဓာသုခမိန်က "အသင်သည် ဤယာဂုကို မည်သူ့ထံသို့ ပို့မည်နည်း" ဟု မေးလျှင် အမရာက "အိမ်ရှေ့နတ်ထံသို့ ပို့ရန်ဖြစ်ပါသည်" ဟုဖြေ၏။ မဟော်သဓာကလည်း အိမ်ရှေ့နတ် ဟူသည် အိမ်သူအိမ်သားများအား လုပ်ကျွေးမွေးမြူနေသော ကျေးဇူးရှင် ဖခင်ဖြစ်ပေမည်ဟု ယူဆ၍ "အသင်သည် အသင်၏ ဖခင်ထံသို့ သွား၍ ပို့မည်မဟုတ်လော" ဟု မေးလျှင် "ဟုတ်ပါသည်" ဟုဖြေ၏။

တစ်ဖန် မဟော်သဓာသုခမိန်က "အမရာ၊ အသင်၏ ဖခင်သည် အဘယ်အမှုကို လုပ်ဆောင်နေသနည်း" ဟုမေးလျှင်

အမရာက “သခင်၊ ကျွန်ုပ်၏ ဖခင်သည် လူတစ်ယောက်တည်းဖြင့် နှစ်ကွဲသောအမှုကို ပြုလုပ်ဆောင်ရွက်နေပါသည်” ဟုဖြေ၏။ မဟော်သဓာက စဉ်းစားသည်မှာ လူတစ်ကိုယ်တည်းဖြင့် နှစ်ကွဲသော အမှုကို ပြုခြင်းသည် လယ်ထွန်ခြင်းပင် ဖြစ်ရာ၏ဟု “အမရာ၊ သင်၏ဖခင်သည် လယ်ထွန်နေသည် မဟုတ်လော” ဟု မေးလျှင် “ဟုတ်၏” ဟု ဖြေသည်။

မဟော်သဓာက ဆက်လက်၍ “အမရာ၊ အသင်၏ဖခင်သည် အဘယ်မည်သော အရပ်ဌာနတွင် လယ်ထွန်သနည်း” ဟု မေးလျှင် အမရာက “သခင်၊ ကျွန်ုပ်၏ဖခင်သည် ထိုအရပ်သို့ တစ်ခါရောက်သော လူတို့ တစ်ခေါက်မပြန်သော နေရာတွင် လယ်ထွန်၏” ဟု ဖြေလေသည်။ မဟော်သဓာကလည်း လောကတွင် တစ်ခါရောက်က တစ်ခေါက်မပြန်သော နေရာကား သင်္ချိုင်းပင် ဖြစ်ရကား “အသင့် ဖခင်သည် သင်္ချိုင်းကုန်း၌ လယ်ထွန်၏မဟုတ်လော” ဟု မေးလျှင် “ဟုတ်ပါ၏” ဟု ဝန်ခံလေသည်။

တစ်ဖန် မဟော်သဓာသုခမိန်က “အမရာ၊ ယနေ့ သင်ပြန်လာဦးမည်လော” ဟု မေးလျှင် အမရာက “သခင်၊ လာလျှင် ကျွန်ုပ် မလာရ၊ မလာလျှင် ကျွန်ုပ် လာရပါအံ့” ဟု ဖြေ၏။ မဟော်သဓာက စဉ်းစားသည်မှာ မိုးရွာလျှင် ချောင်းရေကျ၍ ပြန်မလာနိုင်ခြင်းဖြစ်မည်။ မိုးမရွာ၍ ချောင်းရေမလာလျှင် ပြန်လာနိုင်ခြင်းဖြစ်မည်ဟု တွေးဆ၍ “အမရာ၊ အသင်၏ ဖခင်သည် ချောင်းတစ်ဖက်တွင် အလုပ်လုပ်နေရသလော” ဟု မေးလျှင် “ဟုတ်ပါ၏” ဟု ဖြေလေသည်။

ထို့နောက် မဟော်သဓာသုခမိန်က “အမရာ၊ ငါသည် အသင်တို့၏အိမ်သို့ သွားနှင့်လိုပါသည်။ ငါ့အား ခရီးညွှန်ပါ” ဟု

ဆို၏။ ထိုအခါ အမရာက "အရှင်၊ ဤလမ်းဖြင့် ကြွတော်မူလျှင် ကျွန်ုပ်တို့ရွာသို့ ရောက်ပါလိမ့်မည်။ ရွာတွင်းသို့ ဝင်မိလျှင် ရှေးဦးစွာ မုန့်လုံးဈေးကို တွေ့လတ္တံ့။ ထိုမုန့်လုံးဈေးမှ အစဉ်အတိုင်း သွားပြန်လျှင် ပုန်းရည်ပင်ကို တွေ့မြင်လတ္တံ့။ ထိုပုန်းရည်ပင်မှ သွားပြန်လျှင် ပင်လုံးကျွတ်ပွင့်လျက် အရွက်နှစ်ဆင့်သစ်ပင်ကို တွေ့မြင်လတ္တံ့။ ထိုအရွက် နှစ်ဆင့်သစ်ပင်သို့ ရောက်လျှင် အကြင်လက်ဖြင့် အကျွန်ုပ်ပေး၏။ ထိုပေးသောလက်ဖြင့် မယူမူ၍ အကြင်လက်ဖြင့် အကျွန်ုပ်မပေး။ ထိုမပေးသောလက်ဖြင့်သာ ယူတော်မူပါ။ ဤဆိုအပ်ခဲ့ပြီးသော ခရီးသည် ကျွန်ုပ်တို့အိမ်သို့ သွားရောက်ရာလမ်းတည်း" ဟု ဆို၏။

မဟော်သဓာ သုခမိန်လည်း အမရာ ညွှန်လိုက်သောလမ်း အတိုင်း သွားလေသော် ရွာသို့ရောက်လေ၏။ ရွာတွင်းသို့ ဝင်မိလျှင် ရှေးဦးစွာ မုန့်လုံးရောင်းသောဈေးကို တွေ့၏။ ထိုမှလွန်ပြန်လျှင် ပုန်းရည်ရောင်းသောဈေးကို တွေ့ရ၏။ ထိုမှသွားပြန်လျှင် ပင်လုံး ကျွတ်ပွင့်နေသော ပင်လယ်ကသစ်ပင်ကို တွေ့ရ၏။ ထိုကသစ်ပင် သို့ရောက်လျှင် အိမ်ကြားသို့ဝင်သော လမ်းလည်းရှိသောကြောင့် သစ်ပင်ရင်း၌ရပ်လျက် စဉ်းစား၏။ အမရာသည် ငါ့အား မုန့်လုံး ဈေးမှ ဤအပင်အထိသော လမ်းကို သူ၏လက်ဖြင့် ပေးလိုက်သော လမ်းဟု ဆိုဟန်တူ၏။ ထိုမှဆက်၍ အကြင်လက်ဖြင့် မပေး၊ ထိုမပေးသောလက်ဖြင့် ယူတော်မူပါဟု ဆိုခြင်းမှာ လမ်းရိုးအတိုင်း ဆက်၍မသွားနှင့်တော့။ လမ်းရိုးမှခွဲ၍ သူ မညွှန်ပြသည့် လမ်းကွေ့ သို့လိုက်ပါဟု ပြောဆိုခြင်းဖြစ်ရာ၏ဟု ယူဆကာ ပင်လယ်ကသစ် ပင်မှ လက်ယာဘက်လမ်းကြားသို့ ဝင်သည်ရှိသော် အမရာ၏ မိဘများ နေထိုင်သောအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလေ သတည်း။

* * *

## နတ်သမီး ပုစ္ဆာမေးခန်း

မဟောသဓာ ဇာတ်တော်ကြီး၌ အလွန်ထင်ရှားသော နတ်သမီး ပုစ္ဆာမေးခန်းတွင် ဤသို့ပါရှိသည်။

မဟောသဓာ သုခမိန်သည် မင်းကြီးမျက်တော်မူသဖြင့် ဒက္ခိဏ ယဝမဇ္ဈဂုံးရွာသို့ သွားရောက်ပုန်းရှောင်ကာ ငြိုငြင်စွာ နေထိုင်ရလေသည်။ ထိုအခါ ထီးဖြူကိုစောင့်နေသော နတ်သမီးသည် မဟောသဓာ၏ တရားစကားကို မနာကြားရသည်ဖြစ်၍ မင်းကြီး၌ အကျိုးယုတ်အံ့သည်ကို မြင်၍ ညဥ့်အခါတွင် ထီးချက်ကိုဖွင့်ပြီးလျှင် မင်းကြီးအား ပုစ္ဆာစကားထာတို့ကို မေး၏။

(၁) "အရှင်မင်းကြီး။ အကြင်သူသည် အကြင်သူကို လက်ဖြင့်လည်းကောင်း၊ ခြေဖြင့်လည်းကောင်း၊ ရင်မျက်နှာစသည်တို့၌ ပုတ်ခတ်အပ်၏။ ထိုသို့ ပုတ်ခတ်လျက်ပင် ခံရသောသူသည် ပုတ်ခတ်သောသူကို အလွန်ချစ်ခင် လေးမြတ်ခြင်းဖြစ်၏။ ထိုပုဂ္ဂိုလ်ကား အဘယ်သူနည်း။

(၂) "အရှင်မင်းကြီး။ အကြင်သူသည် အကြင်သူကို အလိုရှိတိုင်း ဆိုမြည်ဆဲရေး၏။ ထိုသို့ဆဲရေးလျက် ထိုသူ၏လာခြင်းကိုကား အလိုရှိ၏။ ထိုသို့ဆဲရေးလျက် ထိုသူ၏ လာခြင်းကိုကား အလိုရှိသည်ဖြစ်၍ စင်စစ်အားဖြင့် အလွန်ချစ်ခင် မြတ်လေးသည်ဖြစ်၏။ ထိုသူကား အဘယ်သူနည်း။

(၃) "အရှင်မင်းကြီး။ အကြင်သူသည် အကြင်သူကို မဟုတ်မမှန်သော စကားဖြင့်ယိုးစွပ်၏။ ပျက်မှုစကား၊ နားမကြည်ဖြူ၊ ထိုသူ မနှစ်မြို့ မနာလိုအောင်ဆို၏။ ထိုအစွပ်အစွဲကို ခံရသူကလည်း ယိုးစွပ်သူကို တစ်ဖန်ပြန်လှန်၍ မဟုတ်မမှန်သော စကားဖြင့် ယိုးစွပ်ပြန်၏။ ထိုသို့ အချင်းချင်း ပျက်မှုစကားနှင့် နားမခံသာအောင် တစ်ယောက်ကိုတစ်ယောက် ယိုးစွပ်ဆိုမြည်လျက်

လျှင် စင်စစ်သဖြင့် အလွန်ချစ်ခင် မြတ်လေးခြင်းဖြစ်၏။ ထိုသူတို့ကား အဘယ်သူတို့ ဖြစ်သနည်း။

(၄) "အရှင်မင်းကြီး၊ အကြင်သူသည် အကြင်သူ၏ ထမင်း၊ အဖျော်၊ အဝတ်၊ ပုဆိုး၊ အိပ်ရာနေရာတို့ကို လိုရာဆောင်ယူ၍ သုံးဆောင်၏။ ထိုသို့ မိမိဥစ္စာကိုယူ၍ သုံးဆောင်သူဖြစ်လျက်လည်း ဥစ္စာရှင်သည် ထိုသူယူ၍ သုံးဆောင်တိုင်းပင် အလွန်ချစ်ခင် လေးမြတ်ခြင်းဖြစ်၏။ ထိုသူကား အဘယ်သူဖြစ်သနည်း"

မင်းကြီးလည်း "အသင်နတ်သမီး၊ အသင်မေးသော ပုစ္ဆာတို့ကို နက်ဖြန်နံနက် မိုးသောက်သောအခါမှ သုခမိန်များနှင့် တိုင်ပင်၍ ငါဖြေအံ့" ဟု ဆိုလေ၏။ နံနက်သို့ရောက်လျှင် သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပကုတ် တည်းဟူသော ပညာရှိ သုခမိန်ကြီးလေးယောက်ကိုခေါ်၍ မေးသော်လည်း မည်သူမျှ မဖြေနိုင်ဘဲ ရှိလေ၏။

ထိုအခါ ထီးချက်စောင့် နတ်သမီးသည် မင်းကြီးအား တစ်ဖန် ကိုယ်ထင်ပြကာ–

"အသင်မင်းကြီး၊ အသင်သည် ပိုးစုန်းကြူးကို မီးညှိသောယောက်ျား၊ နွားမဦးချို၌ နို့ညှစ်သော ယောက်ျား၊ အမှန်ကိုသိလိုလျက် စဉ်းချိန်ခွင်ကို အနီးမှာထား၍ လက်ဖြင့်သာ ရမ်းဆသောယောက်ျားနှင့်တူစွာ အရာရာကို ထွင်းဖောက်မြင်စွမ်းနိုင်သော မဟောသဓာ သုခမိန်ရှိလျက်နှင့် အခြားသော ပုဂ္ဂိုလ်များကို ဟုတ်နိုးထင်စွာ အမြင်မှားခဲ့၏။ အကယ်၍ သင်မင်းကြီးသည် ဤပုစ္ဆာကို မဖြေနိုင်သည်ဖြစ်အံ့။ အလျှံပြောင်ပြောင်တောက်သော ဤလှံတံဖြင့် အသင်၏ ဥက္ကောင်းကောင်းကို ရှစ် စိတ်ကွဲအောင် ရိုက်အံ့" ဟု ခြိမ်းခြောက်လေ၏။

မင်းကြီးလည်း သေဘေးမှ ကြောက်လန့်ရကား နောက်တစ်နေ့ မိုးသောက်လျှင် မင်းချင်းတို့ကို စေလွှတ်၍ မဟော်သဓာသုခမိန်အား အမြန်ခေါ်စေ၏။ မင်းချင်းတို့လည်း မဟော်သဓာသုခမိန်ကို ဒက္ခိဏယဝမဇ္ဈဂုံးရွာ၌ တွေ့၍ မင်းကြီးထံသို့ ခေါ်ဆောင်လာခဲ့လေ၏။ မင်းကြီးလည်း မဟော်သဓာအား အကြည်အသာ စကားဖြင့် ပြောဆိုနှီးနှောပြီး သကာလ ပုစ္ဆာလေးခုကို မေးမြန်းလေ၏။ ထိုအခါ မဟော်သဓာသုခမိန်လည်း လက်ဝါးပြင်၌ တင်ထားသော ပတ္တမြားကဲ့သို့ ပြက်ပြက်ထင်ထင် မြင်ရကား အောက်ပါအတိုင်း ဖြေဆိုလေသည်။

(၁) "အရှင်မင်းကြီး။ ပထမပုစ္ဆာကား ဖွားမြင်ပြီးစ နှစ်လသုံးလသားအရွယ် သားငယ်နှင့် မိခင်ကို ဆိုလိုပါသည်။ ထိုသားကို အမိသည် ရင်ခွင်၌ထား၍ နို့တိုက်သောကာလ၊ သားငယ်သည် ရွှင်မြူးသောအားဖြင့် မိမိ၏ ခြေလက်တို့ဖြင့် အမိ၏ ရင်ကိုလည်းကောင်း၊ မျက်နှာကိုလည်းကောင်း၊ ကျောက်ကန်ပုတ်ခတ်ခြင်းကို ပြု၏။ မိမိ၏လက်ဖြင့် အမိ၏ ဆံပင်တို့ကိုလည်း ဆွဲငင်၏။ ထိုသို့ သားငယ်ပုတ်ခတ် ဆွဲငင်သောအခါ မိခင်သည် သူယုတ်သား၊ ခိုးသူသား၊ မည်သူမည်ဝါ၏သားဟု နှုတ်ဖြင့် ဆိုယောင်ကာသာ၊ ကြင်နာခြင်းစိတ်ကား ယိုဖိတ်မတတ် ဖြစ်သဖြင့် ထိုသားငယ်ကို မိမိ၏ သားမြတ်ကြား၌ အိပ်စေခြင်း၊ အသာအယာ ပိုက်ဖက်၍ မျက်နှာ၊ နဖူး၊ ဒူး၊ ခြေ၊ လက်ရုံးစသည်တို့ကို နမ်းရှုပ်ခြင်းကိုပြုလျက် ချစ်ခြင်းကြင်နာခြင်းဖြစ်၏။ ဤကိုရည်၍ ပထမပုစ္ဆာကို နတ်သမီး မေးခြင်းဖြစ်ပါသည်။

(၂) "အရှင်မင်းကြီး။ ဒုတိယပုစ္ဆာကား ခုနစ်နှစ် ရှစ်နှစ်သားအရွယ် သားငယ်နှင့် မိခင်ကို ဆိုလိုပါသည်။ မိခင်သည် ထိုသားငယ်အား 'ချစ်သား။ ဤမည်သောအရပ်သို့ သွားပါချေ' ဟု

လယ်တောသို့ လည်းကောင်း၊ ကုန်ရောင်းဝယ်ရာသို့ လည်းကောင်း၊ သူတစ်ပါးအိမ်သို့လည်းကောင်း၊ အလိုရှိရာသို့ ခိုင်းစေလိုက်၏။ ထိုသူငယ်က 'မိခင်၊ အဘယ်ခဲဖွယ်ဘောဇဉ်ကိုပေးမှ သွားမည်' ဟု ပြောလျှင် သားဆိုတိုင်း မိခင်ကပေး၏။ ထိုသူငယ်သည် စားစရာကိုသာစား၍ ခိုင်းစေရာသို့မသွားဘဲ သူငယ်ဖော်များနှင့် ကစား၍သာ နေ၏။ အချိန်တန်၍ အိမ်ပြန်လာသောအခါ မိခင်က သားအား ခိုင်းစေရာသို့ သွားခဲ့၏လောဟု မေးလျှင် ထိုသူငယ်သည် မိခင်အနီးသို့ မချဉ်းကပ်ဘဲ အိမ်ရိပ်ကသာနေလျက် မာနပြုသောအားဖြင့် အမိစေရာသို့ ငါမသွားဟု လက်ခြေတို့ကို ခါတွက်ခုန်ပေါက်၍ ဆောင့်အောင့်မြည်တမ်းခြင်းကို ပြု၏။ အမိက သားငယ်ကို လာခဲ့ဟုခေါ်သော်လည်း သားငယ် မလာလိုလတ်သော် ဝါးခြမ်းစိတ်စသည်ကိုကိုင်လျက် ရိုက်အံ့ဟုလိုက်လျှင် သူငယ်သည်လည်း ဆဲရေးလျက် လွတ်ရာပြေးသဖြင့် အမိသည် သားကိုမမီနိုင်ခြင်းကြောင့် အမျက်ထွက်၍ 'ဟယ် သူယုတ်သား။ ဆင်ထိုး၍ သေပါစေ၊ ကျွဲရိုင်းခတ်၍ သေပါစေ' စသည်ဖြင့် ကျိန်ဆဲလိုက်၏။ ထိုသူငယ်လည်း ညဉ့်တိုင်လျှင် အိမ်သို့ မချဉ်းကပ်ဝံ့သဖြင့် မိကြီးမိထွေး ဘကြီး ဘထွေးစသော အိမ်သို့သွား၍ နေလေ၏။ မိခင်သည် သားအချိန်တန်၍ မလာလတ်သော် အဘယ်မှာ ရှိလိမ့်အံ့ဟု ပြင်းစွာ နှလုံးပန်းလျက် လှည့်လည်ရှာဖွေသောအခါ ဆွေမျိုးအိမ်၌ သားငယ်ကိုတွေ့ရ၍ ယိုစီးသော မျက်ရည်ဖြင့် သားငယ်ကိုဆွဲလျက် နဖူး စသည်တို့၌ နမ်းရှုပ်၍ 'ချစ်သား၊ အမေ ဆဲရေးမြည်တွန်သည်ကို စိတ်ထားသလော' ဟု ချော့မော့ကာသာ အိမ်သို့ခေါ်ဆောင်လာခဲ့၏။ ဤသို့ အမိသည် သားငယ်ကို အမျက်ထွက်၍ ဆိုမြည်တမ်းကာသာ နှလုံးအတွင်း၌မူ အလွန်လျှင် ချစ်ခင်လေးမြတ်ခြင်း ဖြစ်၏။ ထိုခုနစ်နှစ် ရှစ်နှစ်အရွယ် သားနှင့်

မိခင်ကိုရည်၍ နတ်သမီးသည် ဒုတိယပုစ္ဆာကို မေးခြင်းဖြစ်ပါသည်။

(၃) "တတိယပုစ္ဆာမှာ အရွယ်ရှိကြသေးသော လင်နှင့် မယားကို ဆိုလိုပါသည်။ အကြင် လင်နှင့်မယားတို့သည် ဆိတ်ကွယ်ရာ၌ နှစ်ယောက်ချင်း လူမှုဖြင့် ပျော်ရွှင်ကြသော ကာလ။ လင်သည် မယားကို မနာလို မနှစ်သက်အောင် 'သင့်ကိုကြိုက်ချစ်သော ယောကျာ်း မည်သူကား ငါ့ထက် ပညာဥစ္စာ သာပေသဖြင့် ကြိုက်လောက်ပေ၏' ဟု မဟုတ်မမှန်သော စကားဖြင့်မူလည်း စွပ်စွဲ၏။ 'သင့်ကိုမြင်လျှင် အော့ချင်အန်ချင် နှလုံးဆိုမြို့ရှိလှ၏။ သင်ငါ့ကို ကွာပါလေသော် တခြားမှာရှိသည့် မယား မည်သူနှင့် နေရလေအံ့' စသည်ဖြင့် မုန်းဟန်စကားနှင့်ဆို၏။ မယားသည်လည်း ထို့အတူ စွပ်စွဲလျှင် မုန်းဟန်ပြု၏။ ထိုသို့ဖြစ်လျက် ထိုသူတို့သည် အချင်းချင်း အလွန်ချစ်ခင် စုံမက်ကြခြင်းဖြစ်၏။ ထိုသူတို့ကိုရည်၍ နတ်သမီးသည် တတိယပုစ္ဆာကို မေးခြင်းဖြစ်ပါသည်။

(၄) "စတုတ္ထပုစ္ဆာကား တရားစောင့်သော ရသေ့ရဟန်းတို့ကို ရည်၍ ဆိုခြင်းဖြစ်ပါသည်။ ထိုတရားစောင့်ရသော ရသေ့ရဟန်းတို့သည် ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်သောကြောင့် ကံ ကံ၏အကျိုးကို ယုံကြည်သဒ္ဓါတရားနှင့် ပြည့်စုံကုန်သောသူတို့သည် ထိုရသေ့ရဟန်းတို့အား ပေးလှူ၏။ ပေးလှူသော မိမိ၏ ပစ္စည်းဥစ္စာတို့ကို ရသေ့ရဟန်းတို့ သုံးဆောင်တိုင်းပင်လျှင် အလွန့်အလွန် နှစ်သက်မြတ်နိုးခြင်း ဖြစ်၏။

"အရှင်မင်းကြီး။ အကျွန်ုပ် ဖြေဆိုသော စကားသည် စင်စစ်မှန်၏။ ခပ်သိမ်းသောသူတို့သည် မိမိဥစ္စာကို အခါခါ တောင်းတတ်သော သူကိုလည်း မုန်းတတ်၏။ အကျွမ်းတဝင်ယူ၍ ကြိမ်ဖန်များစွာ သုံးတတ်သောသူကိုလည်း မုန်းတတ်၏။ ထိုသို့

လျက် သဒ္ဒါတရားနှင့် ပြည့်စုံသောသူတို့သည် တရားစောင့်ကုန်သော ရသေ့ရဟန်းတို့အား မိမိတို့၏ ပစ္စည်းဥစ္စာတို့ကို သုံးဆောင်တိုင်းပင် သာ၍သာ၍ မြတ်နိုးကြည်ဖြူခြင်း ဖြစ်ကုန်၏။ ဤသဒ္ဒါတရားနှင့် ပြည့်စုံသော သူတို့နှင့် တရားစောင့်သော ရသေ့ရဟန်းတို့အား ရည်၍ နတ်သမီးသည် စတုတ္ထပုစ္ဆာကို မေးခြင်းဖြစ်ပါသည်” ဟု မဟော်သဓာ သုခမိန်သည် ဖြေဆိုလေ၏။ ထိုအခါ ထီးချက်စောင့် နတ်သမီးသည် ကိုယ်ထင်ပြ၍ မဟော်သဓာသုခမိန်အား ချီးကျူးပူဇော်လေ၏။ မင်းကြီးလည်း မဟော်သဓာ သုခမိန်အား အလွန်အထူး ချီးမွမ်းလျက် အိမ်ရှေ့မင်း၏ အဆောင်အယောင်ကိုသာ ချန်၍ ကြီးစွာသော မြှောက်စားခြင်းဖြင့် မြှောက်စားကာ စစ်ဘုရင် မဟာသေနာပတိအရာ၌ ခန့်ထား သူကောင်းပြုတော်မူသတည်း။

ဤကား မဟော်သဓာ ဇာတ်တော်ကြီးတွင် ဖတ်ရှုရသော ပုစ္ဆာစကားထာများ ဖြစ်ပါသည်။ ဤသည်တို့သည် မြန်မာ့ရိုးရာ စကားထာများ ပေါ်ပေါက်လာစေရန် အခြေခံ အကြောင်းအချက်များပင် ဖြစ်ပေသည်။

* * *

## ၂။ မဟာနက္ကဇာတ်တော်ကြီး

မဟာဇနက္က ဇာတ်တော်ကြီးတွင်လည်း ဤသို့ တွေ့ရပြန်ပါသည်။ ပေါလဇန်က္ကမင်းကြီး နတ်ပြည်စံတော်မူခါနီးတွင် သမီးတော် သီဝလိဒေဝီနှင့် လက်ထပ်ထိမ်းမြား၍ မင်းအဖြစ်သို့ မြှောက်ထိုက်သောသူ၏ အရည်အချင်းကို မှူးမတ်တို့အား မှာကြားရာ၌–

(၁) ‘သလွန်တော်၏ ဦးခေါင်းကို သိသည်လည်းဖြစ်စေ။

(၂) ‘ဗိုလ်လ်ခြတစ်ထောင်တင်ရသော လေးကို တင်နိုင်ချ နိုင်သည်လည်း ဖြစ်စေ။

(၃) 'ရွှေအိုးကြီး တဆယ့်ခြောက်လုံးကို ဖော်ထုတ်နိုင်သည်လည်းဖြစ်စေ' ဟု မှာထားခဲ့လေသည်။ မင်းကြီး နတ်ပြည်စံ၍ သီဝလိဒေဝီနှင့် လက်ထပ်ထိမ်းမြားပြီး မင်းမြှောက်ရမည့်သူကို ဖုဿရထားလွှတ်၍ ရှာဖွေသောအခါ ဥယျာဉ်တော်တွင် အိပ်ပျော်နေသော ဘုရားလောင်း ဇနက္ကမင်းသားကို တွေ့ရလေသည်။ ထိုအခါ မှူးမတ်တို့ ကြပ်မတ်ဆောင်ကြဉ်း၍ နန်းတော်သို့ ပင့်ဆောင်ကာ သီဝလိဒေဝီနှင့်တွေ့၍ အကျိုးသင့်အကြောင်းသင့် စကားကို မေးမြန်းပြောကြားကြလေသည်။

ဘုရားလောင်း ဇနက္ကမင်းသားက မှူးမတ်တို့အား "အသင်တို့၏ အရှင်မင်းကြီး အဘယ်သို့ မှာထားခဲ့သနည်း" ဟု မေးသောအခါ မှူးမတ်တို့က ပထမပုစ္ဆာကို လျှောက်ထားကြလေသည်။ ဘုရားလောင်းက ဥသျှောင်တော်ကိုချွတ်၍ သီဝလိဒေဝီအား "သင့်ရာမှာ ထားလေ" ဟု ပေးသောအခါ သီဝလိဒေဝီသည် ဥသျှောင်တော်ကို ကိုင်ထားခြင်း ငှာလည်းမတတ်ကောင်း၊ တခြားတစ်ပါးသို့ ပို့ဆောင်သိမ်းဆည်းခြင်းငှာလည်း မတတ်ကောင်းရကား သလွန်၏ ဦးခေါင်းဘက်၌ ထားလေ၏။ ဘုရားလောင်းလည်း မှူးမတ်တို့နှင့် စကားအနည်းငယ်ပြောပြီးနောက် ဥသျှောင်တော်ထားရာအရပ်ကို ညွှန်ပြ၍ "ဤသည်လျှင် သလွန်၏ ခေါင်းရင်းဖြစ်တော့သည်" ဟု ဖြေဆိုလေ၏။

ဒုတိယပုစ္ဆာကိုမူ ဗိုလ်ခြေတစ်ထောင်တင်ရသောလေးကို ယူခိုင်း၍ ကိုယ်တိုင် တင်ခြင်း ချခြင်းကို ပြုလုပ်ပြလေသည်။ တတိယပုစ္ဆာ အတွက်မူ ထိုရွှေအိုးကြီး ထားရာနေရာ၏ အညွှန်းကို မှူးမတ်တို့အား မေး၏။ မှူးမတ်တို့ကလည်း ဘုရင်မင်းမြတ်မှာခဲ့သော စကားရင်းအတိုင်း တင်လျှောက်ကြ၏။

"နေထွက်ရာ၌ တစ်လုံး၊ နေဝင်ရာ၌ တစ်လုံး၊ အတွင်း၌ တစ်လုံး၊ အပြင်၌ တစ်လုံး၊ အတွင်းအပြင် မဟုတ်သည့်၌ တစ်လုံး၊ တက်ရာ၌ တစ်လုံး၊ သက်ရာ၌ တစ်လုံး၊ အင်ကြင်းပင်ကြီး လေးပင်တို့၌ တစ်လုံးစီ၊ ရှစ်ရပ်ဝန်းကျင် တစ်ယူဇနာထက်၌ တစ်လုံး၊ အစွယ်အဖျား၌ တစ်လုံး၊ အမြီးအဖျား၌ တစ်လုံး၊ ရေထဲ၌ တစ်လုံး၊ သစ်ပင်ဖျား၌ တစ်လုံး၊ ဤသည်လျှင် ရွှေအိုးကြီး တစ်ဆယ့်ခြောက်လုံး ထားရာတည်း"

ဘုရားလောင်းသည် ဤပုစ္ဆာစကားကို ဆင်ခြင်၍ "မှူးကြီးမတ်ကြီးတို့၊ အသင်တို့၏ မင်းကြီးသည် နေ့စဉ် ရဟန္တာ သူမြတ်တို့အား ဆွမ်းလုပ်ကျွေးသည်ဖြစ်ရာ ရဟန္တာ အရှင်မြတ်များကြွလာသောအခါ အသင်တို့၏ သွားရောက်ကြိုဆို ဦးခိုက်ရာအရပ်သည် နေထွက်ရာ နေရာဖြစ်၏။ ရဟန္တာအရှင်မြတ်တို့ ပြန်ကြွလျှင် လိုက်ပါပို့ဆောင်၍ နောက်ဆုံး ဝတ်ဖြည့်ရာနေရာသည် နေဝင်ရာဖြစ်၏။ ထိုနေရာတို့၌ တူးလေ" ဟုဆို၍ တူးသော် ရွှေအိုးနှစ်လုံးကိုရ၏။

ထို့နောက် "မင်းကြီးတို့အတွင်း၌ တစ်လုံး၊ အပြင်၌တစ်လုံး၊ အတွင်းအပြင် မဟုတ်သည့်၌တစ်လုံး ဆိုသည်မှာ နန်းတော်အရှေ့ တံခါးမ၌ တံခါးစုံအတွင်းက တစ်လုံး၊ အပြင်ကတစ်လုံး၊ တံခါးစုံ အောက်က တစ်လုံးရှိ၏ဟု ဆိုလိုသည်။ တူးလော့" ဟုဆို၍ တူးသော် ရွှေအိုးသုံးလုံး ရလေသည်။

"တက်ရာ၌တစ်လုံး၊ သက်ရာ၌တစ်လုံး ဆိုသည်ကား မင်းကြီးသည် မင်္ဂလာဆင်တော်ကို တက်စီးသောနေရာ၌ တစ်လုံး၊ ဆင်တော်မှ ဆင်းသက်သောနေရာ၌ တစ်လုံးရှိဟု ဆိုလိုသည်။ တူးလော့" ဟုဆို၍ တူးသော် ရွှေအိုးနှစ်လုံး ရလေသည်။

"အင်ကြင်းပင်ကြီး လေးပင်တို့၌ တစ်လုံးစီဆိုသည်မှာ ကားနန်းတော်၏ရှေ့၌ မင်းကြီးသည် မှူးမတ်တို့နှင့် ပြောဟောတိုင်ပင်

တော်မူသောအခါ လျှောင်းစက်ရန် ထားသော ညောင်စောင်းတော် သည် အင်ကြင်းသားဖြစ်ရကား ထိုညောင်စောင်း၏ အခြေလေးခုတို့ အောက်၌ ရွှေအိုးတစ်လုံးစီရှိ၏ဟု ဆိုလိုသည် တူးလော့” ဟု ဆို၍ တူးသော် ရွှေအိုးလေးလုံးရ၏။

ထို့နောက် “ရပ်ရှစ်ဝန်းကျင် တစ်ယူဇနာထက်၌ ရွှေအိုးရှိ သည်ဆိုသည်မှာ မင်းကြီးစက်တော်မူရာ ကျက်သရေတိုက်မှ ပတ်ဝန်း ကျင် ရထားထမ်းပိုး တစ်ပြန်ခြားရာ ရှစ်မျက်နှာအရပ်တို့၌ ရွှေအိုးတစ်လုံးစီရှိ၏ဟု ဆိုလိုသည်။ တူးလော့” ဟု ဆို၍ တူးသော် ရွှေအိုး ရှစ်လုံးရလေသည်။

“အစွယ်ဖျား၌ တစ်လုံးဆိုသည်မှာ မင်္ဂလာဆင်တော်ကို ထားရာ၌ ဆင်၏စွယ်ဖျား နှစ်ခုအောက်၌ ရွှေအိုးနှစ်လုံး ရှိသည်။ အမြီးဖျား၌ တစ်လုံးဆိုသည်မှာ မင်္ဂလာဆင်တော်၏ အမြီးအောက် တည့်တည့်၌ တစ်လုံးရှိသည်။ ရေထဲ၌ တစ်လုံးဆိုသည်မှာ ဆင်တော် ရေချသည့် ရေကန်ထဲတွင် တစ်လုံးရှိသည်ဟု ဆိုလို သည်။ တူးလော့” ဟု ဆို၍ တူးသော် ရွှေအိုးသုံးလုံး ရလေသည်။

“သစ်ပင်ဖျား၌ တစ်လုံးဆိုသည်မှာ ဥယျာဉ်တော်ကြီးရှိ မင်္ဂလာပြုရာ အင်ကြင်းပင်ကြီးသည် နွေလရာသီ နေမွန်းတည့်ချိန် အရိပ်သည် ထီးကဲ့သို့ ဝန်းဝိုင်း၍ ကျရောက်လျက်ရှိရာ ထိုအရိပ် ဖျားကျရာ အရပ်ရှစ်မျက်နှာတို့၌ ရွှေအိုးတစ်လုံးစီ ရှိသည်ဟု ဆိုလိုသည်။ တူးလော့” ဟုဆို၍ တူးသော် ရွှေအိုးရှစ်လုံး ရလေ၏။

ဤတွင် ရွှေအိုး ဆယ့်ခြောက်လုံးဟုဆိုသော်လည်း အမှန်မှာ ရွှေအိုး ထားရာအရပ် ဆယ့်ခြောက်ဌာနကိုသာ ရည်၍ဆိုခြင်း ဖြစ်လေသည်။ ရွှေအိုးကား စုစုပေါင်း သုံးဆယ့်တစ်လုံးရှိသည်။ ယင်းသို့သော ပေါလဇနက္ကမင်းကြီး မှာထားရစ်ခဲ့သည် ပုစ္ဆာစကား ထာတို့ကို ဘုရားလောင်း ဇနက္ကမင်းသားသည် အမှန်အကန်

ဖော်ထုတ်နိုင်စွမ်းရှိသည့် အားလျော်စွာ မှူးကြီးမတ်ကြီး အပေါင်းတို့က ၎င်းတို့၏ အရှင်ဘုရင်မင်းမြတ်အဖြစ် ဘိသိက်သွန်း၍ တင်မြှောက်ကြလေသည်။

* * *

## ၃။ ဝိသာခါဝတ္ထု

ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲ ဝိသာခါသတို့သမီး ဝတ္ထု၌လည်း စကားထာများကို တွေ့ရပြန်ပါသည်။ ဝိသာခါ သတို့သမီးကို မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎန သတို့သားနှင့် လက်ထပ်ထိမ်းမြားပြီးနောက် သတို့သမီးအား ယောက္ခမအိမ်သို့ ပို့ဆောင်သော အခါတွင် ဖခင်ဖြစ်သော ဓနဉ္စယ သူဌေးကြီးက သမီးအား အောက်ပါအတိုင်း ဆုံးမသင်ကြားလေသည်။

(၁) အတွင်းမီးကို အပြင်သို့ မထုတ်အပ်။
(၂) အပြင်မီးကို အတွင်းသို့ မသွင်းအပ်။
(၃) ပေးသောသူအားသာ ပေးအပ်၏။
(၄) မပေးသောသူအား မပေးအပ်။
(၅) ပေးသောသူအား လည်းကောင်း၊မပေးသောသူအား လည်းကောင်း ပေးအပ်၏။
(၆) ချမ်းသာစွာ ထိုင်နေအပ်၏။
(၇) ချမ်းသာစွာ စားအပ်၏။
(၈) ချမ်းသာစွာ အိပ်စက်အပ်၏။
(၉) မီးကို လုပ်ကျွေးအပ်၏။
(၁၀) အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။

ဤဆယ်ပါးသော လျှို့ဝှက်သည့် ဩဝါဒစကားကို ဆုံးမသင်ကြားလိုက်ရာ ဝိသာခါသည် ယောက္ခအိမ်သို့ ရောက်သောကာလ

ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီးနှင့် မပြေမလည်ဖြစ်သောအခါ သူဌေးကြီးက ဝိသာခါအား ပြစ်တင်ပြောဆိုလေသည်။ ထိုသို့ ပြောဆိုရာတွင် ဝိသာခါ၏ ဖခင်သူဌေးကြီးမှာလိုက်သော ဩဝါဒ စကားများသည် အဓိပ္ပာယ်မရှိ။ မည်သည်ကို ဆိုမှန်းမသိကြောင်း စွပ်စွဲပြောဆိုသောကြောင့် ဝိသာခါက ပြန်လည်ရှင်းလင်း ချေပပြော ဆိုရလေသည်။ ထိုဩဝါဒ ဆယ်ပါးအဖြေကား–

(၁) ယောက္ခမနှစ်ပါးနှင့် လင်သား၏ ကျေးဇူးမဲ့စကားကို အပြင်လူများသို့ မပြောကြားရာ။

(၂) ယောက္ခမနှစ်ပါးနှင့် လင်သား၏ ကျေးဇူးမဲ့စကားကို အပြင်လူများပြော၍ ကြားခဲ့လျှင်လည်း အိမ်တွင်းသို့ ယူဆောင်လာ ကာ ပြန်လည်မပြောကြားရာ။

(၃) အကြွင်သူတို့သည် အိမ်မှပစ္စည်းတို့ကို ငှားရမ်းသွား ပြီး နောက်မှ မှတ်မှတ်ရရ ပြန်လာ၍ပေး၏။ ထိုပေးသော သူမျိုး ကိုသာ နောက်ထပ် ငှားရမ်းပေးကမ်းအပ်၏။

(၄) အကြွင်သူတို့သည် အိမ်မှ ပစ္စည်းတို့ကို ငှားရမ်းသွား ပြီးနောက် လာ၍ မပေးကြကုန်။ ထိုမပေးသော သူတို့အား နောက်ထပ် ငှားရမ်းပေးကမ်းခြင်း မပြုရာ။

(၅) ဆင်းရဲငြိုငြင် ပင်ပန်းကြကုန်သော ဆွေမျိုး၊ မိတ်ဆွေ တို့ လာရောက်တောင်းရမ်းလျှင် ထိုသူတို့သည် ပြန်၍ပေးနိုင်သည် ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ ထိုကဲ့သို့သော သူမျိုးကိုမူ ပေးကမ်း ချီးမြှင့်အပ်၏။

(၆) ယောက္ခမနှစ်ပါးနှင့် လင်ယောကျ်ားတို့ကိုမြင်လျှင် ထသင့်သောနေရာ၌ ထိုင်နေခြင်းငှာ မသင့်၊ ထိုင်သင့်သောအခါ မှသာလျှင် ထိုင်နေသင့်ရာ၏။

(၇) ယောက္ခမနှစ်ပါးနှင့် လင်ယောကျ်ားတို့၏ စားဦးကို မစားနှင့်။ ၎င်းတို့အား ပြည့်ပြည့်စုံစုံ လုပ်ကျွေးပြုစုပြီးမှသာ မိမိ ဘာသာ စားသောက်သင့်၏။

(၈) ယောက္ခမနှစ်ပါးနှင့် လင်ယောကျ်ားတို့၏ အလျင်ဦး အောင် မအိပ်စက်နှင့်။ ထိုသူတို့အား ပြုဖွယ်ကိစ္စများကို ပြုလုပ် ဆောင်ရွက်ပြီးမှသာ အိပ်စက်အပ်၏။

(၉) ယောက္ခမနှစ်ပါးနှင့် လင်ယောကျ်ားသည် မီးပုံကြီး သုံးပုံကို ကိုးကွယ်ရာဟုမှတ်၍ ကောင်းစွာ လုပ်ကျွေးအပ်၏။

(၁၀) ယောက္ခမနှစ်ပါးနှင့် လင်ယောကျ်ားတို့သည် ကိုး ကွယ်ရာဖြစ်သော အိမ်တွင်းနတ်နှင့်တူ၏။ ထိုနတ်သုံးပါးကို အမြဲမပြတ် ရှိခိုးကိုးကွယ် ဆည်းကပ်အပ်၏ဟု ဆိုလိုပေသည်။ ဝိသာခါ၏ ယောက္ခမ မိဂါရသူဌေးကြီးသည် တိတ္ထိတက္ကဒွန်းတို့ကို ကိုးကွယ်သူဖြစ်သဖြင့် ဗုဒ္ဓဝါဒကို နားမလည်ချေ။ ဗုဒ္ဓဝါဒတွင် သက်ဝင်ယုံကြည်၍ ခုနစ်နှစ်သမီးအရွယ်က သောတာပန်ဖြစ်သော ဝိသာခါနှင့် ဆက်ဆံရေးတွင် များစွာ အခက်အခဲဖြစ်ရလေသည်။

တစ်နေ့သောအခါတွင် မိဂါရသူဌေးကြီးသည် ရေမရော သော နို့ထမင်းကို သုံးဆောင်စားသောက်နေခိုက် ဗုဒ္ဓ၏ တပည့် ရဟန်းတစ်ပါးသည် ဆွမ်းလာ၍ရပ်၏။ ထိုအခါ သူဌေးကြီးက မသိဟန်ဆောင်၍နေ၏။ ဤအခြင်းအရာကို မြင်သော ဝိသာခါက သူဌေးကြီးအား ယပ်ခတ်ပေးနေရာမှ ရဟန်းအား ဝတ်ဖြည့်၍ "ကန်တော့ဆွမ်းပါ ဘုရား။ တပည့်တော်၏ ယောက္ခမကြီးသည် အဟောင်းကိုသာ စားသောက်သူဖြစ်ပါသည်ဘုရား" ဟုလျှောက် တင်လိုက်လေ၏။

ထိုအခါ မိဂါရသူဌေးကြီးသည် ဒေါသအမျက် ချောင်းချောင်း ထွက်၍ အခြွေအရံများကိုခေါ်ကာ "ဝိသာခါသည် ငါ့အား

အညစ်အကြေးကို စားသည်ဟု ညစ်ညစ်ညမ်းညမ်း ဆိုဘိ၏။ ဝိသာခါအား အိမ်မှ နှင်ထုတ်ကြလော” ဟု အမိန့်ပေးလေ၏။

ထိုအခါတွင်မှ ဝိသာခါက ရှင်းပြရလေသည်။ ‘ဗုဒ္ဓဝါဒတွင် ကံကောင်း ကံသစ်ဟူ၍ နှစ်မျိုးရှိသည်။ မိဂါရသူဌေးကြီးသည် အတိတ်ဘဝက ကံဟောင်း၏ အကျိုးကျေးဇူးကိုသာ သုံးဆောင်ခံစား၍ နေသူဖြစ်သည်။ အနာဂတ်ဘဝအတွက် ကံသစ်ချခြင်းတည်းဟူသော ကုသိုလ်ကောင်းမှုကို လုပ်ကိုင်သူမဟုတ်ဟု ဆိုလိုကြောင်း’ သဘောပေါက်သော အခါတွင်မှ သူတို့၏ ဆက်ဆံရေးသည် ပြေလည်သွားပေသည်။

နောက်ဆုံး၌ ဝိသာခါ၏ လိမ္မာရေးခြားရှိမှုကြောင့် မိဂါရသူဌေးကြီးသည် မြတ်စွာဘုရား၏ တရားကို နာယူကာ သောတာပတ္တိဖိုလ်၌ တည်လေ၏။ အထက်တွင် ဖော်ပြခဲ့သော စကားစုတို့သည်လည်း ဉာဏ်ဖြင့် ရှုမြင်သုံးသပ်၍ ဆင်ခြင်မှ အမှန်ကို ရရှိစေသည့် စကားထာများပင် ဖြစ်ပေသည်။

* * *

## ၄။ ဘိုးရာဇာလျှောက်ထုံး

အင်းဝဘုရင် မင်းကြီးစွာစော်ကဲလက်ထက် သက္ကရာဇ် ၇၄၂ ခုနှစ်တွင် ရခိုင်ကိုစားသော စောမွန်ကြီး ကြမ္မာကုန်သောကြောင့် မင်းကြီးစွာစော်ကဲက မိမိချစ်ခင်သည့် ကျွန်ယုံတော်ဖြစ်သော စောမည်းကို ရခိုင်စား ခန့်အပ်လေသည်။ မင်းကြီးစွာစော်ကဲက စောမည်းအား “ထန်းစေ့ ထန်းပင်ကဲ့သို့ မကျင့်နှင့်။ ညောင်စေ့ ညောင်ပင်ကဲ့သို့ ကျင့်လေ” ဟု မှာ၏။ အမတ်ကြီး ဘိုးရာဇာကလည်း စောမည်းအား “ညောင်ကဲ့သို့ကျင့်လေ။ ကြောင်ကဲ့သို့ ကျင့်လေ” ဟု ဆုံးမ မှာကြားလိုက်၏။

စောမည်း ရခိုင်ပြည်သို့ရောက်လျှင် ရှိသမျှညောင်ပင်တို့ကို အမြစ်မှစ၍ တူးဖြိုပစ်၏။ ရှိသမျှ တောကြောင် အိမ်ကြောင်တို့ကို ဖမ်း၍ သတ်ပစ်လေ၏။ ထိုအခါ လူထုအပေါင်း မခံမရပ်နိုင်ဖြစ်၍ ထကြွပုန်ကန်ကြသောကြောင့် စကုသို့ ထွက်ပြေးလာရလေ၏။

ဘုရင် မင်းကြီးစွာ စော်ကဲလည်း 'ငါ အရေးမှားလေပြီ' ဟု နောင်တရတော်မူ၏။ ဤတွင် ဆိုလိုသော စကား၏အနက်မှန်ကို မသိသဖြင့် ချွတ်ချော်မှားယွင်းရသော ထုံးသာဓကဖြစ်ပေသည်။ ဆိုလိုသည်မှာကား 'ညောင်ပင်ကြီးသည် အစေ့သေးသော်လည်း အရေအတွက်များ၍ ငှက်အပေါင်း စား၍မကုန်နိုင်။ ညောင်ပင်သည် ထန်းပင်ကဲ့သို့ အပင်ထီးတည်း မဟုတ်။ အကိုင်းအခက် အရွက်ဝေဝေနှင့် လူအပေါင်းတို့ အရိပ်ခိုရာ အပန်းဖြေရာဖြစ်၏။ ထို့အတူ အုပ်ချုပ်သောမင်းသည်လည်း လူအပေါင်းတို့ အားထားမှီခိုရာဖြစ်ပါစေ' ဟု ဆိုလိုသည်။ ထို့အပြင် 'ကြောင်တို့သည် လက်သည်းကို ဝှက်ကြသည်။ မသုံးမဖြစ်သည့်အခါကျမှသာ လက်သည်းကို ထုတ်ဖော်၍ ရန်သူအား တွန်းလှန်တိုက်ခိုက်သည်။ ထို့အတူ အုပ်ချုပ်သောမင်းသည်လည်း အရာရာကို လက်နက်အားကိုး မပြုသင့်။ နေရာတကာတွင် လက်နက်ကြီး တကားကားနှင့် ပလွှားခြင်း မပြုသင့်။ လိုအပ်သော အခါကျမှသာ ထုတ်၍ အသုံးပြုသင့်၏' ဟု ဆိုလိုပေသည်။

ဤစကားရပ်တို့သည်လည်း ပညာဉာဏ်ဖြင့် ဆင်ခြင်၍ အမှန်ကို မြင်နိုင်မှ တန်ဖိုးရှိသော စကားထာများပင် ဖြစ်ပေသည်။

* * *

## ၅။ တကောင်းရာဇဝင်

မြန်မာအစ တကောင်းကဆိုသော စကားအတိုင်း တကောင်းခေတ်က ထင်ရှားသော ဘဒ္ဒနုဝတီခေါ် မင်းသမီးနှင့် ထိမ်းမြားလက်ထပ်သည့် သတိုးနဂါးနိုင်မင်းခေါ် မောင်ပေါက်ကျိုင်း၏ အကြောင်းတွင်လည်း ဤသို့ တွေ့ရပြန်ပါသည်။ မောင်ပေါက်ကျိုင်းအား တက္ကသိုလ် ဆရာကြီးက သုံးခွန်းသော စကားကို မှာလိုက်သည်မှာ–

သွားပါများလျှင် ခရီးရောက်
မေးပါများလျှင် စကားရ
မအိပ်မနေ၊ အသက်ရှည်

ဟူ၍ဖြစ်၏။ မောင်ပေါက်ကျိုင်းသည် သွားပါများ၍ တကောင်းပြည်သို့ရောက်၏။ မေးပါများ၍ ဘဒ္ဒနုဝတီ မင်းသမီးအကြောင်း သိရ၏။ ထိုမင်းသမီး နဂါးနှင့် ချစ်နေကြောင်း သန်းခေါင်ယံတွင် နဂါးလာ၍ ပေါက်သတ်လေ့ရှိကြောင်း သိရ၏။ ထို့ကြောင့် မင်းသမီးနှင့် လက်ထပ်ပြီး ညတွင် မအိပ်မနေ စောင့်၍နေ၏။ မင်းသမီး၏ဘေးတွင်မူ ငှက်ပျောတုံးကို လူအဟန် စောင်ခြုံ၍ ပေးထား၏။ နဂါးကြီးလာ၍ ထိုအရာကို လူထင်မှတ်ကာ ပေါက်သတ်သောကာလ အစွယ်နှင့် ငှက်ပျောဖတ်ငြိ၍ နုတ်မရ ဖြစ်နေစဉ် မောင်ပေါက်ကျိုင်းက နဂါးအား သံလျက်နှင့်ပိုင်း၍ သတ်သည်။

ထို့နောက် မင်းသမီးသည် နဂါးသတ်သူ မောင်ပေါက်ကျိုင်းအား စိတ်နာ၍ စကားထာသုံးခွန်းမေးကာ မဖြေနိုင်လျှင် ၇ ရက်ကြာက သတ်မည်ဟု အလောင်းအစားပြုထား၏။ ထိုစကားထာကား–

(၁) ထောင်ပေးလို့ဆုတ်
(၂) ရာပေးလို့ချုပ်

(၃) ချစ်တဲ့သူအရိုး ဆံထိုးဆံကျင်လုပ်

ဟူ၍ဖြစ်သည်။ ဤစကားထာကို မောင်ပေါက်ကျိုင်း မဖြေနိုင်။ မောင်ပေါက်ကျိုင်း၏ မိဘများ ရောက်ရှိလာသောအခါတွင် ပြောပြသဖြင့် ဖြေနိုင်သွားလေသည်။ မင်းသမီးသည် နဂါးကြီး၏ အရေကို တစ်ထောင်ပေး ဆုတ်ခိုင်းသည်။ နဂါးကြီး၏ အရေကို တစ်ရာစီ တစ်ရာစီပေးပြီး ခေါင်းအုံးမွေ့ရာများ ချုပ်ခိုင်းသည်။ နဂါး၏ အရိုးကို ဆံတိုးဆံကျင်များလုပ်၍ ဆံပင်တွင် ထိုးသည် ဟူသော အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ပေသည်။ ဤမောင်ပေါက်ကျိုင်း ဝတ္ထုသည် မြန်မာမှုနယ်ပယ်တွင် အသုံးများ၍ လူတိုင်းကြားဖူးသော ဇာတ်လမ်းဖြစ်လေသည်။ ဤသည်လျှင် စကားထာ၏ အခြေခံ အရင်းအမြစ် ဖြစ်လေတော့သည်။

* * *

## ၆။ ခုံတော်မောင်ကျဘမ်းအတ္ထုပ္ပတ္တိ

အင်းဝခေတ်တွင် နာမည်ကြီးလှသော ခုံတော်မောင်ကျဘမ်း၏ အတ္ထုပ္ပတ္တိကို ပြဆိုသော ကဝိသေနင်္ဂဗျူဟာကျမ်း၌လည်း ဤသို့တွေ့ရပြန်ပါသည်။

ဆရာတော်သည် တစ်နေ့သ၌ ကိုယ်ရင်ခေမာ၊ ကိုရင်ကုဏ္ဍလ (မောင်ကျဘမ်း)တို့နှင့်အတူ ပုဂံမြို့ ရွှေဂူကျောင်းတိုက်မှသည် အပြင်ဘက်သို့ လမ်းလျှောက်ထွက်လာရာ မင်းအိုချမ်းသာ ဘုရား၏ တံတိုင်းအတွင်းသို့ ရောက်လျှင် ခေတ္တနားနေခိုက် တံတိုင်းပြင်ဘက် ရေတွင်းတွင် လုံမပျိုနှစ်ဦးတို့ စကားပြောနေသံ ကြားရ၏။ ကြီးသော လုံမပျိုက ငယ်သော လုံမပျိုအား ““ညီမ၊ တစ်နေ့တစ်နေ့တွင် စာအဘယ်မျှ ကျက်၍ရသနည်း” ဟုမေးရာ ငယ်သော လုံမပျိုက ‘တစ်နေ့တစ်နေ့လျှင် ဂါထာ ငါးဆယ်ခန့်သာ ကျက်နိုင်

ကြောင်း’ ပြော၏။ တစ်ဖန် လုံမပျိုငယ်က ကြီးသော လုံမပျိုအား ‘အစ်မကြီးကော အဘယ်မျှ ရသနည်း’ ဟု မေးလျှင် “ညီမရယ် ငါ့မှာတော့ အိမ်မှုကိစ္စနှင့် ဆွမ်းကွမ်း ဝေယျာဝစ္စ များလှတာ ကြောင့် တစ်နေ့တစ်နေ့လျှင် ဂါထာ နှစ်ဆယ်မျှသာ ကျက်နိုင် ပါသည်” ဟု ပြန်ပြောလေ၏။

ထိုစကားကို ကြားသော် ဆရာတော်က ရှင်ခေမာအား အဆိုပါ ဒကာမ ကလေးများထံ ရေအလှူခံရန် လွှတ်လိုက်ရာ အငယ်ဖြစ်သော သူငယ်မက ကိုရှင်ခေမာအား “ကိုရှင် အဘယ် တိုက်တွင် နေသနည်း။ ကိုရှင်ဘွဲ့မည် မည်သူနည်း” ဟု မေး၏။ တိုအခါ ကိုရှင်ခေမာက “ငါသည် ရွှေဂူတိုက်မှာနေသည်။ ငါ့ အမည်ကား မောင်ရန်ကင်းတည်း” ဟု ဖြေလိုက်၏။

ထိုအခါ သူငယ်မက ကိုရှင့်အမည်ကို ပါဠိစကားနှင့်သာ မှည့်ရိုးရှိသည်။ ထို့ကြောင့် ရန်ကင်းဟူသော ဝေါဟာရ၏ ပါဠိဘာ သာအမည်သည် ခေမံ၊ ခေမာဟူ၍ လာရှိရာ “ကိုရှင့်အမည် ရှင်ခေမာ မဟုတ်လော” ဟု မေးလျှင် “ဟုတ်၏” ဟု ဝန်ခံရလေ၏။ ထိုအခါ ထိုသူငယ်မက “ကိုရှင့်အမည်ကို မောင်ခေမာဟု မှည့်ရိုး မှန်လျှင် ဣတ္ထိလိင် ဖြစ်နေပါပေါ့လား” ဟု ပြောရာ အကြီးဖြစ်သော သူငယ်မက “ညီမလေး ညည်းပြောသော စကားသည် မူလဆရာ တော်ကို ထိခိုက်နေပါသည်။ ‘သျာစ’ ဟူသော သုတ်ကိုလည်း ထောက်ပါဦး” ဆိုလေ၏။ ရှင်ခေမာသည် ဘာမျှ ပြန်မပြောနိုင်ဘဲ ပြန်ခဲ့၏။

တစ်ဖန် ဆရာတော်က ရှင်ကုဏ္ဍလအား လွှတ်လိုက်ပြန်ရာ ထိုနည်းတူ မေးပြန်သဖြင့် ရှင်ကုဏ္ဍလက

“ဒကာမလေး ငါသည် ရွှေဂူတိုက်မှာနေသည်။ ငါ့အမည် ကား တိတ်လေးပါးနှင့် ပြည့်စုံသော ပြည်ဝယ် ဘုန်းကြီးသော

မင်းကြီး၏ မိဖုရားထံသို့ မြတ်စွာဘုရား၏ သရီ ဓာတ်တော်ကိန်းဝပ်ရာဌာနသည် ငါ၏အမည်တည်း” ဟု ဆို၏။

ထိုအခါ သူငယ်မက “တိတ်လေးပါးနှင့် ပြည့်စုံသော ပြည်ဆိုသည်မှာကား အရိမဒ္ဒနာပုဂံပြည် ဖြစ်၏။ ဘုန်းကြီးသော မင်းကား အနော်ရထာဖြစ်၏။ ဓာတ်တော်ကိန်းဝပ်သော မိဖုရားကား စောမွန်လှဖြစ်၏။ ကိန်းဝပ်ရာဌာနကား နားတောင်းဖြစ်၏။ နားတောင်းကို ပါဠိလို ကုဏ္ဍလဟုခေါ်သဖြင့် “ကိုရင်၏ ဘွဲ့မည်သည် ရှင်ကုဏ္ဍလ မဟုတ်လော” ဟုမေးရာ “ဟုတ်၏” ဟု ဝန်ခံလေသည်။ ထို့နောက် ကိုရင်ကုဏ္ဍလက “ဒကာမကလေး၊ သင်သည် ငါ့အား မေးပြီးပြီဖြစ်၍ သင့်ကို ငါ မေးအံ့”

“သင် အဘယ်အရပ်မှာ နေသနည်း။

“သင့်အမည် မည်သို့ခေါ်သနည်း။

“သင်၏ မိဘတို့သည် အဘယ်အမှုကို ပြုသနည်း” ဟု မေးလေ၏။ ထိုအခါ သူငယ်မကလေးက–

“ကျွန်ုပ်တို့နေသော အရပ်ကား ရန်သူတို့ မဖျက်ဆီးနိုင်သော ပလ္လင်ထူး ပလ္လင်မြတ်၏သခင်၊ အရှင်ဘုရင်ချုပ်ကြီး၏ထံပါးတော် မြဲ၊ အမြတ်ဆုံးသော ဥစ္စာတို့ကို ထိန်းသိမ်းသူ ဘဏ္ဍာစိုးကြီး၏ အမည်ဖြစ်ပါသည်။

“ကျွန်ုပ်၏ အမည်မှာ စတုတ္ထက္ခရာ (ဘ) နောက်သို့၊ အာ–ဒီဃ ရောက်ပါသည်။ (ခ) နောက်ကို အလယ်က သွင်းပါသည်။ တတိယက္ခရာ (ဒ) နောက်သို့ (ဤ) သရ ရောက်ပါသည်။ ဤအရာအားလုံးပေါင်းလျှင် ကျွန်ုပ်အမည် ဖြစ်ပါသည်။

“ကျွန်ုပ်၏ခင် အသက်မွေးမှုပြုလုပ်သည်မှာ ကိုယ်တစ်ခြမ်းကား တူရိယာသံနှင့်တူသော အမှုပြု၍ တစ်ခြမ်းသောကိုယ်ကား ကြေးမုံပြင်နှင့်တူသော အမှုကို ပြုလုပ်၍ အသက်မွေးပါသည်” ဟု ပြောဆိုလေ၏။

ထိုအခါ ကိုရင်ကုဏ္ဍလက စဉ်းစားမိသည်မှာ ပလ္လင်ထူး ပလ္လင်မြတ်ကား အပရာဇိတ ပလ္လင်တည်း။ ပလ္လင်၏ အရှင်ကား သဗ္ဗညုတ ဘုရားတည်း။ ဘုရား၏ အပါးတော်မြဲ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ကား ရှင်အာနန္ဒာတည်း။ ထို့ကြောင့် သူ၏ နေရပ်သည် အာနန္ဒာအရပ်ဖြစ်ရမည်။

ဘ၏နောက်ကား (မ)ဖြစ်၍ အာဒိဃနှင့်ပေါင်းလျှင် (မာ)ရ၏။ (ခ)၏ နောက်ကား (ဂ) ဖြစ်သည်။ ၎င်းကို အလယ်ကထား။ (ဒ)၏ နောက်ကား (ဓ)ဖြစ်၍ (ဤ)ရသနှင့် ပေါင်းသော် (ဓိ) ဖြစ်၏။ ၎င်းတို့ကို အားလုံးပေါင်းလျှင် 'မာဂဓိ' ရသည် ဖြစ်ရာ အဘိဓာန်တွင် မာဂဓိကို စံပယ်ပန်းဟု ပြန်ဆိုထားသောကြောင့် မိန်းကလေး၏ အမည်သည် မစံပယ်ဖြစ်ရာ၏။

တစ်ဖန် မိန်းကလေး၏ ဖခင်လုပ်ကိုင်သော အလုပ်မှာ ကိုယ်တခြမ်းကား တူရိယာသံနှင့်တူသော အမှုကို ပြုသည်ဟူရာဝယ် တူရိယာတီးမှုတ်သော အသံနှင့်မခြား လူအများတို့ သာယာနာ ပျော်ဖွယ်ဖြစ်အောင် စကားပြော ဟောတတ်ခြင်းကို ဆိုသည်ဖြစ်ရာ၏။ ကိုယ်တစ်ခြမ်းကား ကြေးမုံနှင့် တူသောအမှုကို ပြုသည်ဆိုရာဝယ် မှန်ကြေးမုံတို့သည် အစဉ်သဖြင့် ကြည့်ရှုသူ၏ ရှေ့ကသာ နေရမြဲဖြစ်ရကား ဤအချက် ၂ ခုကို ပေါင်း၍ ဆင်ခြင်လိုက်လျှင် မိန်းကလေး၏ ဖခင်သည် ရှေ့နေဖြစ်ရာ၏ဟု တွေးဆပြီး သကာလ 'ဒါယိကာမကလေး၊ အသင်သည် အာနန္ဒာအရပ်မှာ နေသည်မဟုတ်လော။ သင်၏အမည်သည် မစံပယ် မဟုတ်လော။ သင်၏ ဖခင်ကား ရှေ့နေလုပ်သည် မဟုတ်လော" ဟု မေးလျှင် "ဟုတ်သည်" ဟု ဝန်ခံလေ၏။

ထို့နောက် ကိုရင်ကုဏ္ဍလက "ဒါယိကာမကလေး၊ သင်သည် ရှေ့နေ၏သမီးဖြစ်၍ တရားဥဒေအရာတွင် ဗဟုသုတ ရှိတန်ရာ၏။

ထို့ကြောင် ပြဿနာတစ်ခုကို ငါမေးမည်။ စဉ်းစား၍ ဖြေပါ။ အကြင်လုံမပျိုကလေးတစ်ဦးသည် လှပတင့်တယ် ရှုချင် ဖွယ်သော ဝတ်စားတန်ဆာဝတ်၍ သနပ်ခါးနံ့သာမှုန်တို့ကို မျက်နှာ ပါးပြင်တို့၌ လိမ်းကျံ၍လာ၏။ ထိုအခါ လုလင်ပျိုတစ်ဦးသည် ထိုနံ့သာမှုန်၏ အနံ့တည်းဟူသော ဂန္ဓာရုံကို အလွန်တပ်မက်၍ ကာမဂုဏ်စိတ်လည်း မရှိ။ လုံမပျိုအား ကိုယ်လက်အင်္ဂါဖြင့်လည်း ထိခိုက်ကိုင်တွယ်ခြင်း မပြုပါ။ ပါးပြင်တွင် လိမ်းကျံထားသော နံ့သာမှုန့်ကိုသာ နမ်းရှုပ် ခြင်းအမှုကို ပြုသည်ဆိုကြားအံ့။ ထိုအခါ ထိုလုံမပျိုသည် အလွန် ရက်စနိုးရကား ထိုလုလင်အား တရားစွဲလိုသော် နံ့သာမှုန့်ကို နမ်းရှုပ်သည့် အမှုကိုစွဲရမည်လော။ မျက်နှာ ပါးပြင်ကို နမ်းရှုပ်သည့် လက်ရောက်ကျူးလွန်မှုအနေနှင့် စွဲရမည်လော။ ငါ့အား ပြောကြား ပါ”ဟု မေးလျှင် မိမိတို့ မျက်နှာ သနပ် ခါးထူထူ လိမ်းကျံလာသော ထိုအမျိုးသမီး နှစ်ဦးတို့မှာ အဖြေရ ခက်သောကြောင့် မျက်စိမျက်နှာ ပျက်ပျက်နှင့် ရေအိုးကို ကောက်၍ ရွက်ကာ ပြန်သွားကြလေကုန်၏။

ဤကား အင်းဝခေတ်က လုလင်ပျို လုံမပျိုတို့၏ ဉာဏ်စမ်း ပုံ တစ်စိတ်တစ်ဒေသ ဖြစ်သတည်း။

* * *

## ၇။ ရှင်သီလဝံသ အမေးအဖြေ

အမည်မသိ ပုဂ္ဂိုလ်တစ်ဦးရေးသည့် ရှင်မဟာသီလဝံသနှင့် မဟာရဋ္ဌသာရတို့ အမေးအဖြေ စာအုပ်ငယ် တစ်ခုတွင်လည်း ဤသို့ တွေ့ရပြန်ပါသည်။

ရှင်မဟာရဋ္ဌသာရက ရှင်မဟာသီလဝံသထံသို့ ကျောင်းနေ တပည့်ငယ်တစ်ဦးကိုစေ၍ “တစ်ကျောက်အိပ် သနားတော်မူလိုက် ပါဘုရား” ဟုလျှောက်၏။

ရှင်မဟာသီလဝံသကလည်း 'တစ်ကျောက်အိပ်ဆိုသော် တစ်ကျိပ်အောက်၊ တစ်ကျိပ်အောက်ဆိုသော် ကိုးယောက်၊ ကိုးယောက်ဆိုသော် ကောက်ရိုးဖြစ်ရာ၏' ဟု "ကောက်ရိုးကို ယူသွားလေ" ဟု ပေးလိုက်၏။

တစ်ဖန် ရှင်မဟာရဋ္ဌသာရက "ရဇ္ဇုံ၊ ပုပ္ဖံ၊ သုဝဏ္ဏံ ပေးသနား တော်မူပါဘုရား" ဟု စေလိုက်ပြန်၏။ ထိုအခါ ရှင်မဟာသီလဝံသက 'ရဇ္ဇု=ပြည်၊ ပုပ္ဖ=ပန်း၊ သုဝဏ္ဏ=ရွှေ' ဖြစ်၍ "ပြည်ပန်းရွှေကို ယူသွားလေ" ဟု ပေးလိုက်၏။

ထိုနောက် ရှင်မဟာရဋ္ဌသာရက "ကုန်သည် လင်မယားကို သနားတော်မူလိုက်ပါ" ဟု စေပြန်၏။ ထိုအခါ ရှင်မဟာသီလဝံသက 'ကုန်သည် လင်မယားတို့၏ သဘောသည် လင်က ထမ်း၍ မယားကရွက်သည်။ နှစ်ခုပေါင်းလျှင် ထန်းရွက်ရသည်'။ ထို့ကြောင့် "ထန်းရွက်ကို ယူသွားလေ" ဟု ပေးလိုက်၏။

တစ်ဖန် ရှင်မဟာရသာရက "မဏ္ဍူက ဇော်ဂနီကို ပေးလိုက် ပါဘုရား" ဟု စေပြန်၏။ ထိုအခါ ရှင်မဟာသီလဝံက 'မဏ္ဍူက= ဖား၊ ဇော်ဂနီ=စုံး၊ ပေါင်းသော် ဖားစုံး=ဖုန်းစား' ဟူ၍ ဖြစ်ရာ "မင်းတို့ဆရာကဲ့သို့ ကိုးကွယ်ဟောင်းမဟုတ်၊ ကိုးကွယ်သစ်ဖြစ်၍ ဖုန်းစားမရှိ" ဟု မိန့်ဆိုလိုက်၏။

ထိုနောက် ရှင်မဟာရဋ္ဌသာရက တပည့်တစ်ယောက်ကို စာရေး၍ ပေးလိုက်သည်မှာ–

'တော်သတင်းတွင်၊ လှေပွဲဆင်သည်၊ အလျင်ရောက်က၊ ဆုခံရ။

'လေအောက်လေညာ၊ ခံစပါသည်၊ မြင်သာတော ခန်းဝါ။

'မိုးမရွာခင်၊ ကျတ်တီးပြင်၊ အလျင်ပပ်ကြားထ။

'လျောက်မတင်ခင်၊ စရွေးတွင်၊ အလျင်စွပ်လိုက်ပါ့။

'သူငယ်ဖော်များ၊ အံကစားလျက်၊ အစဉ်တက်သည်၊ ထွက် တက်တစ်လုံးသာ'

ဟူ၍ ဖြစ်၏။ ရှင်မဟာသီလဝံသက စဉ်းစားသည်မှာ 'လှေပွဲတွင် အလျင်ရောက်သူသည် **ဆု** ကိုရ၏။ တော၌ လေတိုက်သောအခါ သစ်သီးကြွေကျသည်ကို ခံယူသည်မှာ **တောင်း** ဖြစ်၏။ မိုးမရွာ၍ ပပ်ကြားထနေသော မြေကြီးသည် ရေ **ခန်း** ခြောက်လျက်ရှိ၏။ အိမ်တွင် လျောက်ကိုမတင်ခင် စရွေး၌ စွပ်ရသည်မှာ **ထုပ်** ဖြစ်သည်။ အံကစားရာတွင် ထွက်တက်တစ်လုံးသာလျှင် **ပါ** ကျ၏။ ထို့ကြောင့် ပေါင်းလိုက်လျှင် 'ဆုတောင်းခန်းထုပ်ပါ' ဟု ရရှိသော ကြောင့် "ဆုတောင်းခန်းစာ" ကို ယူသွားလေဟု ပေးလိုက်၏။

ထိုနောက် ရှင်မဟာရဋ္ဌသာရက အုပ်သုံးလုံးတွင် ဝက်သား၊ ကြက်သားနှင့် ကြက်သွန်များကိုထည့်၍ စာရေးပြီး ပို့ခိုင်းလိုက်၏။ ရှင်မဟာသီလဝံသထံသို့ ရောက်သောအခါ ဖတ်ကြည့်ရာ အုပ်တစ်လုံးတွင် 'ဝေဠောက္က' ဟုပါ၏။ ယင်း၏အနက်မှာ "ဝေဠု=ဝါး၊ ဩက္က=သက်၊ ဝါးသက်=ဝက်သား' ဖြစ်၏။ အုပ်တစ်လုံးတွင် 'ဗျဂ္ဃောက္က' ဟုပါ၏။ ယင်း၏ အနက်မှာ 'ဗျဂ္ဃ = ကျား၊ ဩက္က= သက်၊ ကျားသက်=ကြက်သား' ဖြစ်၏။ အုပ်တစ်လုံးတွင် 'ဒါသော က္က' ဟုပါ၏။ ယင်းအနက်မှာ 'ဒါသ=ကျွန်၊ ဩက္က=သက်၊ ကျွန် သက်=ကြက်သွန်' ဖြစ်၏" ဟု အဓိပ္ပာယ်ကို ပြော၍ ဖွင့်ကြည့်လျှင် အားလုံး မှန်၍နေပေသည်။

တစ်ဖန် ရှင်မဟာရဋ္ဌသာရက "တစ်ပင်နှစ်ပင်ကိုတောင်း ချေ" ဟု စေပြန်၏။ ထိုအခါ ရှင်မဟာသီလဝံသက 'တစ်ပင် နှစ်ပင်ကိုပေါင်းလျှင် သုံးပင်=သင်ပုန်း' ဖြစ်မည်။ ထို့ကြောင့် "သင်ပုန်းကို ပေးလိုက်ပါ" ဆိုလေ၏။

အထက်ပါ စကားရပ်တို့သည် ပြောရိုးပြောစဉ် ရှိကြသဖြင့် သာ သုတပညာပွားစေရန် ရေးသားလိုက်ကြောင်း၊ ထိုပညာရှိကြီးများအနေနှင့် ယင်းစကားစုတို့သည် သေးနုပ်သည်ဟု ထင်ဖွယ်ရှိကြောင်းဖြင့် စာရေးသူကိုယ်တိုင်က ဝန်ခံထားပါသည်။ မည်သို့ပင်ဖြစ်စေ ယင်းစကားစုတို့သည် ရှင်သောဟာသဉာဏ်အတွက် အထောက်အကူ ပြုနိုင်သည်ဖြစ်ရကား ထည့်သွင်းဖော်ပြလိုက်ပါသည်။

ဤသည်တို့ကား မြန်မာစာပေ ကျမ်းဂန်လာ စကားထာများပင် ဖြစ်ပါသတည်း။

* * *

# ၁။ စကားထာများ

## (က) စကားထာ ရိုးရိုးများ

(၁)မေး။ ။ ရေမရှိ မြစ်လယ်ကောင်။
ထင်းမရှိ တောင်သုံးတောင်။
နွမမရှိ ခြောက်ယောက်မောင်။

ဖြေ။ ။ မေတ္တာတရား။
အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော။
အာရုံခြောက်ပါး။

(၂)မေး။ ။ ပန်းခော်တကို၊ နေ့ညမဆို၊ ဆင်စေလိုသည်၊ ဗဟိုရင့်ကျူ ၊ နာရီမှူး။

ဖြေ။ ။ ဗဟိုစည်နှင့် နာရီပမာ အချိန်မှန်မှန် တွက်တတ်သော ကြက်ဖ။

(၃)မေး။ ။ ဆယ့်ခြောက်ပြည်ထောင် ပိုင်စိုး၊ မင်းမျိုးငဲ့ ရာဇာ၊ ရှေးကုသိုလ် ကံမကောင်းတာကြောင့်၊ ခေါင်းခြေ လက်မပါ။

ဖြေ။ ။ တင်းတောင်း။ *

(၄)မေး။ ။ သဒ္ဒါလည်း မတတ်၊ ပရမတ်လည်းမကျေ၊ လူရှေ့မှာလည်းနေ၊ မှန်လျှင် မှန်စေ၊ မမှန်လျှင် လျှာထုတ်ပြသည်။

ဖြေ။ ။ ချိန်ခွင်။

(၅)မေး။ ။ ခြေရှစ်ချောင်း၊ ခေါင်းဘယ်ညာ၊ အမြီးခါးလယ်မှာ။

ဖြေ။ ။ ချိန်ခွင်။

(၆)မေး။ ။ ရေလယ်ကောင်သောင်ထွန်း၊ နတ်သမီးနေတဲ့ကျွန်း။

ဖြေ။ ။ ကျောက်ပျဉ်။

*တင်းတောင်းဆိုသည်မှာ ၁၆ ပြည်ဝင်သော တောင်းကိုဆိုသည်။ ရှေးခေတ်အခေါ်တွင် ဆန် ၁၆ ပြည်ကို တစ်တင်း၊ ၈ ပြည်ကို တစ်ခွဲ၊ ၄ ပြည်ကို တစ်စိတ်ဟု ခေါ်သည်။ တစ်ပြည်တွင် နို့ဆီဗူးနှင့် ၈ ဘူးရှိသည်။ ထို့ကြောင့် ၄ ဘူးကို တစ်ခွက်၊ ၂ ဘူးကို တစလယ်ဟု ခေါ်သည်။ စာရေးသူတို့ခေတ် ကျောင်းသား ဘဝတွင် ဤကဲ့သို့ ဆန်ခွက်ခြင် အခေါ်အဝေါ်များကို သင်ခဲ့ရသည်။

| | | |
|---|---|---|
| ၂ လမြူ | = | ၁ လမြက်။ |
| ၂ လမြက် | = | ၁ လမယ်။ |
| ၂ လမယ် | = | ၁ စလယ် |
| ၂ စလယ် | = | ၁ ခွက်။ |
| ၂ ခွက် | = | ၁ ပြည်။ |

တစ်လမြူဆိုသည်မှာ လက်တစ်ဆုပ်ရှိ ဆန်တစ်ဝက်ကို ခေါ်သည်။

တစ်လမြက် = လက်တစ်ခုပ်ရှိဆန်။

တစ်လမယ် = လက်ခုပ်နှစ်ဖက်စလုံးရှိ ဆန်။

(၇)မေး။ ။ ချောင်းငယ် ကောက်ကောက်၊ ရေလယ် နှောက်နှောက်။

ဖြေ။ ။ ကျောက်ပျဉ်။

(၈)မေး။ ။ နတ်သမီးအိမ်တိုင် ပိုးမဖောက်နိုင်၊ ဖောက်ပြန်သော်လည်း တစ်ပေါက်တည်း။
ဖြေ။ ။ အပ်။
(၉)မေး။ ။ ငုပ်ချည် ပေါ်ချည်၊ သူ့ဖင်ကို ကြိုးနဲ့ချည်။
ဖြေ။ ။ အပ်နှင့် အပ်ချည်။
(၁၀)မေး။ ။ နတ်သမီး တံတွေးပေါက်၊ ကြက် မကောက်နိုင်။
ဖြေ။ ။ နေပြောက်။
(၁၁)မေး။ ။ နွားနို့ တစ်ပန်းကန် တစ်ပြည်လုံးလျှံ။
ဖြေ။ ။ လပြည့်ဝန်းနှင့် လရောင်။
(၁၂)မေး။ ။ နတ်သမီးအိမ်တိုင် သူခိုးမတက်နိုင်။
ဖြေ။ ။ ငှက်ပျောပင်။
(၁၃)မေး။ ။ နတ်သမီးသောက်ရေကန် တံတိုင်း သုံးထပ်ရံ။
ဖြေ။ ။ အုန်းသီး။
(၁၄)မေး။ ။ မဖွပ်ဘဲ ဖြူ၊ မခပ်ဘဲ ပြည့်။
ဖြေ။ ။ အုန်းသီး။
(၁၅)မေး။ ။ မဖွပ်ဘဲ ဖြူသည့် နတ်ပုဆိုး၊ မခပ်ဘဲပြည့်သည့် နတ်ရေအိုး။
ဖြေ။ ။ အုန်းသီး။
(၁၆)မေး။ ။ ဒိုက်ခုတ်တော့ အုတ်ပေါ်၊ အုတ်ခုတ်တော့ကြွေပေါ်၊ ကြွေခုတ်တော့ရေပေါ်၊ ဘာသီးလဲနော်။
ဖြေ။ ။ အုန်းသီး။
(၁၇)မေး။ ။ သွားတော့ ခွေခွေ၊ နေတော့ စင်းစင်း။
ဖြေ။ ။ ခေါင်းခု။
(၁၈)မေး။ ။ လေးထောင့်စပ်စပ်၊ သူ့မျက်နှာငါ့မှာကပ်။
ဖြေ။ ။ မှန်။

(၁၉)မေး။ ။ အပင် နွဲ့နှောင်း၊ အသီးဖောင်းဖောင်း မစားကောင်း။

ဖြေ။ ။ ဆံပင်နှင့် သန်းဥ။

(၂၀)မေး။ ။ ငါ့နွားနက်နက် ချုံပေါ်တက်၊ ချက်ချက်သံမျှ မကြားရ။

ဖြေ။ ။ ဆံပင်နှင့် သန်း။

(၂၁)မေး။ ။ သူ့အပင်က တစ်ရုံကြီး၊ သူ့အသီးက တစ်လုံးတည်း။

ဖြေ။ ။ ဆံပင်နှင့် ဆံထုံး။

(၂၂)မေး။ ။ နှစ်ယောက်တစ်တွဲ၊ နေ့မှာခွဲ၊ ညဘက်ကျလျှင် ပြန်ပေါင်းချင်။

ဖြေ ။ တံခါးရွက်။

(၂၃) မေး။ ။ နေ့ချွတ်၊ ညဝတ်။

ဖြေ။ ။ တံခါးမင်းတုပ်။

(၂၄)မေး။ ။ အစိမ်းပေါ် အဖြူတင်၊ အဖန်လာမှ နီရောင်ဆင်။

ဖြေ။ ။ ကွမ်းယာ။

(၂၅)မေး။ ။ သူ့ကိုရိုက်တော့ ချာချာလည်၊ ကြိုးကိုဆွဲပြီး ငိုရှာတယ်။

ဖြေ။ ။ ကြေးစည်။

(၂၆)မေး။ ။ ကန်ထဲမှာရေ၊ ရေထဲမှာမြွေ၊ မြွေခေါင်းမှာရွှေ။

ဖြေ။ ။ မီးခွက်။

(၂၇)မေး။ ။ အညာကဆင်ဖြူ၊ အမွေးထူ။

ဖြေ။ ။ ကြက်သွန်ဖြူ။

(၂၈)မေး။ ။ ဖူးခနဲထောင်၊ ဖောင်ခနဲလဲ၊ ရဲရဲနဲ့တွဲလွဲဆွဲ။

ဖြေ။ ။ ငှက်ပျောဖူး။

(၂၉)မေး။ ။ သူ့အပင်နွဲ့ချောင်း မတက်ကောင်း၊ စားကောင်းပါရဲ့ ဖူးတံနဲ့။

ဖြေ။ ။ ပြောင်းဖူး။

(၃၀)မေး။ ။ ပဝါခြုံ လုံပါ၏။ ဆံမြိတ်ချ လှပါ၏။ ကျောက်တန်းစီ ညီပါ၏။

ဖြေ။ ။ ပြောင်းဖူး။

(၃၁)မေး။ ။ အသီးပေါ် အပင်ပေါက်၊ ခြေထောက်တစ်ချောင်းထောက်။

ဖြေ။ ။ နာနတ်သီး။

(၃၂)မေး။ ။ ခြုံကြားထဲက မင်းကုသ၊ ခေါင်းပေါင်းစနှင့် ထ။

ဖြေ။ ။ နာနတ်သီး။

(၃၃)မေး။ ။ တစ်နှစ်တစ်ခါ ပေါ်လို့လာ၊ ရာဇာမင်းလောင်း ထီးဖြူဆောင်း။

ဖြေ။ ။ မှို။

(၃၄)မေး။ ။ ဆုပ်လျှင် စူး၊ နမ်းလျှင် မူး၊ စားလျှင်ရူး။

ဖြေ။ ။ ပဒိုင်းသီး။

(၃၅)မေး။ ။ တို့နွားတစ်ကောင် ဘို့တစ်ထောင်။

ဖြေ။ ။ ကြက်ဟင်းခါးသီး။

(၃၆)မေး။ ။ တို့နွားတစ်ကောင် ဘို့တစ်ထောင်၊ ခြေရာလည်းပျောက် ရေလည်းနောက်။

ဖြေ။ ။ ကြက်ဟင်းခါးသီးနှင့် ဆန်ဆေးရေ။

(၃၇)မေး။ ။ သူ့ပင်စည်က မွေ့ပွေးပြောက်၊ သူ့အသီးက ပြည်တောင်းလောက်။

ဖြေ။ ။ သဘော်သီး။

(၃၈)မေး။ ။ နွားမတစ်ရာ ရေဆင်းလာ၊ ခြေရာလည်း ပျောက် ရေလည်းနောက်။

ဖြေ။ ။ ဆန်ဆေးသည်။

(၃၉)မေး။ ။ ဖတ်လတ် ဖတ်လတ် ၂ ဖတ်လတ်၊ တွဲလွဲ တွဲလွဲ ၂ တွဲလွဲ၊ ဒေါက်လောက် ဒေါက်လောက် ၄ ဒေါက်လောက်။

ဖြေ။ ။ ၂ ဖတ်လတ်=နားရွက် ၂ခု။ ၂တွဲလွဲ=နှာမောင်းနှင့် အမြီး။ ၄ ဒေါက်လောက်=ခြေ ၄ ချောင်း (ဆင်)။

(၄၀)မေး။ ။ အသီးတစ်ရာ အညှာတစ်ခု။

ဖြေ။ ။ ငှက်ပျောသီး။

(၄၁)မေး။ ။ အတောင်စိမ်းပြာ ငှက်သတ္တဝါ၊ အမောက် မြေ မှာဝက်။

ဖြေ။ ။ ငှက်ပျောပင်။

(၄၂)မေး။ ။ အခြေလေးခု မြေမှာစု၊ ခေါင်းနဲ့ကိုယ်မပါ ဘာလချာ၊ အမြီးမရှိပါ။

ဖြေ။ ။ ကုလားထိုင်။

(၄၃)မေး။ ။ ကြည့်လေ ဝေးလေ၊ ဝေးလေ ကြည့်လေ။

ဖြေ။ ။ နားရွက်။

(၄၄)မေး။ ။ အပင်ကြီး၍ အသီးသေး။

ဖြေ။ ။ ညောင်ပင်။

(၄၅)မေး။ ။ အမြင်နီး၍ ခရီးဝေး။

ဖြေ။ ။ တောင်။

(၄၆)မေး။ ။ ဟိုဘက်ရွာနဲ့ ဒီဘက်ရွာ၊ သူနဲ့ကြည့်ရင် မြင်ရတာ။

ဖြေ။ ။ မီးပြောင်း။

(၄၇)မေး။ ။ ကုလားမလေး ခြေကောက်ကောက်၊ ချောင်းကမ်းပါးမှာ လျှောက်။

ဖြေ။ ။ ငါးမျှားချိတ်။

(၄၈)မေး။ ။ သွားရင် နှေးကွေး၊ သူ့ဥက ဖွေးဖွေး၊ ကျောပေါ်မှာ သံခမောက်နဲ့၊ ဘာကောင်တဲ့လေး။

ဖြေ။ ။ လိပ်။

(၄၉)မေး။ ။ တက်လေးစင်းနဲ့ အပြင်းလှော်၊ မယ်တော်ရှင်မပေါင်းမိုးထဲက။

ဖြေ။ ။ လိပ်။

(၅၀)မေး။ ။ ဟိုဘက်ဘေးကဖြူဖြူ၊ ဒီဘက်ဘေးက ဖြူဖြူ၊ အလယ်ဗဟိုက ရွှေမင်းသမီးကလေး။

ဖြေ။ ။ ကြက်ဥ။

(၅၁)မေး။ ။ အိမ်ရှိသော်လည်း လူမရှိ၊ လူရှိသော်လည်း အသံမကြား။

ဖြေ။ ။ သင်္ချိုင်း။

(၅၂)မေး။ ။ ငမည်းဖင် ငနီလျက်(ရက်)။

ဖြေ။ ။ အိုးနှင့် မီး။

(၅၃)မေး။ ။ အပင်မြင့်မြင့် ညမှပွင့်။

ဖြေ။ ။ ကြယ်။

(၅၄)မေး။ ။ ညီအစ်ကိုနှစ်ယောက် တရားပြိုင်၊ အစ်ကိုနိုင်လိုက် ညီနိုင်လိုက်။

ဖြေ။ ။ ရက်ကန်းနှတ်။

(၅၅)မေး။ ။ ကျူပင်ကြိုကျူပင်ကြား လောင်းကလေးနဲ့သွား။

ဖြေ။ ။ ရက်ကန်းလွန်း။

(၅၆)မေး။ ။ ဒီခနဲပျံ ပိတုန်းသံ၊ ဝဲခနဲကျ ရွှေလင်းတ။

ဖြေ။ ။ ချည်ငင်။

(၅၇)မေး။ ။ အပင် သန့်တောင့်ဖွေး သူ့အသီးက သေး။

ဖြေ။ ။ ထန်းပင်နှင့် ထန်းသီး။

(၅၈)မေး။ ။ ငယ်ငယ်က စောင်ခြုံအောင်း၊ ကြီးခါမှ ဦးထုပ်ဆောင်း။

ဖြေ။ ။ ခရမ်းသီး။

(၅၉)မေး။ ။ ငယ်တုန်းကတော့ စားဖော်စားဖက်၊ ကြီးလာတော့လည်း အိပ်ဖော်အိပ်ဖက်။

ဖြေ။ ။ ဝါး။

(၆၀)မေး။ ။ တစ်နှစ်တစ်ခါ ပေါ်လို့လာ၊ ဝါဝါကတုံး လူမမုန်း။

ဖြေ။ ။ လိမ္မော်သီး။

(၆၁)မေး။ ။ မီးပေါ်မှာ ကျွမ်းကစား စွမ်းတဲ့ မေ့သား။

ဖြေ။ ။ မုန့်လေပွေ။

(၆၂)မေး။ ။ ရွှေသားနီမြန်း၊ ရဟန်းနဲ့ဆင်၊ မာတင်ပေါက်ကြီး၊ တစ်တစ်စီးနဲ့၊ ရှမ်းကြီးဦးထုပ်၊ တရုတ်မြင်းက ကျေးသူဝ။

ဖြေ။ ။ ပေါက်ပွင့်။

**(မှတ်ချက်။ ။** ပေါက်ပွင့်၏ အရောင် နီဝါနေသည်ကို ရွှေရောင်နှင့် တင်စားထားသည်။ ရဟန်း၏ အရေတော်နှင့်လည်း တူ၍ ဆင်စွယ်ကဲ့သို့ ဝတ်ဆံညှာကလေးပါရှိကာ ရှမ်းကြီးဆောင်းသော ဦးထုပ်ကဲ့သို့ တူလျက် ရှိသည်ကို သိကုံးဇုက်ဆိုထားခြင်းဖြစ်၏)

(၆၃)မေး။ ။ တောင်သုံးလုံးပေါ် အော်၍ပွင့်။

ဖြေ။ ။ ဖိုခနောက်သုံးလုံးပေါ် ပေါက်ပေါက် ဖောက်သည်။

(၆၄)မေး။ ။ မိုးလေချိန်သိ၊ သစ်နန်း နေသည့် ပညာရှိ။

ဖြေ။ ။ တောက်တဲ့။

(၆၅)မေး॥ ॥ ခေါင်းကြီးလို့ လည်သိမ်၊ ဖင်ပိန်တဲ့ ယောကျ်ား၊
မိုးပေါ် ပျံကာသွား၊ သိကြားလား နတ်လား॥

ဖြေ॥ ॥ ပုစဉ်းကောင်॥

(၆၆)မေး॥ ॥ ပန်းပြောက်ဝတ်လုံ၊ ကိုယ်လုံးခြုံ၊ ပုံတောင်သမား၊
ခြေနဲ့ကုပ်၍ နှုတ်နဲ့စား၊ အများသူငါ ဖော်ကြပါ॥

ဖြေ॥ ॥ သစ်တောက်ငှက်॥

(၆၇)မေး॥ ॥ သံသာငှက်ကြီး၊ ရင်ပတ်တီး၊ အမြီးခါးလယ်မှာ॥

ဖြေ॥ ॥ လင်းကွင်း॥

(၆၈)မေး॥ ॥ ဘာဝနာကမ္မဋ္ဌာန်း၊ စီးဖြန်းရွတ်လျက်၊ သက်န်းနက်
နှင့်၊ အရက်လည်း သောက်၊ လိုဏ်ဂူပေါက်မှာ၊
တစ်ယောက်ရှင်ညို၊ လည်ကုပ်တိုနဲ့॥

ဖြေ॥ ॥ ပိတုန်း॥

(၆၉)မေး॥ ॥ ဟတ္ထိဒန္တေ – န – ဒန္တေ၊ ဘိက္ခုကာယေ –
နကာယေ၊ သီသေကာက – န – ကာက॥

ဖြေ॥ ॥ ပေါက်ပွင့်॥

**(မှတ်ချက်॥ ॥** ဆင်စွယ်နှင့် တူသော်လည်း ဆင်စွယ်လည်း မဟုတ်ပါ၊ ရဟန်းနှင့်ဆင်သော်လည်း ရဟန်းလည်း မဟုတ်ပါ॥ ကျီး၏ဦးခေါင်းနှင့် တူသော်လည်း ကျီးဦးခေါင်းလည်း မဟုတ်ပါ ဟူသော အဖြေကို ဝှက်၏॥)

(၇၀)မေး॥ ॥ မျက်နှာမည်းကြီးလည်း ငိုပြီ၊ စည်တော်ကြီးလည်း
တီးပြီ၊ သေသူများလည်း ရှင်လာပြီ၊ ပုန်းသူများ
လည်း ပေါ်လာပြီ॥

ဖြေ॥ ॥ မိုးဦးကျ॥

**(မှတ်ချက်॥ ॥** မိုးမည်းမှောင်၍ ရွာသည်၊ မိုးထစ်ချုန်းသည်॥ မြက်ပင် ငယ်များ ရှင်လာသည်॥ ကျွတ် မျှော့ ဖား စသည်တို့ ပေါ်လာသည်॥)

(၇၁)မေး။ ။ စိမ်းညိုရောင် ခြေသုံးနဲ့၊ မျက်လုံးက ခါးမှာ၊ လေးဘက် တောင်ပံဖုံးတယ်၊ ခေါင်းက ခြောက်သွယ်၊ ငှက်မဟုတ် မြေနဲ့နီးတယ်၊ တွေးဆ ဉာဏ်ကြီး။

ဖြေ။ ။ မြင်းမိုရ်တောင်။

ခြေသုံးချောင်း = မြင့်မိုရ်တောင်၏ အောက်ခံဖိုခ နောက်ဆိုင် တောင်သုံးလုံး။

မျက်လုံး = အလယ်က သွားနေသော နေနှင့်လ။

လေးဘက်တောင် = ကျွန်းကြီးလေးကျွန်း။

ခေါင်းခြောက်သွယ် = နတ်ပြည်ခြောက်ထပ်။

(၇၂)မေး။ ။ ငါးယောက်ကသယ်၊ သုံးဆယ်က ထောင်း၊ ဖျာကြီးနဲ့လိပ်၊ ဂူကြီးထဲသွင်း။

ဖြေ။ ။ ထမင်းစားခြင်း။

(လက်ငါးချောင်းက သယ်သူသည်။ သွားပေါင်း သုံးဆယ်က ဝါးသည်။ လျှာက လိပ်၍ ပါးစပ် ထဲသို့ သွင်းသည်)

(၇၃)မေး။ ။ နှစ်ယောက်ကမြင်၊ ငါးယောက်ကခူး၊ သုံးဆယ်က စား၊ တစ်ယောက်တည်းက အရသာခံသည်။

ဖြေ။ ။ မျက်စေ့နှစ်လုံးကမြင်၊ လက်ငါးချောင်းက ခူး၊ သွားသုံးဆယ်က စား၊ လျှာက အရသာခံသည်။

(၇၄)မေး။ ။ တောင်နှစ်လုံးကြားမှ ဖိုးသူတော်နှစ်ပါး ထွက်လာသည်၊ လူမည်းကြီးငါးယောက်က ဆွဲပစ်သည်။

ဖြေ။ ။ နှပ်ညှစ်သည်။

(၇၅)မေး။ ။ ရင်မှာထား သားမဟုတ်။
မြေမှာမသက် ငှက်မဟုတ်။

အသံသာ ကညာမဟုတ်။
မုတ်ဆိတ်ဖား ကုလားမဟုတ်။
အမြီးကောက် မျောက်မဟုတ်။

ဖြေ။ ။ စောင်းကောက်။

(၇၆)မေး။ ။ ဥတော့ ၃ လုံး၊ ပေါက်တော့ ၁၂ ကောင်၊ ပျံတော့ ၃၆၀၊ ဖြေစမ်းတော့ကွယ်။

ဖြေ။ ။ ဥတု ၃ပါး။

(၇၇)မေး။ ။ အိမ်ကြီးသာလမ်း၊ ဆယ့်နှစ်ခန်း။
တစ်ခန်းကိုယ်စီ၊ လူပျိုအိပ်၊ သုံးကျိပ်စီ။
ပတ်လည်တံခါး၊ လေးဝထား။

ဖြေ။ ။ တစ်နှစ်၊ ဆယ့်နှစ်လ၊ ရက်ပေါင်းသုံးဆယ်၊ လေးသီတင်း။

(၇၈)မေး။ ။ သဝေထိုးကို ရှေ့ကထား၊ ခချွန်နားက(ဝ)ကို ဆွယ်၊ လပေါ်မှာ (ဝ)ကိုတင်လို့၊ ပစောက်ကို တံခွန်လွှား၊ ဖော်ကြပါလား။

ဖြေ။ ။ ဆေးလိပ်။

(၇၉)မေး။ ။ မိဘလည်းဟုတ်၊ ကျွန်လည်းဟုတ်၊ တစ်ခုလုံးမှာ၊ စွန့်ပစ်စရာ၊ ဘယ်ဟာကိုမျှ ရှာမရ။

ဖြေ။ ။ နွားသတ္တဝါ။

(၈၀)မေး။ ။ သစ်ပင်ထက် ငှက်လည်း မဟုတ်။
မြေမှာနား လူသားလည်းမဟုတ်။
တစ်မိရင်းမှ မွေးချင်းညီညာ ပေါက်ဖွားလာသည့် အမြွာညီနောင် ဆယ်ယောက်မောင်။

ဖြေ။ ။ ဆယ်လုံးပါ ငှက်ပျောတစ်ဖီး။

(၈၁)မေး။ ။ ညီအစ်ကိုငါးယောက်၊ သံခမောက်ကိုယ်စီ။
ဖြေ။ ။ လက်ငါးချောင်းနှင့် လက်သည်းခွံ။
(၈၂)မေး။ ။ ရှမ်း ငါးထောင်၊ ပလောင် ငါးသိန်း။
ဆန်တစ်အိတ်ကို ဘယ့်နှယ်ဝေရပါ့။
ဖြေ။ ။ ရှမ်းက ငါးကိုမြုံးထောင်နေသည်။
ပလောင်က ရှမ်းထောင်၍ ရသောငါးကို သိမ်းဆည်းပေးသည်။ ထို့ကြောင့် ဆန်တစ်အိတ်ကို တစ်ဝက်စီဝေယူပါ။
(၈၃)မေး။ ။ သားကရိုက်လို့ အမေငို၊ ဝမ်းပိုက်တစ်လုံး ခေါင်းတစ်လုံး။
ဖြေ။ ။ ထုသောမောင်း။
(၈၄)မေး။ ။ သွားပါများလျှင် ပါးစပ်ညှောင်းသည်။
ဖြေ။ ။ ခရု။
(၈၅)မေး။ ။ အိပ်ပါများလျှင် ခြေထောက်ညှောင်းသည်။
ဖြေ။ ။ လင်းနို့ လင်းဆွဲ။
(၈၆)မေး။ ။ စားပါများလျှင် ခေါင်းလေး။
ဖြေ။ ။ ပုစွန်။
(၈၇)မေး။ ။ မစိုက်ဘဲနှင့် ပွင့်သည်။
ဖြေ။ ။ ကြယ်။
(၈၈)မေး။ ။ မတီးဘဲနှင့် မြည်သည်။
ဖြေ။ ။ မိုးခြိမ်းသံ။
(၈၉)မေး။ ။ ဆေးမခြယ်ဘဲ ညိုမည်းသည်။
ဖြေ။ ။ မိုးရိပ်ဆင်သည်။
(၉၀)မေး။ ။ အသားမည်း ကျွဲလဲမဟုတ်၊ ဦးချိုကား နွားလဲမဟုတ်၊ မြေကြီးကော်ပက် ဝက်လည်း မဟုတ်၊ မိုးပေါ်ပျံတက် ငှက်လည်းမဟုတ်။

ဖြေ။ ။ နွားချေးပိုးကောင်။

(၉၁)မေး။ ။ ကုန်းမှာနေ ရေမှာဥ၊ မျက်စိသုံးလုံး၊ ခါးကုန်းကုန်း။

ဖြေ။ ။ အုန်းသီး။

(၉၂)မေး။ ။ ပုပုနီနီ သူ့အမည်လူမသိ၊ ခမ္မသတ်ကျမ်းကိုကြည့်။

ဖြေ။ ။ ကြမ်းပိုး။

(၉၃)မေး။ ။ မမလေးစိုက်ပျိုး၊ ပန်းမျိုးတဲ့ ဆယ့်နှစ်ပင်၊ တစ်ပင်လျှင် လေးခိုင်ထွက်၊ မွှေးချက်ကယဉ်။

ဖြေ။ ။ တစ်နှစ်၊ ဆယ့်နှစ်လ၊ လေးသီတင်း။

(၉၄)မေး။ ။ ချာချာလည်လို့ ချားလည်းမဟုတ်၊ ကြိုးတန်းလျှောက်လို့ မျောက်လည်းမဟုတ်။

ဖြေ။ ။ ပင့်ကူ။

(၉၅)မေး။ ။ သွားတော့ ကွေ့ကောက်၊ မြင့်ရာကနိမ့်ရာရောက်။

ဖြေ။ ။ မြစ်ချောင်း။

(၉၆)မေး။ ။ ထုလို့မပြား၊ ထောင်းလို့မကျေ၊ ရာကုဋေပွား လူ့ထိပ်ဖျား။

ဖြေ။ ။ ဆံပင်။

(၉၇)မေး။ ။ ခုတ်လို့ မပြတ်၊ သတ်လို့ မသေ။

ဖြေ။ ။ ရေ။

(၉၈)မေး။ ။ မီးမှာ သန္ဓေ၊ ရေမှာ သူဖွား၊ ကျက်စား ကောင်းကင်၊ နေလျှင် သစ်ခေါင်း။

ဖြေ။ ။ ထန်းလျက်ဓား။

(၉၉)မေး။ ။ အစားလည်းကောင်း၊ အဟောင်းလည်းပစ်၊ အသစ်လည်းရှာ၊ တိုင်းသူပြည်သား ချစ်စရာ။

ဖြေ။ ။ ဆန်ကြိတ်သောဆုံ။

(၁၀၀)မေး။ ။ ကောင်းကင်ပျံ ဈာန်ရှင် မဟုတ်၊ ဂူပျော်မွေ့ ရသေ့မဟုတ်။

ဖြေ။ ။ နကျယ်ကောင်။

(၁၀၁)မေး။ ။ မြီးတံသွယ် ခြေမရှိ၊ ခေါင်းနတ္ထိ၊ တောင်မပါ၊ မြိုင်ခြေသန္ဓေရလို့၊ ဖွားတော့ကာ ရွာဂါမမှာ၊ သားများ့ပုတ္တာ၊ ပျံဝဲပါမြေမှာ မဝေး။ ။ ဝဲတုံပျံတုံနှင့်၊ ဂဠုန်လို တောင်မထွက်ပါဘူး၊ သည်ငှက်ကိုမောင်ဖော်နိုင်မှ၊ ဖုန်းပြိုင်မယ်လေး။

ဖြေ။ ။ ခန္ဓွဲ။

(တောင်သူလယ်သမားများသည် ယာခင်းရှိ စိုက်ခင်းများအား ရေပေးရန် ပြုလုပ်ထားသည့် ကိရိယာဖြစ်သည်)

* * *

## (ခ) မင်းကံစီ၏ စကားထာများ

သက္ကရာဇ် ၇၁၁ ခုနှစ် ဟံသာဝတီတွင် မင်းပြုသော ဆင်ဖြူရှင် ဗညားဦး၏သား ဗသုန် ဗန်စက်ခေါ် ဗညားနွဲ့သည် အခါတစ်ပါး၌ သူ၏ အချီတော်ဖြစ်သူ မသောက်နှင့်အတူ ရွှေတိဂုံဆံတော်ရှင်ကို မထင်မရှားနှင့် ဘုရားဝတ်ပြုရန်လာခဲ့၏။

ထိုအခါတွင် ကိုရင်ငယ်တစ်ပါးနှင့် ဒါယကာ တစ်ယောက်တို့ စကားပြောနေသည်ကို ကြားခဲ့ရသည်မှာ အလွန်ထူးဆန်း၍ နားမ လည်ရှိရသည်ဟု အချီတော် မသောက်သည် မင်းသား ဗညားနွဲ့အား ပြန်ပြောလေသည်။

ဗုဒ္ဓညာဏဟုခေါ်သော ကိုရင်ငယ်တစ်ပါးသည် လမ်းတွင် လူတစ်ယောက်နှင့် ဆုံမိကြလေသည်။ ထိုအခါ ကိုရင်အား

ထိုလူက မေးသည်မှာ "ကိုရင် ကျောင်းဒါယကာ နေထိုင်မကောင်း ဖြစ်တာ သက်သာပါရဲ့လား" ဟုသတည်း။

ထိုလူ၏ အမေးကို ကိုရင်သည် "ဒကာကြီး ဂ ငယ်လည်း မဟုတ်ဘူး၊ ရှစ်လည်း မဟုတ်ဘူး၊ ရာဟုလည်း မဟုတ်ဘူး။ လယ်ထွန်ယောကျ်ား ကန်သင်းထောင့်ကိုရောက်ရင် နှင်တံကို အထက်မြှောက်ပြီး မောင်းသလိုပဲ။ ဆီးကင်းလောက် ရှိတာကို မောက်ချလိုက်သလိုပဲ။ ကျောင်းဒါယကာရဲ့ ရောဂါဖြစ်နေတယ်" ဟု ပြန်ဖြေသည်။

အချိတော် မသောက်၏ စကားကို အစအဆုံး ရေရေလည် လည် နားထောင်ပြီးသည့်နောက် မင်းသား ဗညားနွဲ့သည် အဖြေကို ရာမိသည်။ 'ငါသည် မင်းဧကရာဇ် စင်စစ်ဖြစ်မည်ဆိုလျှင် ကိုရင်ငယ်၏ ဤစကားကို ဖြေကြားနိုင်ပါစေသတည်း' ဟု ဓိဋ္ဌာန်ပြုလျက် ဘုရားသခင်းအား ရှိခိုးပူဇော်၏။

အဖြေ။ ။ 'ဂငယ်လည်းမဟုတ်၊ ရှစ်လည်းမဟုတ်၊ ရာဟု လည်း မဟုတ်လို့ ဆိုထားတော့ ဒီအက္ခရာဟာ အမှန်စင်စစ် ၁– ဖြစ်ရမယ်။ ၁ ဂဏန်းရဲ့ ပါဠိဟာ 'ဧက်=အစ်'ဖြစ်တယ်။

"လယ်ထွန်ယောကျ်ားဟာ ဖြောင့်ဖြောင့်မောင်းလိုရင် သူရဲ့ နွားကို 'ကွပ်' လို့ အမိန့်ပေးတတ်တယ်။ အခု ကိုရင်ငယ်ရဲ့ အပြောက 'ကန်သင်းထောင့်ကို ရောက်ရင်' လို့ ဆိုထားတော့ ဒါဟာ ကွေ့လှည့်ပြီး မောင်းတာကို ဆိုလိုတာဖြစ်ရမယ်။ ဒီတော့ ကွေ့မောင်းချင်တဲ့အခါမှာ နွားကို 'ဧ' လို့ အမိန့်ပေးတတ်တယ်။

"ဆီးကင်းလောက်ရှိတာကို မောက်ချသလိုပဲ" ဆိုတာက မြန်မာစာမှာ မောက်ချနဲ့ ဝိုက်ချရယ်လို့ရှိတယ်။ မောက်ချနဲ့ချည်း သုံးရမယ့်စာလုံးဟာ ဗျည်း ၃၃ လုံးထဲမှာ ၆ လုံးပဲရှိတယ်။ အဲဒီ ၆ လုံးဟာ ဘာတွေလဲဆိုတော့ ခ ဂ င ဒ ပ ဝ ဆိုတာတွေ

ဖြစ်တယ်။ ဒီတော့ ဒီစာ ၆ လုံးထဲမှာ ဆီးကင်းလောက်ရှိတာဟာ ဝ ဖြစ်ရမယ်။ အဲဒီ ဝကို မောက်ချနဲ့ ရေးလိုက်တော့ 'ဝါ' ဖြစ်သွားတယ်။

"အခု တွေးလို့ရတဲ့ သုံးလုံးကို ပေါင်းလိုက်ရင် 'အစ်–ဇေ–ဝါ=အဇ္ဇေဝါ' လို့ရတော့ အဇ္ဇေဝါဆိုတာ ပါဠိစကား။ အနက်ပြန်လိုက်ရင် 'ယနေ့' လို့ အဓိပ္ပာယ်ရတယ်။

"ဒီလိုဆိုရင် ကျောင်းဒါယကာရဲ့ ရောဂါဟာ သည်းနေပြီဖြစ်လို့ ယနေ့က မလွန်နိုင်တော့ဘူးလို့ ကိုရင်ငယ် ဆိုလိုတာ ဖြစ်ရမယ်"

မင်းသား ဗညားနွဲ့သည် သူ၏ ယူဆချက်မှန်သည် မမှန်သည်ကို ကွဲပြားစေရန်အတွက် အချိတော်မသောက်အား ကိုရင်ပြောသည့် ကျောင်းဒါယကာ၏ အခြေအနေကို အကြည့်လွှတ်လိုက်ရာ မင်းသား၏ ယူဆချက်အတိုင်းပင် မှန်ကန်စွာ ကျောင်းဒါယကာ ကွယ်လွန်နေပြီကို တွေ့ခဲ့ရလေသည်။

ထိုကိုရင်ငယ်သည် လူထွက်ပြီးလျှင် မင်းကံစီဟူသော အမည်နှင့် နွားကျောင်းနေစဉ် တစ်နေ့၌ နွားကျောင်းသားတို့ ဘာသာဘာဝ ပြောဆိုနေကြသည့် စကားများအနက် ထူးဆန်းသော စကားနှစ်ခွန်းကို ကြားခဲ့ရသည်နှင့် ပတ်သက်၍ အချိတော်မသောက်သည်ပင်လျှင် မင်းသား ဗညားနွဲ့အား ပြန်၍ လျှောက်တင်ပြန်လေသည်။

နွားကျောင်းသား အဖော်များသည် စားကျက် လွန်၍ အဝေးသို့ ရောက်နေသော သူတို့၏ နွားများကိုကြည့်ရန် ကိုရင်လူထွက် မင်းကံစီအား ညောင်ပင်ပေါ်သို့တက်၍ ကြည့်ရန် ခိုင်းကြသည်။ မင်းကံစီသည်လည်း သူငယ်ချင်းများ၏ ခိုင်းဆိုချက်အတိုင်း ညောင်ပင်၏ ခွကြားမှတစ်ဆင့် ညောင်ပင်၏ အကိုင်းများသို့ လှမ်းတက်လျက် နွားများကို ကြည့်သည်။

မင်းကံစီသြောင်ပင်အောက်သို့ ပြန်ရောက်လေလျှင် နွား ကျောင်းဖော်များသည် သူတို့၏ နွားများကို မြင်တွေ့ခဲ့ပါသလောဟု ဆီးကြို၍ မေးကြသည်။ မင်းကံစီသည် "ငါ မမြင်ခဲ့၍သာ မြင် တော့သည်။ ငါ မြင်ခဲ့လျှင် မြင်တော့မည် မဟုတ်" ဟု သူ၏ အဖော်များအား ပြန်ပြောလေသည်။ နွားကျောင်းဖော်များသည် "ငကံစီ၏စကား ကြီးကျယ်လှလေသည်။ ငါတို့ နားမလည်" ဟု ပြန်ပြောကြ၏။

မင်းသား ဗညားနွဲ့သည် ဤဒုတိယမ္ပိ အကြိမ်တွင်လည်း အချီတော် မသောက်၏ စကားကို သေချာစွာ နားထောင်ပြီးလျှင် အဖြေကို ကြံဆပြန်လေသည်။

မင်းကံစီသည် သစ်ပင်ပေါ်သို့ အတက်တွင် သစ်ပင်ခွအကြား ၌ မြွေကို မမြင်ခဲ့။ သစ်ပင်ပေါ်မှ ပြန်အဆင်းကျမှသာလျှင် သစ်ပင်ခွ အကြား၌ မြွေကို မြင်တွေ့ဟန်တူသည်။ ထို့ကြောင့် သူသည် မြွေကိုမမြင်ခဲ့၍သာ နွားများကို မြင်တော့သည်။ မြွေကို မြင်ခဲ့လျှင်ကား နွားများကို မြင်တော့မည် မဟုတ်ဟု ဆိုဟန်တူသည်။ "မသောက်မှတ်ထားလော့ သူ့အား တစ်နေ့ မေးရချေမည်" ဟု ဆိုသည်။

မင်းကံစီသည် နောက်တစ်ကြိမ် ထပ်မံ၍ သာမဏေ ဝတ်ပြန်လေသည်။ ထိုအခါတွင် မင်းကံစီ၏ ဆရာတော် ဘုန်းကြီး သည် ကိုရင် မင်းကံစီ၏ သင်္ကန်းခါးဝတ်တွင် အထုပ်ငယ် သဏ္ဍာန် ပုံ့ပုံ့စုံ့စုံ့ ရှိနေသည်ကို မြင်၍ "ငါ့ရှင်၊ ခါးပိုက်မှာ ဘာကို ထုပ်ထား၍ ပုံ့ပုံ့ ဖြစ်နေသနည်း" ဟုမေး၏။

ကိုရင် မင်းကံစီသည် "ခါးပိုက်တွင် ထုပ်ထားသည်မှာ 'သျှဝ' ကွမ်းပါဘုရား" ဟု ဆိုလေလျှင် ဆရာတော်သည် ပြုံး၍ "ငါ့ရှင်၊ ငါ့ကိုပင် စကားထာဝှက်ပြန်လေသည်" ဟု မိန့်လေသည်။

ဤတစ်ကြိမ်တွင်လည်း မသောက်သည် မင်းသား ဗညားနွဲ့အား တင်လျှောက်ပြန်လေသည်။ မင်းသားသည်လည်း အဖြေကို ကြံဆပြန်လေသည်။

'သျှဝ' ဟူသည်မှာ မွန်ဘာသာစကားဖြစ်၍ မြန်မာပြန်သော် 'ဟင်း' ဟူ၍။ 'ကွမ်း' သည်လည်း မွန်စကားပင်ဖြစ်၍ မြန်မာပြန်သော် 'သာ' ဟူ၍ရသည်။ ထို့ကြောင့် သူ၏ ခါးပိုက်ထဲတွင် 'ဟင်းသာ=ဟသ်ာ' ပါလာချေမည်။

ထို့နောက် မင်းသားသည် ဆရာတော် ဘုန်းကြီးထံမှ မင်းကံစီကို တောင်းယူ၍ အပါးတော်တွင်ထားရန် လူထွက်စေသည်။ ယခင်က သူဖြေဆိုခဲ့သည်များကို မှန်၏ မမှန်၏ဟု မေးလေရာတွင် မှန်လေကြောင်းကို သိရ၍ မင်းသား အလွန်ဝမ်းသာလေ၏။

ထိုအချိန်မှစ၍ မင်းသား ဗညားနွဲ့သည် မင်းကံစီအား အစစ တိုင်ပင်လေသည်။ မင်းကံစီသည်လည်း သူ၏ ဉာဏ်ဖြင့် မြင်သမျှ မင်းသားအား ပြောကြားလေရာ အကျိုးရှိသည်ချည်း ဖြစ်လေသည်။ မင်းကံစီ၏ အကြံအစည်ဖြင့် မင်းသား ဗညားနွဲ့သည် တိဂုံမြို့ (ရန်ကုန်မြို့)မှနေ၍ ပဲခူးထီးနန်းကို လုပ်ကြံရာတွင် သက္ကရာဇ် ၇၄၅ ခုနှစ်တွင် မင်းအဖြစ်ကို ရလေသည်။

ဤစကားထာဘုရင်သည် 'ရာဇာဓိရာဇ်' ပင် ဖြစ်ပေသတည်း။

* * *

## (ဂ) ချစ်စကားထားများ

ရှေးခေတ် လူကြီးသူမများ၏ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားရသမျှ စာဟောင်း ပေဟောင်းများ၌ ဖတ်ရသမျှ တွေ့ရသမျှတို့တွင် ရှေးလူများသည် လူပျိုလှည့်ရာ၌ စကားထာ စကားဝှက်

စကားလိမ် အစရှိသည်များနှင့် ပုစ္ဆာအမျိုးမျိုးတို့ကို တန်ဆာဆင်ပြီးလျှင် မိမိတို့နှစ်သက်ရာ အပျိုအိမ်များသို့ သွားရောက်ကြပြီး အပြန်အလှန် ဉာဏ်စမ်းလေ့ ဝှက်ဆိုလေ့ရှိကြသည်ဆို၏။

ဤဓလေ့ထုံးစံများသည် အလွန်သိမ်မွေ့ ယဉ်ကျေး၍ ချစ်စရာကောင်းလှပေသည်။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက် အစုလိုက်ဖြစ်စေ ပြိုင်ဆိုင်ကြရာ၌ မည်သူသည် ဗဟုသုတကြွယ်ဝသည်၊ ပြောရေးဆိုခွင့်တွင် တတ်သိလိမ္မာသည်၊ ယဉ်ကျေးဖွယ်ရာသည်၊ ဉာဏ်ထက်သည်၊ ဖြတ်ထိုးဉာဏ်ကောင်းသည်၊ စိတ်ရှည်သည်၊ စိတ်တိုသည်၊ ဇွဲရှိသည်၊ ဇွတ်ငြင်းသည်၊ သည်းခံစိတ်ရှိသည်၊ အနိုင်ယူလိုစိတ် ရှိသည် စသည်ဖြင့် အကဲခတ်နိုင်သည်ဖြစ်သောကြောင့် ဤရှေးမြန်မာတို့၏ ဓလေ့ထုံးစံတစ်ရပ်သည် ဟောင်းပင်ဟောင်းလှသော်လည်း ကောင်းလှသည့် မြန်မာမှုတစ်ရပ်ပင် ဖြစ်ပေသည်။

အများအားဖြင့် စကားထာဝှက်ကြသောအချိန်သည် တစ်နေ့တာ၏ လုပ်ခင်းဆောင်တာများ ပြီးစီး၍ အားလပ်သော ညချမ်းချိန်ခါ လူကြီးမိဘများ အိပ်ရာဝင်ချိန်ဖြစ်သည့် သက်ကြီးခေါင်းချချိန်မှစ၍ သန်းခေါင် ကြက်တွန်သည့်အချိန်ထိ ဖြစ်သည်။

စကားဝိုင်းဖွဲ့ကြရာတွင် စကားစပ်ကလည်း ဝင်မှ၊ အလည်ရောက်လာသူ ကာလသားကလည်း နှုတ်စရွှင်ပါမှ အိမ်ခံအပျိုများက လိုက်လိုက်လှဲလှဲနှင့် ဧည့်ဝတ်ပြုလို လက်ခံလိုကြပေသည်။ သို့မဟုတ်လျှင် ဧည့်ခံသူအပျိုများသည် အလည်လာသူ ကာလသားမပြန်မချင်း တသမ်းသမ်း တဝေဝေနှင့် တပျင်းရိရိ ဖြစ်နေတတ်ကြ၏။

*   *   *

## ၁။ တော်တော်ဆိုးတဲ့ကြောင်

ရှေးတုန်းက ကျေးရွာကြီးတစ်ရွာတွင် စိတ်တို၍ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သော အပျိုကြီးတစ်ယောက်ရှိသည်။ ထိုအပျိုကြီးကို စုံမက်နှစ်သက်သော လူပျိုကြီးသည် သူငယ်တိတ်ဆိတ်ချိန်မှစ၍ ရောက်လာကာ အပျိုကြီး ရက်ကန်းခတ်နေသည့်နေရာသို့ လာထိုင်လျက် ရက်ကန်းစင်မှာ ထွန်းညှိထားသည့် မီးတိုင်မှ မီးကျီးခဲများကို ဆွပေး ကော်ပေးခြင်းနှင့် ရက်ကန်းစင်မှ ချည်ပြတ်များကို ဆက်ပေးခြင်း စသည်ဖြင့် ကူညီပေးလေ၏။

အပျိုကြီးသည် လူပျိုကြီးအပေါ်တွင် အနည်းငယ် နှစ်သက်တွယ်တာစိတ်ရှိသည့်အတိုင်း လူပျိုကြီး သူ့ထံသို့ ရောက်လာလျှင် ရောက်လာချင်းမှာပင် "ကျွန်းတုံးကြောင်လျှောက်" ဟု ဆီးကြိုနှုတ်ဆက်လိုက်သည်။

'ကျွန်းတုံးကြောင်လျှောက်၊ လွန်း (လွမ်း)တုန်းမောင်ရောက်' ဟူသော အဓိပ္ပာယ်ကို မရိပ်မိသော လူပျိုကြီးသည် အလွန်ရိုးအစွာဖြင့် "တော်တော်ဆိုးတဲ့ကြောင်၊ နေရာရှားလိုက်တာ ကျွန်းတုံးပေါ်မှ တက်လျှောက်ရတယ်လို့" ဟု ပြည်တွန်လိုက်သည်။

* * *

## ၂။ ညောင်ကန်ကြက်

ဤသို့နှင့် လူပျိုကြီးသည် အခြားသော ကာလသားများနည်းတူ စကားထာဝှက်ခြင်း၊ ပြိုင်ခြင်း အစရှိသည်များနှင့် အခြားသော စိတ်ဝင်စားဖွယ်ရာများကို ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောတတ်ခြင်းများကြောင့် အပျိုကြီးသည် လူပျိုကြီးကို ဆက်လက်ညှော်ခံရန် ပျင်းရိငြီးငွေ့လာသဖြင့် ငိုက်မျဉ်းလာလေ၏။ အပျိုကြီးကလည်း စကားမစ၊ လူပျိုကြီးကလည်း စကားမစနှင့် သန်းခေါင်ကြက်တွန်သံပင် ကြားရချိန်သို့ ရောက်လာသည်။

အပျိုကြီးသည် လူပျိုကြီးပြန်ရန် မည်သို့ပရိယာယ်ဆင်ရပါမည်နည်းဟု အကြံယူနေစဉ်မှာပင် သန်းခေါင်ကြက်တွန်သံကို ကြားလိုက်ရ၍ အပျိုကြီးသည် ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာလေသည်။

ထို့ကြောင့် အပျိုကြီးသည် လူပျိုကြီးကို စကားစတင်လိုက်သည်။

"မောင်ကြီးရဲ့၊ ကြက်တွေတွန်ကုန်ပါရော့လား၊ ဘာကြက်များပါလိမ့်တော်"

အပျိုကြီး၏ ပရိယာယ်နှင့် မေးလိုက်သည်ကိုလည်း မရိပ်မိ၊ သူ့ကို ပြန်စေလိုသည်ကိုလည်း မသိရှိသော လူပျိုကြီးခမျာသည် အပျိုကြီး၏ မေးခွန်းနှင့် ဆန့်ကျင်ဘက်ကျစွာ ပြန်လည်ဖြေလိုက် သည်ကား–

"ညောင်ကန်ကြက်လား၊ တညင်ကြက်လား၊ တစ်ကောင်ကောင် ဖြစ်တော့မပေါ့" ဟူသတည်း။

အပျိုကြီးသည် လူပျိုကြီး၏ မသိသားဆိုးရွားမှုကို သည်းမခံနိုင်တော့သည့်အပြင် လူကလည်း အိပ်ငိုက်လာစပြုပြီဖြစ်၍ မျက်နှာထားတင်းတင်းထားလျက် လူပျိုကြီး၏ မျက်နှာကို လက်ညှိုးနှင့် ငေါက်ငေါက်ထိုးကာ–

"အချိန်ကိုသိချင်လို့ မေးတာတော်ရေ့။ ကိုင်း၊ သိပလား" ဟု ခပ်ဆတ်ဆတ်အသံနှင့် တိတိလင်းလင်းကြီး ဖွင့်ပြောလိုက်လေတော့၏။

ဤတွင် လူပျိုကြီးသည် အပျိုကြီး၏ ဒေါသတကြီးနှင့် မျက်နှာကို မြင်လိုက်ရသဖြင့် ဆိုလိုရင်းအဓိပ္ပာယ်ကို ရိပ်မိသိရှိသွားတော့သည့်ပမာ မျက်နှာချိုသာစွာနှင့်–

“ဘယ်ဘ် အချိန်ကို မေးတာလား။ သိပါဘူးဗျာ။ မောင်ကြီးက မျိုးရိုးကို မေးတာမှတ်လို့၊ အချိန်ဆိုရင် ဘာရှိမှာလဲ ဒီကောင့်အသံ သေးသေးလေး ရှိသေးတာပဲ။ အလွန်ဆုံး တစ်ပိဿာထက် မပိုပါ ဘူး”ဟုပင် ဆက်၍မှားယွင်းစွာ ဖြေလိုက်သေးသည်။

ထိုကဲ့သို့သော ရယ်ဖွယ်ကောင်းလှသည့် အတွဲများသည် လည်း ရှေးက အများအပြား ရှိခဲ့ဖူးလေသည်။

ညဘက်လသာသာ၌ ဆန်ဖွပ်ရင်း၊ မောင်းထောင်းရင်း၊ ရက်ကန်းခတ်ရင်း၊ ချည်ငင်ရင်း၊ ဝါဖန့်ရင်း၊ ဗိုင်းငင်ရင်း၊ မန်ကျည်း သီးထုရင်း၊ တောင်ထန်းသက်ငယ် စလူ အင်ဖက်စသည်များအား အိမ်အမိုးအကာများအတွက် စုဝေးလုပ်ကိုင်ကြရင်းဖြင့် မိမိတို့ ရပ်ရွာ၏ ဓလေ့ထုံးစံများအတိုင်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုဘိသကဲ့သို့ စကားဝှက်များကို အပြိုင်အဆိုင် ဝှက်ဆိုလေ့ရှိကြသည်။

ကောက်ရိတ် သိမ်းပြီးချိန်နှင့် စပါးလှေ့ပြီးချိန်၊ တလင်းထဲ တွင် စပါးများစုပုံ၍ စပါးလိပ်ပြာ ခေါ်ဆိုချိန် စသည်များ၌လည်း ရပ်ရွာ၏ ကာလသမီး ကာလသားများ စုဝေးလာလေ့ရှိကြချိန် ဖြစ်၍ ဤအချိန်မျိုးတွင်လည်း တစ်ရွာနှင့်တစ်ရွာပင် ချိန်းပွဲများ ပြုလုပ်၍ စကားဝှက်ပြိုင်ပွဲများ ကျင်းပကြသည်။

ကျေးရွာ၏ ပန်းတောင်ကိုင်အလှ သို့မဟုတ် စကားကြွယ်ဝ၍ ညှို့ခံကောင်းသူကလေးများ၏ လယ်တလင်း သိမ်းပွဲများဆိုလျှင် စကားဝှက်ဝိုင်းများသည် ပိုမို၍ စည်ကားလေသည်။ နီးစပ်ရာ လယ်တဲများမှလည်း စုဝေးရောက်လာကြလျက် တပျော်တပါး စကားဝှက်ပြိုင်ပွဲမှ အရှုံးအနိုင်နှင့် ကိုယ်ရည်သွေးကြပုံကို နားထောင် ကြသည်။

တလင်းသိမ်းချိန်သည် ဆောင်တော်ကူးနှင့် ဂမုန်းအင်၊ သဇင်ပန်းတို့ မပြတ်တမ်းပွင့်သည့် ရာသီဖြစ်သည့်အပြင် သရဖီနှင့်

မြတ်လေး၊ မပြတ်မွှေးလှသည့် တောစံပယ်နှင့် ပန်းစွယ်တော်တို့ ပွင့်ကြသည်ဖြစ်၍ ကောင်းနိုးရာရာဟု မရွေးချယ်နိုင်ကြတော့။ တွေ့သမျှမရွေး ဖွေးဖွေးမြင်ရာ ဆွတ်ခူးခဲ့ကြသည်မှာ စကားဝှက် ဝိုင်း၌ လုလင်ပျိုရော လုံမပျိုပါ ပန်းများတောင်လို ပုံနေတော့၏။

ဤပန်းပွင့်များသည် အပင်၌ နောက်တစ်နေ့ပွင့်ရန်ပင် ချန်မှထားခဲ့ကြပါမည်လောဟု တွေးတောလောက်အောင်ပင် အငုံရော အဖူးပါ ဆွတ်ခူး၍ လာကြတော့သည်။

တစ်နှစ်ပတ်လုံး ပင်ပန်းလာခဲ့သမျှ၊ တစ်နေ့တာလုံး နွမ်းနယ် လာခဲ့ရသမျှတို့သည် ဤသို့သော လရောင်တင့်လျှမ်းသည့် ညချမ်း လိုရိုန်ခါမျိုးများတွင် သူတို့၏အဖို့ အမောပြေဆေးကလေးများကို ရတတ်ကြသည်။

စိတ်ထဲတွင် သူမသိ ငါပိုး ကျိတ်၍ ပိုးပန်းနေကြရရှာသူ အတွက်ရော၊ ချစ်မိသည့်ဝန်ကို တစ်ခွန်းတစ်ပါဒမျှ မဟဝံ့ ကြောက်ရွံ့ ၍ နောက်တွန့်နေကြရသူအတွက်ရော ဤစကား ဝှက်ဆိုကြခြင်း သည် ချစ်တင်းစရာ၊ ချစ်တင်းဆိုရာနှင့် ချစ်ကျီစယ်ကြရာကို ဖန်တီးပေးစေလေ၏။

'အမယ်လည်းစိတ်တူ၊ ပျို့သည်းအူ ရွှေနွယ်ရိုး စိုးပိုင်ခဲ့သူ' များအဖို့ ဤစကားဝှက်ခြင်း ဓလေ့သည် စိတ်၏ လှုပ်ရှားမှုနှင့် သာယာမှုအရသာလေးများကို ရစေသည်။ ချစ်သူအချင်းချင်း မထေ့တထေ့ ငေါ့လုံးကလေးများနှင့် ကလူကျီစယ်မှုကလေး များသည် မိဘမောင်ဘွားများ၏ မျက်စိအောက်မှာပင် ဖြစ်လင့် ကစား ချစ်သောသူချင်း၏ နှလုံးသားများကို သာယာကြည်နူး စေသည်။ မည်သို့သော မှားယွင်းမှုကိုမျှ ဖန်တီးခွင့်မရသည်ဖြစ်၍ ရှေးလူတို့၏ ဤဓလေ့ထုံးစံသည် မမှားအပ်သော တရားများကို စောင့်ရှောက်ထိန်းသိမ်း ကာကွယ်ပေးခြင်းဖြင့် လုလင် လုံမတို့၏

ကိုယ်ကျင့်တရားကိုပါ ပိုမိုကောင်းမွန်စေသည့် အလွန် အဖိုးထိုက်သော မြန်မာမှုတစ်ရပ် ဖြစ်ပေသည်။

* * *

## ၃။ ချစ်ချင်းတူပါလား

မကြေးမုံသည် သူ့မောင်ကြီး ကိုနန္ဒနှင့် စကားဝှက်ပြိုင်ပွဲဝင်ရန် အပျိုဖော်များနှင့်အတူ ယနေ့ည ချိန်းပွဲ လုပ်ထားသည်။

မောင်ကြီး ကိုနန္ဒသည် ဗဟုသုတကြွယ်ဝ၍ တခ်နုပ္ပတ္တိဉာဏ်ကောင်းကာ စကားလုံးအသုံးတတ်ဆုံးနှင့် ဉာဏ်ထက်မြက်သည်ဟု သတင်းကြီးသော 'ပန်းဝှက်ပြိုင်ပွဲဘုရင်' ဖြစ်၏။

ထို့ကြောင့်ပင် ပန်းဝှက်ပြိုင်ပွဲများ၌ မောင်ကြီးကိုနန္ဒထံမှ အရှုံးပန်းကို ရဖူးသူကနည်းပြီး အနိုင်ပန်းများကိုသာ ပန်းဝှက်ပြိုင်ပွဲအပြီး၌ ပေးလိုက်ရသည်ချည်းဖြစ်သည်။ အောင်နိုင်သူကား ကိုနန္ဒသာ ဖြစ်တော့သည်။

လပြည့်ကျော် ၁၀ ရက်၏ လပြည့်ဝန်းသည် မကြေးမုံတို့၏ အပျိုဖော်တစ်စု ဝိုင်းဖွဲ့စုထိုင်နေကြရာဖြစ်သည့် အပျိုဆောင်၏ အမိုးစွန်းပေါ်သို့ လျှောကျဖြာဆင်းနေသည်။

လေအဝင့်တွင် ကြေလွင့်၍ ကျလာသော စကားဝါ ပန်းရနံ့ကလေးများသည် မကြေးမုံတို့ အပျိုဖော်တစ်စု လိမ်းခြယ်လာသည့် ကံ့ကော်ဝတ်မှုန်ဆံနှင့် ရောနှောသွေးထားသော သနပ်ခါးကွက်ပါးကထူထူနှင့် အမွှေးချင်းပြိုင် အနိုင်လုနေသယောင်ယောင်။

ညဉ့်နက်လာသည်နှင့်အမျှ ငွေလဝန်းက တစ်စထက်တစ်စ လင်းလာသည်။ မကြေးမုံတို့၏ သနပ်ခါးအဖွေးသား မျက်နှာလေးတွေကလည်း ငွေလနှင့်ဆိုင်၍ အလှချင်းပြိုင်တော့မည့် မယောင်ယောင်။

ပန်းဆုပ် ပန်းခိုင်တွေ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြပြီဖြစ်သည်။ လုလင်ပျိုတို့ကလည်း ချစ်ဦးသူကလေးများ၏ မျက်နှာကိုကြည့်လိုက် ထိန်ထိန်သာနေသည့် လမင်းကြီးကို ကြည့်လိုက်နှင့် ရတတ်ထားသမျှ ကဗျာအတိုအစ ကလေးများကို ရွတ်တတ်ကြသည်။

ကြယ်ဥက္ကာ ညဥ့်ရောင်မီးလိုပ
မင့်မောင်ကြီး ထင်မိပါတယ်
မြင့်ဆောင်ထီး၊ ဗွေလယ်မှာ
ရှုစဖွယ်၊ ပဝင်းလို့
လမင်းထက် နှစ်လေးသာ
အေးမြလိုက်တာ။
မြင်ရတိုင်း ဖေသက်သာတယ်
ရွှေမျက်နှာ ကြည်လွှန်းလို့လေး။

နှစ်ယောက်ချင်း အတွဲလိုက်ပြိုင်ကြသည်ဖြစ်၍ ကိုယ့်အတွဲနှင့် ကိုယ် ဝှက်ကြသည်တွင် မကြေးမုံသည် သူ့မောင်ကြီး ကိုနန္ဒနှင့် တစ်တွဲ ဝှက်ကြသည်။

မကြေးမုံနှင့် ကိုနန္ဒသည် နှစ်ဖက်မိဘများ စိတ်သဘော ကြည်ဖြူထားသူချင်း ဖြစ်သည့်အပြင် သူတို့ချင်းကလည်း ချစ်ရည် နှစ်ကိုယ်မျှ၍ အလိုကျနေသူများဖြစ်၏။

ဒါပေသည့် မကြေးမုံသည် ကိုနန္ဒထက် အသက်အတန်ငယ် ကြွသူ ဖြစ်သည်ကတစ်ကြောင်း၊ မောင်နှမတစ်စုတွင် မကြေးမုံသည် အငယ်ဆုံး ဖြစ်သည်ကတကြောင်းကြောင့် ကလေးစိတ်နှင့် အထွေး စိတ်မကုန် ဖြစ်နေကာ 'ချစ်၍ခေါ်ရာ လိုက်ချင်ပါလည်း မယ့်မှာ ငယ်သေး ကြောက်ရွံ့ရေးကြောင့်' ဟူသကဲ့သို့ ဖြစ်နေရှာသည်။

"ဒီညမှာ မောင်ကြီးက အရင်စမေးမယ်နော်။ ကြေးမုံဖြေရင် မောင်ကြီးကပေးဖို့ ဟောဒီမှာ မွှေးမွှေးလှိုင်လှိုင် ကြိုင်ကြိုင်လန်းလှတဲ့ ပန်းဓော်မွှားနဲ့ ဝါးနှင်းဆီ"

မကြေးမုံသည် ကိုနန္ဒလက်ထဲမှာ ကိုင်ထားသော အဆုပ်ရောအခိုင်ပါ ရောထွေးထားသည့် ပန်းသွေးရောင်နှင်းဆီပွင့်ဆုပ်ကြီးကို လှမ်းကြည့်ရင်း ပြုံးလိုက်သည်။

မကြေးမုံကပေးသည့် နှယ်နှယ်ရရ လုံမ မဟုတ်ပါပေ။ စကားထာ၊ စကားဝှက်၊ စကားလိမ်မှုမက မေးလိုရာကိုမေး၊ အက္ခရာ သင်္ချာ၊ ပုစ္ဆာဆန်းပြား အမျိုးမျိုးအထွေထွေကို ထုံးလိုချေ၍ ရေလိုနှောက်နိုင်သည်ဟု တစ်ချိန်က နာမည်ကြီးခဲ့သည့် အရီးသာဒွေး၏ မြေးအရင်းပင်တည်း။

"ကောင်းပါ့တော်။ ကြေးမုံကရှုံးတော့လည်း ဟောဒီလက်ထဲ ကိုင်ထားတဲ့ တတိုင်းမွှေးနဲ့ နန်းလုံးကြိုင်လို ရနံ့လှိုင်နေတဲ့ ပန်းတွေအပြင် ဂမုန်းအင်နဲ့ သဇင်နွယ်ထွေးလေးတွေပါ ပေးရမှာပတော်"

"ကိုင်း ဒီလိုဆို မောင်ကြီးဝှက်တော့မနော်။ သေသေချာချာ နားထောင်ပေရော့"

၁။ ။ ခုံလောက်ပေါ်တွင်၊ စလယ်ဝင်၊ အောက်တွင်ကပ် သည့်ချိုး။

၂။ ။ မြစိမ်းတောင်တွင်၊ မိန်းမယဉ်၊ ပါးတွင် မင်စစ်ထိုး။

၃။ ။ ပန်းဘဲဖိုတွင်၊ ပေပေါ်တင်၊ လက်တွင်ကိုင်၍မိုး။

၄။ ။ ပဆစ်ပစ်လျှင်၊ နှစ်ကွက်မြင်၊ နူတ်တွင်ခေါ်သည့်မျိုး။

၅။ ။ တရုတ်ပြည်တွင်၊ ကုန်စည်တင်၊ မြင်းလျှင်ဘယ် အမျိုး။

စတင်ဝှက်ဆိုသူ၏ အလှည့်ကား ပြီးသွားလေပြီ။ မေးသူကား ပြုံးပြုံး၊ ဖြေရမည့်သူကား နှုန်းနှုန်း ဖြစ်ရချေတော့မည်။

မကြေးမုံသည် မျက်မှောင်ကလေးကုတ်ကာ အကြံတ်အနယ် စဉ်းစားနေသည်။ အခက်အခဲတွေ့နေသည်ဖြစ်၍ သူ့နဖူးပြင်နုနု တွင် ဇောချွေးဥကလေးများ အစီအရီ ပေါ်နေသည်။

နှုတ်ခမ်းကလေးကို ကိုက်လိုက်၊ အံကိုကြိတ်လိုက်နှင့် ဖြစ်နေသည်။ အပြိုင်အဆိုင် အဖွဲ့များကလည်း ကိုယ့်အတွဲနှင့်ကိုယ် တစ်ခါတစ်ခါ ပွဲကျနေကြသည်မှာ တဟားဟားတဝါးဝါးနှင့် ဆူဆူညံနေကြသည်။ ပညာသားပါလှသည့် မကြေးမုံနှင့် ကိုနန္ဒတို့၏ နှလုံးရည်တိုက်ပွဲ တစ်ခုသာ ငြိမ်ချက်သား ကောင်းလှသည်။

လသည် မြင့်သထက်မြင့်ကာ ဝင်လုချိန် နီးပေပြီ။ သက်ကြီး ခေါင်းချချိန် ရောက်ပြီဖြစ်၍လည်း မိအိုဖအိုများ အိပ်မောကျလေ ကုန်ကြပြီ။

သန်းခေါင်ကြက်ပင် တွန်တော့မည်လောဟု မကြေးမုံသည် အဖြေရှာမတွေ့တိုင်း သောကများစိုင်းကာ အသက်ရှူရတာကိုပင် မောလာသည်ဟု ထင်နေသည်။

"ဘယ်လိုလဲမကြေးမုံ။ ပန်းပေးမှာဖြင့် စောစောပေးနော်၊ အချိန်မရှိတော့ဘူး"

ကိုနန္ဒ၏ မထေ့တထေ့အပြုံးကို အခံရခက်လှပေသည်။ မကြေးမုံသည် ဘဲဥကို အစရှာမရသလို ဖြစ်နေသည်။ သည်စကား ဝှက်မျိုးကို သူ့တစ်သက်တွင် တစ်ခါမျှ မကြားခဲ့စဖူး။ မောင်ကြီး မို့ပင် ရှာရှာဖွေဖွေ ဝှက်တတ်ပလေတယ်ဟု မကြေးမုံသည် သူ့စိတ်ထဲတွင် ကြိတ်ခဲ၍ မနိုင်ဖြစ်နေသည်။

"ကြေးမုံတော့ မဖြေနိုင်ဘူး မောင်ကြီးရေ။ ပန်းပေးပါ တယ်"

မကြေးမုံသည် သူပိုင်ဆိုင်သမျှ ပန်းပေါင်းစုံ အလီလီကို မောင်ကြီး၏ ရှေ့သို့စုပုံ၍ ချထားလိုက်သည်။

"ဘယ်လိုလဲဟော့။ ဒီတစ်ခါတော့ တို့စကားထာ ဘုရင်မလေး နန်းကျနေပြီထင်တယ်။ မောင်ကြီးနန္ဒရှေ့မှာ၊ ပန်းပေါင်းစုံ အောတိုက် နေလေရဲ့"

အပျိုဖော်တစ်သင်းတို့ကလည်း မကြားတကြားနှင့် မကြေးမုံကို အတင်းဆိုကုန်ကြလေပြီ။ သူ့နားဝမှာ ကြားနေရပေသည်။ မကြေးမုံသည် လှည့်၍မျှမကြည့်။ မောင်ကြီး ဘာကိုများ ဝှက်ထားပါလိမ့်ဟုသာ အတွေးနယ်ချဲ့နေမိ၏။

"ပန်းပေးတော့ဖြင့် မောင်ကြီးဖြေရတော့မပေါ့နော်။ ကိုင်း ဒါဖြင့် အသေအချာသာ နားထောင်ပေရော့ မိန်းကလေးရေ။

"ခုံလောက်ပေါ်တွင် စလယ်ဝင် အောက်တွင် ကပ်သည့်ချိုး' ဆိုတာမှာ အိုးမှာ ကပ်နေတဲ့ ချိုးကို လိုချင်ရင် ဘယ်လိုလုပ်ပြီး ယူရသလဲ။ ကြေးမုံ သိသလား"

"ဓွန်းနဲ့ချစ်ပြီး ယူရတာပေါ့ မောင်ကြီးရဲ့။ ဒါမှနားမလည်ဘဲ နေပါ့မလားလို့"

"အေး ဒါဖြင့် ဟုတ်ပြီ။ ပထမအပိုဒ်မှာ 'ချစ်'တစ်လုံးကို ရထားပြီနော် မှတ်ထား။ ဒုတိယအပိုဒ်မှာက 'မြစိမ်းတောင်တွင် မိန်းမယဉ်၊ ပါးတွင် မင်စစ်ထိုး' တဲ့ ဒါကတော့"

"နေဦး နေဦး မောင်ကြီး။ ဒါကို ကြေးမုံ ဖြေမယ်။ ဖြေရ မလားဟင် မောင်ကြီး"

မကြေးမုံသည် ကိုနန္ဒစကားမဆုံးခင် ဇွတ်အတင်း ကြားဝင်ဖြတ်၍ ကလေးငယ်တစ်ယောက်လို သူဖြေနိုင်ပါသည်ဟု ကိုနန္ဒထံ ခွင့်တောင်းနေပြန်သည်။

"ဖြေနိုင်ရင် ဖြေပါဗျာ။ မောင်ကြီး ခွင့်ပြုပါတယ်"

ကိုနန္ဒကလည်း မကြေးမုံ၏ ကလေးဆန်လှသည့် အပြုအမူကိုကြည့်ကာ ကျေနပ်နှစ်ကြိုက်သလို အပြုံးသာဖြစ်နေ၏။

"ပါးမှာမင်စစ်ထိုးတာ 'ချင်း' လူမျိုးပေါ့ မောင်ကြီးရဲ့။ ဒီ တော့ 'ချင်း' တစ်လုံးရပြန်ပြီ။ ဒီအပိုဒ် မှန်တယ်မဟုတ်လား။ မောင်ကြီး ကြေးမုံ ဆက်ဖြေတော့မယ်နော်။ ဖြေရမလား"

"ဖြေပါဗျာ ဖြေပါ။ မဖုရားလေး စိတ်တိုင်းကျ ဖြေလိုက်စမ်းပါ"

"မောင်ကြီးနော်၊ ကြေးမုံကို ဒီလိုမငေါ့ပါနဲ့ မဖုရားလေး ဘာလေးနဲ့ ဟင်း"

ချစ်သောသူတို့၏ သဘာဝ ဤသို့သော ထေ့လုံး ငေါ့လုံး ကလေးများနှင့် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျီစယ်နေမှုကလေးများသည် စကားဝှက်ဝိုင်းများကို ပိုမိုစိုပြည်သွားစေသည်သာမက ချစ်သောသူချင်းကို ရစ်ပတ်နှောင်ဖွဲ့ပေးထားသည့် ချစ်သံယောဇဉ်ကြိုးများကို ပိုမိုခိုင်မာသွားစေသည်။

"ကဲဒါဖြင့် ကြေးမုံဖြေမယ်နော်၊ 'ပန်းဘဲဖိုတွင် ပေပေါ်တင် လက်တွင်ကိုင်၍ မှိုး' ဆိုတဲ့ တတိယအပိုဒ်မှာက ပန်းဘဲဖို သံတိုသံစတွေကို ပေပေါ်တင်ပြီး ထုရရိုက်ရအောင် လက်မှာ ကိုင်ထားရတဲ့ ကိရိယာတစ်မျိုးကတော့ 'တူ' လို့ဆိုရမှာပဲ။ ဟုတ်လား မောင်ကြီး"

ကိုနန္ဒသည် ဉာဏ်သွက်လှသည့် မကြေးမုံ၏ ရွှေမျက်နှာဝင်းပပကို ရွှန်းရွှန်းစားစားကြည့်ရင်း ပါးစပ်နှင့် အဖြေမပေးဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။

"ဒါဖြင့် ဒီအပိုဒ်မှာ 'တူ' တစ်လုံး မှတ်ရမှာပေါ့နော်။ ရှေ့ အပိုဒ်က 'ပဆစ်ပစ်လျှင် နှစ်ကွက်မြင် နှုတ်တွင်ခေါ်သည့်မျိုး' ဆို တာမှာတော့ နည်းနည်းရှည်ရလိမ့်မယ် ထင်တယ် မောင်ကြီး။ ဘာဖြစ်လို့လဲဆိုတော့ ပဆစ်ဆိုတဲ့ ကစားနည်းတစ်မျိုးကို ကြေးမုံ ငယ်ငယ်က အဘွားတို့ ကစားတာကို နည်းနည်းမှတ်မိသေးတယ်။ ကိုယ်တိုင်တော့ ဝင်မကစားခဲ့ဘူး။

“‘အစပ်တစ်ရာ၊ အဖ၁က ဗရပျစ်၊ မှောင်ကျအောင်ညစ်ပါတဲ့ ပဆစ်အိမ်’ လို့တော့ ကြားခဲ့ဖူးတယ်။ ပိတ်လေးထောင့် အစညီညီ ကလေးပေါင်း တစ်ရာတိတိနဲ့ စနစ်တကျ ဆက်စပ်ပြီး ချုပ်ထားတဲ့ ပဆစ်အိမ်ဆိုတာ ရှိတယ်နော်။ အလယ်တည့်တည့်က လေးထောင့် အစကြီးကြီးကိုထားပြီး အဲဒီအစကြီးနဲ့ ဆက်စပ်ပြီး ဘေးကို လမ်းကြောင်း ၄ သွယ်ထားပြီး ချုပ်ထားတယ် မဟုတ်လား မောင်ကြီး”

ပဆစ်အိမ် တည်နေပုံကို လက်ဟန်ခြေဟန်နှင့် ကျကျနန ပြတ်ပြတ်သားသား ပြောနေသည့် မကြေးမုံ၏ ဟန်သည် ကြည့်၍ ကောင်းလှသည်ဟု ကိုနန္ဒက တွေးမိသည်။

“ပဆစ်ကစားနည်းနဲ့ ပတ်သက်ပြီး ကြေးမုံသိသမျှကို ပြောပြမယ်နော်။ ကျွေ ၆ ပွင့်နဲ့ ကစားရပြီး ၅ ပွင့်က မှောက်၊ တစ်ပွင့်က လန်နေတာကို ‘တဆယ်’ လို့ခေါ်တယ်။ ၂ ပွင့်လန်နေတာကိုတော့ ‘ပါ’ လို့ခေါ်တယ်မဟုတ်လား။ ဒီတော့ မောင်ကြီး စကားထာရဲ့ အဖြေဟာ ‘ပါ’ ကို ဆိုလိုတာမဟုတ်လားဟင်”

“ဟုတ်လိုက်လေ ကြေးမုံလေးရေ၊ မှန်တယ် မှန်တယ်။ ၄ လုံး မှန်သွားပြီနော်။ တစ်လုံးပဲ ကျန်တော့တယ်။ ကဲ ဆက်ဖြေ ဆက်ဖြေ”

“နောက်ဆုံးပိုဒ်က လွယ်ပါတယ်မောင်ကြီးရယ်။ ‘တရုတ်ပြည်တွင်၊ ကုန်စည်တင်၊ မြင်းလှျင်ဘယ်အမျိုး’ ဆိုတာက ‘လား’ ကို ဆိုလိုတာပေါ့”

မကြေးမုံ၏ မျက်နှာကလေးသည် စောစောကလို စူတူတူဖြစ်မနေတော့။ သူ လုံးလုံးမရှုံးသေးဘူးဟူသော အသိဖြင့် ဝမ်းသာကြည်နူးသွားသည့်အသွင် ရွှင်ရွှင်ပျပျ ဖြစ်လာလေသည်။

"ကိုင်း ဒါဖြင့် အားလုံးအဖြေကို စုပေါင်းလိုက်မယ်နော်။ မောင်ကြီးပြောမယ်။ ကြေးမုံက မှတ် ဟုတ်လား"

၁။ ။ "ခုံလောက်ပေါ်တွင်၊ စလယ်ဝင်၊ အိုးတွင်ကပ်သည့် ချိုးဆိုတာမှာ 'ချစ်' တစ်လုံး။

၂။ ။ "မြစိမ်းတောင်တွင်၊ မိန်းမယဉ်ပါးတွင် မင်စစ်ထိုး ဆိုတာမှာ– 'ချင်း' တစ်လုံး။

၃။ ။ "ပန်းဘဲဖိုတွင် ပေပေါ်တင် လက်တွင်ကိုင်၍မိုး ဆိုတာမှာ– 'တူ' တလုံး။

၄။ ။ "ပဆစ်ပစ်လျှင်၊ နှစ်ကွက်မြင်၊ နှုတ်တွင်ခေါ်သည့် မျိုးဆိုတာမှာ– 'ပါ' တစ်လုံး။

၅။ ။ "တရုတ်ပြည်တွင်၊ ကုန်စည်တင်၊ မြင်းလျှင်ဘယ်အ မျိုးဆိုတာမှာ– 'လား' တစ်လုံး။

"အဖြေအားလုံးကို စုပေါင်းလိုက်တော့ 'ချစ်ချင်းတူပါလား' တဲ့၊ ကဲ ဘယ့်နှယ်သဘောရသလဲ ဒေါ်ကြေးမုံ"

"ဟင်း မောင်ကြီးနော်၊ တတ်လည်းတတ်နိုင်ပါပေ့"မ ကြေးမုံ သည် သူ့မောင်ကြီးကို ချီးကျူးသလိုလိုနှင့် ချစ်သူတို့၏ ဓမ္မတာ ဝမ်းထဲတွင် ပီတိတွေဖြာလျက်ရှိသော မျက်လုံးကြီးများကို ဝင့်၍ ကြည့်လိုက်သည်။

"ပဆစ်ကစားတာနဲ့ ပတ်သက်ပြီး ကြေးမုံ သိပ်မသိဘူး။ ပဆစ်ကစားနည်းဟာ နှစ်မျိုးရှိတယ်ဆိုလားပဲ၊ ပြောကြတာ ကြားဖူးတယ်။ ပြီးတော့ ပဆစ်ကစားတဲ့နေရာမှာ ပြောကြတဲ့ အခေါ်အဝေါ်တွေကိုလည်း ကြေးမုံ သိပ်သိချင်တာပဲ။ မောင်ကြီး သိရင် ပြောပြပါလားဟင်"

စကားဝှက်ပြိုင်ပွဲကြီးမှ အတွဲလိုက်ပြီးနှင့်သွားသူတို့သည် သူတို့ အနိုင်ရလာသည့် ပန်းပွင့်ပန်းစုံတို့ကို ခေါင်းပေါ်တွင်

ထိုးစိုက်၍ ဖြစ်ကတတ်ဆန်း ပြွတ်သိပ် ထိုးပန်လာသူကပန်၊ ပုဆိုးခါးပုံစနှင့် ထုပ်လာသူကထုပ်နှင့် မပြီးပြတ်သေးသော မကြေးမုံတို့၏ စကားဝိုင်းကို ရောက်လာကြပြန်သည်။

"စောစောက ကြေးမုံ ပြောသွားသလိုပေါ့။ ပဆစ်ကစားနည်းဆိုတာ 'ပဆစ်ကြီး' နဲ့ 'နိဗ္ဗာန်ပဆစ်' ရယ်လို့ ၂ မျိုးရှိတယ်။ ပဆစ်တစ်ဝိုင်းဆိုရင် လူ ၄ ယောက်ပြည့်မှ တစ်ဝိုင်းလို့ခေါ်နိုင်ပြီး ၂ ယောက်တည်းနဲ့လည်း ပစ်လို့ရတဲ့ ကစားနည်းပဲ။

"ပဆစ်တစ်ဝိုင်းကို စတင်ပြီး ကစားတော့မယ်ဆိုရင် ကြွေပန်း ကန်ထဲက ကြွေခြောက်လုံးကို တစ်ဦးနဲ့တစ်ဦး အပြိုင်ပစ်ကြရတယ်။ အဲဒီ လိုပစ်ကြတဲ့အခါမှာ အပွင့်သာအောင် ပစ်နိုင်တဲ့လူက ဒီဝိုင်းမှာ ကြွေကို ပထမဆုံး စတင်ပစ်ကစားနိုင်တဲ့ အခွင့်အရေးကို ရတယ်။

"ကြွေကိုင်ပြီး ပန်းကန်ထဲကို ပစ်လိုက်တဲ့အခါ ကြွေအားလုံး ပန်းကန်ထဲမရောက်ဘဲ အပြင်ဘက်ကို တစ်လုံးတလေ ထွက်သွားတာကို ကြွေအန်တယ်လို့ခေါ်တယ်။ ကြွေ ၆ ပွင့်အနက် ၅ ပွင့်က မှောက်ပြီး ၁ ပွင့်က လန်နေတာကို 'တဆယ်' လို့ခေါ်တယ်။ ၂ ပွင့် လန်တာကို 'ပါ'၊ ၃ ပွင့်လန်တာကို 'သုံး' လို့ခေါ်တယ်။ 'သုံးချွန်း' လို့လည်း တချို့ခေါ်ကြတယ်။ ၄ ပွင့်လန်ရင်တော့ 'လေး' လို့ပဲ ခေါ်တယ်။ ၅ ပွင့်လန်တာကို 'တစိတ်' လို့ခေါ်ပြီး ၆ ပွင့်လုံး လန်နေရင် 'တဗာယာ' လို့ခေါ်ရတယ်။

"၆ ပွင့်လုံး မှောက်နေတာကိုတော့ 'တခြောက်' လို့ ခေါ်ပြန်တယ်။ အဲဒီကြွေကစားတဲ့ အခေါ်အဝေါ်နဲ့ ပတ်သက်ပြီးတော့ မောင်ကြီးတို့ အဘိုးပြောပြဖူးတာကိုတော့ အခုစကားသင့်တုန်း ဗဟုသုတအနေနဲ့ ကြေးမုံကို ပြောပြဦးမယ်။

"တဗာယာဆိုတာဟာ ပါဠိစကားလို့လည်း တွေးစရာဖြစ်နေတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ၁၂ ကို ပါဠိလိုအခေါ်က 'ဗာရသ'

တဲ့။ ကြွေ ၆ ပွင့်လုံး လန်နေရင် တဗာယာလို့ ခေါ်တယ်။ တဗာယာရအောင် ပစ်နိုင်ရင် ပဆစ်အိမ်က ပဆစ်ကွက်ကို ၁၂ ကွက်တိတိ ရွှေ့တက်နိုင်တဲ့ အခွင့်အရေးကို ရထားတာကိုး။ ဒီတော့ ဗာရသဃကနေပြီး တဗာယာလို့များ ပါဠိက ရွှေ့လျောလာတဲ့ စကားတစ်လုံးများ ဖြစ်နေမလားလို့ တွေးကြတယ်။

"ပြီးတော့ မောင်ကြီးတို့ ငယ်ငယ်က အဘိုးတို့ခြံထဲမှာ လာနေတဲ့ ဟိန္ဒူအဘိုးကြီးတစ်ယောက် ရှိသတဲ့။ အဲဒီအဘိုးကြီးဟာ ငယ်ငယ်က ကိုရင်တွေ ဘာတွေ ဝတ်ခဲ့ဖူးတော့ မြန်မာလို လုံးလုံးဖြစ်နေပြီး အဘိုးတို့နဲ့အတူတူ ဘုရားသွားကျောင်းတက်ပါ လိုက်တဲ့အထိ ရင်းနှီးခဲ့တာကိုး။ အဲဒီ ဟိန္ဒူအဘိုးကြီး ပြောနေကျ စကားတစ်ခွန်းကိုတောင် မောင်ကြီး ခဏခဏ အမှတ်ရသေးတယ်။ မောင်ကြီးတို့ ကလေးတွေက သူ့ကို ကုလားအဘိုးကြီးရယ်လို့ နှိမ်တဲ့စတဲ့ စကားကို မကြာမကြာ ပြောလွန်းတော့ သူ့စိတ်ထဲမှာ မခံမရပ်နိုင်ဘူးနဲ့ တူပါတယ်။ 'ဟေ့ကောင်လေးတွေ ငါ့ကို ကုလားကြီး ကုလားကြီးနဲ့ ဘာဖြစ်လို့ခေါ်နေရတာလဲ။ ကုလားလည်းလူ ငါးရူလည်းငါးပါပဲကွ။ သိပ်မကြီးကျယ်ချင်ကြနဲ့' တဲ့။ အဲဒီလောက်။ အဘိုးကြီးက စာတတ်ရင် ကမ္ဘဝါတောင်ဖတ်မှာ"

ကိုနန္ဒတို့၏ စကားဝိုင်းကို နားထောင်နေကြသူ အားလုံးက တဝါးဝါးဆူအောင် အော်၍ ရယ်လိုက်ကြသည်။ ယခုအချိန်အထိ အဖြေရှာမရသေးသော အချို့ စကားဝှက် ဝိုင်းများကလှည့်၍ ကြည့်ကာ ဆူနိုင်ကြရန်ကောဟူသော အနေနှင့် မျက်စောင်းထိုးကြသည်။

မကြေးမုံ၏ အကြည့်တွင်မူ သူချစ်သော မောင်ကြီးသည် အမှတ်အသား ကောင်းလှပါကလား ဟူသောအနေနှင့် အားရကျေနပ်နေသည့်အသွင် ပေါ်နေ၏။

"အဲဒီဟိန္ဒူ အဘိုးကြီးဟာဆိုရင် ဝါသနာကြီးလှတဲ့ မောင်ကြီးတို့အဘိုးနဲ့ ပဆစ်ပစ်ဖက်တဲ့။ ပဆစ်ပစ်ကြတိုင်းလည်း သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ကြွေစိတယ် ညစ်ပတ်တယ်နဲ့ အမြဲတမ်း ငြင်းကြခုံကြတာ ဆူဆူညံနေတာပဲဆိုတယ်။ မောင်ကြီးတို့အဘိုးဟာ ကြွေပစ်ကောင်းတဲ့။ သူ့ပါးစပ်က 'လာလဟဲ့ပါပုပုလေး' လို့ အော်လိုက်ပြီး ပစ်လိုက်လည်း တကယ်ပဲ 'ပါ' ကျတာပဲတဲ့။ သူ့လက်က ကြွေကိုင်ကောင်းတယ် ထင်ပါရဲ့။

"အဲဒီ ဟိန္ဒူအဘိုးကြီးကလည်း ကြွေအခေါ်တွေနဲ့ ပတ်သက်ပြီးတော့ အဘိုးနဲ့ ဆွေးနွေးကြတဲ့အခါမှာ သူပြောတာတွေဟာလည်း လက်ခံနိုင်စရာ ယုတ္တိရှိတယ်လို့ အဘိုးက ပြောသွားဖူးတယ်"

"ဘယ်လိုတဲ့လဲ မောင်ကြီးရဲ့။ အဲဒီဟိန္ဒူအဘိုးကြီးက ပဆစ်နဲ့ ပတ်သက်ပြီး ဘာတွေများ ပြောသွားသလဲ။ ကြေးမုံတို့လည်း ပြောပြပါဦး"

မကြေးမုံ၏ သိလိုစိတ် ပြင်းပြနေပုံသည် ကလေးငယ်ဆန်နေ၍ ချစ်စရာတစ်မျိုး ကောင်းလှသည်ဟု ကိုနန္ဒက တွေးမိသည်။

"ဟိန္ဒူအဘိုးကြီး ပြောပြသွားတာက 'တဗာယာ' တို့ 'တခြောက်' တို့ဆိုတဲ့ ပဆစ်ကစားတဲ့ အခေါ်တွေဟာ သူတို့ဟိန္ဒူက ဆင်းသက်လာတဲ့ စကားတွေ ဖြစ်နိုင်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဟိန္ဒူစကားမှာ ၁၂ ကို 'ဗာရား' လို့ခေါ်ပြီး ၆ကို 'ခ္ဆွဲ' လို့ခေါ်သတဲ့။

"အခုလည်း ကြွေ ၆ ပွင့်လုံးမှောက်နေရင် 'တခြောက်' လို့ခေါ်ပြီး ၆ ပွင့်လုံး ကြွေလန်နေရင် 'တဗာယာ' လို့ ခေါ်ကြတဲ့အပြင် တခြောက်ဆိုရင် ပဆစ်ကွက်ကို ၆ ကွက်ရွှေ့ရပြီး တဗာယာရရင် ပဆစ်ကွက်ကို ၁၂ ကွက်ရွှေ့ပြီး ကစားရတာဟာ မြန်မာတွေနဲ့စာရင် သူတို့ဓလေ့ထုံးစံနဲ့သာ ပိုပြီးနီးစပ်နေတဲ့အတွက် ဒီပဆစ်ကစားတဲ့နည်းဟာ သူတို့ဆီက ဆင်းသက်လာတာ ဖြစ်ရမယ်တဲ့။

"သူတို့မှာလည်း ဒီလို ကြွေ ၇ လုံးနဲ့ ကစားတဲ့နည်း ရှိသတဲ့။ အဲဒီ ကစားနည်းကို 'ပစိသိ' လို့ခေါ်ပြီး ပစိသိဆိုတဲ့ အဓိပ္ပာယ်ဟာ ၂၅ကို ခေါ်တာတဲ့။ အဲဒီ ပစိသိကနေပြီး ပဆစ်လို့ ရွေ့လျားလာ ဟန်တူတယ်လို့ သူကပြောတယ်။ ပြီးတော့ ပဆစ်အိမ်ကို ဖွဲ့စည်းထားပုံကလည်း ပဆစ်ကွက်တွေဟာ အလယ်က အစပ်ကြီးနဲ့ ဆက်စပ်ရင် တစ်ဖက်တစ်ဖက်မှာ အကွက်အစကလေးပေါင်းက ၂၅ ကွက် စီရှိနေတာဖြစ်လို့ သူတို့အယူအဆဟာလဲ ဖြစ်နိုင်စရာ လက်ခံနိုင်စရာ ရှိတယ်လို့ အဘိုးက ထောက်ခံခဲ့တာပဲ။

"အခု အပစ်များကြတာကတော့ နိဗ္ဗာန်ပဆစ်ပဲ။ တချို့များ တစ်ညလုံးလုံး ဖွဲနဲ့ကစားလိုက်ကြတာ မိုးသာလင်းရော၊ နိဗ္ဗာန်ကို မရောက်ကြဘူး။ တာဝတိံသာကို ရောက်လိုက်၊ ဗြဟ္မာဘုံကို ရောက်လိုက်နဲ့ အစုန်အဆန် ဆင်းလိုက် တက်လိုက် ဖြစ်နေကြတာပဲ။

"တချို့ကျတော့ ကြွေပစ်ကြွေကိုင်ကလည်း ကောင်းတော့ တစ်ရှိန်ထိုး နိဗ္ဗာန်တန်းရောက်သွားကြတာပဲ။ ကြွေမှာ ၃ ပွင့် လန်နေရင် ၃ လို့ခေါ်တယ် မဟုတ်လား။ ၂ ပွင့်လန်ရင် ပါလို့ ခေါ်တယ်နော်။ အဲဒါနဲ့ပတ်သက်ပြီး မြန်မာစကားမှာ အသုံးရှိတယ်။

"လူတစ်ယောက်ဟာ ဘာတစ်ခုမှ သုံးစရာ စားစရာ မရှိအောင် အကြံဉာဏ်တုံးနေတဲ့ ဘဝမျိုးဆိုရင် 'သုံးစားပါကျ' ဖြစ်နေပြီလို့ ပြောတတ်ကြတယ်။ ဒါဟာ ပဆစ်စကားပဲ။ အမှန်တော့ နိဗ္ဗာန်ပဆစ် ပစ်ကြတာကိုတော့ အညောင်းမိတယ်လို့ ခပ်လွယ်လွယ် ပြောတတ် ကြပေမဲ့ နိဗ္ဗာန်ကို ရောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကစားကြတာဖြစ်လို့ အင်မတန်စိတ်ဝင်စားစရာ ကောင်းပြီး အချင်းချင်းမှာလည်း ညီညွတ်စည်းလုံးမှုကို ရစေပါတယ်။ တစ်ဦးနဲ့တစ်ဦး ဟာ ဉာဏ်ရည်သာရင် သာသလို အခွင့်အရေးရတဲ့ ကစားနည်း

မျိုးဖြစ်လို့ မောင်ကြီးဖြင့် ဒီပဆစ်ကစားနည်းတစ်ခု တိမ်ကောပျောက်ပျက်သွားမှာကို သိပ်စိုးရိမ်မိတာပဲ”

ကိုနန္ဒ၏ ပဆစ်တရားရှည်ကြီးသည် ဟောပြီးလေပြီတည်း။ နားထောင်၍လည်း ကောင်းကြပါပေသည်။ ဤမျှ အပြောကောင်း၍ အမှတ်အသား ရှိလှသော ဗဟုသုတ ကြွယ်လှသည့် သူ့မောင်ကြီးကို မကြေးမုံသည် ပိုလို့သာ လေးစားမြတ်နိုးလာသည်။

သူ့မောင်ကြီးကို သူ့အတွက် ဘ၀အဖော်မွန်အဖြစ် ရွေးချယ်လိုက်ခြင်းသည်ပင်လျှင် သူ့အတွက် ဂုဏ်ရှိလှသည်ဟု ကျေနပ်လျက် ယနေ့ညအဖို့ ဤစကားထာရှည်ကြီး တစ်ပုဒ်ဖြစ်သည့် ‘ချစ်ချင်းတူပါလား’ နှင့်ပင် နိဂုံးချုပ်လိုက်ရလေသတည်း။

* * *

## ၄။ အသက်ချင်းပြိုင်ရအောင်

တပေါင်းတန်ခူး မိုးသားကျူးဟု စာဆိုရှိထားပေသည့် ဒီနှစ်နွေလယ်ရာသီသည် ယခင်နှစ်များကထက် ပို၍ ပူပြင်းလှသည်ဟု ထင်ရသည်။ မိုးသံလေသံကို အရိပ်အခြည်မျှ မကြားရသေး။ မိုးတိမ်မိုးသားတို့ကလည်း ကောင်းကင်တွင် မိုး၏ အငွေ့အသက်ကို မျှမပြ။ ကင်းကင်းရှင်းရှင်းကြီး ပူပြင်းတောက်ပဆဲပင်။

သည်လိုအချိန်မှာမှ မစံပယ်တို့ တစ်ရွာလုံး မန်ကျည်းသီးများ ဝင်းမှည့်ချိန်သို့ ရောက်ပြီဖြစ်သောကြောင့် အလုပ်ရှုပ်ကြလေပြီ။

အေးမြစိမ်းစိုသော မန်ကျည်းပင်အိုကြီးများ၏ အရိပ်အာဝါသအောက်တွင် အလှည့်ကျ လက်စားလိုက်နေကြသော မန်ကျည်းသီးခူးခြွေသူများနှင့် မန်းကျည်းတောင့်များထဲမှ အခွံထု၊ အခွံနွှာ၊ အစေ့ထုတ်သူများ စသည့် တောခလေ့ တောစရိုက်အတိုင်း အသိုင်းအဝိုင်း ညီညွတ်၍ စုစုရုံးရုံး ရှိလှချေသည်။

လသာသော ရက်ကလည်းဖြစ်ပြန်၊ မန်ကျည်းသီးများ ကျချိန်ကလည်း ဖြစ်ပြန်၍ ရွာထုံးစံအတိုင်း တစ်ရွာနှင့်တစ်ရွာ တစ်ပိုင်းနှင့် တစ်ပိုင်း လက်စားလိုက်ကြပြန်သည်။

ယနေ့ညတွင် အောင်ချမ်းသာရွာ၏ တောင်ပိုင်းသားများက မန်ကျည်းသီးများ လက်စား လိုက်ကူရင်း စကားထာပြိုင်ပွဲများပါ လုပ်ကြမည်ဟူသော သတင်းသည် ဟိုးလေးတကျော်ကျော် ဖြစ်နေ၏။ ဤသို့သော လသာရက်များဆိုလျှင် စကားထာ၊ စကားဝှက်ဝိုင်းများသည် စည်ကားလှဘိသည်။ လမိုက်ရက်များ တွင်သာ အနည်းငယ် ရပ်နားလေ့ရှိကြသည်။

ရွာတစ်ပိုင်းနှင့်တစ်ပိုင်း စကားထာပြိုင်ပွဲရှိသတဲ့ ဟူသော သတင်းကြားနှင့်ပင် ကိုယ့်အပိုင်းကို ကိုယ်အားပေးကြရန် ဝိုင်းဝန်း၍ လာကြသည်။ ရွာတောင်ပိုင်းက လူပျိုခေါင်း ကိုလူဆိုးဆိုသူနှင့် အပျိုခေါင်း မရွှေနှောင်းတို့က ခေါင်းဆောင်၍ လာကြသည်။

ရွာမြောက်ပိုင်းကလည်း ရွာခံအပိုင်းခံဟူသော အနေဖြင့် ခပ်ယို့ယို့ ခပ်ကုပ်ကုပ်နှင့်နေကာ ဆယ်အိမ်ခေါင်းကိုဘဆောင်းနှင့် အပျိုကြီး မမြသီးတို့က မစံပယ်အမှူးပြုသည့် အပျိုဖော်တစ်စုနှင့် ညှိနှိုင်းထားကြသည်။ တိုက်စစ်ရော ခံစစ်ပါ တိုက်ချင်ရာတိုက် ဂရုစိုက်ရန်မလိုဟူသော အနေဖြင့် ဟန်ရေးပြင်သလိုလို အမူအရာ များကို ပြနေကြ၏။

နှစ်ပိုင်းစလုံးမှ ကာလသားရော ကာလသမီးပါ ဉာဏ်ရည်က မသေးကြလှ၍ ယနေ့ညအဖို့ တကယ့်ထိတ်ထိတ်ကြဲများ မျက်နှာ ချင်းဆိုင်ကြတော့မည်ဟူ၍ ဘေးပရိသတ်ကပါ အာရုံထားကြသည်။

ထန်းလက်ချောနှင့် နီးချောဖျာကြီးများ ခင်းထားသည့် အပေါ်တွင် ယနေ့ည လက်စားလိုက်ကြမည့် မန်ကျည်းသီးတောင့် ပုံကြီးများသည် တောင်ပူစာငယ်ကလေးများလို ဟည်းနေတော့သည်။

ရေနွေးအကြမ်းနှင့် မြီးရှန်အစာ ပဲလှော်သုပ်၊ ငါးခြောက်ပြုတ်ထောင်းကြော်၊ အုန်းသီးနှင့် ရောထားသည့် ထန်းလျက်၊ နွားနို့နှင့် ရောမွှေထားသော ထန်းလျက်ခဲ စသည်များမှာလည်း စာသချင့်ဖွယ် ပြင်ဆင်ဧည့်ခံထားကြလေသည်။

မန်ကျည်းသီး ထုထောင်းကြသည့် အသံများသည်လည်း စည်းချက်ညီညီ၊ အသံပီပီနှင့် လက်သံပြင်းပြင်းကြီး ပေါ်ထွက်လာကြလေပြီ။

"ဧည့်သည်ကို ဦးစားပေးရမှာမို့ ကနေ့ညမှာ ကျုပ်တို့က အဖြေနော်။ ကိုရင်တို့စပြီး ဖွက်ကြပါ" အမျိုးသမီးများဘက်မှ ရွာခံအပျိုကြီး မမြသီးက အမျိုးသားများ ထုထောင်းထားသည့် မန်ကျည်းသီးတောင့်များထဲမှ မန်ကျည်းစေ့များကို ဖယ်ထုတ်ရင်း စိန်ခေါ်သံ ပေးလိုက်သည်။

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ ကျုပ်တို့က စမေးပါဆိုလည်း မေးရမှာပေါ့။ မေးဆိုလည်း မေးတော့မဗျို့။ ကိုင်း မောင်ထွန်းဦးရေ ဝှက် လိုက်စမ်းဟေ့" လူပျိုခေါင်း ကိုလူဆိုး၏ စကားသံကို ကြားလိုက်သည်နှင့် ကိုရင်ဝတ်မှ ထွက်ခါစ မောင်ထွန်းဦးသည် သောက်လက်စ လက်ဖက်ရည်ကြမ်းပန်းကန်ကို ချလိုက်ရင်း သူနှင့် အတူ တစ်ဝိုင်းထဲ မန်ကျည်းသီး ထုနေကြသူများကို လှမ်းကြည့်လိုက်သည်။

အရွယ်က နုနယ်လှပေသည့် မောင်ထွန်းဦးသည် ကျောင်းဘုန်းကြီး၏ လက်ထပ်သင်ကြားပေးမှုနှင့် သူ၏ ကိုယ်ပိုင်ဉာဏ်စွမ်းပါ စုပေါင်း၍ စကားထာပြိုင်ပွဲများတွင် ၂ ယောက်မရှိဟု ကျော်ကြားနေသူဖြစ်သည်။

"'အလံတစ်ရာမြွေ၊ တွင်းဝမှာခွေ၊ တစ်နေ့လက်နှစ်သစ်၊ ကျွန်တော့်သက္ကရာဇ်' အဲဒီအဖြေဟာ ကျွန်တော့်အသက်ပဲခင်ဗျာ။ သိလိုသူများ ဖြေကြပါ"

"မောင်ထွန်းဦးရဲ့ စကားဝှက်က သချ်ာပုစ္ဆာ စကားထာပေ ပဲ"

အပျိုကြီး မမြသီးသည် သူ့ဘက်မှ ခေါင်းဆောင်၍ ဖြေဆိုမည့် မစံပယ်၏ မျက်နှာကို လှမ်းကြည့်လိုက်ရင်း ပြောလိုက်သည်ကို ကြားလိုက်ရသည့် လူပျိုခေါင်း ကိုလူဆိုးသည် သူ့လက်ထဲမှ မန်ကျည်းသီးထုနေသော တုတ်ပိုင်းတိုကို အသာချထားလိုက်လျက် "ဘာလဲ အပျိုကြီး၊ သချ်ာပုစ္ဆာစကားထာမို့ အခက်အခဲတွေ့နေပလား။ မဖြေနိုင်လည်း စောစောက ပန်းပေးနော်။ တော်ကြာ အချိန်ကုန်သွားမယ်" ဟု ခပ်ကျယ်ကျယ်အသံနှင့် မထေ့တထေ့ ငေါ့လိုက်သည်။

"အမယ် ဘာဖြစ်လို့ မဖြေနိုင်ရမှာလည်း မောင်ကြီးလူဆိုးရဲ့။ ဖြေနိုင်လိုက်သမှ ဖြေဖြေလို့ အော်လိုက်ချင်ပါသေးရဲ့တော်"

မစံပယ်ကလည်း ဇတ်ဇတ်ကြဲကလေးပီပီ သူတို့မြောက်ပိုင်း သားတွေကို အထင်သေး၍ နိမ်ပြောရမှာမို့လားဟု မခံမရပ်နိုင် သလို အမူအရာနှင့် ကျောက်တံနှင့် သင်ပုန်းကိုယူကာ တွက်ချက် ကြည့်နေရာမှ ပြောလိုက်သည်။

"ဟောဒီမှာ နားထောင်။ စံပယ်ဖြေလို့ရပါပြီ။ 'အလံတစ်ရာ မြွေ' လို့ ဆိုထားတဲ့ 'အလံတစ်ရာ' ကို လက်သစ်ဖွဲ့လိုက်ရင် လက်သစ်ပေါင်း 'ကိုးထောင့်ခြောက်ရာ' တိတိ ရတယ်။ အဲဒီဟာကို 'တစ်နေ့ လက်နှစ်သစ်' လို့ ဆိုထားတော့ ကိုးထောင့်ခြောက်ရာကို လက်နှစ်သစ်နဲ့ စားလိုက်ရင် ရလဒ်ဟာ 'လေးထောင့်ရှစ်ရာ' တိတိရတယ် မဟုတ်လား။

"အဲဒီ လေးထောင့်ရှစ်ရာဟာ ရက်ပေါင်း ဖြစ်သွားပြီနော်။ အဲဒါကို လရအောင် ရက်သုံးဆယ်မှာ တစ်လမို့ 'သုံးဆယ်' နဲ့ စားလိုက်ပြန်ရင် ရတဲ့ 'ထောင့်ခြောက်ရာ' ဟာ လပေါင်း ဖြစ်သွား

ရော။ အဲဒါကို နှစ်ပြန်ဖွဲ့ရမှာမို့ 'ဆယ့်နှစ်' နဲ့ စားပြန်တော့ရင် 'ဆယ့်သုံးနှစ်–လေးလ' ရရော မဟုတ်လား။ ဒီတော့ကာ ကိုရင်ထွန်းဦးရဲ့ သက္ကရာဇ်သိချင်ရင် အခုလက်ရှိ ကောဇာသက္ကရာဇ်ထဲက ဆယ့်သုံးနှစ်လေးလကို နုတ်လိုက်ရင် ကျန်တာဟာ အဖြေပေါ့တော်"

မစံပယ်တို့ အမျိုးသမီးများဝိုင်းမှ ကောင်းချီးသြဘာသံများကား ဆူဆူညံသွားတော့သည်။ မစံပယ်ကပေသည့် ခေသူမဟုတ်ပေ။ စကားထာဘုရင်ဟု အမည်တွင်နေသည့် သူ၏အဘနှင့်အတူ သူ့အသက် ခြောက်နှစ်အရွယ်ကတည်းက အဘလက်ကိုဆွဲ၍ ရွာရိုး ကိုးပေါက် လျှောက်လိုက်ရင်း ပညာစုံလင်လာသူဖြစ်သည်။

"အောင်မာ ဒီအဖြေကို အရင်ကတည်းက သူ အလွတ်ရထား တာမို့ ဒီလောက် သူ မြန်မြန်ဖြေနိုင်တာပါ။ ဟုတ်တယ်မဟုတ်လား ဟေ့ မစံပယ်"

လူပျိုခေါင်း ကိုလူဆိုးက မစံပယ်မခံချင်အောင် တမင်ကလိလိုက်ပေသည်။ မစံပယ်သည် အကယ်ပင် မာနကိုထိခိုက်သွားသည့် အလား ကျားမကလေးလို မျက်လုံးများ ဝင်းဝင်းတောက်လျက် ကိုလူဆိုးကို ကြည့်လိုက်ရင်း–

"မောင်ကြီးလူဆိုး၊ စံပယ်ကို ဒီလိုတော့ မစွပ်စွဲနှော်။ မောင်ကြီးတို့ စကားဝှက်က ခက်လွန်းလို့လား။ အမြှောက်နဲ့ အစားကို တတ်တဲ့လူတိုင်း ဖြေနိုင်တဲ့ဟာကို။ အမြှောက်အစားဆိုတာ မောင်ကြီးတို့သာ ခက်ချင်ခက်မယ်။ စံပယ်တို့အဖို့ စိတ်နဲ့တွက်ရင် တောင် ရတယ်သိရဲ့လား"

"စံပယ်တို့ကျောင်း ဘုန်းကြီးကလည်း သင်ခဲ့ပေးဖူးသားပဲ မဟုတ်လား"

"'ဆယ်ဆံခြည်တစ်နှမ်း၊ ခြောက်နှမ်းတစ်မုယော၊ လေးမုယောတစ်လက်သစ်၊ ရှစ်လက်သစ်တစ်မိုက်၊ သုံးမိုက်တစ်တောင်၊ လေးတောင်တစ်လံ' ဆိုတဲ့ လင်္ကာကိုရရင် အမြှောက်အစားတွက်တတ်တဲ့ ကလေးတစ်ယောက်တောင် ဖြေနိုင်တယ်။ မောင်ကြီးတို့သာ မဖြေနိုင်ရင်နေမယ်" ဟု ပြန်ပြောလိုက်သည်။

"ဒါမှကွဲ့။ မိုးပေါ်မှာ ငွေကြယ်၊ အောက်ပြည်မှာစံပယ်တဲ့" မြောက်ပိုင်းသားများက ကိုလူဆိုးကို ဝိုင်း၍ ဟားလိုက်ကြပြန်သည်။

"ကဲ ဒီတစ်လှည့်မှာ စံပယ်တို့က ပြန်ဝှက်မယ်နော် ကိုရင်ထွန်းဦး။ "ကျွန်မအသက်၊ သပြေခက်၊ လပ်နှင့်စားချေ တူပါစေ' တဲ့"

ကိုလူဆိုးသည် မစံပယ်၏ စကားထာကို နားထောင်ပြီးလျှင် မောင်ထွန်းဦးကို လှည့်ကြည့်လိုက်ကာ 'ဘယ့်နှယ် အလွယ်ကလေး မဟုတ်လား' ဟူသော မျက်နှာပေးနှင့် မေးငေါ့၍ ပြလိုက်သည်ကို မောင်ထွန်းဦးက ကြည့်ပြီး ပြုံးလိုက်သည်။

"မစံပယ်၊ ကျောက်တံနဲ့ သင်ပုန်း ကျုပ်ကို ခဏပေးနော်"

မောင်ထွန်းဦးသည် မစံပယ်ကမ်းပေးလိုက်သော ကျောက်တံနှင့် သင်ပုန်းကို လှမ်းယူလိုက်ကာ တွက်ချက်ကြည့်နေသည်။

"ကျွန်မအသက် သပြေခက်ဆိုတော့ ဒီနေရာမှာ 'သပြေခက်' ကိုပဲ ယူရမယ်။ ဒီတော့ သပြေခက်က '၂၅၆' ဆိုတော့ အဲဒါကို ဂဏန်းသင်္ချာအနေနဲ့ ၂ ထပ်ကိန်းတွက်နည်း တွက်ကြည့်ရင် လပ်ရော စားချေပါတူတာဟာ '၁၆' ပဲခင်ဗျ။ ၂၅၆ ကို ၁၆ နဲ့ စားကြည့်လိုက်ရင် ၁၆ ပဲ အဖြေရတယ် မဟုတ်လား။ အဲဒီတော့ မစံပယ်ရဲ့အသက် 'သပြေခက်' ဆိုတာဟာ '၁၆ နှစ်ရှိပြီ' ဆိုတဲ့ အဖြေပဲပေါ့"

"ဒါမှ တို့တောင်ပိုင်းသား ထွန်းဦးကြီးကွ"

သူတို့တောင်ပိုင်းသားတစ်စုသည် မန်ကျည်းသီးထုနေကြသော တုတ်တိုများနှင့် အောက်ခံစဉ့်တုံးများကို ရိုက်လိုက်ကြသည်မှာ တညီတညာတည်း ဆူညံသွားကြသည်။

"ဒီအဖြေမှန်သလားကွဲ့ မစံပယ်"

ကိုလူဆိုး၏ အမေးကို မစံပယ်သည် ခပ်ပြုံးပြုံးမျက်နှာနှင့် ခေါင်းညိတ်ပြလိုက်သည်။

"မှန်တာကတော့ ဟုတ်ပါပြီတော် 'သပြေခက်' ကနေပြီး ၂၅၆ ဖြစ်သွားတာကိုတော့ ကျုပ်တို့ နားမလည်ပါဘူး။ ကိုရင်ထွန်းဦးက ရှင်းပြဦးမှပေါ့"

အပျိုကြီး မမြသီးက အပျိုကြီးပီပီ သူများထက် နည်းနည်းလောက် ပိုရှည်လိုက်ရမှ၊ ချဲ့လိုက်ရမှ၊ စေ့စပ်လိုက်ရမှ ကျေနပ်တတ်သည့် ဗီဇအတိုင်း မောင်ထွန်းဦး၏ အဖြေကို အရှည်နှင့် ချဲ့ခိုင်းလိုက်သည်ကို လူပျိုခေါင်း ကိုလူဆိုးသည် သူ့လူကို သူစိတ်ချထားသည့် အမူအရာနှင့် "ဟေ့၊ မောင်ထွန်းဦး သူတို့နားလည်အောင် ရှင်းပြလိုက်စမ်းပါကွာ။ ဒီအပျိုကြီး ကတ်သီးကတ်သတ်ကို" ဟု ဝင်ထောင်လိုက်သည်။

"ဩော် အစ်မမြသီးက အကျယ်ရှင်းပြတာကို သိချင်သပဆိုရင် ရှင်းပြရတာပေါ့။ ဒီလိုပေါ့လေ။ ခု ကျွန်တော် တွက်ပြသွားတဲ့နည်းက ဗေဒင်အယူဆိုပါတော့။ ကိုင်း၊ ကျွန်တော်ရှင်းပြပါမယ်လေ၊ နားထောင်ပါ၊ ဗေဒင်အယူအဆမှာ

၁။ 'အ' ကား အနဂ်ဍွေ၊ မှန်လှပေ၊ မသွေအက္ခရာ။

၂။ 'က' ကြီးက စ၊ 'င' သို့ကျ၊ ရူပတနင်္လာ။

၃။ 'စဆဇဈည' ဆိုတုံကျ၊ နာမ နေ့အင်္ဂါ။

၄။ 'ယရလဝ' မှန်သမျှ၊ ဆိုကြ နေ့ဗုဒ္ဓ။

၅။ 'ပဖဗဘမ' ငါးမည်ရ၊ ခေါ်ကြ ကြာသပတေးဝါ။

၆။ 'သောကြာ' သ ဟ ယူနေကြ၊ မှန်လှ အက္ခရာ။

၇။ "တထဒဓန' ခေါ်ဆိုပြ၊ မှန်လှစနေသာ–တဲ့။

"အဲဒီလိုနေ့ ၇ နေ့လုံးမှာ သူ့နေ့နဲ့သူ အသီးသီး နေ့သင့် နာမ်သင့်ရယ်လို့ ရှိကြတယ် မဟုတ်လား အစ်မပြသီးရဲ့။

"အဲဒီတော့ 'သပြေခက်' ဆိုတာမှာ 'သ'က သောကြာဆိုတော့ ၆ မဟုတ်လား။ 'ပြေ' က 'ပဖဗဘမ' ဆိုတဲ့ ကြာသပတေးဆိုတော့ '၅' မဟုတ်လား။ 'ခက်' က 'ကခဂဃင' ဆိုတဲ့ တနင်္လာဖြစ်နေ တယ်ဆိုတော့ '၂' မဟုတ်လား။ အားလုံးကို စုပေါင်းလိုက်တော့ '၆၅၂' ဖြစ်သွားပြီနော်။

"ဒီနေရာမှာ စောစောက ကျွန်တော် ပြောခဲ့သလို ဗေဒင် အယူအဆနဲ့ တွက်ရတယ်ဆိုတော့ ဗေဒင်ရဲ့ ထုံးစံအရ ဂဏန်းတစ် ခုခုကို ချတွက်လိုက်တဲ့အခါမှာ အမြဲတမ်း ခု ဂဏန်းနေရာကစပြီး တော့ ချရေးရပါတယ်။

"ဥပမာ 'ခု၊ ဆယ်၊ ရာ၊ ထောင်' လို့ နေရာအသီးသီးရှိတဲ့ အနက် 'ခု' နေရာကချည်း စရေးရတယ်။ အဲဒါကြောင့် အခုလည်း '၆၅၂' လို့ ဂဏန်းသုံးလုံးရတဲ့အခါမှာ ၆ ကို ခုနေရာ၊ ၅ ကို ဆယ်နေရာ၊ ၂ ကို ရာနေရာမှာ အသီးသီး ထားရမှာကိုး။

"ဒီတော့ ခု၊ ဆယ်၊ ရာ အတိုင်း သူ့နေရာနဲ့သူ ရေးချ လိုက်တဲ့အခါမှာ '၂–၅–၆' ရယ်လို့ ဖြစ်သွားရော မဟုတ်လား။ အဲဒါကို ၂ ထပ်ကိန်းနဲ့ရှာလိုက်ရင် လပ်နဲ့စားချေ တူပါစေဆိုတဲ့ အတိုင်း တွက်လိုက်ရင် အဖြေဟာ '၁၆' ဖြစ်သွားရော မဟုတ်လား အစ်မပြသီးရဲ့။ ကျွန်တော်ပြောတာ ရှင်းရဲ့လား။ မရှင်းတာရှိလည်း ထပ်မေးနော်။ ကျွန်တော် စိတ်ရှည်ပါတယ်"

တောင်ပိုင်းသားများရော၊ မြောက်ပိုင်းသားများပါ နှစ်ဖက် စလုံး ခေတ္တမျှ ငြိမ်သက်သွားကြသည်။ ထုရန် မန်ကျည်းသီးများ

လည်း ကုန်လုပြီ။ ညဉ့်လည်း တိတ်ဆိတ်စပြုလေပြီ။ ရေနွေး အကြမ်းနှင့် မြည်းရန် အစာတို့ကလည်း ပြောင်နေပေပြီ။

ဝှက်သူရော ဖြေသူပါ ဉာဏ်ရည်သာသူများ ဖြစ်နေကြ၍ သရေပွဲ ဖြစ်နေသည်။

"ဘယ့်နှယ်လဲ မယ်မြသီး။ ဝှက်စရာတွေများ ရှိသေးရင် ထုတ်ပါဦးလေ။ တတ်သမျှ မှတ်သမျှ ဒါအကုန်ပဲလား။ ကိုင်း၊ တစ်ပွဲ တစ်လမ်း စမ်းကြဦးစို့ရဲ့လေ။ မိုးပေါ်မှာ စူဠာမဏိ ပုထိုးတော်၊ လူ့ပြည်မှာ သူငါသိကြတဲ့ လူဆိုးကွဲ့နော်။ စမ်းဝံ့ရင် စမ်းကြ စမ်းလကွဲ့"

ကိုလူဆိုးသည် သူတစ်ယောက်တည်း စိန်ခေါ်ကာ ကွေးနေအောင် ပတ်ချာလည်၍ ကနေသည်။

"အံမာ ကြွားနေလိုက်တာ သူကိုယ်တိုင်ကဖြင့် တစ်ခွန်းမှ မဝှက်နိုင်ဘဲနဲ့ သက်သက် စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတယ်။ 'ခမောက်ဖျား စပါးသီး' လို့"

မြသီး၏ စကားကို အားလုံးက ဝါးခနဲ ဝိုင်းရယ်ကြသည်။ ကိုလူဆိုးသည် မြသီးပြောလိုက်သည့် 'ခမောက်ဖျား စပါးသီး' ဟူသောစကားကို စဉ်းစားနေရာမှ "ဒါ၊ ဒါ ကျုပ်ကို 'သပေါက်သား စကားကြီး' လို့ ပြောတာပေါ့လေ။ မခံဘူး။ မခံဘူး။ အမေရေ အမေ့သားကို ဝိုင်းပြောကုန်ကြပြီအမေရေ့" ဟု ကုန်းအော်လျက် မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ကာ တရှုတ်ရှုတ် ငိုနေသည့်ဟန်မျိုး လုပ်နေသည်ကို တအုန်းအုန်းပွဲကျနေကြလေ၏။

"ဒီလောက် အပြောကြီးလှတာ ဟောဒါလေး ဖြေစမ်းပါ တော်။ တော်သာ ဖြေနိုင်မယ်ဆိုရင် ကျုပ်က ထမင်း ၇ ရက် မစားဘဲ နေပြမယ်"

မမြသီးသည် သူမေးလိုသည်ကို သံနေသံထား ပီသစွာနှင့် ပြတ်ပြတ်သားသား ရွတ်ဆိုပြလိုက်လေသည်။

"'စံပယ်တဲ့လေးရံ
ပျိုတို့မောင် မပန်ထိုက်တယ်
ပန်းပြတ်ခိုက်ကြုံ။
အပွင့်ရယ်ကုန်၊ တစ်ငုံကျန်ပါသေး
ပန်ချင်သူ ပျို့မောင်ကြီးငယ်
ခေါင်းဖြီးခဲ့လေး' တဲ့"

ကိုလူဆိုးသည် သည်စကားထာကို စဉ်းစားသည်။ တွေးသည်။ တွက်ချက်၍ကြည့်သည်။ ဘာတစ်ခုကိုမျှ အစဖော်၍မရ။ ခေါင်းကိုသာ စိတ်ရှုပ်ရှုပ်နှင့် ကုတ်ရလွန်း၍ သူ့ဆံပင်များသည် ကျီးကန်းသိုက်လို ရှုပ်ပွနေသည်။ အငြိုးတကြီးနှင့် မန်ကျည်းသီးကိုလည်း တအားထုမိသည်။

အဖြေကို ဘယ်လိုမှ စဉ်းစား၍မရသည့်အဆုံးတွင် သူအားအထားဆုံးဖြစ်သည့် မောင်ထွန်းဦးကို 'ဘယ်လိုလုပ်ရမလဲ ကူပါဦး' ဟူသော အနေနှင့် လှမ်း၍ကြည့်လိုက်လေသည်။ မောင်ထွန်းဦးကလည်း ပြန်၍ ပြုံးပြလိုက်ရင်း ခေါင်းကိုငုံ့ချလိုက်ကာ မန်ကျည်းသီးကိုသာ အတွင်သားထုနေတော့သည်။

"ဟေ့ ထွန်းဦးရ၊ ဘယ်လိုလဲကွ။ ငါ့ကိုတော့ ပညာစမ်းကုန်ကြပြီ။ အဲဒါ မင်းပဲကြည့်ပြီးရှင်းဦး။ ငါတော့မနိုင်ဘူးနော်"

မန်ကျည်းသီးများလည်း ထုပြီး နွှာပြီး အစေ့ထုတ်ပြီးကြလေပြီဖြစ်၍ တောင်းကြီးတောင်းငယ်များနှင့် သယ်ထုတ်သွားကြလေပြီ။

"အစ်မမြသီး ဒီအမေးက နည်းနည်းခက်တယ်။ ဉာဏ်စမ်းစကားထာပဲ။ သချာစကားထာတော့ မဟုတ်ဘူး။ ဒီတော့ ဒီညလည်း အချိန်နည်းနေပြီဖြစ်လို့ နက်ဖြန်ညမှပဲ ဖြေပါရစေတော့နော်"

ထွန်းဦးကပေးသည့် မမြသီး စမေးကတည်းက စိတ်ထဲမှာ ကျိတ်၍ တွက်ထားပြီးဖြစ်သည်။ သူကိုယ်တိုင်ကပါ တွေးမရ တွက်မရ ဖြစ်နေ၍ အချိန်ကို နောက်တစ်နေ့သို့ ရွှေ့ခိုင်းရခြင်းဖြစ်လေ၏။

"အေးပေါ့ကွယ် မောင်ထွန်းဦး။ မင်းကိုယ်တိုင် အဖြေရှာမရလည်း တောင်ကျောင်း ဆရာတော်ဆီ သွားလျှောက်ရင် အဖြေရလာမှာပေါ့ ဟုတ်လား"

မမြသီးက နှိမ်သလိုလိုနှင့် ငေါ့လိုက်သည်ကို ထွန်းဦးတို့လူစုက ရိပ်မိလိုက်ပေသည့် ဘာမျှပြန်မဖြေနိုင်ကြ။

* * *

မမြသီး ပြောလိုက်သည့် အတိုင်းပင် နောက်တစ်နေ့ နံနက်စောစောတွင် တောင်ကျောင်းဘုန်းကြီးထံသို့ ထွန်းဦးရောက်သွားလေသည်။ သူမဖြေနိုင်ခဲ့သည့် မြောက်ပိုင်းသားတို့၏ စကားထာကို ဆရာတော်ဘုရားအား လျှောက်ထားလေသည်။

ဆရာတော်သည် သည်မျှကလေးကိုမှ မဖြေနိုင်ခဲ့ရသလောဟု ထွန်းဦးကို အပြစ်တင်ကာ စကားထာ၏အဖြေကို ရှင်းလင်းပြောပြသည်။

"မှတ်ထားလကွဲ့ ထွန်းဦး။ မင်းက သိပ်ပြီး အတွေးခေါင်နေသကိုး။ အဖြေကိုသာ သိသွားရင် အလွယ်ကလေး ပါလားလို့ မင်းမြင်လာလိမ့်မယ်။ စကားထာ၊ စကားဝှက်၊ စကားလိမ်ဆိုတာတွေဟာ အတွေးနီးစပ်ဖို့နဲ့ ပါးရေ နပ်ရေရှိဖို့သာ အရေးကြီးသကွဲ့။

"မင်းတို့ ငါတို့ အခုနေကြတဲ့ ကမ္ဘာဟာ ဘဒ္ဒကမ္ဘာ မဟုတ်လား။ အေး ဒီဘဒ္ဒကမ္ဘာမှာ 'ကကုသန်၊ ကောဏာဂုံ၊

ကဿဖ၊ ဂေါတမ’ ရယ်လို့ ဘုရားလေးဆူပွင့်သွားပြီးတဲ့နောက် အရိမေတ္တေယျဘုရားတစ်ဆူသာ ပွင့်ဖို့ကျန်တော့တယ် မဟုတ်လား။ အဲဒါကို ရည်စူးပြီးတော့ ‘စံပယ်တဲ့လေးရုံ’ ဆိုပြီး ဘုရားလေးဆူပွင့်တော်မူသွားကြတာကို ရည်စူးပြီး ဝှက်လိုက်တာကွဲ့။

“အဲဒီလို ဘုရားလေးဆူ ပွင့်သွားတော်မူကြပြီးတဲ့နောက် ‘ပျိုတို့မောင်’ လို့ဆိုတဲ့ မင်းတို့ ငါတို့အပါ သတ္တဝါတွေဟာ မကျွတ်ထိုက် မကျွတ်သင့်လို့ ဘုရားတစ်ဆူမှမရှိတဲ့ အခိုက်အတန့်နဲ့ လာကြုံနေရတယ်ဆိုပြီး ‘ပျိုတို့မောင် မပန်ထိုက်တယ် ပန်းပြတ်ခိုက်ကြုံ’ လို့ ဝှက်ထားတာလကွဲ့။

“အဲ ‘အပွင့်ရယ်ကုန်၊ တစ်ငုံကျန်ပါသေး’ ဆိုတာက ဘုရား အဆူဆူပွင့်သွားတော်မူကြပေမဲ့ နောက်ထပ်ပွင့်ဖို့ တစ်ဆူတော့ ကျန်ပါသေးတယ်တဲ့။ ‘ပန်ချင်သူ ပျို့မောင်ကြီးငယ် ခေါင်းဖြီးခဲ့လေး’ ဆိုတာက တကယ်လို့ နောက်ပွင့်မယ့်ဘုရားကို မီချင်ပါတယ်၊ ဖူးချင်ပါတယ်လို့ ဆိုရင်တဲ့။ လောဘ၊ ဒေါသ၊ မောဟအစရှိတဲ့ ကိလေသာ အညစ်အကြေးတွေကို စင်ကြယ်သွားအောင် သန့်ရှင်းသွားအောင် ရှင်းပစ်လိုက်ပါတဲ့။

“ကိုင်းကိုင်း။ အဖြေကတော့ အဲဒါပဲ။ မှတ်သွားပြီး ပြန်ဖြေ။ ဒါပေမဲ့ မင်း ဘယ်လိုပဲဖြေဖြေ တစ်ထိုင်တည်းမှာ မဖြေနိုင်တာကိုက မင်းညံ့တယ်ဆိုတာ သူတို့သိမှာပါ ထွန်းဦးရာ။ ဒီတော့ မင်းလည်းရှုံးရတဲ့တူတူ မထူးဘူး။ ရော့၊ ဟောဒီတပုဒ်ကို ယူသွားပြီး သွားဝှက်ချေစမ်း။ သူတို့ ဖြေနိုင်မယ် မထင်ဘူး။ ဒီတော့ မင်းတို့ချင်း သရေပွဲဖြစ်သွားရောပေါ့ ဟုတ်လား။ ကိုင်း၊ မှတ်မှတ်။ အဖြေပါ ပေးလိုက်မယ်။

နိဗ္ဗာန် ဖောင်ကူးတို့၊ မောင်ပို့မှ ရောက်ပါ့မယ်။
လောင်းလှေကို၊ ငါးဆယ်ဈေးနဲ့
မောင်ပေးလို့ဝယ်။
မိကျောင်းက ခြောက်ကောင်တွယ်
ဉာဏ်ကျယ်တဲ့ ဒီဆယ်လုံး။
ရှစ်ဆိုင်ကို နိုင်အောင်ဖွင့်မှ
တင်သင့်လျှင် တင်တန်ကောင်းပါရဲ့
လောင်းအလှတစ်ဖုန်း' တဲ့။ ဒါက အမေးနော်။ အဖြေကို မှတ်ထားဖို့ကတော့

"နိဗ္ဗာန်ဆိုတဲ့ နေရာ မြတ်ကြီးကို ရောက်ချင်သလားတဲ့။ ရောက်ချင်ရင်ဖြင့် လောင်းလှေယဉ်နဲ့တူတဲ့သွားဖို့ ခရီးစဉ်ကို ပြောပြလိုက်ပါမယ်တဲ့။ အဲဒီခရီးစဉ်တွေကို သိချင်ရင် 'ငါးဆယ်ဈေး' နဲ့ မောင်ပေး ဝယ်ထားပါတယ်တဲ့။ 'ငါးဆယ်ဈေး' ဆိုတာမှာ 'ပဉ္စသီငါးပါး' ကို ဆိုလိုတာကွဲ့။ ဒီ 'ငါးပါးသော သီလ' ကို သာ စွဲမြဲကျင့်ကြံ အားထုတ်ကြပါတဲ့။

"'မိကျောင်းက ခြောက်ကောင်တွယ်' ဆိုတာက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ဆိုတဲ့ 'အာရုံခြောက်ပါး' ကို ပြောတာ။ ဒီ အာရုံခြောက်ပါးကို နိုင်အောင် ထိန်းရမယ့်အပြင် 'ဉာဏ်ကျယ်တဲ့ ဒီဆယ်လုံး' ဆိုတဲ့ 'ဒုစရိုက်ဆယ်ပါး' ကိုလည်း ရှောင်ကြဉ်ပါတဲ့။ 'ရှစ်ဆိုင်ကို နိုင်အောင်ဖွင့်မှ' ဆိုတာက 'မဂ္ဂင်ရှစ်ပါး' ကို နိုင်နင်းအောင် ကျင့်ကြံအားထုတ်သွားမယ်ဆိုရင်ဖြင့်တဲ့ နိဗ္ဗာန် ခရီးစဉ်နဲ့တူတဲ့ လောင်းလှေပေါ်ကိုတက်ပြီး လောဘ၊ ဒေါသ၊ မောဟတို့နဲ့ အပြောကျယ်လှတဲ့ သမုဒ္ဒရာကြီးလို လောကီရပ်က ခွာပြီး နိဗ္ဗာန်မြတ်ကြီးဖြစ်တဲ့ သမုဒ္ဒရာရဲ့ တစ်ဖက်ကမ်းကို လှော်ခတ် ရောက်နိုင်တန်ကောင်းပါရဲ့တဲ့။

“ကိုင်း မှတ်မိရဲ့လား။ အဲဒါကို မြောက်ပိုင်း သားတွေဆီ သွားပြီး ဝှက်ချေစမ်း။ သူတို့ ဖြေနိုင်မယ်မဟုတ်ဘူး။ သူတို့ မဖြေနိုင်လေ မင်းလည်း ဟန်ကျလေပေါ့လကွယ်။ မနေ့ညက မင်းက အရှုံးနဲ့ ပြန်ခဲ့ရတယ် မဟုတ်လား”

* * *

# ၂။ စကားလိမ်များ

## (က) စကားလိမ် ရိုးရိုးများ

(၁)မေး။ ။ ကန်ကြီးပတ်လည်၊ ကန်စွန်းနွယ်၊ ကန်လယ်ကျမှ အညွန့်ရ။ (ပတ်လည်ကို ပတ်လယ်ဟုဖတ်ပါ)

ဖြေ။ ။ ရွာကြီးပတ်လည်၊ မယားလည်(လယ်)၊ ရွာလယ်ကျမှ မယားရ။

(၂)မေး။ ။ ချုံကြီးချုံကြား၊ ပေါက်တဲ့ဝါး၊ အဖျား ခပ်သွယ်သွယ်။

ဖြေ။ ။ အိမ်ကြီးအိမ်ကြား၊ မွေးတဲ့သား၊ စကား ခပ်ကြွယ်ကြွယ်။

(၃)မေး။ ။ ပဝါပါး ကြက်သားထုပ်က စွန်း (စွမ်း)တတ်သည်။

ဖြေ။ ။ တစ်ရွာသား ရည်းစားလုပ်က လွန်း (လွမ်း)ရသည်။

(၄)မေး။ ။ ငစိန်စပါး အဝယ်မှား၊ ဇလားနဲ့လား၊ တင်းနဲ့လား။

ဖြေ။ ။ ချစ်သူရည်းစား၊ နောက်မှာထား၊ မယားပါသလား၊ သားပါသလား။

(၅)မေး။ ။ ကျွဲချိုပေါ် ငှက်ခါးဥ။

ဖြေ။ ။ ကိုရင်နှစ်ပါး ရည်းစားလု။

(၆)မေး။ ။ ခမောက်ဖျား စပါးသီး။
ဖြေ။ ။ သပေါက်သား စကားကြီး။
(၇)မေး။ ။ ကျွန်းတုံးကြောင်လျှောက်။
ဖြေ။ ။ လွန်း (လွမ်း)တုန်း မောင်ရောက်။
(၈)မေး။ ။ ကွမ်းရွက်နဲ့ဆား။
ဖြေ။ ။ လွမ်းလျက်(ရက်)နဲ့သွား။
(၉)မေး။ ။ ဓာခြင်ထောင် မီးလောင်ပေါက်ရယ်။
ဖြေ။ ။ မလာချင်ပေါင် ညည်းမောင်ကြောက်တယ်။
(၁၀)မေး။ ။ သေတ္တာထဲမှာ ကြိုးတစ်ခွေ။
ဖြေ။ ။ မောင်ရင်လာ မိုးကစွေ။
(၁၁)မေး။ ။ သေတ္တာထဲမှာ ကြိုးရှုပ်။
ဖြေ။ ။ မောင်ရင်လာ မိုးချုပ်။
(၁၂)မေး။ ။ သေတ္တာထဲမှာ ကြိုးရှင်း။
ဖြေ။ ။ မောင်ရင်လာ မိုးလင်း။
(၁၃)မေး။ ။ ဆီးမီးခွက်ရယ် ဂျောင်ဂျင်။
ဖြေ။ ။ ဆေးတံပေးပါ မောင်ရင်။
(၁၄)မေး။ ။ မန်ကျည်းပင် စာဆွဲ။
ဖြေ။ ။ ညည်းလင် ငါပဲ။
(၁၅)မေး။ ။ လှေကားရင်းမှာ ဆန်ခါနဲ့သော့။
ဖြေ။ ။ နှမချင်းစာ မလာနဲ့တော့။
(၁၆)မေး။ ။ စံပယ်ဖြူပန်။
ဖြေ။ ။ အရွယ်တူကြံ။
(၁၇)မေး။ ။ စံပယ်ဖြူပန်သော် ဘုရားမမေ့နဲ့။
ဖြေ။ ။ အရွယ်တူကြံသော် စကားမကွေ့နဲ့။
(၁၈)မေး။ ။ ထန်းညက်(လျက်) နှစ်လုံးပြုံး။

ဖြေ။ ။ တစ်သက် မမုန်းဘူး။

(၁၉)မေး။ ။ ပိတ်ပင်မှာဖော့ အင်းမှာမျော့။

ဖြေ။ ။ အိပ်ချင်ပါပေါ့ ဆင်းပါတော့။

(၂၀)မေး။ ။ မဆင်းဘူးလည်း။

ဖြေ။ ။ ပဲလွန်းသီး။

(၂၁)မေး။ ။ လင့်စင်စပါး စာမစား အဖျားစိမ်းလဲ့လဲ့။

ဖြေ။ ။ နင့်ပြင် ရည်းစား ငါမထား ဘုရားစူးပါကွဲ့။

(၂၂)မေး။ ။ ငှက်ပျောဆင်အံ ဖက်စိမ်းခံ ညှာတံ မသေးပါစေနဲ့။

ဖြေ။ ။ ဇာကန်အမှန် ချစ်လို့ကြံ အမြန်မနှေးပါစေနဲ့။

(**မှတ်ချက်**။ ။ ဆင်အံ = ငှက်ပျောသီး၏ အမည်)

(၂၃)မေး။ ။ မရောင်းရ အိုးနဲ့ဖျာ။

ဖြေ။ ။ တပေါင်းလ ခိုးလှည့်ပါ။

(၂၄)မေး။ ။ ပေပင် ပေဖူး ပေရွက်ရူး ပေဖူးဖက်ကတော့။

ဖြေ။ ။ မလာစဖူး အလာထူး လူဦးပါပေါ့ ပြန်ပါတော့။

(၂၅)မေး။ ။ ဆက်ရက်သုံးကောင် အိုးမှာလှောင် အတောင် ဘယ်က ခတ်သလဲ။

ဖြေ။ ။ ညဉ့်နက်သန်းခေါင် ခွေးကဟောင် အမောင်ဘယ်က တက်မလဲ။

(၂၆)မေး။ ။ ဟိုရှေ့ကလာ ပိုးပဝါ ကျပ်စင်မှာထား ပိုးဟပ်စား။

ဖြေ။ ။ မောင်ကြီးလာတာ လိမ်းစရာ ကျောက်ပြင်မှာထား သနပ်ခါး။

(၂၇)မေး။ ။ မန်ကျည်းပင် ကောက်ကွေး၊ လောက်လေးနဲ့ဆော်။

ဖြေ။ ။ နင့်အစ်မဆံတောက်လေး နောက်ဖေးကမျှော်။

(၂၈)မေး။ ။ သစ်ပင်ခွကြား မြက်ထုံးထား တို့နွားဘယ့်နှယ် စားပါ့မယ်။

ဖြေ။ ။ ချစ်သူရည်းစား နောက်မှာထား စကားဘယ့်နှယ် ပြောပါ့မယ်။

(၂၉)မေး။ ။ ပိန္နဲဆူးညို စားမချို အပင်အိုလား ခင်ဗျာ။

ဖြေ။ ။ သူ့သမီးအပျို မပြောလို ကိုယ့်မှာရည်းစားရှိလို့လား ခင်ဗျာ။

(၃၀)မေး။ ။ ပွင့်ဖူးသဇင် ပင်ထိပ်တွင် ပန်တော်ဝင်မို့ ထူးလှတယ်။

ဖြေ။ ။ သူ့သမီးဖြူစင် တစ်ခါမြင် လိုချင်လို့လည်း ရူးရတယ်။

(၃၁)မေး။ ။ ပင်စိမ်းပင်အောက် ဂျိဖိုရောက်၊ ရောက်တဲ့ဂျိဖို ဂျိမြီးတို။

ဖြေ။ ။ အပျို့အိမ်အောက် လူပျိုရောက်၊ ရောက်တဲ့လူပျို လူစိတ်တို။

* * *

## (ခ) စကားလိမ်တနည်း

(၁)မေး။ ။ နမုတစ နူပေအယုစိတ်။

ဖြေ။ ။ နွားမတစ်စု နေပူ အရိပ်စု။

(၂)မေး။ ။ သင်လယ်ပြောင် လဒေါင်ထ လဒိမမ ဒိမောင်း။

ဖြေ။ ။ သောင်လယ်ပြင် လဒထောင်၊ လဒမမိ၊ ဒေါင်းမိ။

(၃)မေး။ ။ ဝယင်ဘုံ ဂျုအိုး၊ တေလာလောင်လို့ အ–ကိုကြောက်၊ လောက်ကလေးက ကူ။

ဖြေ။ ။ ဝါးရုံပင် ဂျိုးဥ၊ တောင်လေလာလို့ အောက်ကိုကျ၊ လူကလေးက ကောက်။

(၄)မေး။ ။ သစ်ခတ်ကလေး တွံတျတျတွံတွံ။

ဖြေ။ ။ သစ်ခွံကလေး တွဲတျတဲတဲ။

(၅)မေး။ ။ တုံကယော အယုန္တော။

ဖြေ။ ။ တောကယုန် အရေဆုတ်။

(၆)မေး။ ။ လော်ဆေသတိ ရတ်တေ၏။

ဖြေ။ ။ လေဆော်သတိ ရေတတ်၏။

(၇)မေး။ ။ တုံမှယော တွပ်ဖော တပ်ပဒေါ။

ဖြေ။ ။ တောမှယုန် တောဖွတ် တောပဒတ်။

* * *

## (ဂ) သစ်ဆိမ့်ဆရာတော်၏ စကားလိမ်များ

သဒ္ဒတ်မဟာ စတ်မတ္တာ၊ သဒ္ဒါမတတ် စာမတတ်။

စတ္တာရော၊ စောပါရော့၊ စာတတ်တော့ စာပေါရော့။

စောပါတော့ အပြာသောရော့၊ စာပေါတော့ အပြောသာရော့။

* * *

## (ဃ) စကားလိမ်ပေးစာ

သက္ကရာဇ် (၁၂၆၀) ခုနှစ် စော်ဘွား၊ စော်ခံများ တန်ခိုးအရှိန်အဝါကြီးမားသော ခေတ်အချိန်တွင် မိုးနဲတပ် စစ်ကဲကြီးတစ်ဦးက မန္တလေးမြို့နာမည်ကြီး သူဌေးကြီး ဦးဖေနှင့် သမီး မဦးခွန်းတို့အား ရေးပေးလိုက်သော စကားလိမ်ပေးစာမှာ အောက်ပါအတိုင်းဖြစ်၏။

အာနဒီသော၊ အာဒီသော၊ ရာဂေါဝါဒနေ၊ ထွာထွာရေ ကေပါစင်း ရှေပါစင်း၊ ခုန်သိမ်းကပ် ဘောင်းအပေး ကွာကွင်း

အောင်၊ သဘင်းရော ချာပနစ်ဖြင့်၊ မြာတဇစ် ဘန်မကြာအောင်၊ စန်အမြာ ပိုက်လေးသည်၊ သဌင်းမေး အေးဖူနှင့် မအွန်းဒူး သမင်း ရီးငဲ့ပြင်၊ သမားသီး ဘုတဓောင်းကို၊ ကုစေမှောင်း သဘားထော၍၊ ဟိုက်လောမည်၊ ပြိုက်လောမည်။ လကောတွင် ဇနနှမီးမရှန်ပြီက အရှက်ခေသည်။ သဘဆောရင်၊ သမောက်သုံးရီး၊ အပျေးကလို့မို၊ အဖက်ခေသည်။ သဘကျောပင် အပြမရီးစေဖို့၊ အကျိုးဆောင်ကာ အသရက်ပြေသည်။ မယောဘဲနူလဲ နရာမကျေ။ ယေချင်ပူလဲ မယိုင်န။ အနေးဆု အပြစ်ချိုဖို့ ဆိုလှောင်လျှင်ကျေးကပုတ်လိုက်မည်။ လှောအချ ရှိုက်ကိုကြမ်းရင်လဲ၊ နိုက်ထန်းတဲ့ မာမာယူကို၊ လုံကြူတွင် ပိုက်လေးမည်။ လေးကိစ္စအယူမှာ၊ အငူကိုလဲ မမျှယ်နဲ့၊ အမူကိုလဲ မရယ်နဲ့။ အငူကိုမျှယ်က အသိုတက်သည်။ အမူကို ရယ်က အသိုပက်သည်။ ဆက်ရန်တချို မယောကို မချားလွန်းစေနှင့်၊ စကောကို မပြားလွန်းစေနှင့်။ မယော ချားလွန်းက အခေပွက်သည်။ စကောပြားလွန်းက လယ်ယူမည်။ မမူမဖြဲ မငီးမကြယ်၊ အရွှင့်သယ်၊ တကင့်တယ်။ နှစ်ဆော်ကျယ် သောက်ဆယ်လုံး။ ပြီစုံးစုံး သဘီး ကြောကို၊ ဆင်အလျောရော်မျှတူမည်။ အကြက်မဖမ်း၊ မက်ကနန်းက၊ လန်းတက်ရှာ၍၊ စိမ်တကြာ ပိုက်လေးသည်၊ သဌင်းမေးအေးဖူဗျာ။

ဤစကားလိမ်ဖြင့် ဘဏ်ရှင် ဘဏ်ကစား၍ ပါးလိုက်သော စာခွေကို စကားပြေအနေနှင့် ပြန်လည်၍ ရေးသားရလျှင်

အနောဒိသ၊ ဩဒိသ၊ ရောဂါဝေဒနာ၊ ထွေထွေရာ ကင်းပါစေ၊ ရှင်းပါစေ၊ ခပ်သိမ်းကုန် ဘေးအပေါင်းကင်းကွာအောင်၊ သဘောရင်း ချစ်ပဏ္ဏာဖြင့်၊ မေတ္တာစာပါမကျန်အောင်၊ စာအမြန် ပေးလိုက်သည်။ သဌေးမင်း ဦးဖေနှင့် မဦးဇွန်း သမီး ရင်းငဲ့ပြင်၊ သမီးသားပေါင်းတစ်စုကို ကောင်းစေမှု သဘောထား၍ ဟောလိုက်မည်၊ ပြောလိုက်မည်။

လောကတွင် ဇနီးနှမ မရှိပြန်က အရှည်ခက်သည်။ သဘော ဆရင်၊ သမီးသုံးယောက် အပျိုကလေးမို့ အဖေခက်သည်။ သဘော ကျပင် အပြီးမရစေဖို့၊ အကြောင်းဆိုးကာ အသရေပျက်သည်။

မယူဘဲနေလည်း နေရာမကျ။ ယူချင်ပေလည်း မရနိုင်။ အနုဆေး အပျိုချစ်ဖို့ ဆောင်လိုလျှင် ကျုပ်ကပေးလိုက်မည်။ လှအချော ရှမ်းကိုကြိုက်ရင်လည်း နန်းထိုက်တဲ့ မူမူရာကို၊ လူကြုံတွင် ပေးလိုက်မည်။

လူ့ကိစ္စအရေးမှာ၊ အငယ်ကိုလည်း မမြှုနဲ့၊ အမယ်ကိုလည်း မယူနဲ့။ အငယ်မြှုက အသက်တိုသည်။ အမယ်ကိုယူက အသက်ပို သည်။

ဆိုရန်တစ်ချက် မယားကို မချော့လွန်းစေနဲ့၊ စကားကို မပြောလွန်းစေနဲ့၊ မယားချော့လွန်းက အခက်ပွေသည်။ စကားပြော လွန်းက လူရယ်မည်။ မမည်းမဖြူ မငယ်မကြီး၊ အရွယ်သင့် တကယ်တင့်၊ နှစ်ဆယ်ကျော် သုံးဆယ်လောက်၊ ပြုံးစိစိသဘောကြီး ကို၊ ဆောအလျင်ယူမှတော်မည်။

အကြမ်းမဖက်၊ မန်းကနက်က၊ လက်တန်းရှာ၍ စာတစ်ကြိမ် ပေးလိုက်သည် သူဌေးမင်း ဦးဖေဗျား။

မဦးဖွန်းဟူသော သမီးအကြီးတစ်ယောက်နှင့် သားသမီး ၃ ယောက်ကို တာဝန်ယူ၍ ထိန်းသိမ်းစောင့်ရှောက်နေရသော မုဆိုးဖို သူဌေးကြီး ဦးဖေကို ငယ်ပေါင်းကြီးဖော်အနေဖြင့် အလွန်ရင်းနှီးခင် မင်စွာသော စစ်ကဲကြီးသည် မုဆိုးဖိုတစ်ယောက်၏ဘဝကို သရုပ်ဖော် လျက် မေတ္တာစာစကားလိမ်နှင့် ရေးသားလိုက်ပုံသည် ထိုခေတ် ထိုအခါ၏ စာပေအဆင့်အတန်းကိုပါ မှတ်သားခန့်မှန်းနိုင်ပေ၏။

* * *

# ၃။ စကားဝှက်များ

## (က) စကားဝှက် ရိုးရိုးများ

(၁)မေး။ ။ တောကြီး သိတာ။

ဖြေ။ ။ တောကြီးလျှင် (ထွင်)ရ၏။
သိတာက (အေး)သည်။
ထွင်အေး (ထွေးအင်)=ထွေးခံ။

(၂)မေး။ ။ စံပယ်ဖူးစ ဆီးယောင်းမ။

ဖြေ။ ။ စံပယ်ဖူးစတွင် (ငုံ)သည်။
ဆီးယောင်းမက (မွှေ)ရသည်။
ငုံမွှေ=ငွေမှုံ။

(၃)မေး။ ။ ခွေးလှေးယားသီး ဘိုင်စကယ်။

ဖြေ။ ။ ခွေးလှေးယားသီးကိုင်လျှင် (ယား)တတ်သည်။
ဘိုင်စကယ်ကို (စီး)ရသည်။
ယားစီး = ရည်းစား။

(၄)မေး။ ။ ခြံမကျယ် နွားဖင်နှိုက်။

ဖြေ။ ။ ခြံမကျယ်လျှင် (ကျဉ်း)သည်။
နွားဖင်နှိုက်လျှင် (ကန်)တတ်သည်။
ကျဉ်းကန်=ကြံခင်း။

(၅)မေး။ ။ ကန်၏တန်ဆာ တံငါ၏လက်နက်။
ဖြေ။ ။ ကန်၏တန်ဆာသည် (ကြာ)ဖြစ်သည်။
တံငါ၏လက်နက်သည် (ပိုက်)ဖြစ်သည်။
ကြာပိုက်=ကြိုက်ပါ။

(၆)မေး။ ။ ကောင်းကင်၏တန်ဆာ လူမလိမ်မာ။
ဖြေ။ ။ ကောင်းကင်၏တန်ဆာသည် (ကြယ်)ဖြစ်သည်။
လူမလိမ်မာလျှင် (မိုက်)သည်။
ကြယ်မိုက်=ကြိုက်မယ်။

(၇)မေး။ ။ ပဒုမ္မာ ယုန်ထောင်။
ဖြေ။ ။ ပဒုမ္မာဆိုသည်ကား (ကြာ)ဖြစ်သည်။
ယုန်ကိုထောင်သည်ကား (ပိုက်)ဖြစ်သည်။
ကြာပိုက်=ကြိုက်ပါ။

(၈)မေး။ ။ မရှိ ဖျိုင်းရောင်။
ဖြေ။ ။ မရှိလျှင် (လို)သည်ဟု ခေါ်သည်။
ဖျိုင်းအရောင်သည် (ဖြူ)၏။
လိုဖြူ=လူပျို။

(၉)မေး။ ။ ကိစ္စတုံး သောင်ပြင်မှာရှိသည်။
ဖြေ။ ။ ကိစ္စတုံးသည်ကို (ပြီး)သည်ဟုခေါ်၏။
သောင်ပြင်တွင် (သဲ)ရှိ၏။
ပြီးသဲ=ပဲသီး။

(၁၀)မေး။ ။ ဝေဠုသြော်ကဲ။
ဖြေ။ ။ ဝေဠုသည် ပါဠိစကားဖြစ်သည်။
အနက်ကား (ဝါး)ဟု အဓိပ္ပာယ်ရ၏။
သြော်ကဲသည် ပါဠိစကားဖြစ်သည်။

အနက်ကား (သက်)ဟု အဓိပ္ပာယ်ရ၏။
ထို့ကြောင့် ဝါးသက်=ဝက်သား။

(၁၁)မေး။ ။ ပယ်လယ်ဓားပြ။
ဖြေ။ ။ ပင်လယ်က (ကြယ်)သည်။
ဓားပြက (တိုက်)သည်။
ကြယ်တိုက်=ကြိုက်တယ်။

(၁၂)မေး။ ။ အိပ်မပျော် ထိပ်ပေါ်ခဲကျ။
ဖြေ။ ။ အိမ်မပျော်လျှင် (နိုး)သည်။
ထိပ်ပေါ်ကိုခဲကျလျှင် (ပေါက်)တတ်သည်။
နိုးပေါက်=နောက်ပိုး။

(၁၃)မေး။ ။ ကျောက်စရစ်စောင်ခြုံ။
ဖြေ။ ။ ကျောက်စရစ်က (မာ)သည်။
စောင်ခြုံက (လုံ)သည်။
မာလုံ=မုန်လာ။

* * *

## (ခ) တဆယ့်ခြောက်ချက် စကားဝှက်

ဟံသာဝတီဘုရင် ဓမ္မစေတီမင်းသည် အလွန်ဉာဏ်ပညာကြီးကျယ်သည်။ ဝှက်ဆိုသမျှ ပညာအရပ်ရပ်ကိုလည်း ဖြေရှင်းနိုင်သည်ဟု ကျော်ကြားသည်ကို ကြားသိသော သီဟိုဠ်ဘုရင်သည် အမတ စိတ္တနာ ကုလနှင့် စိတ္တရာဇာ ကုလဟူသော တမန်နှစ်ယောက်နှင့် လူပေါင်း ငါးဆယ်ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို စကားဝှက် ၁၆ ချက် မေးထားသော သဝဏ်လွှာနှင့်အတူ ဓမ္မစေတီ မင်းထံသို့ ဆက်သလိုက်၏။

၁။ ။ အရိုးသာ အတောင် အမြီးဖြစ်သောငှက်။

၂။ ။ အသားသာ အတောင် အမြီးဖြစ်သောငှက်။

၃။ ။ အမွေးသာ အတောင်အမြီး ဖြစ်သောငှက်။

၄။ ။ ကျော့ကွင်းထဲမှာစား၍ ကျော့ကွင်းထဲမှာ သေသောငှက်။

၅။ ။ ကျော့ကွင်းပြင်မှာစား၍ ကျော့ကွင်းပြင်မှာ သေသောငှက်။

၆။ ။ ကျော့ကွင်းထဲမှာစား၍ ကျော့ကွင်းပြင်မှာ သေသောငှက်။

၇။ ။ ကျော့ကွင်းပြင်မှာစား၍ ကျော့ကွင်းထဲမှာ သေသောငှက်။

၈။ ။ ခေါင်းကြီးသည်မှာ အဘယ်ငှက်နည်း။

၉။ ။ ပုဂ္ဂိုလ်တစ်ဦးသည် အလင်းမှလာ၍ အမိုက်သို့သွားသည်။

၁၀။ ။ ပုဂ္ဂိုလ်တစ်ဦးသည် အမိုက်မှလာ၍ အလင်းသို့သွားသည်။

၁၁။ ။ ပုဂ္ဂိုလ်တစ်ဦးသည် အလင်းမှလာ၍ အလင်းသို့သွားသည်။

၁၂။ ။ ပုဂ္ဂိုလ်တစ်ဦးသည် အမိုက်မှလာ၍ အမိုက်သို့သွားသည်။

၁၃။ ။ မြတ်စွာဘုရားသည် ရဟန္တာအား အဘယ်သို့ ပိုက်အုပ်သနည်း။

၁၄။ ။ မည်သည့်ပုဂ္ဂိုလ်သည် ကောင်းမှုကိုမပြုဘဲ နေနိုင်သနည်း။

၁၅။ ။ မည်သည့်အရာဝတ္ထုသည် လေးသနည်း။

၁၆။ ။ မည်သည့်အရာဝတ္ထုသည် ပေါ့သနည်း။

**အဖြေ။**

၁။ ။ အရိုးသာ အတောင်အမြီးဖြစ်သောငှက် = ပိတုန်း။

၂။ ။ အသားသာ အတောင်အမြီးဖြစ်သောငှက်=ရှူးပျံ။

၃။ ။ အမွေးသာ အတောင်အမြီးဖြစ်သောငှက်=ဥဒေါင်း။

၄။ ။ ကျော့ကွင်းထဲမှာစား၍ ကျော့ကွင်းထဲမှာ သေသောငှက် =ကာမဂုဏ်နယ်ထဲ၌ အိမ်ရာထောင်၍ အိမ်ရာထောင် ရင်းပင် သေရသောသူ။

၅။ ။ ကျော့ကွင်းပြင်မှာစား၍ ကျော့ကွင်းပြင်မှာ သေသော ငှက်=ငယ်ရွယ်စဉ်မှစ၍ သာသနာဘောင်သို့ ဝင်ကာ ရှင်ရဟန်းပြုလျက် ထိုဘဝနှင့်ပင် သေရသောသူ။

၆။ ။ ကျော့ကွင်းထဲမှစား၍ ကျော့ကွင်းပြင်မှာ သေသော ငှက်=လူအဖြစ်နှင့် အိမ်ရာထောင်ပြီးမှ ရဟန်းဘဝနှင့် သေရသောသူ။

၇။ ။ ကျော့ကွင်းပြင်မှာစား၍ ကျော့ကွင်းထဲမှာ သေသော ငှက်=ငယ်ရွယ်စဉ်က ရဟန်းပြု၍ ကြီးပြင်းလာမှ လူ ထွက်ကာ သေရသောသူ။

၈။ ။ ဦးခေါင်းကြီးသောငှက်ဟူသည် အများအပြား ရှိကြလေ သည်။ သို့ရာတွင် မိမိဦးခေါင်းကိုမျှ မိမိ မသယ်နိုင်၍ ဖောက်ထိုးတွဲလွဲနေရသောငှက်သည် 'လင်းဆွဲခေါ် လင်းနို့ကြီး' ဖြစ်သည်။

၉။ ။ အလင်းမှလာ၍ အမိုက်သို့သွားသော ပုဂ္ဂိုလ်ဆိုသည် မှာ=နတ်ပြည်နှင့် ဗြဟ္မာပြည်မှ စုတေလာ၍ လူ့ဘဝသို့ ရလာသော် မကောင်းမှုကို ပြုသောကြောင့် သေသော အခါ အပါယ်ငရဲသို့ သွားရသည်ကို ဆိုလိုသည်။

၁၀။ ။ အမိုက်မှလာ၍ အလင်းသို့သွားသော ပုဂ္ဂိုလ်ဆိုသည်

မှာ=အပါယ်ဘုံမှ စုတေလာ၍ လူ့ဘဝသို့ရလာသော် ကောင်းမှုကို ပြုသောကြောင့် သေသောအခါ နတ်ပြည်နှင့် ဗြဟ္မာ့ပြည်သို့ သွားရသည်ကို ဆိုလိုသည်။

၁၁။ ။ အလင်းမှလာ၍ အလင်းသို့သွားသော ပုဂ္ဂိုလ်ဆိုသည်မှာ=နတ်ပြည်နှင့် ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ဘဝသို့ရလာသော် ကောင်းမှုကိုသာပြု၍ လာခဲ့ရင်း ဘုံသို့သာ သွားရသည်ကို ဆိုလိုသည်။

၁၂။ ။ အမိုက်မှလာ၍ အမိုက်သို့သွားသော ပုဂ္ဂိုလ်ဆိုသည်မှာ=အပါယ်ဘုံမှ လူ့ပြည်သို့ရောက်၍ မကောင်းမှုကို ပြုသောကြောင့် အပါယ်ဘုံသို့သာ တစ်ဖန် ပြန်ရောက်သောသူကို ဆိုလိုသည်။

၁၃။ ။ မြတ်စွာဘုရားသည် ရဟန္တာအား အဘယ်သို့ ပိုက်အုပ်သနည်းဟု ဆိုရာတွင်–မိဘများသည် သားသမီးတို့အား ချီပိုးပိုက်အုပ်၍ မကောင်းမှုကို တားမြစ်ဆုံးမရသကဲ့သို့ မြတ်စွာဘုရားသည်လည်း ရဟန္တာများအား ချီပိုး ပိုက်အုပ် ဆုံးမရပါသည်။

၁၄။ ။ မည်သည့်ပုဂ္ဂိုလ်သည် ကောင်းမှုကို မပြုဘဲ နေနိုင်သနည်းဟူ၍တွင်

(၁) ရဟန်းတော်

(၂) မင်းဧကရာဇ်

(၃) အိမ်ထောင်သည် မိန်းမ

ဤ (၃)ဦးသော ပုဂ္ဂိုလ်တို့သည် ကောင်းမှုကုသိုလ်ကို အထူးထပ်မံ၍ ပြုရန် မလိုတော့ပြီဖြစ်၏။

ရဟန်းသည် မိမိ၏ ဝိနည်းသိက္ခာကို လုံခြုံအောင် စောင့်ရှောက်လျှင် ပြီး၏။

မင်းဧကရာဇ်သည် မင်းကျင့်တရား ၁၀ ပါး စသည့် မင်းကျင့်ဝတ်တို့ကို လုံခြုံအောင် စောင့်ရှောက်လျှင် ပြီး၏။

အိမ်ထောင်သည် မိန်းမသည် မယားကောင်းတို့၏ ကျင့်ဝတ်ကို စောင့်ရှောက်လျှင် ပြီး၏။ အခြား မည်သည့် ကုသိုလ်ကောင်းမှုကိုမျှ ထပ်မံ၍ လုပ်ဆောင်ကြရန် မလိုကြတော့ပြီ။

၁၅။ ။ မည်သည့်အရာဝတ္ထုသည် လေးသနည်းဟူရာတွင်=မြင်းမိုရ်တောင်သည် လေး၏။ သို့ရာတွင် တန်ခိုးကြီးသော ပုဂ္ဂိုလ်များဆောင်လျှင် ပေါ့ရချေသည်။ လူမိုက်တို့၏ စိတ်သည်သာလျှင် အမှန်စင်စစ် လေးလှ၏။

၁၆။ ။ မည်သည့်အရာဝတ္ထုသည် ပေါ့သနည်းဟူရာတွင် =လဲဝါသည် ပေါ့၏။ သို့သော် လူတို့၏ စိတ်နှင့် နှိုင်းယှဉ်ရာတွင်မူ လူတို့၏စိတ်သည်သာ ပေါ့လှ၏။

ဤတစ်ဆယ့်ခြောက်ချက် စကားဝှက်များ၏ အဖြေကို သိရလေလျှင် သီဟိုဠ်မင်းသည် အလွန်အံ့သြချီးမွမ်းလျက် အရှင်မင်းမြတ်သည် လျှို့ဝှက်နက်နဲလှသည့် ဤမေးခွန်းများကို တစ်နေရာ တစ်ခဏတည်း၌ မှန်ကန်အောင် ဖြေနိုင်ပါပေသည်ဟု ဆိုလျက် သီဟိုဠ်မင်း ထွက်ဝင်သည့် မြောက်စည် ‘ထွက်စည်၊ ဝင်စည်’ (ဘုရင်များ ညီလာခံသဘင်သို့ ထွက်တော်မူရာနှင့် ဝင်တော်မူရာတို့၌ တီးသောစည်)များကို အခမ်းအနားနှင့်တကွ တီးမှုတ်တတ်သူများနှင့်အတူ ဆက်သလေသည်။

ယခုအခါ မြန်မာများ ‘ကုလားလက်ကျပ်စည်’ ဟု ခေါ်သော စည်တော်များသည် ထိုမှ စတင်ခြင်းဖြစ်သည်ဟု ဆိုကြလေသည်။

* * *

# ၄။ သချိုင်း စကားထာများ

## (က) အုန်းသီး ဝယ်ရရောင်းရအောင်

မောင်မြသည် အရွယ်နှင့်မမျှအောင် လိမ္မာရေးခြားရှိပြီးလျှင် ကျောင်းနေရင်း အမေမုဆိုးမကြီးအား စျေးကူရောင်းပေးနေရသူလေး ဖြစ်ကာ ကျောင်းဆရာကြီးမှအစ တစ်ရွာလုံးကပါ ချစ်ခင်ခြင်းကို ခံရသူဖြစ်၏။

မောင်မြ ၈ နှစ်သား အရွယ်ကတည်းကပင် သူ၏ဖခင်ကြီး ကွယ်လွန်သွားရှာပြီဖြစ်၍ ယခုဆိုလျှင် မောင်မြ၏အသက်ပင် ၁၅ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ မောင်မြ၏ဖခင် သေဆုံးသွားသည်မှာ ၇ နှစ်ပင် ကြာခဲ့လေပြီ။

အသက် ၁၅ နှစ်ဟုဆိုပေသည့် မောင်မြသည် ၁၂ နှစ် ကျော်ကျော် ရှင်လူထွက်စကတည်းကပင် ယောက်ျားကြီး ထွားထွား ကျိုင်းကျိုင်း တစ်ယောက်ကဲ့သို့ ကြီးကောင်ဝင်လာကာ သန်မာ ခံ့ညားလှသည်ဟု သူ့မိခင်ကြီးက ထင်ရှာလျက် သူ့ကို အလွန် အားထားရှာသည်။

တစ်နေ့တွင် အမေသည် ခေါင်းအလွန်ကိုက်သည်ဟုဆိုကာ အိပ်ရာထက်တွင် အိပ်နေရာမှ ကျောင်းသွားမည့်ဟန်ပြင်နေသော မောင်မြကို အနားသို့ခေါ်ယူလိုက်သည်။

"လူကလေး၊ အမေ့ဆီလာပါဦးကွယ်။ ခု လူကလေး ကျောင်းသွားတော့မလို့လား"

"ဟုတ်တယ် အမေ။ ကျောင်းသွားမလို့။ အမေ ဘာလုပ်ချင် လို့လဲဟင်။ ပြောလေ၊ သား လုပ်ခဲ့ပေးမယ်"

အမေသည် အလိုက်တသိနှင့် လိမ္မာလွန်းလှသည့် သားကို ကြည့်ကာ မျက်ရည်များ ဝဲလာသည်။

"လူလေးကို ဟိုဘက်ရွာသွားပြီး အုန်းသီးအဝယ်လွှတ်ချင် လို့။ ဒီနေ့ အုန်းသီးတွေလာယူမယ်ပြောပြီး အမေ စရန်တွေ ပေးခဲ့ပြီးသား။ ခုတော့ အမေလည်း ခေါင်းက သိပ်ကိုက်နေတော့ မသွားနိုင်တော့ဘူး။

"အုန်းသီးက အမေတို့ရွာမှာ ခု ရောင်းနေရတဲ့ဈေးက တစ်လုံး ၅ ကျပ်။ ဟိုဘက်ရွာမှာ ကောက်ရတဲ့ဈေးက တစ်လုံးမှ ၁ ကျပ်ပဲ ပေးရတယ်။ ဒီတော့ အုန်းသီး တစ်လုံးမှာ ဈေးက ၄ ကျပ် ကွာနေတယ်။

"ဒီလောက် ဈေးကောင်းနေတော့ အမေ စရန်ပေးထားတဲ့ အုန်းသီးသည်ဆီကို ဒီနေ့သွားမယူရင် တခြားလူကို ဈေးပိုရလို့ ရောင်းလိုက်မှာကို စိုးရတယ်။ အဲဒါကြောင့် သား အုန်းသီးတွေ သွားဝယ်ပေးပါလို့ အမေ ပြောချင်တယ်"

မောင်မြသည် အမေပြောနေသည်ကို ဂရုတစိုက် နားထောင် နေရာမှ အမေ့စကား ဆုံးသွားလျှင်ဆုံးသွားချင်း ပခုံးထက်တွင် လွယ်ထားသော လွယ်အိတ်ကို ဖြုတ်ယူ၍ သွားချိတ်လိုက်သည်။ ပြီးလျှင် "သား ကျောင်းကိုသွားပြီး ဆရာကြီးဆီ ခွင့်တိုင်ဦးမယ် နော် မေမေ" ဟု ဆိုကာ အမေ့နားမှ ပြေးထွက်သွားသည်။

နောက် နာရီပိုင်းအတွင်းတွင်ကား မောင်မြသည် အမေပေး လိုက်သည့် အုန်းသီးဘိုးပေးရန် ငွေကို လွယ်အိတ်တစ်လုံးတွင် ထည့်ယူလာကာ နေပူကျဲကျဲတွင် ခရီးပြင်းနှင်လျက်ရှိတော့သည်။

အုန်းသီးသည်ထံသို့ မောင်မြရောက်လျှင် ညနေစောင်းနေပြီ ဖြစ်သည်။ ထမင်းစားချိန် ရောက်နေပြီဖြစ်၍ အုန်းသီးသည်သည် မောင်မြအား ထမင်းဟင်းများ ခူးခပ်ကာ ပျာပျာသလဲ ဧည့်ခံ ကျွေးမွေးသည်။

စားသောက်၍ ပြီးသည်နှင့် ချက်ချင်းပင် မောင်မြသည် အုန်းသီးတင်ရန် လှည်းရှာငှားရတော့သည်။ အမေမှာလိုက်သည်က အုန်းသီး ၁၀၀ ပါအောင် ဝယ်ခဲ့ရမယ် ဟူသတည်း။

သို့သော် မောင်မြ အခက်ကြုံနေသည်က လှည်းဆရာကြီး ထံမှ ကြားရသော စကားများပင်ဖြစ်သည်။

"ဟေ့သူငယ်လေး၊ လှည်းတစ်စီးမှာ အုန်းသီး ၁၀၀ပဲ တင်လို့ရသကွဲ့။ ဘကြီးတို့ရွာနဲ့ သူငယ်တို့ရွာကို သွားရမယ့် လှည်းလမ်းကြောင်း တစ်လျှောက်မှာလည်း ဘကြီးတို့လို အုန်းသီး လှည်းတွေလာရင် လှည်းတစ်စီးကို အုန်းသီးတစ်လုံးစီ အကောက်ယူ နေတဲ့ အကောက်ကင်းတဲပေါင်းက ၁၀၀ တိတိရှိနေတယ်။

"ဒီတော့ ဘကြီးတို့ လှည်းပေါ်ပါတဲ့ အုန်းသီး ၁၀၀ ဟာ သူတို့ကို အကောက်ပေးရတာနဲ့ပဲ ကုန်ရော မဟုတ်လား။ အဲဒီ အကောက်ခွန်ကြောင့်လည်း မင်းတို့ရွာနဲ့ တို့ရွာ အုန်းသီးဈေးနှုန်းချင်း သိပ်ကွာနေတာကွဲ့ အဲဒါကို မင်းအမေ မှာလိုက်တဲ့ အုန်းသီး ၁၀၀ ပါအောင် မင်း ဘယ်လိုဝယ်သွားမယ်ဆိုတာကို စိတ်ကူးပေ တော့"

မောင်မြသည် အမေမှာသည့်အတိုင်း အုန်းသီး ၁၀၀ ပါအောင် မည်သို့ဝယ်ရမည်ကို စဉ်းစားတွက်ဆရန် အချိန်ကလည်း သိပ်မရှိတော့။ ယခုညတွင်းချင်း လသာသာမှာပင် လှည်းထွက်ရပေ မည်။ အကောက်ခွန်တဲများသို့ အကောက်ခွန်အဖြစ် အုန်းသီးတစ်

လုံးစီ မပေးဘဲနှင့် ခိုးထွက်ရမည်မှာလည်း ဥပဒေကို ဖောက်ဖျက်ရာ ကျရောမည်။

ဤသို့ဆိုလျှင် မောင်မြသည် မည်သို့တွက်ဆမှုနှင့် အုန်းသီး ဝယ်မည်နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (ခ) အလေး ၃ လုံး

ပန်းပဲဆရာကြီး ဖိုးလေးဝသည် အလွန်စေ့စပ် သေချာ၍ အလုပ် သဘောကို ဂရုစိုက်သည်ဟု ကျော်စောသောသူ တစ်ယောက်ဖြစ် သည်။

တစ်နေ့တွင် ရွာမြောက်ပိုင်းမှ ဈေးသည် ဘကြီးခသည် ပန်းပဲဆရာ ဖိုးလေးဝထံသို့ အလုပ်အပ်ရန်အတွက် သံတုံးတစ်ခုကို ကိုင်းရင်း ပန်းပဲဖိုသို့ ဝင်လာသည်။

"ကိုင်း ဆိုစမ်း မောင်ခ။ ဘာကိစ္စလဲ"

ဖိုးလေးဝသည် ထုလက်စပေပေါ်မှ သံချောင်းတစ်ခုကို မီးညှပ်နှင့် ကိုင်ကာ အနီးရှိ ရေထည့်ထားသည့် ခွက်ပိုင်းကြီးထဲသို့ နှစ်ချလိုက်ရာမှ လှမ်း၍မေးလိုက်သည်။

"ဟောဒီ သံတုံးကို အလေးလုပ်ချင်တယ် ဖိုးလေးဝရဲ့။ အလေးထပ်ဝယ်ဖို့ကလဲ ငွေမလွယ်လှဘူး။ ပြီးတော့ ဒီသံတုံးကလည်း ဘာမှသုံးစရာမမြင်ဘူး။ အပိုဖြစ်နေတယ်။ ဒီတော့ သံတုံးလည်း အသုံးဝင်သွားအောင်၊ ငွေပိုလည်း ထပ်မကုန်အောင်၊ လိုချင်တဲ့ အလေးလည်း ရအောင်ဆိုပြီး ဖိုးလေးဝဆီ လာအပ်တာပဲ"

ဘကြီးခသည် သူ့လက်ထဲ ကိုင်လာသည့် သံချောင်းတုံးကို ဖိုးလေးဝရှေ့သို့ ချပေးလိုက်သည်။

"အေး အေး၊ အလေးက ဘယ်နှလုံး လုပ်မှာတုံး"

"အလေးက ၁ ပိဿာကစပြီး ပိဿာ ၁၀ အထိ ချိန်လို့ရတဲ့ အလေး ၃ လုံးပဲ လိုချင်တယ်။ ဒီသံလုံးကပဲ အချိန် ၁၀ ပိဿာပဲရှိတယ်။ အဲဒါကို ဖိုးလေးဝပဲ အလေးသုံးလုံးနဲ့ တစ်ပိဿာက ဆယ်ပိဿာအထိ ချိန်လို့ရအောင် လုပ်ပေးပါ"

ဘကြီးခကား ဖိုးလေးဝလက်ထဲသို့ အလုပ်အပ်ကာ ပြန်သွားလေပြီ။

ဖိုးလေးဝသာလျှင် ထိုသံလုံးကို အလေး ၃ လုံးလုပ်ရန် မည်သည့်အလေးချိန်ရှိသော အလေးများ လုပ်ရမည်ကို စိတ်ကူးရင်းကျန်ရစ်ခဲ့လေသည်။

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်-ရှု]**

* * *

## (ဂ) ဖားကလေး ကုန်းပေါ်ရောက်ဖို့ ရက်ကိုမျှော်

နေ့တာနှင့် ညတာ အချိန်ချင်း တူမျှ၍ ရက် ၃၀ ရှိသော လ တစ်လတွင် ဖားလေးတစ်ကောင်သည် အတောင် ၃၀ အနက်ရှိသည့် ရေတွင်းကြီးတစ်တွင်းထဲသို့ ကျသွားလေသည်။

ဖားကလေးသည် ရေတွင်းအပေါ်သို့ ရောက်လိုသည့် စိတ်ဇောနှင့် ခုန်တက်ရာတွင် တစ်နေ့လုံးခုန်ပါမှ ၂ တောင် အမြင့်သို့ ရောက်လေသည်။ ညဘက်သို့ ရောက်လျှင် အေးသော ရာသီဥတု၏ အရှိန်ကြောင့် ဖားကလေးသည် အောက်သို့ ၁ တောင်ပြန်၍ လျှောကျသွားရ၏။

**ယနေ့မန္တလေး စာအုပ်တိုက်**

ဤနည်းအတိုင်း မှန်မှန်ကြီး ခုန်တက်သွားလျှင် ဖားကလေးသည် တွင်းပေါ်သို့ ရောက်ရန်အတွက် ရက်ပေါင်းမည်မျှ ခုန်ရမည်နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

*  *  *

## (ဃ) ဘဲဥကို စစ်ကြရအောင်

သတင်းစာပို့သော မောင်အေးသည် ရုံးလုလင်ဖြစ်၍ ရုံးသို့ အချိန်မီ ရောက်ရန်ဇောနှင့် သတင်းစာကို မြန်မြန်ပို့၍ ပြီးစီးစေရန် စက်ဘီးကို အမြန်နှင်းလာ၏။

သတင်းစာကလည်း သည်မနက်မှာမှ အထွက်နောက်ကျနေ၍ မောင်အေးသည် ရုံးအချိန်မီစေရန် အချိန် လုရသည်က တစ်ဖက်၊ သတင်းစာ ဖတ်သူများက "ဒီမနက် ဘာဖြစ်လို့ သတင်းစာနောက်ကျနေတာလဲ" ဟု မေးကြသည်ကို ပြန်ဖြေနေရသည်က တစ်ဖုံကြောင့် စိတ်ထဲတွင် အတော်ပင် အနှောင့်အယှက် ဖြစ်မိသည်။

ထိုအချိန်မှာပင် မောင်အေး၏ ရှေ့တည့်တည့်မှ မျက်နှာချင်း ဆိုင် လာနေသော ဘဲဥသည်ကြီးသည် ဘာကိုများ တွက်ချက် လာသည်မသိ။ လမ်းကိုလည်း မဖယ်၊ မောင်အေး စက်ဘီးမှ ဟွန်းသံပေးနေသည်ကိုလည်း မကြားနှင့် ဇွတ်ဝင်တိုး၍ မတိမ်းသာ မရှောင်သာဖြစ်ကာ တိုက်မိတော့၏။

မောင်အေးသည် ကစဉ့်ကလျား ဖြစ်ကုန်သည့် သူ၏ သတင်းစာများကိုကောက်၍ လဲကျသွားသော သူ၏စက်ဘီးကို ထောင်ပြီးချိန်တွင် ဘဲဥအကွဲများကို စုပုံ၍ ဝမ်းနည်းစွာ ငိုကြွေးနေသော ဘဲဥသည် အဒေါ်ကြီးကို စိတ်မကောင်းဖွယ်ရာ တွေ့ရလေသည်။

အဒေါ်ကြီး၏ ဘဲဥများသည်ကား တစ်လုံးမျှအကောင်း မကျန်၊ အားလုံး ကွဲသွားလေပြီ။

"ကုန်ပါပြီတော် ကုန်ပါပြီ။ အရင်းမရှိလို့ ခေါက်ပြန်ချေ မယ်ဆိုပြီး မနည်းတောင်းပန်ယူ ရောင်းလာရတာ။ အခုတော့ အားလုံးကွဲကုန်ပြီ။ ဘယ်လိုလုပ်ရပါ့မလဲ"

အဒေါ်ကြီးသည် ဘဲဥကွဲများကိုကြည့်လိုက်၊ ငိုလိုက်၊ မျက်ရည်သုတ်လိုက်နှင့် မောင်အေးကိုလည်း အပြစ်မတင်၊ ကြည့် လည်းမကြည့်၊ အတွင်သာ ငိုနေသည်။

မောင်အေးသည် အဒေါ်ကြီး၏အဖြစ်ကို မိခင်ချင်း ကိုယ်ချင်း စာ သနားမိကာ စက်ဘီးကို လမ်းဘေးတွင် ထောင်ထားလိုက်ပြီး လျှင် အဒေါ်ကြီးထံသို့ လျှောက်လာသည်။

"အဒေါ်ကြီး တိတ်ပါ၊ တိတ်ပါ။ ဒီလောက်လည်း စိတ်မ ကောင်းဖြစ်မနေပါနဲ့။ မတော်တဆဖြစ်ရတာကိုး။ ဒီတော့ ကျွန်တော် အလျော်ပေးပါ့မယ်။ အဒေါ်ကြီး ဘဲဥ ဘယ်လောက်ပါလာတယ် ဆိုတာကို ပြောပါ"

အဒေါ်ကြီးသည် မောင်အေး၏ စကားကိုကြားကာ အလွန် ဝမ်းသာသွားသည်။ မျက်ရည်များနှင့် သုတ်ပစ်လိုက်ရင်း ပါးစပ် မှလည်း တဖျစ်တောက်တောက်နှင့် "ဝမ်းသာလိုက်တာ မောင်ရယ်၊ ဝမ်းသာလိုက်တာ" ဟု ပြောနေသည်။

"ကဲ အဒေါ်ကြီးဘဲဥ ဘယ်လောက်ပါသလဲဆိုတာ ပြောပါ။ ကျွန်တော် ပိုက်ဆံပေးခဲ့မယ်။ ကျွန်တော်လည်း သတင်းစာတွေ အချိန်မီပို့ဖို့ရှိသေးတယ်"

အဒေါ်ကြီးသည် မောင်အေး၏ စကားကို နားထောင်နေရာမှ ယောင်ကန်းကန်းဖြစ်နေသလို ဘဲဥအကွဲတွေ ကြည့်လိုက်၊ ဘဲဥ ထည့်ရွက်ခဲ့သော တောင်းကိုကြည့်လိုက်နှင့် ဇဝေဇဝါ ဖြစ်နေသည်။

အဒေါ်ကြီး၏ အဖြစ်ကို မောင်အေးသည် သတိထားမိလိုက်၍ "ဘယ်လိုလဲ အဒေါ်ကြီး။ ဘဲဥတွေ ဘယ်လောက်ပါလာမှန်း မမှတ်မိဘူး မဟုတ်လား။ ကဲဒါဖြင့် ပိုရင်ပို လိုရင်လိုဗျာ။ အမှန်နဲ့သာ ပြောပါ။ ကျွန်တော် သွားစရာရှိတယ်" ဟု ပြောလိုက်လေသည်။

သည်တော့မှပင် အဒေါ်ကြီးသည် သတိရလာသလို ပျာယီးပျာယာ ဖြစ်လာလျက် "ဒီလို ဒီလို မောင်ရင်။ အဒေါ်ကြီး ဘဲဥအားလုံး ဘယ်နှလုံးပါလာတယ်ဆိုတာကိုတော့ မမှတ်မိဘူးကွယ်။ ဒါပေမဲ့ အဒေါ်ကြီးတောင်းထဲကို ဘဲဥတွေထည့်မယ် လုပ်တုန်းကတော့ အဒေါ်ကြီး ဘဲဥတွေဟာ ၂ လုံးစီပုံထားလည်း အညီအမျှရှိကြတယ်။ ၃ လုံးစီ၊ ၄ လုံးစီ၊ ၅ လုံးစီ၊ ၆ လုံးစီ ပုံထားလည်း အားလုံး အညီအမျှရှိတာကိုတော့ အဒေါ်ကြီး မှတ်မိတယ်။ အဲဒါ မောင်ရင်ပဲ တွက်ပြီးပေးပါ" ဟု ဆိုသည်။

မောင်အေးက သတင်းစာအမြဲပို့၊ ရုံးအမြဲပြေးနှင့် အရင်လိုကာမှ ခက်ချေပြီ။ မောင်အေး ဘဲဥဖိုးငွေချေရန် ဘယ်လိုလုပ်ရပါမည်နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (c) စာနှင့်ကြာ

စာကလေးတစ်အုပ်သည် အသင်းအပင်းများဖွဲ့ကာ ပျံသန်းလာကြရာ တောအုပ်တစ်ခုအတွင်းသို့ ရောက်လာကြလေသည်။

ထိုတောအုပ်အတွင်း၌ ကြာပေါင်းများစွာဖြင့် ပြည့်သော အလွန်သာယာသည့် ရေကန်ကြီးတစ်ကန်ကို စာကလေးများ မြင်လျှင် ရေဆင်းသောက်ရင်း ခေတ္တ အနားယူလိုကြ၍ စိတ်တူသဘောတူ တိုင်ပင်ကာ ဆင်းသက်လာကြ၏။

ရေကန်အတွင်းသို့ ရောက်လေလျှင် စာကလေးများသည် ကြာရွက်တစ်ရွက်လျှင် စာကလေးတစ်ကောင်ကျစီဖြင့် နေရာယူကြ ရာ စာကလေးတစ်ကောင်အတွက် နားနေရန် ကြာရွက်တစ်ရွက် လိုနေသည်ကို စာကလေးများ တွေ့ရလေသည်။

ထို့ကြောင့် စာကလေးများသည် ငါတို့ နေရာပြင်၍ နားကြဦးစို့ဟုဆိုကာ ကြာရွက်တစရွက်လျှင် စာကလေး ၂ ကောင်ကျစီဖြင့် ပူးတွဲ၍ နားကြပြန်သည်။

ဤအခါတွင် ရေကန်အတွင်း၌ ကြာရွက်သည် တစ်ရွက်ပိုနေ သည်ကို တွေ့ရပြန်သည်။ စာကလေးများသည် ငါတို့ စာကလေး များက အကောင်မည်မျှရှိ၍ ကြာရွက်ပေါင်းက မည်မျှရှိသည်ကို သိလိုကြကာ ရေတွက်ကြည့်ကြဦးစို့ဟု တိုင်ပင်ကြလေသည်။

စာ မည်မျှ၊ ကြာ မည်မျှ ရှိမည်နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (စ) အလေးတိုက်ရအောင်

မကြီးသည် အမေ့ထံမှ ဟင်္သာရုပ်ပုံနှင့် သွန်းလုပ်ထားသော အလေးတစ်စုံကို အမွေရထားလေသည်။

ယခု မကြီးတို့ခေတ်တွင် ဟင်္သာလေးကို မြင်ဖူး သူနည်းကုန် ကြပြီ။ အမေတို့ခေတ်ကဆိုလျှင် ဟင်္သာအလေးနှင့် ကျားအလေး ဟူ၍ ဟင်္သာရုပ်ပုံအလေးနှင့် ကျားတံဆိပ်ပုံပါသော အလေးနှစ်မျိုး ရှိခဲ့သည်။

ဤသို့ ရှားပါးသော ပစ္စည်းကလည်း ဖြစ်ပြန်၊ အမေ့ထံမှ အမွေရထားသည့် ပစ္စည်းကလည်း ဖြစ်နေပြန်၍ မကြီးသည်

ဤဟသ်ာ အလေးတစ်စုံကို အလွန်တန်ဖိုးထား၍ ထုတ်မသုံးဘဲ သိမ်းဆည်းထားခဲ့၏။

အလေးတစ်စုံ ဆိုသည်မှာလည်း ၅ မတ်သားဟု ခေါ်သော ၁ ကျပ် ၄ ပဲ အလေးချိန်စီးသည့် အလေးငယ်တစ်လုံးမှ စ၍ တစ်ပိဿာအထိ ချိန်နိုင်သော အလေးပေါင်း ၇ လုံးကို စုထားသည် ဖြစ်၏။ အလေးတစ်လုံးလောက် ပျောက်သွားလျှင် တစ်စုံလုံးပါ ပျက်သွားမည်ကိုစိုး၍ မကြီးသည် သူ့အလေးတစ်စုံကို အလှကြည့် ထားသလို တသိမ်းတည်း သိမ်းထားခဲ့လေသည်။

သည်လောက် တရိုတသေထားခဲ့သော မကြီး၏ အလေး တစ်စုံသည် ယခုတော့ တစ်လုံးပျက်စီးသွားလေပြီဖြစ်၍ မကြီးသည် ယူကျုံးမရ ဖြစ်နေရှာသည်။

ဖြစ်ပုံမှာ ဤသို့။

မကြီး၏သမီးသည် အထက်တန်း ကျောင်းသူတစ်ဦး ဖြစ်ကာ အမေတူသမီးကလေးပီသစွာ ရှေးဟောင်းပစ္စည်းများကို အမြတ် တနိုး ရှာဖွေသိမ်းဆည်းလာသူကလေး ဖြစ်သည်။

တစ်နေ့တွင် သမီးတို့ကျောင်း၌ ရှေးဟောင်းပစ္စည်းများ ပြပွဲလုပ်သဖြင့် သမီးသည် အမေစုဆောင်းထားသော ဟသ်ာအလေး တစ်စုံနှင့် ဦးလေးတော်သူထံတွင်ရှိသော စာပလွေနှင့် ယွန်းဖြင့် လုပ်ထားသော ပုရပိုက်စာများကိုပါ ကျောင်းသို့ ယူသွားသည်။

ပြပွဲအပြီး၌ သမီးသည် မျက်စိမျက်နှာပျက်ကာ ဝမ်းနည်းစွာ ဖြင့် အမေ့ ဟသ်ာအလေးတစ်စုံမှ အလေးချိန် ၅ ကျပ်သားရှိသည့် အလေးတစ်လုံးသည် ကျ၍ ကျိုးသွားကြောင်းဖြင့် ၂ ပိုင်းဖြစ်နေသော ဟသ်ာရုပ်ကလေးကို ယူလာပြသည်။

အလေးသည် သံအလေးမဟုတ်။ ကြေးကြွပ်နှင့် လုပ်ထား သည်ဖြစ်၍ အနည်းငယ်ဆတ်သည်၊ ဟသ်ာရုပ်ကို ခါးသိမ်ထားသည် ဖြစ်၍ သိမ်နေသောနေရာမှ ပြတ်ထွက်၍ ကျိုးသွားခြင်းဖြစ်သည်။

မကြီးသည် အလေးပျက်စီးသွားသည်ကို စိတ်မကောင်းဖြစ်ရပေသည်။

သို့သော် သမီးဖြစ်သူကိုကြည့်ကာ မပြောရက်တော့သဖြင့် သူ့စိတ်ကိုပါ မျိုသိပ်ထားလိုက်ပြီးလျှင် သမီးကိုပါ ဖျောင်းဖျရတော့သည်။

"ကဲ ကဲ သမီးရယ် စိတ်မကောင်း ဖြစ်မနေပါနဲ့တော့။ ကျိုးသွားတော့လည်း မတတ်နိုင်ဘူးပေါ့။ ဒီတော့ ကျိုးသွားတဲ့ ၂ပိုင်းလုံးကို သွားချိန်ကြည့်စမ်း။ အလေးချိန် အပြည့်ပဲ ရှိသေးလား။ ကြားထဲက အစများ ပြတ်ထွက်သွားသေးသလား ဆိုတာကို သိရအောင်"

သမီးသည် အမေပြောသည့်အတိုင်း အလေး ၂ ပိုင်းကိုယူ၍ ချိန်ကြည့်ရာတွင် ၅ ကျပ်သားအတိပင် ရှိနေသော်လည်း တစ်ပိုင်းသည် အလေးချိန်ပို၍ တစ်ပိုင်းသည် အလေးချိန် နည်းနေသည်ကို တွေ့ရသည်။

ထို့ကြောင့် အလေးချိန်နည်းနေသော အပိုင်းဘက်မှ ငါးမူးသားတင်း၍ ချိန်ကြည့်လိုက်ရာတွင် အလေး ၂ ပိုင်းလုံး အလေးချိန်တူမျှသွားသည်ကို တွေ့ရ၍ အမေ့ကို အကျိုးအကြောင်း ပြောပြသည်။

အမေသည် သမီးစကားကို နားထောင်ပြီး "ဒါဖြင့်ရင် သမီးရယ်၊ အလေးဟာ ကြီးတဲ့အပိုင်းက အလေးချိန်ဘယ်လောက်ရှိပြီး သေးတဲ့အပိုင်းက အလေးချိန်ဘယ်လောက်ရှိတယ်ဆိုတာ အမေ့ ကိုပြောပါဦး" ဟုဆိုသည်။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

# (ဆ) ဆေးလိပ်ဝှက်ကြစို့

ကျောင်းသားလေး နှစ်ယောက် ဖြစ်ကြသော မောင်တိုးနှင့် မောင်မိုး တို့သည် တစ်ရပ်ကွက်ထဲ အတူနေ၊ အတန်းတူ၊ အသွားတူ၊ အပြန်တူဖြစ်သည့်အပြင် ဝါသနာတူချင်းလည်း ဖြစ်နေပြန်သဖြင့် ပို၍ ခင်မင်ကြသည်။

သူတို့အရွယ် အခြားသော ကလေးငယ်များဆိုလျှင် တန်းခုန်၊ ဘောကန်၊ ခွလေးပစ်နှင့် မျောက်ရှုံးအောင် ဆော့ကြသည်။ သူတို့ နှစ်ယောက်မူ ကြည့်လိုက်တိုင်း တပူးတွဲတွဲနှင့် တွတ်တွတ်ထိုးနေကြ သည်ကို ထာဝစဉ်တွေ့ရ၏။

တစ်နေ့ ကျောင်းပိတ်ရက် တစ်ရက်တွင်လည်း ထုံးစံအတိုင်း မောင်တိုးသည် မောင်မိုးတို့အိမ်နောက်ဘက်ရှိ မရန်းပင်ရိပ်အောက် သို့ မောင်မိုးနှင့် စကားပြောရန် ရောက်လာသည်။

"ဟေ့ သူငယ်ချင်း၊ မင်း နောက်ကျပါလား၊ ငါဖြင့် မင်းကို မျှော်နေတာ ကြာပြီ"

"အေးကွာ၊ လာခါနီးမှာမှ တို့အဘွားက ကွမ်းတစ်ဆုံလောက် ထောင်းပေးပါ ဆိုတာနဲ့ ကြာသွားတယ်"

"သြော် မင်းတို့အဘွားက သွားတစ်ချောင်းမှ မရှိတော့ဘဲ ကို။ ဒါကြောင့် ကွမ်းထောင်းစားရတာပေါ့နော်"

"အေးကွ၊ ဒီနေ့အဘွားကို ကွမ်းထောင်းပေးရင်း ပညာတစ်ခု အဘွားဆီက ရလာတယ်။ အဲဒါ မင်းကို ငါ ပညာစမ်းရဦးမယ်"

"လုပ်စမ်းပါဦးကွ၊ ဘာပညာလဲ"

"ဒီလိုကွ၊ ဒီပညာက မင်းဝမ်းထဲမှာရှိနေတဲ့ လျှို့ဝှက်ချက်ကို ပါ ဖော်ထုတ်မယ့် ပညာ"

"ကိုင်း မေးမှာဖြင့်လည်း မေးပါကွာ၊ မင်းကလည်း နာမဝိ သေသတွေ ထုတ်လုချည်လား"

"ဒါဖြင့် မေးမယ်နော်။ မေးမယ်ဆိုပေမဲ့ မမေးခင် မင်းကို ရှင်းပြထားဦးမှ။ မင်းမှာ ဥပမာ ဆေးလိပ် ၄ လိပ် ရှိတယ် ဆိုပါတော့။ အဲဒီဆေးလိပ် ၄ လိပ်ကို မင်း စိတ်ထဲမှာပဲ မင်း အမှတ်သညာနဲ့ မင်းမှတ်ထား။ အဲဒီ မှတ်ထားတဲ့အတိုင်း တစ်ယောက် ယောက်ဆီက မင်းကချေးယူထား။ ဥပမာ မင်းဆီမှာ ၂ လိပ်ရှိတယ်လို့ အမှတ်ထားရင် သူများဆီကလည်း ၂ လိပ်ချေး လိုက်။ ၂ လိပ်ပဲ ချေးယူရမယ်နော် ပိုမချေးရဘူး။

"ငါကလည်း မင်းအထဲမှာရှိတဲ့ ဆေးလိပ်ထဲကို ငါ့အရေ အတွက်နဲ့ ငါ ထပ်ထည့်ပေးမယ်။ ဒီတော့ မင်းဆီမှာရှိတာနဲ့ သူများဆီက ချေးယူထားတာနဲ့ ငါက ထပ်ပေးထားတာနဲ့ အားလုံးကို စုပေါင်းပြီးတော့ တစ်ဝက်တိတိကို ဘုန်းကြီးလှူလိုက်ကွာ။ ကျန်တဲ့ ဆေးလိပ်ထဲကနေပြီး စောစောက သူများဆီက ချေးယူထားတာကို ပြန်ပေးလိုက်ကွာ။ မင်းဆီမှာ ဆေးလိပ်ဘယ်နှလိပ်ကျန်တယ် ဆိုတာကို ငါ အတိအကျ ပြောနိုင်တယ်ကွ"

"အောင်မယ် တယ်ဟုတ်ပါလားကွ။ ဒီလိုဆို ငါ့လည်း သင်ပါဦးကွာ"

"ကဲ ကဲ ပြောနေရင် ကြာပါတယ်။ ငါ မင်းကို ဝှက်တော့ မယ်နော်။ မင်းစိတ်ထဲမှာ မင်း ကြိုက်သလို မင်းဆီမှာ ဆေးလိပ် ဘယ်နှလိပ်ရှိတယ်ဆိုတာကို မှတ်ထားလိုက်နော်။ မှတ်ပြီးပလား"

"မှတ်ပြီးပြီ"

"အေး မင်း မှတ်ထားသလောက် ဆေးလိပ် အရေအတွက် အတိုင်း သူများက ခဏချေးယူလိုက် ချေးယူပြီးလား"

"ချေးပြီးပြီ"

"ငါက မင်းကိုဆေးလိပ် ၈ လိပ် လက်ဆောင်ပေးမယ်။ မင်းဆီမှာရှိတဲ့ ဆေးလိပ်တွေနဲ့ စုပေါင်းထားလိုက်"

"အေး ပြီးပြီ"

"ဒါဖြင့်ရင် မင်းဆီမှာ အခုရှိတဲ့ ဆေးလိပ်အားလုံးရဲ့ တစ်ဝက်တိတိကို ဘုန်းကြီးကို လှူလိုက်ကွာ"

"လှူပြီးပြီ"

"လှူပြီးရင် စောစောက သူများဆီက ခဏချေးယူထားတာကို ပြန်ပေးလိုက်တော့"

"ပြီးပြီ"

"ဒီလိုဖြစ်ရင် မင်းဆီမှာ အခု ဆေးလိပ် ၄ လိပ်ပဲ ရှိတယ် မဟုတ်လား"

"အေး ဟုတ်တော့ ဟုတ်တယ်ကွ၊ ဒါပေမဲ့ ငါ့ဆီမှာ စောစောက ငါ မှတ်ထားတဲ့ ဆေးလိပ်ဟာ ဘယ်နှလိပ် ဆိုတာကို ပြောဦးမှပေါ့ကွ"

"ဩော် ဒါလား။ မင်းဆီမှာ မင်းမှတ်ထားတဲ့ ဆေးလိပ်ဟာ ပထမဆုံး ၄ လိပ်ရှိတယ်လေကွာ။ နောက်ထပ် သူများဆီက ချေးယူလိုက်တာက ၄ လိပ်လေကွာ။ ၈ လိပ် ရှိသွားပြီနော်။

"ငါက ၈ လိပ် လက်ဆောင်ပေးလိုက်တော့ မင်းဆီမှာ အားလုံး စုစုပေါင်း ၁၆ လိပ်ဖြစ်သွားတာပေါ့။ အဲဒီရဲ့ တစ်ဝက်ကို ကျောင်းလှူလိုက်တော့ မင်းဆီမှာ ၈ လိပ်ကျန်တယ် မဟုတ်လား။ အဲဒီ ၈ လိပ်ရှိတဲ့အထဲက မင်းစောစောက သူများဆီက ချေးယူထားတဲ့ ဆေးလိပ် ၄ လိပ်ကို ပြန်ပေးလိုက်ရင် မင်းဆီမှာ ၄ လိပ်ပဲ ကျန်တော့တာပေါ့ သူငယ်ချင်းရ"

မောင်မိုးသည် သူ့စိတ်ထဲတွင် မကျေမနပ် မရှင်းမလင်းနှင့် ခံစားနေရသည်။ သူငယ်ချင်း မောင်တိုး တွက်ချက်ပြသည်က လည်း ကျေနပ်ဖွယ်ရာပင်။ ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သား သားရှိလှသည်။

ဒါပေသည့် သူ့စိတ်ထဲတွင် အံ့သြနေသည်က မောင်တိုးသည် ဘာကြောင့်များ သူ့ဝမ်းထဲ ကျိတ်၍မှတ်ထားသည့် ဆေးလိပ်စာရင်းကို တိတိကျကျ သိထားရပါလိမ့်ဟု မောင်မိုး၏ ပညာကို ရယူလိုစိတ် ဖြစ်နေ၏။

"ကိုင်းကွာ မောင်မိုး။ ဒီတစ်ခါ ငါ ထပ်မှတ်ဦးမယ်။ မင်းပြောစမ်းကွာ"

မိမိ မှန်ကန်အောင် ပြောနိုင်သည်ကို မောင်တိုးက မကျေမနပ်နှင့် နောက်ထပ်တစ်ကြိမ် စမ်းသပ်လိုသေးသည့်ဟန် ဖြစ်နေသည်ကို မောင်မိုးက ရိပ်မိ၍ ပြုံးလိုက်သည်။

"ဒါဖြင့် မင်းဆီဘယ်လောက် ရှိတယ်ဆိုတာ မှတ်ကွာ"

"အေး မှတ်ပြီးပြီ"

"မင်းဆီမှာ မှတ်ထားသလောက် အရေအတွက်အတိုင်း သူများဆီက ခဏချေးယူလိုက်ကွာ"

"အေး ချေးယူပြီကွာ"

"ငါက မင်းကို ၁၂ လိပ် အပိုင်ပေးတယ်ကွာ"

"ငါ့ဆီမှာ စောစောက ရှိထားတာတွေနဲ့ ပေါင်းထားလိုက်ပြီကွာ"

"မင်းဆီမှာရှိတာရော၊ သူများဆီက ချေးယူထားတာရော၊ ငါကပေးတဲ့ ၁၂ လိပ်ကိုရော ရောပေါင်းပြီး အားလုံးအရေအတွက်ရဲ့ တစ်ဝက်တိတိကို လျှော့လိုက်ကွာ"

"လျှော့ပြီးပြီကွာ"

"လျှော့ပြီးရင် သူများဆီက ခဏချေးယူထားတာ ပြန်ပေးလိုက်"

"ပြန်ပေးလိုက်ပြီ"

"ဒါဖြင့်ရင် မင်းဆီမှာ ၆ လိပ်ပဲ ကျန်မယ်"

"မှားတယ်ကွာ။ ဒီတစ်ခါ မင်းမှားပြီ မောင်မိုး"

၂ ခါတိတိတော့ မောင်မိုး မမှန်နိုင်။ ပထမတစ်ခါ မှန်သွားသည်က ကြက်ကန်းဆန်အိုးတိုးမိသွားသလို ဖြစ်ရမည်ဟု အတတ်တွေးထားစဉ် ယခု လက်တွေ့တွင် မောင်မိုး မှားသွားသည်ကို သူမြင်၍ ဝမ်းသာအားရနှင့် အော်လိုက်၏။

မောင်တိုး ဝမ်းသာအားရနှင့် သံကုန်အော်လိုက်သည်ကို မောင်မိုးသည် မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ သူ့စိတ်ထဲတွင်လည်း သူက အမှန်ကိုပြောပါလျက် မောင်တိုးသည် "မှားတယ်၊ မှားတယ်" ဟု သံကုန်အော်နေသည်ကို သူ့ကို တမင်ညစ်တာဟု မခံချင် ဖြစ်သွားသည်။

"မင်း မညစ်ပါနဲ့ မောင်တိုးရယ်၊ ငါဖြေတာ မှန်သားနဲ့ ဘာဖြစ်လို့ မှားတယ်လို့ သံကုန်အော်နေတာလဲ၊ ငါပြောတာ မှားတယ်လို့ဆိုရင် ငါမေးမယ် မင်းပြော။ ကဲ၊ မင်း မှတ်ထားတာက ဘယ်လောက်လဲ ဆို"

"ငါ ပထမဆုံး မှတ်ထားတာက ၆ လိပ်လေကွာ"

"ကဲ ဒါဖြင့်ကောင်းပြီ။ မင်း သူများဆီက ချေးယူတာက မင်းမှာရှိသလောက်ပဲ ထပ်ချေးယူရမယ်ဆိုတော့ ၁၂ လိပ် ဖြစ်မနေလား"

"အေးလေ ၁၂ လိပ် ဖြစ်သွားတယ်လေ"

"ငါက မင်းကို ၁၂ လိပ် ထပ်ပေးလိုက်တော့ ၂၄ လိပ် ဖြစ်မသွားလား။ အဲဒီ ၂၄ လိပ်ကို တစ်ဝက်လှူလိုက်တော့ မင်းမှာ ၁၂ လိပ် မကျန်လား။ ကျန်တဲ့ ၁၂ လိပ်ထဲက မင်းချေးယူထားတဲ့ ၆ လိပ်ကို ပြန်ပေးလိုက်ရင် မင်းရဲ့လက်ထဲမှာ ၆ လိပ်ပဲ ကျန်တော့တာလည်း မဟုတ်လား။ ဒါ ငါမှားသလားကွ မောင်မိုးရ"

မောင်မိုး၏ အဖြေကြောင့် မောင်တိုးသည် ငိုင်ကျသွားသည်။ မောင်မိုး၏ ပညာကိုလည်း ချီးကျူးမိသည်။ သူလည်း သင်ယူလိုသည်။

"အေး ဟုတ်တယ်ကွာ။ ငါ လောကြီးပြီး အပေါင်းအနုတ် မှားသွားတာပါ မောင်မိုးရာ။ ငါ တမင်ညစ်တာ မဟုတ်ပါဘူး။ ငါ့ကိုလည်း မင်းပညာ သင်ပေးစမ်းပါကွာ။ မင်း ဘယ်လိုတွက်လို့ ငါ့ဆီမှာကျန်တဲ့ ဆေးလိပ်ကို သိတာလဲကွ။ ငါ့ကို နည်းပေးပါကွာ"

"မင်း လိုချင်ရင် နည်းကို ငါပြောပြမယ်။ အလွယ်ကလေး ပါကွ။ ငါက မင်းကို ထပ်ထည့်ပေးလိုက်တဲ့ အရေအတွက်ရဲ့ တစ်ဝက်ဟာ အဖြေပဲကွ။ ဒီတော့ ကိုယ်က သူများကို ထပ်ထည့် ပေးသမျှဟာ ခွဲဝေလို့ကောင်းအောင် ကိုယ်က သတိထားရမှာက ထပ်ထည့်တိုင်း ထပ်ထည့်တိုင်းဟာ 'စုံ' ဖြစ်နေပါစေ။ ဘယ်တော့မှ 'မ' မဖြစ်စေနဲ့။ ဒါကိုပဲ သတိပြု"

"သြော် ဒါကြောင့်ကိုး။ မင်း ပထမထည့်တုန်းက ၈ လိပ်ဆိုတော့ အဖြေဟာ ၄ လိပ်ဖြစ်တယ်။ နောက်တစ်ခါ ထပ်ဝှက်တော့ မင်းထည့်တာ ၁၂ လိပ်ဆိုတော့ ငါ့လက်ထဲကျန်တာ ၆ လိပ်ဖြစ်သွားတာကိုး။ သိပြီ သိပြီ သူငယ်ချင်း။ ကျေးဇူးပဲဟေ့၊ ငါလည်း မသိသေးတဲ့ လူတွေဆီ လျှောက်တွက်လိုက်ဦးမယ်"

* * *

## (၈) ငွေအိတ်ထဲမှာ မည်မျှပါ

ကြေးရတတ်မိဘများ၏ တစ်ဦးတည်းသောသား မောင်ပန်းဆီသည် ရည်းစားသနာ အလွန်များ၍ စန်းပွင့်သောသူတစ်ယောက် ဖြစ်သည်။ မောင်ပန်းဆီ မျက်စိကျသော မိန်းကလေးဆိုလျှင် ကြာကြာ မကြိုးစားလိုက်ရ။ မောင်ပန်းဆီ၏ အလိုကျဘဝသို့ မကြာမီ ရောက်ရသည်အထိ မောင်ပန်းဆီတစ်ယောက် စွံလှသည်။

ခုညနေမှာလည်း မောင်ပန်းဆီသည် မည်သည့်ရည်းစားအိမ် သွားမည်ဟု မသိရ။ မှန်ရှေ့တွင်ရပ်ကာ အလှတကြည့်ကြည့် မျက်နှာတသသ လုပ်နေသည်။

ပြီးလျှင် မောင်ပန်းဆီသည် စီးနေကျ အုန်းခွံရောင်တွင် နှာယောင်ကြား အဖြူစင်းပါသည့် မြင်းကြီးကို ကုန်းနှီးများပြင်ကာ စတိုင်ကျကျ တက်ထိုင်လိုက်သည်။ ပြီးလျှင် ညာဘက်ဖနောင့်နှင့် အသာတို့လိုက်ရုံမျှနှင့်ပင် ဇောင်းတော်ညိတ်လျှင် စိတ်တော်သိသော မြင်းကြီးသည် တစ်ရှိန်ထိုးပင် ခုန်ပေါက်၍ ထွက်သွားသည်။

"ဟော မောင်ကြီးပန်းဆီ လာပြီ"

အသက် ၁၈ နှစ်ခန့်ရှိ ဝဝကစ်ကစ်နှင့် ညိုချောကလေး တစ်ယောက်သည် မောင်ပန်းဆီ၏မြင်းကို အိမ်ခြေရင်းရှိ မှန်ကူပင် ကြီးအောက်သို့ ဆွဲခေါ်သွားပေးရင်း "မောင်ကြီးကလည်း နောက် ကျလိုက်တာ" ဟု ကျေနပ်ပြုံးကလေးနှင့် မောင်ပန်းဆီမျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ ပြောလိုက်သည်။

ချစ်သူနှစ်ဦးသည် စကားလက်ဆုံ ပြော၍မကုန်နိုင်အောင်ပင် သဖန်းသီးမှ ပိုးကောင်လို တွတ်တွတ်ထိုး၍ မဝနိုင်အောင် ရှိတော့ သည်။

"မောင်ကြီးနော် စပါးသိမ်းပြီးရင် တောင်းဖြစ်အောင် လာ တောင်းပါ။ နှမတော့ မောင်ကြီးနဲ့ တစ်နေ့နီးရနိုးနိုးနဲ့ မျှော်ကိုး လာခဲ့ရတာ စိတ်ဆင်းရဲလှပြီ မောင်ကြီးရယ်၊ ဘဘတို့ဆီ ပြောပြီး ဒီနွေမှာ အတူနေကြပါစို့"

"စိတ်ချနေပါကွယ်။ မောင်ကြီးက ပိုပြီး ကိစ္စပြီးချင်ပါ သေးတယ်။ အခုလို ခိုးကြောင်ခိုးဝှက်နဲ့ တွေ့တွေ့နေရတာကို တစ်ဆိတ်ကလေးမှ စိတ်မချမ်းသာပါဘူး။ မောင်ကြီးရဲ့ အသက်ဘူး ကလေးနဲ့လေ အမြဲတမ်း"

"တော်စမ်းပါ မောင်ကြီးရယ်။ ဒီစကားတွေကို ဟိုဘက်ရွာက ရွာခေါင်းကြီးသမီး ခင်သစ်တို့နဲ့တွေ့ရင်လည်း ပြောဖို့ချန်ထားပါဦး"

မောင်ပန်းဆီသည် အမှတ်တမဲ့မို့ မျက်နှာပျက်သွားသည်။ သို့သော် ရည်းစားများသော ယောကျ်ားတစ်ယောက်ပီပီ ဘာမျှမရိပ်မိသလို မျက်နှာကို ပြင်လိုက်သည်။

"မောင်ကြီးကို ဒီလောက် အထင်မသေးပါနဲ့ကွယ်။ ခင်သစ်ဆိုတာက မိဘတွေချင်း ရင်းနှီးကြတာမို့ ရိုးရိုးသားသား ထွက်နေဝင်နေတာပါ။ မောင်ကြီးဟာ တကယ်တော့ ယောကျ်ားတစ်ယောက်ပါကွယ်။ အတောင်နှစ်ဆယ်ဝတ် ဘုရားဆုပန်ထားတဲ့ မင်းယောကျ်ားပါ။ ကတိတည်ပါတယ်"

"အင်းပြောဦး။ 'စံပယ်ဆီ ရေနံ့ဖြစ်မှ မောင်ကြီးပစ်ပါ့မယ်' ဆိုတဲ့ လက်သုံးစကားကို။ ဒီလိုနဲ့ ယုံရတာပါပဲရှင်။ ဘယ်နှနှစ်ရှိပြီဆိုတာများလည်း အမှတ်ရသေးလား။ မောင်ကြီးကပြောတော့ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားတဲ့။ မောင်ကြီးတို့ ယောကျ်ားတွေ ခု အတောင်နှစ်ဆယ် မဝတ်ပါဘူး၊ လေးတောင်ဝတ်တွေပါ"

မောင်ပန်းဆီ၏ ရည်းစားများအနက် ယခုတွေ့ရသူ မိမိသည် အသက်အငယ်ဆုံးနှင့် အသွက်လုံး တာလုံး ခရာလုံးမကလေး ဖြစ်သည်။ မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် မောင်ပန်းဆီကို စကားအကောင်းမပြော။ ထေ့လုံးငေါ့လုံးကလေးများနှင့်သာ ညှော်ခံတတ်သည်။ ဒါကိုပင် မောင်ပန်းဆီက ပျော်သည်ဟု ထင်နေရသည်။

"ဒါဖြင့် ဘယ်ဟာကိုများ အတောင်နှစ်ဆယ်ဝတ်လို့ အမိကခေါ်မှာတုံးကွဲ့။ မောင်ကြီးကို ရှင်းပြပါဦး။ ရှင်းပြလို့ရောတတ်ရဲ့လား"

မောင်ပန်းဆီ၏ အမေးကို မိမိက ပြုံးလိုက်သည်။ "ဘာဖြစ်လို့ ရှင်းမပြတတ်ရမှာလဲ မောင်ကြီးရဲ့။ တစ်သက်လုံး ရက်ကန်းခတ်ရလို့ ဒီအတောင်နှစ်ဆယ်ကို မသိဘဲနေပါ့မလား။

"အတောင်နှစ်ဆယ်ဝတ် အတောင်နှစ်ဆယ်ဝတ်နဲ့ မောင်ကြီးတို့ ယောကျ်ားတွေက အင်မတန် အသားယူချင်ကြတယ်။ တကယ်တော့ ဒီစကားဟာ ရက်ကန်းစကားပါ။ ရက်ကန်းမှာ အတောင်နှစ်ဆယ်ရှိတဲ့ချည်ကို ရက်လိုက်တော့ ၁၈ တောင်ပဲအသားတင်တယ်။ အဲဒီတင်တဲ့ ၁၈ တောင်ကို တစ်ခါ ၂ နံစပ်လိုက်တော့ ၉ တောင်ရှိတဲ့ ပုဆိုးတစ်အုပ်ရယ်လို့ ခေါ်ပါတယ်။

"ခု မောင်ကြီးတို့ဝတ်ထားတာက လေးတောင့်ထွာပဲရှိတဲ့ 'လုံချည်' လို့ခေါ်တယ်။ ဘယ်မလဲ ပုဆိုးကို မောင်ကြီးတို့ဝတ်လို့လား"

မောင်ပန်းဆီက ပြုံးလိုက်သည်။ စကားတတ်ကလေး မိမိကို ကြည့်ရသည်မှာ ကလေးငယ်တစ်ယောက်လိုလို၊ လူကြီးတစ်ယောက်လိုလိုနှင့် ချစ်စရာ တစ်မျိုးကောင်းနေသည်ဟု ထင်သည်။

"တတ်လှချည်လား အမိလေးရယ်။ အမိလေး ဒီလောက် ဗဟုသုတ ကြွယ်ဝနေမှန်း မောင်ကြီး အစက မသိပါလား။ ကိုင်း ကိုင်း မောင်ကြီးလည်း အချိန်နည်းပြီ။ ပြန်ဦးမှ။ တော်ကြာ အမိရဲ့ ဘဘတွေအပြန်နဲ့ ဆုံနေမှ ခက်နေပါဦးမယ်။ မောင်ကြီး ပြန်မယ်နော် မိ"

မိမိသည် ခေါင်းညိတ်ပြလိုက်ရင်း "နေဦးနော် မောင်ကြီး ခဏကလေး" ဟုဆိုကာ အိမ်အတွင်းခန်းဆီသို့ ပြေးဝင်သွားသည်။

မကြာခင် မိမိလက်ထဲတွင် တစုံတစ်ခုကို ကိုင်လာပြီးလျှင် မောင်ပန်းဆီ၏ အင်္ကျီအိတ်ထဲတွင် ပါလာသည့် ငွေများကို ထုတ်၍ ရေတွက်ကြည့်လိုက်ပြီးသည့်နောက် "ဒီမှာနော် မောင်ကြီး။

မောင်ကြီးအိတ်ထဲမှာရှိတဲ့ ငွေနဲ့ ဆတူကို မိမိ ထပ်ထည့်ပေးလိုက်တယ်။ လမ်းမှာ လိုလိုမည်မည် သုံးရအောင်” ဟုဆိုကာ သူ့လက်ထဲတွင် ပါလာသည့်ငွေများကို မောင်ပန်းဆီ၏ အိတ်ထဲသို့ ထည့်ပေးလိုက်လေသည်။

မောင်ပန်းဆီသည် မိမိကို နှုတ်ဆက်၍ မြင်းပေါ်သို့အရောက်တွင် မိမိ၏ အိမ်ဝင်းကိုစောင့်ရသော အဘိုးကြီးကိုတွေ့၍ သူ့အိတ်ထဲမှ ငွေတစ်ကျပ်ကို ထုတ်ယူပြီး အဘိုးကြီးကို ပေးခဲ့သည်။

ခင်သစ်တို့အိမ်သို့ မောင်ပန်းဆီ ရောက်သောအချိန်တွင် လထွက်နေပေပြီ။ လရောင်ဖြာဆင်းနေသော အိမ်ရှေ့ ကပြင်စွန်းတွင် ခင်သစ်သည် သနပ်ခါးအဖွေးသားနှင့် ချည်ငင်နေသည်။

“လာ လာ ကိုပန်းဆီ။ အဘတို့လည်း ခုတင် ကျောင်းဘုန်းကြီး ကောင်းကောင်း နေမကောင်းလှဘူးဆိုလို့ သွားကြလေရဲ့။ ထိုင်ဦးနော်။ ခင်သစ် ရေနွေးယူချည်ဦးမယ်”

ခင်သစ်သည် လက်ထဲတွင် ကိုင်ထားသည့် ချည်ငင်နေဆဲ ဗိုင်းတောင့်ကို အသာချထားလိုက်ကာ ရေနွေးယူရန် ထလိုက်သည်။

“အို နေစမ်းပါ သစ်သစ်ရဲ့။ ရေနွေးသောက်ချင်လို့ ကိုပန်းဆီ လာတာမှ မဟုတ်ပါပဲ။ ဟောဒီ စံပယ်ပွင့်ကလေးနဲ့ တွေ့ချင်လို့ လာတယ်ဆိုတာကို အသိသားနဲ့”

“အို... ကိုပန်းဆီ၊ မတော်တဆ ကလေးတွေ မြင်သွားပါ့မယ်၊ ရေနွေးမသောက်ချင်ရင် သစ်သစ်သွားမယူပါဘူး။ ဒီမှာပဲ ထိုင်နေပါ့မယ်”

သစ်သစ်သည် ပါးစပ်မှ ကိုပန်းဆီကို တားမြစ်လိုက်ပေသည့် သူ့မျက်နှာလေးက ကျေနပ်သည့်အသွင်ဖြင့် ပြုံးနေသည်။ ဒါကို မကျမ်းကျေသူ ကိုပန်းဆီက ရိပ်မိလိုက်သည်။

“သစ်သစ်ကဲ့ ‘ဒီခနဲပျံ ပိတုန်းသံ၊ ဝဲခနဲကျ ရွှေလင်းတ’ ဆိုတာ ဘာလဲဟင်၊ သစ်သစ်သိရင် ဖြေစမ်းပါ”

"ကိုပန်းဆီ တကယ်မသိလို့ မေးတာလားဟင်"

"တကယ်မသိလို့ မေးတာပါ သစ်သစ်ရဲ့"

"တကယ်မသိဘူးဆိုရင် သစ်သစ် ဖြေပြမယ်။ နားထောင်နော် ကိုပန်းဆီ"

နှစ်ဆယ်ကျော် အစိတ်ပိုင်း၊ အရွယ်တော် တစ်ဆိတ်ဟိုင်းပြီ ဖြစ်သော ခင်သစ်သည် မိမိလို မြူးပျံကြွနေအောင် မသွက်ပေသည့် လူကြီးပီပီ သိက္ခာရှိရှိနှင့် ပြောဟန်ဆိုဟန်သည် တစ်မျိုးကျက်သရေရှိလှသည်ဟု ကိုပန်းဆီက တွေးနေမိသည်။

"အဖြေအတိုကတော့ ဟောဒီ သစ်သစ်လက်ထဲ ကိုင်ထားတဲ့ ချည်ငင်တာကို ဝှက်တာပဲ ကိုပန်းဆီရဲ့။ 'ဒီကနဲပျံ'ဆိုတာက ဟောဒီ သစ်သစ်ရဲ့ ဘယ်လက်နဲ့ရစ်ဘီးကို လှည့်လိုက်တဲ့အခါမှာ သစ်သစ်ရဲ့ ညာလက်ကကိုင်ထားတဲ့ ဗိုင်းတောင့်ကနေပြီး ချည်က လာရတယ် မဟုတ်လား။

"အဲဒီအခါမှာ ရစ်ဘီးဟာ မြန်မြန်လှည့်ရင် ဒီ ဒီ ဒီလို့ အဆက်မပြတ် မြည်လာတဲ့အသံဟာ ပိတုန်းသံနဲ့တူနေတယ် မဟုတ်လား။ ပြီးတော့ ချည်ကို ညာလက်နဲ့ကိုင်ထားပြီး ဆွဲလိုက်တဲ့အခါမှာ ကျွမ်းကျင်ရင် ကျွမ်းကျင်သလို ချည်မျှင်ဟာ ဝဲခနဲ ဝဲခနဲ ဖြာဖြာပြီး ကျလာလိုက် တက်သွားလိုက်နဲ့ ဖြစ်နေပုံဟာ ရွှေလင်းတ ပျံဝဲနေတာနဲ့တူလို့ 'ဝဲခနဲကျ ရွှေလင်းတ' လို့ ဝှက်ထားတာပါ။ ရှင်းတယ်မဟုတ်လား ကိုပန်းဆီ၊ သစ်သစ်ပြောတာ"

"ရှင်းပါတယ်ဗျာ၊ သစ်သစ် ပြောလိုက်မှဖြင့်"

မောင်ပန်းဆီ ခင်သစ်ဆီမှ ပြန်ထွက်လာသော အချိန်တွင် သူငယ်တိတ်ဆိတ်ချိန်ဖြစ်သည်။ မောင်ပန်းဆီက ချစ်သူတို့ဘာဝ ထွေထွေရာရာလေးများကို တွတ်တွတ်တီတီ ပြောနေချင်သေးသည်။

ပြန်လိုချင်စိတ် လုံးလုံးမရှိသေး။ ဒါပေသည့် မောင်ပန်းဆီကို ချစ်သော ခင်သစ်၏ မောင်ကလေးက "အစ်ကိုပန်းဆီ၊ ကျွန်တော်တို့ အစ်ကိုကြီး လာနေတယ်ဗျ" ဟုပြောလာ၍သာ ထပြန်လာရသည်။ ခင်သစ်တို့ အစ်ကိုကြီးသည် မောင်ပန်းဆီ ခုလို ဝင်ထွက်နေသည်ကို သဘောမကျလှသူ ဖြစ်သည်။

မောင်ပန်းဆီသည် မထချင် ထချင်နှင့် "ကိုင်း၊ သစ်သစ်ရေ ကိုပန်းဆီ ပြန်ဦးမှ။ တော်ကြာ သစ်သစ်ရဲ့ အစ်ကိုကြီး ဒေါသကုမ္မာရ နဲ့ ဆုံနေမှာ စိုးရတယ်။ မပိုင်ခင်တော့ နေနှင့်ပေဦးပေါ့ ယောက် ဖရယ်" ဟုရွတ်လိုက်သည်ကို သစ်သစ်သည် မျက်စောင်းလေးနှင့် ချိတ်ရင်း ပြုံးလိုက်သည်။

"မှန်းပါဦး၊ ကိုပန်းဆီ့အိတ်ထဲ ငွေဘယ်လောက်များ ပါခဲ့ သလဲလို့"

သစ်သစ်သည် ကိုပန်းဆီအိတ်ထဲမှ ငွေများကို ရေတွက်၍ ကြည့်ကာ သူ့အိတ်ထဲမှ ငွေများကိုလည်း ထုတ်၍ ရေတွက်ကြည့် လိုက်ပြန်သည်။

"ကိုပန်းဆီ လမ်းဝယ်ချင်တာရှိ ဝယ်ရအောင် သစ်သစ် ငွေထည့်ပေးလိုက်မယ်နော်"

ခင်သစ်သည် ပြောပြောဆိုဆိုနှင့်ပင် ကိုပန်းဆီ၏ အင်္ကျီအိတ် ထဲသို့ ငွေတွေထည့်ပေးသည်။

"အို... သစ်သစ်ရဲ့ နေပါစေ။ ကိုပန်းဆီမှာ ငွေရှိပါသေး တယ်။ မထည့်ပါနဲ့တော့"

"မများပါဘူး။ ကိုပန်းဆီ အိတ်ထဲရှိတာနဲ့ ဆတူပဲ ထည့် ပေးလိုက်တာပါ။ မတော် လမ်းမှာ ငွေကုန်သွားမှာစိုးလို့ပါ"

မောင်ပန်းဆီသည် ခင်သစ်၏မောင်ကလေး မုန့်ဝယ်စားစေ ရန် သူ့အိတ်ထဲမှ ငွေတစ်ကျပ် ထုတ်၍ ပေးခဲ့ပြီးသည့်နောက်တွင်

မြင်းကို ကဆုန်စိုင်းကာ အပျိုကြီးပိုင်သို့ ရောက်နေပြီဖြစ်သော မမစောတို့ရွာဆီသို့ ကပျာကသီ ရောက်ခဲ့ပြန်လေသည်။

မမစောဆိုသည်မှာ ရွာ၏ မျက်နှာဖုံး ပန်းတောင်ကိုင်ခဲ့ရသည့် တစ်ချိန်က မိန်းမလှကလေးဖြစ်ခဲ့သည်။ မမစောမှာ ရုပ်ကလည်းလှ အပြောကလည်း ကျ၍ ဘုန်းကြီးကြိုက်၊ မင်းကြိုက်၊ ကာလသားများနှင့် လားလားမှ မထိုက်ဟု စာဖွဲ့ရလောက်သူဖြစ်သည်။

မောင်ပန်းဆီ ရောက်သွားချိန်၌ လပင် မြင့်လှလေပြီ။ မမစောသည် မိဘအိုများအတွက် အိပ်ရာများ ခင်းကျင်းပြင်ဆင်ထားခဲ့ပေးကာ ရက်ကန်းစင်သို့ ရောက်နေလေပြီဖြစ်၍ မောင်ပန်းဆီသည် မမစောရှိရာ လိုက်သွားကာ မမစောနှင့် ဘေးချင်းကပ်ထိုင်လိုက်သည်။

"ဘယ့်နှယ် ကိုလူပျို၊ ဘယ်က လှည့်လာသတုံး။ မိုးချုပ်လှပါပကောလား"

"လုပ်တော့မယ်၊ မမစောနော် မမစောဆီကို လာချင်လို့လာတာပေါ့ဗျ။ မမစော မျက်နှာကို မြင်ချင်လို့ လာတာပေါ့ဗျ။ ဘယ်ကများ လှည့်လာရဦးမှာတဲ့လဲ"

မောင်ပန်းဆီ၏ အဖြေကို မမစောက သဘောတွေ့သွားဟန် ဖြင့် တခစ်ခစ် ရယ်နေလေသည်။

"မမစော၊ ဘကြီးတို့က မမစောကို မြောက်ရွာက ကိုရေချမ်း ကြီးနဲ့ နေရာချပေးမလို့ဆို။ ဟုတ်လား"

"ဟယ်... ကြံကြီးစည်ရာ၊ ကိုရေချမ်းလိုဟာကို ငါက စိတ်မကူးသေးဘူး၊ ဝေးသေးတယ်"

မမစောက ခါးခါးသီးသီးနှင့် ကိုရေချမ်းလို လူကို သဘောမတွေ့သည့်ဟန်နှင့် ပြောလိုက်သည်။

"အဲဒါတွေ ခက်တာနော်။ မမစောတို့ အပျိုကြီးတွေ တော်ကြာ ရတာမလို လိုတာမရ အပျိုကြီးဘဝနဲ့ အရိုးမထုတ်နိုင်လို့ အကျပ်တွေ့နေပါဦးမယ်"

"မမစောတို့ အပျိုကြီးတွေရဲ့ ဘဝဟာလေ ဟောဒီ မမစော ရက်နေတဲ့ ရက်ကန်းသံအတိုင်းပဲ။ ရက်ကန်းအသံဟာလည်း သေသေချာချာ နားထောင်ကြည့်ရင် ညဉ့်ဦးပိုင်း အသံရယ်၊ ညဉ့်လယ်ပိုင်းရယ်၊ ညဉ့်နက်ပိုင်းရယ်ဟာ အသံချင်း မတူကြဘူး။ သိလား မမစော"

"မသိပါဘူးကွယ်။ မင်းပဲ ကတ်သီးကတ်သတ် စပ်စပ်စုစု နားထောင်တတ်ပလေတယ် မောင်ပန်းဆီရယ်၊ ကဲ ပြောစမ်းပါဦး ရက်ကန်းခတ်တဲ့အသံနဲ့ မမစောတို့ အပျိုကြီးတွေဘဝနဲ့ ဘယ်လိုများ သက်ဆိုင်လို့လဲ"

"ဒီလိုလေ မမစောရဲ့၊ ညဉ့်ဦးပိုင်းဆိုတော့ မမစောတို့မှာ လည်း အားအင်က မကုန်သေးတော့ တက်တက်ကြွကြွနဲ့ ရက်ကန်းကို သွက်သွက်ခတ်ပြီး အင်စိုက်အားစိုက် လုပ်နိုင်လေတော့ ရက်ကန်း အသံဟာ ဘယ်လိုထွက်လာသလဲဆိုရင် 'သာမှယူမယ်၊ သာမှယူမယ်' နဲ့ လောလောပြီး ထွက်လာတယ်။

"ညဉ့်လယ်ရောက်ကျလာတော့ ညော့်သည်ကလည်ပြန် လူကလည်း နည်းနည်းမောလာပြီဆိုတော့ ခြေရောလက်ပါမသွက်ချင် လှတော့ဘူး။ ဒီတော့ ရက်ကန်းသံက ဘယ်လိုပေါ်လာသလဲဆိုရင် 'တူရင်ယူမယ် တူရင်ယူမယ်' လို့ ခပ်လေးလေး ထွက်လာတယ်။

"ညဉ့်နက်ပိုင်းလည်းကျရော လူကလည်း အိပ်ချင်လာပြီ။ ညောင်းကလည်း ညောင်းလာပြီ။ တစ်ရွာလုံးလည်း တိတ်ဆိတ်နေပြီ ဆိုတော့ ပျင်းတာရော ပင်ပန်းတာပါ ရောလာပြီး ရက်ကန်းအသံဟာ

က 'မတူလည်းယူ တူလည်းယူ၊ မတူလည်းယူ တူလည်ယူ' ဆိုပြီး လေးလေးတွဲ့တွဲ့ကြီးနဲ့ မလှုပ်တစ်ချက် လှုပ်တစ်ချက် ထွက်လာတယ်လေ။ အဲဒါ မမစောတို့ကို အပျိုကြီးတွေရဲ့ ဘဝနဲ့ မတူဘူးလားလို့ ပြောလေ"

မမစောသည် မောင်ပန်းဆီ၏ ဟာသနှောနေသည့် အပြောကို သဘောကျလွန်း၍ မျက်လုံးများ ပိတ်မတတ်ပင် ရယ်မိတော့သည်။

"အမယ်လေး တတ်လည်းတတ်နိုင်ပေ့ မောင်ပန်းဆီ" ဟု မမစောသည် မောင်ပန်းဆီ၏ ကျောကိုထုရင်း ရက်ကန်းစင်ကို ခေတ္တရပ်ထားလိုက်သည်။

ဒါတွေကြောင့်လည်း မောင်ပန်းဆီတစ်ယောက်ကို မမစောမှာ သံယောဇဉ် တွယ်တာရလွန်းသည်ဟုထင်သည်။ မောင်ပန်းဆီမို့ မလာတာ ကြာပြီဆိုလျှင်လည်း သူ့မှာ လူကြုံနှင့် မှာရသည်မှာ အမော။

လသည် တဖြည်းဖြည်း မြင့်ရာမှ ဝင်ချိန်ရောက်နေပေပြီ။ မမစောတို့ ခြံထောင့်မှာ စိုက်ထားသည့် ယုဇနပန်းချုံနှင့် ဆိပ်ဖလူးပန်းရုံမှ သင်းပျံ့ပျံ့ ရနံ့များသည် သူတို့နှစ်ဦးလုံးကို ထွေးပိုက်လာသည်။

"ကဲ၊ အချိန်နည်းပြီ မောင်ပန်းဆီရေ ပြန်ပေဦး၊ တော်ကြာ လမိုက်သွားတော့ရင် မြွေပါး ကင်းပါးရန်က တစ်မျိုးစိုးရိမ်ရသေးတယ်"

မမစောက နှင်၍သာပြန်ရမည်။ ပြန်ချင်ပုံ မပေါ်သေးသည့်ဟန်ဖြင့် မောင်ပန်းဆီသည် မမစော အနားမှာ ထိုင်နေရာမှ ခပ်လေးလေး ထလိုက်ရင်း လက်တစ်ဖက်က မမစောမျက်နှာရှေ့ ဖြန့်ပြလိုက်သည်။

"လာပြီ၊ သူပြန်ရင် မမစောဆီက မရဘဲကို မကျေနပ်ဘူးထင်တယ်"

မမစောသည် ပြောပြောဆိုဆိုနှင့်ပင် အကျောနပ်ကြီး ကျေနပ်လျက် မောင်ပန်းဆီ တောင်းသည်ကို ပေးရန် သူ့အင်္ကျီအတွင်းအိတ်ကို နှိုက်ကြည့်လိုက်၏။ ထို့နောက် မောင်ပန်းဆီ အိတ်ထဲတွင် ပါလာသော ငွေများကို နှိုက်ယူ၍ ကြည့်လိုက်သည်။

"ဒီမှာနော်၊ တော်တော်ကြာ မမစောကို စကားနာ ထိုးမနေနဲ့ဦး၊ နည်းသလေး၊ များသလေး၊ ကပ်စေးနဲ့သလေးနဲ့၊ ဟောဒီမှာကြည့်၊ မင်းအိတ်ထဲပါတဲ့ ငွေအတိုင်း မမစော ထပ်ထည့်ပေးလိုက်လေရဲ့"

မောင်ပန်းဆီသည် ချစ်သောသူများနှင့် တွေ့ဆုံပြီးပြီမို့ အပြန်ခရီးက ပိုသွက်လာသည်ဟု ထင်၏။ မမစောတို့ ခြံဝမှ အထွက်တွင် ဝင်းတံခါးကို ပိတ်နေကျ အဘိုးကြီးသည် မောင်ပန်းဆီ၏ မြင်းကို ဆွဲ၍ယူလာကာ လိုက်ပို့ပေးသည်။ မောင်ပန်းဆီသည် အဘိုးကြီး လက်ထဲမှ မြင်းဇက်ကြိုးကို လှမ်း၍ယူလိုက်ပြီးသည့်နောက် ထုံးစံအတိုင်း ခြံစောင့်အဘိုးကြီးကို ငွေ 'တစ်ကျပ်'ပေးခဲ့ပြန်၏။

အချိန်ကလည်း ကုန်သွားပေပြီ။ လူကလည်း ပင်ပန်းလာပြီဖြစ်၍ နွမ်းလှလေပြီ။ မောင်ပန်းဆီ အိမ်ပြန်ရောက်သော အချိန်သည် လရောင်ပျောက်ပြီဖြစ်၍ ကြယ်ရောင်သာ ပေါက်တော့ပြီ။

မောင်ပန်းဆီသည် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် အိပ်ချလိုက်ပြီးသည့်နောက်တွင် ချစ်သောသူများနှင့် ပြောခဲ့သမျှ ကြည်နူးခဲ့ရသမျှကို ပြန်ပြောင်း၍ တွေးလိုက်မိသည်။

သူ့အပေါ်တွင် သံယောဇဉ်ကြီးကြရှာသူ အမျိုးသမီးများ၏ အဖြစ်သည် စိတ်ကူးထဲတွင် တရေးရေးနှင့် ပေါ်လာရင်း မောင်ပန်းဆီသည် သူ၏အင်္ကျီအိတ်ကို နှိုက်လိုက်သည်။

သို့သော် ချစ်သောသူများက သူ၏ အိတ်ထဲသို့ လမ်းတွင် အလွယ်သုံးရန်ဟုဆိုကာ သူ့အိတ်ထဲမှ ရှိရင်းစွဲငွေနှင့်ဆတူ ထည့်

ပေးလိုက်ကြသည်ဆိုသော ငွေများသည် သူ့အိတ်ထဲတွင် တစ်ပြား တစ်ချပ်မှ မရှိတော့။

မောင်ပန်းဆီသည် အိပ်နေရာမှ ထထိုင်လိုက်သည်။ 'မိမိ' က လည်း သူ့အိတ်ထဲရှိ ငွေနှင့်ဆတူ ထည့်ပေးလိုက်ဟုဆို၏။ ထိုငွေများထဲမှ ကိုပန်းဆီသည် မိမိတို့၏ ခြံဝင်းကို စောင့်သော အဘိုးကြီးအား တစ်ကျပ် ပေးခဲ့သည်ကို အမှတ်ရလိုက်သည်။

ထိုမှဆက်၍ ခင်သစ်ဆီ ရောက်သွားရာတွင်လည်း ခင်သစ် သည် သူ့အိတ်ထဲရှိ ငွေနှင့်ဆတူ ထပ်ထည့်ပေးလိုက်ပြန်သည်။ ထိုငွေများအနက် တစ်ကျပ်ကို ခင်သစ်၏ မောင်လေးအား မုန့်ဖိုးပေး ခဲ့သည်။

မမစောကလည်း မောင်ပန်းဆီအိတ်ထဲရှိ ငွေများကို ရေတွက် ကြည့်ရာမှ အိတ်ထဲရှိ ငွေနှင့်ဆတူ ထည့်ပေးလိုက်ပြန်သည်ဆို၏။ ထိုငွေများထဲမှပင် မောင်ပန်းဆီသည် မမစောတို့ ခြံစောင့်အား တစ်ကျပ် ဈေးသုံးပေးခဲ့ပြန်သည်။

ယခု စမ်းသပ်ကြည့်ရာတွင် မောင်ပန်းဆီသည် သူ့အိတ် ထဲတွင် ငွေတစ်ပြားမှ ပါမလာသည့်အဖြစ်ကို မြင်လိုက်ရ၍ အံ့သြသွားမိ၏။

အိမ်မှအထွက်တွင် မောင်ပန်းဆီသည် သူ့အိတ်ထဲသို့ စမ်းကြည့်လိုက်မိစဉ်က ငွေပါသင့်သလောက် ပါသွားသည်ကို အမှတ်ရမိသည်။

ဤအတိုင်းဆိုလျှင် သူသည် အမှတ်တရအားဖြင့် သုံးခဲ့မိ သည်မှာ သူတစ်ပါးအား ပေးခဲ့သော ငွေ ၃ ကျပ်သာ ရှိသည်ဖြစ်၍ သူ၏အိတ်ထဲသို့ အိမ်မှ ငွေမည်မျှပါသွားသည်ကို သိလိုသည်။ တစ်ညလုံး အိပ်မပျော်မချင်း သူ၏အိတ်ထဲမှ ပါသွားသည့် ငွေစာ ရင်း အတိအကျကို မောင်ပန်းဆီသည် တွေးနေလေသည်။

**ယနေ့မန္တလေး စာအုပ်တိုက်**

မောင်ပန်းဆီတို့၏ ခေတ်သည် ကျပ်၊ ပဲ၊ ပိုင် သုံးသော ခေတ် ဖြစ်လေသည်။ တစ်ကျပ်လျှင် ဆယ့်ခြောက်ပဲရှိ၍ တစ်ပဲလျှင် လေးပြားရှိကာ တစ်ပြားလျှင် သုံးပိုင် သုံးသောကာလဖြစ်၍ ပိုက်ဆံတစ်ပြားလျှင် ဆေးလိပ်နှစ်လိပ်သောက်ရသော ငွေတန်ဖိုးမြင့်သည့်အချိန် ဖြစ်လေသည်။

မောင်ပန်းဆီ၏ အိတ်ထဲသို့ အိမ်မှ ငွေမည်မျှ ပါသွားသည်ကို သူတို့ခေတ်သုံးငွေနှင့် ပိုင်းဝန်း၍ တွက်ကြည့်ကြစို့။

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်–ရှု]**

* * *

## (၅၂) အဝေရခက်သော ဆီ

"ရွာထိပ် လမ်းဆုံလမ်းခွ ဇရပ်ကလေးမှာ မိန်းမနှစ်ယောက် ဆီဝေပုံ မတည့်လို့ ရန်ဖြစ်နေကြသတဲ့" ဟူသော သတင်းသည် ဒွေးလေးဘုတို့ တစ်ရွာလုံးကို ပျံ့နှံ့လာလေသည်။

ဒွေးလေးဘုသည်ပင်လျှင် ဘယ်လိုဖြစ်ကြတာပါလိမ့်ဟု လမ်းခွဲဇရပ်ကလေးသို့ ပြေးသွားမိကာ စုံစမ်းရေး လုပ်မိသည်။ ဆီအဝေမတည့်သူ အမျိုးသမီးနှစ်ယောက်၏ အဖြစ်သနစ်ကို ဒွေးလေးဘု အကုန်သိပြီးသောအခါတွင် သူတို့အဖြစ်သည် ဒွေလေးဘု ရွာထဲတွင် ကြားခဲ့ရသည့်အတိုင်း ဆီအဝေမတည့်သည်မဟုတ်။ ဆီ အဝေရ ခက်နေခြင်းသည်သာ ဖြစ်နေသည်ကို တွေ့ရ၏။

အမျိုးသမီးနှစ်ယောက်ကား တစ်ရွာစီနေကြသော မရွှေဆိုသူ နှင့် မငွေဆိုသူတို့ ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် အရင်းစပ်တူ နှင့် မြေပဲ၊ နှမ်းများဝယ်ကာ ဆီကြိတ်၍ လှည့်လည်ရောင်းချ ကြသည့် ဆီသည်များ ဖြစ်ကြသည်။

ဤနေ့တွင်မှ တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေဖြစ်ကြကာ ရွာအရောက် ဆီအကုန် မစောင့်ဆိုင်းနိုင်ကြတော့ဘဲ ဤ

လမ်းခွဲမှာပင် ထိုင်၍ သူတို့နှစ်ဦးလုံး ပိုင်ဆိုင်သော ဆီပုံးထဲမှ ဆီအချိန် ၁၀ ပိဿာကို တစ်ယောက်လျှင် ၅ ပိဿာကျစီဖြင့် ခွဲယူကြတော့မည်ဟု ဖြစ်နေကြသည်။

သို့သော် သူတို့နှစ်ဦးတွင် အခက်တွေ့နေရသည်က ပုံးထဲ တွင် ပါလာသည့် ဆီအချိန်တစ်ဆယ်ကို ၅ ပိဿာစီ ခွဲယူရန်သည် သူတို့၌ ၇ ပိဿာဝင် အိုးတစ်လုံးနှင့် ၃ ပိဿာဝင် ပုံးတစ်လုံးသာ ပါလာသည်ဖြစ်၍ တစ်ယောက်လျှင် ၅ ပိဿာစီရရန် မည်သို့မည်ပုံ ချိန်ထုတ်ယူရမည်ကို မကြံတတ် မစည်တတ် ဖြစ်နေစဉ် အချင်းချင်း ဆူပူအော်ဟစ်၍ ရန်ဖြစ်နေကြခြင်းဖြစ်သည်။

မရွှေက ဒီဆီကို ကုန်သွားသည်အထိရောင်းပြီးမှ စာရင်းရှင်း ကြရန်ကို ပြောသည်။ ထိုအချက်ကို မငွေသည် လုံးဝလက်ခံခြင်း မပြု။ နောင်လာမည့် အချိန်ကို နည်းနည်းမှမလိုချင်။ မရွှေ၏ မျက်နှာကိုလည်း မကြည့်ချင်တော့။ ဤနေရာမှာပင် အပြတ်ရှင်းချင် သည်ဟု ဇွတ်ပြောနေသည်။

တစ်စတစ်စနှင့် သူတို့နှစ်ဦး ငြင်းခုန်နေကြသည့် ဇရပ်ကလေး သို့ ရွာထဲမှ လူများ စုစုဝေးဝေး ရောက်လာကြသည်။ သူတို့ နှစ်ယောက်လုံးကိုလည်း တစ်ရွာလုံးက သိကြသည်ဖြစ်၍ အချင်းချင်း ကျေအေးကြရန်ကို ဖျန်ဖြေတောင်းပန်ပေးကြသည်။

ဒါပေသည့် မငွေသည် ဘူးဆိုလျှင် ဖရုံမသီးဟူသော သဘောနှင့် တမာပင်အောက်မှာသီးသည့် ကြက်ဟင်းခါးသီးပမာ ခါးခါးသီးသီးပင် ခေါင်းတခါခါနှင့် ဖြစ်နေ၏။

သူတို့နှစ်ဦး၏ရှေ့တွင် အချိန်တစ်ဆယ်ဝင် ဆီပုံး တစ်ပုံးသည် ၇ ပိဿာဝင် အိုးတစ်လုံးနှင့် ၃ ပိဿာဝင် ပုံး တစ်လုံးကို ခြံရံကာ စုဝေးနေကြ၏။

မည်သို့ပင် စပ်ကြားမှနေ၍ စေ့စပ်ကြပေသည့် စိတ်မကျေပွဲ ဖြစ်နေသည့် မငွေသည် သူကိုယ်တိုင်ကလည်း ဤပုံးထဲမှ ဆီကို

၅ ပိဿာခွဲယူရန်အတွက် မည်သို့မျှ မချိန်တတ် မတွယ်တတ် မယူတတ်နှင့် အခက်အခဲတွေ့နေ၍ စိတ်တိုကာ ပတ်ဝန်းကျင်တွင် ဝိုင်းအုံရောက်နေကြသည့် ရွာသူ ရွာသားများထဲသို့ ဆီကို ၅ ပိဿာစီ ခွဲယူချိန်ပေးတတ်သူများ ရှိလိမ့်မည်လားဟု ကြည့်လိုက်သည်။

ဒွေးလေးဘုသည် သူတို့နှစ်ဦး၏ အခက်အခဲကိုတွေ့၍ ကူညီလိုသည်။ ထို့ကြောင့် "မိန်းကလေးတို့မှာ ဒီပြင်လည်း ဆီခွဲချိန်စရာ ပုံးခွက် အပိုမပါဘူးဆိုရင် ဒွေးလေးပဲ တစ်ယောက် ၅ ပိဿာစီ ရအောင် ခွဲချိန်ပေးမယ်။ ကျေနပ်ကြမလား" ဟု မေးလိုက်သည်။

ဒွေးလေးဘု စကားကိုကြားရသည်၌ သူတို့နှစ်ဦးလုံးသည် လိုလိုချင်ချင်နှင့် ခေါင်းညိတ်လိုက်ကြသည်။ တစ်ယောက်ကို ၅ ပိဿာစီ အညီအမျှ အတိအကျရလျှင် ကျေနပ်ပါသည်၊ ဒွေးလေးဘု ဆန္ဒအတိုင်း ခြင်တွယ်ချင်သလို ခြင်တွယ်ပါဟု ပြောကြသည်။

ဝိုင်းကြည့်နေကြသည့် ရွာသားများကလည်း ဒွေးလေးဘုသည် မည်သို့များ ဉာဏ်ကြီးရှင်လုပ်၍ ဆီကို ခွဲပေးမည်နည်းဟု သိလိုကြသည်။ သူတို့ ကိုယ်တိုင်လည်း စိတ်ထဲတွင် ကျိတ်၍ ဤဆီကို ဝေခွဲကြည့်ကြသည်။ မည်သို့မျှ ခွဲမရ ဝေမရ ဖြစ်နေသောကြောင့် အတွေးကျပ်နေသူများ ဖြစ်ကြ၏။

ဒွေးလေးဘု ဘယ်လိုများလုပ်၍ ဝေပေးမည်ကို ဈေးသည် နှစ်ယောက်ဖြစ်သည့် မရွှေနှင့် မငွေကပါ သိလိုစိတ် ပြင်းပြနေ၏။ ထို့ကြောင့် ဒွေးလေးဘု တစ်ဆယ်ဝင်ဆီပုံး မလိုက်သည်ကို ငေးကြည့်နေကြသည်။

ဒွေးလေးဘု မည်သည့်နည်းနှင့် ဝေမည်နည်း။

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင် – ရှု]**

* * *

## (ည) ခိုခွဲ ဝမ်းဘဲငါးကျပ် စာတစ်မတ်

အဘိုးတို့ ရှေးလူကြီးများသည် ကတ်သီးကတ်သတ် ရှာရှာဖွေဖွေမှ ခိုင်းတတ်ပေသည်ဟု မြေးဖြစ်သူ မောင်ဝက တွေးမိ၏။

မောင်ဝသည် အဘိုး၏ လက်ကသုံး တောင်ဝှေး အချစ်ဆုံး မြေးဖြစ်သည်။ အမေဖြစ်သူ ငယ်စဉ်ကတည်းက သေဆုံးသွားရပြီ ဖြစ်သော အမိမဲ့သား မောင်ဝကို အဘိုးသည် ကရုဏာနှင့် မေတ္တာ တွဲဖက်ကာ ချစ်သနားပိုရခြင်း ဖြစ်နေသည်ကို အဘိုး၏ အခြားသော သားသမီး မြေးမြစ်များကလည်း သိထားကြသည်။

အဘိုးသည် မောင်ဝအား တတ်သိစေချင်၊ ပါးနပ်စေချင်၊ ဉာဏ်ရွှင်စေချင်သည်။ ဘာကလေးတစ်ခုကိုပင် ခိုင်းလိုက်ခိုင်းလိုက် မောင်ဝအတွက် စဉ်းစားဉာဏ် ထုတ်ရသည့် ပဟေဠိဆန်ဆန် အပြောများကိုသာ ထာဝစဉ် တွေ့နေရသည်။

ဥပမာ အဘိုးသည် မောင်ဝအား "ဈေးသွားပြီး 'ဖနုတ်စပ်' သွားဝယ်စမ်းလဟဲ့" ဟု ငွေပေးကာ လွှတ်လိုက်သည်။

မောင်ဝသည် အဘိုးပေးသောငွေကို လက်ထဲတွင် ဆုပ်ကိုင် လျက် "အဘိုး 'ဖနုတ်စပ်' ကို ဘယ်ဆိုင်မှာ ဝယ်ရမှာလဲ" ဟု နား မလည်၍ မေးလိုက်သည်။

"ဟာ 'ဖနုတ်စပ်' မှ မသိဘူးလားလဟဲ့။ ပရဆေးဆိုင်မှာ ဝယ်ပေါ့" ဟု မြည်တွန်လိုက်သော အဘိုးအသံကို ကြားလိုက်ရလျှင် မောင်ဝသည် အပြေးဝယ်တော့သည်။ ဘယဆေးဆိုင်ရောက်မှ အဘိုးခိုင်းလိုက်သော 'ဖနုတ်စပ်' သည် 'ဖိနပ်စုတ်' ဖြစ်နေသည်ကို မောင်ဝတွေးမိကာ မဝယ်တော့ဘဲ အိမ်ပြန်ပြေးလာသည်။

သည်တော့မှ အဘိုးသည် မောင်ဝခေါင်းကိုသပ်ကာ "ငါ့မြေး ရဲ့။ လူဆိုတာ တခ်နုပ္ပတ္တိဉာဏ်လို့ခေါ်တဲ့ ရုတ်ခနဲ ဖျတ်ခနဲ ထွက်လာတဲ့ဉာဏ်ကိုလည်း တတ်ထားဖို့လိုတယ်။ လေ့ကျင့်ထားဖို့

လည်း လိုတယ်” ဟု ဆုံးမကာ ဖနတ်စပ်ဝယ်ရန် ပေးလိုက်သည့်ငွေကို မောင်ဝအား မုန့်ဝယ်စားရန် ပေးလိုက်သည်။

ယခုလည်း အဘိုးသည် မောင်ဝအား ခေါ်ယူကာ ဈေးသို့ ခိုင်းပြန်လေပြီ။ “ငါ့မြေးရဲ့။ ရော့ ဟောဒီမှာ ငွေအစိတ်ကိုယူသွား” ဟု အဘိုးသည် ငွေ ၂၅ ကျပ်ကို မောင်ဝလက်ထဲသို့ ထည့်လိုက်သည်။

မောင်ဝသည်လည်း အဘိုး၏ ပါးစပ်မှ မည်သို့ ပဟေဠိဆန်သော စကားမေးခွန်းကို ကြားရဦးမည်နည်းဟု မျှော်လင့်ထားသည်။

“အဲဒီငွေအစိတ်ကို ခိုရယ်၊ ဘဲရယ်၊ စာကလေးရယ် အကောင်အစိတ်ပြည့်အောင် အဘိုးကို ဝယ်ပေးစမ်း၊ ခို၊ ဘဲနဲ့ စာကလေးတွေရဲ့ ရောင်းဈေးကိုရော ငါ့မြေးသိရဲ့မဟုတ်လား”

“သိပါတယ် အဘိုး၊ ခိုက တစ်ကောင်ကို ငါးမူး ပေးရပါတယ်။ ဘဲကတစ်ကောင်ကို ငါးကျပ်ပေးရပါတယ်။ စာကလေးက တစ်ကောင်ကို တမတ်ပေးရပါတယ်”

“အေး ဟုတ်ပြီ။ ငါ့မြေးတောင် တော်တော်တတ်လာပြီပဲ၊ ဒီတော့ အဘိုးပြောမယ် မှတ်ထား၊ အဲဒီအဘိုးပေးလိုက်တဲ့ ငွေအစိတ်နဲ့ ‘ခိုခွဲ၊ ဝမ်းဘဲငါးကျပ်၊ စာတစ်မတ်’ ကို အကောင်အစိတ်ရအောင် ဝယ်ခဲ့စမ်း၊ အကောင်အစိတ် ငွေအစိတ်ပေါ့လကွယ်။ ငါ့မြေး မှတ်မိတယ် မဟုတ်လား”

မောင်ဝသည် အဘိုး၏ ကြဲကြဲစည်စည် ခိုင်းတတ်ပုံကို စိတ်ထဲမှ ပြုံးလိုက်သည်။ အဘိုးသည် အဖြေရှိသော ပြဿနာကို ဤကဲ့သို့ မကြာမကြာ ထုတ်တတ်သည်ကို သိထားပြီးဖြစ်သည့် မောင်ဝသည် ဤငွေအစိတ်နှင့် အကောင်အစိတ်ကို ရအောင်ဝယ်နိုင်သော အဖြေရှိ၍သာ သူ့ကို အဘိုးဝယ်ခိုင်းတာ ဖြစ်သည်ဟု စဉ်းစားမိ၏။

အဘိုးတို့ခေတ်တွင် ငွေ ကျပ်တစ်ရာကို လေးပုံပုံ၍ တစ်ပုံလျှင် နှစ်ဆယ့်ငါးကျပ်ရှိသော ငွေကို 'အစိတ်' ဟု ခေါ်လေ့ရှိသည်။ 'နှစ်ဆယ့်ငါးကျပ်' ဟုခေါ်သောသူ မရှိလှ။ ငွေတစ်ကျပ်တွင် ခြောက်ဆယ့်လေးပြားရှိသည်ဖြစ်၍ ထိုခြောက်ဆယ့်လေးပြားကို တစ်ဝက်ခွဲ၍ရသော 'သုံးဆယ့်နှစ်ပြား' သည် ငါးမူးဖြစ်၏။

ထို့ကြောင့် အဘိုးသည် 'ခိုခွဲ' ဟု အတိုကောက်နည်းနှင့် သုံးလိုက်ပေသည်။ 'ခွဲ' ဟူသည်မှာ 'ငါးမူး' ကို ရည်စူး၍ ခေါ်ထားသည်ဟု မောင်ဝက နားလည်သည်။

ထိုငါးမူးမှ တစ်ဝက်ခွဲလိုက်သော ပိုက်ဆံ 'ဆယ့်ခြောက်ပြား' ကို 'တစ်မတ်' ဟုခေါ်ပြန်သည်။ အဘိုးသည် 'စာတစ်မတ်' ဟု အတိုကောက်နှင့် သုံးလိုက်ကာ 'ခိုခွဲ၊ ဝမ်းဘဲငါးကျပ်၊ စာတစ်မတ်' ပေါက်ဈေးရှိသည်ကို သူပေးလိုက်သော ငွေ ၂၅ ကျပ်နှင့် အကောင် ၂၅ ကောင်ရအောင် ဝယ်ခဲ့ရမည်ဟု ယခု မောင်ဝကို ခိုင်းပြန်လေပြီ။

မောင်ဝသည် တောင်းတစ်လုံးကိုယူ၍ အဘိုးခိုင်းသည်ကို ဝယ်ရန် တစ်လမ်းလုံး စဉ်းစားသွားသည်။ 'ခိုက ဘယ်နှစ်ကောင် ဝယ်ရမလဲ။ ဘဲက ဈေးအကြီးဆုံးဖြစ်နေ၍ သူ့ကိုများများဝယ်လို့ ဖြစ်မှ ဖြစ်ပါ့မလား။ အားလုံးအထဲမှာ စာကလေးကတော့ ဈေးအနည်းဆုံးပဲ' မောင်ဝ တွက်လာသည်။

မောင်ဝသည် ငယ်သေးသည်။ စတုတ္ထတန်းပင် မအောင်သေး။ ကျောင်းတက်ဆဲပင် ရှိသေးသည်။ မောင်ဝအတွက် ကျောင်းပညာတစ်ဖက်နှင့် အဘိုးပညာကိုတစ်ဖက်က ဆည်းပူးနေရသည်။

မောင်ဝသည် တောင်းတစ်လုံးယူကာ အဘိုးမျက်စိအောက်မှ ထွက်သွားခဲ့လေပြီ။ 'ဘာကိုများ ဘယ်နှကောင်စီ ဝယ်ခဲ့ပါ့မလဲ' ဟု အဘိုးက တွေးနေသည်။ နောက်ဆုံးတွင် အဘိုးသည် 'အို ဘာကိုပဲ ဘယ်နှကောင်စီဝယ်ဝယ်၊ ငါပေးလိုက်တဲ့ ငွေအစိတ်နဲ့

အကောင်အစိတ် ဝယ်ခဲ့နိုင်ရင် တော်ပြီဟုသာ အတွေးရပ်လိုက်သည်။

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်–ရှု]**

* * *

## (၄) ဆင်ကောင်ရေ ဘယ်လောက်လဲ

အဘိုးသည် သူ့အနားသို့ မောင်ဝကို ခေါ်ယူလိုက်ပြန်လေပြီ။ အဘိုးမို့ခေါ်လျှင် တစ်ခုခု ပညာရဦးမည်ကို မောင်ဝ အတတ်တွေးမိလျက် အဘိုးနားသို့ကပ်ကာ ခပ်ကျို့ကျိုု့ ထိုင်လိုက်သည်။

"ငါ့မြေး အားသလားကွဲ့၊ ဘာလုပ်နေသလဲ"

"အဘိုးပေးထားတဲ့ သွားတိုက်ဆေးကို ကြိတ်နေတာ"

"ဩော် အေးအေး ကြိတ်လို့ရော ပြီးပလား"

"ပြီးပါပြီအဘိုး၊ လေးညှင်းပွင့်ကသာ ကောင်းကောင်းမခြောက်တတ်သေးလို့ မကြိတ်ဘဲ ချန်ထားပြီး နေလှန်းထားတယ်"

"ငါ့မြေး ဆေးအစုံ ရရဲ့လား။ အခုကြိတ်ပြီးတာ ဘာတွေလဲ၊ အဘိုးကို ပြောစမ်း"

"ဆားက နှစ်ကျပ်၊ ပင်လယ်ရေမြှုပ်က နှစ်ကျပ်၊ ကျွန်းသားမီးသွေးက နှစ်ကျပ်၊ ပရုတ်ဖြစ်ဖြစ် လေးညှင်းဖြစ်ဖြစ် တစ်မတ်လို့ အဘိုး ပြောထားတဲ့အတိုင်း အားလုံးစုပြီး တစ်နေ့ပြ ကြိတ်တာပဲ၊ အခု ပရုတ်မရလို့ လေးညှင်းဘဲထည့်မလို့။ နည်းနည်းစိုတာနဲ့ နေလှန်းထားတယ် အဘိုး"

"ဟုတ်ပြီ ဟုတ်ပြီ။ အဲဒါ အိပ်ရာထ အိပ်ရာဝင် တစ်နေ့ နှစ်ကြိမ် မှန်မှန်သာတိုက်၊ သွားနာရောဂါ၊ သွားပိုးရောဂါ တစ်သက်မဖြစ်ဘူး မြေးရဲ့"

အဘိုးသည် သူ့အရွယ်နှင့်စာလျှင် သွားများ အလွန်ခိုင်ခဲ့နေသေးသည်ကို မောင်ဝသည် ယခင်ကပင် သတိပြုမိခဲ့သည်။

"ဆားက ခံတွင်းရဲ့ ပိုးနဲ့ အပုပ်ကိုနိုင်တယ်။ ပင်လယ်ရေမြှုပ်ရဲ့ သဘောက သွားကို ခိုင်စေ ဖြူစေတယ်၊ ကျွန်းသားမီးသွေးကလည်း သွားကို ဖြူစေခိုင်စေတယ်။ လေးညှင်းတို့ ပရုတ်တို့ကလည်း သွားပိုးရှိရင် သတ်တယ်။ ဒါ ရှေးသမားတော်ကြီးများရဲ့ လက်သုံး သွားတိုက်ဆေးပေါ့ မြေးရဲ့။ ရောဂါတစ်ခုဆိုတာ မဖြစ်ခင်က တင်ကြိုတားရင် ဖြစ်မှကုရတာထက် အဖိုးတန်တာပေါ့"

မောင်ဝသည် ဒီနေ့အဖို့ အဘိုးထံမှ မည်သည့်ပြဿနာဆန်းများ ကြားရဦးမည်ကို တွေးနေရင်းမှ အဘိုး၏ သွားတိုက်ဆေးအညွှန်းကိုပါ မှတ်နေရပြန်သည်။

"အဘိုးငယ်ငယ်က အဘိုးမိဘများနဲ့အတူ ရတနာပုံ မင်းနေပြည်လို့ခေါ်တဲ့ အခု မန္တလေးမြို့ကို ရောက်သွားတုန်းက တွေ့ခဲ့တာတွေကို ငါ့မြေး ဗဟုသုတရအောင် ပြောမလို့ အဘိုးခေါ်တာကွဲ့၊ နားထောင်မလား"

"နားထောင်မယ် အဘိုး၊ ပြောပါ"

"အဲဒီကို အဘိုးရောက်သွားတော့ နန်းတော်ထဲကို လျှောက်ကြည့်ခွင့်ရတာကိုး၊ အဘိုးကလည်း ဘာမဆို ငယ်စဉ်ကတည်းက စေ့စပ်သေချာလာတဲ့လူဆိုတော့ ဘာကိုပဲ ကြည့်လိုက်ရ ကြည့်လိုက်ရ မြင်သမျှ ကြားသမျှတွေဟာ အဆန်းတွေချည်းပဲ ဖြစ်နေလေတော့ သေသေချာချာကို ကြည့်တော့တာပဲ။

"ဒီလိုနဲ့ ဘယ်ကိုရောက်သွားသလဲဆိုတော့ ဆင်တွေချည်းထားပြီး လေ့ကျင့် အညောင်းဖြေပေးတဲ့ စခန်းတစ်ခုကို အဘိုးရောက်သွားတယ်။ အဘိုးက လူငယ်၊ ယောကျ်ားကလေးကလည်းဖြစ်ပြန်၊ အဘိုးတို့ အရပ်မှာဆိုတော့ ဆင်ကို တစ်နှစ်တစ်ခါမြင်ခဲ့ရ ဖူးတာလည်း မရှိပြန်ဆိုတော့ ဆင်တွေကို တစ်နေရာတည်းမှာ ခုလို စုစု ဝေးဝေး မြင်လိုက်ရတော့ သိပ်ပြီး စိတ်ဝင်စားသွားတာပေါ့။

"ဆင်ဆိုမှ ဆင်နဲ့ပတ်သက်ပြီး အဘိုး ငါ့မြေးကို ပြောပြဦးမယ်၊ မှတ်ထားဦးကွဲ့၊ ဆင်မှာ အမျိုးပေါင်း ၁၀ မျိုး ရှိသကွဲ့။(၁) ကာလာဝက၊ (၂) ဂင်္ဂေယျ၊ (၃) သဏ္ဍုရ၊ (၄) တမ္ဗ၊ (၅) ပိင်္ဂလ၊ (၆) ဂန္ဓ၊ (၇) မင်္ဂလ၊ (၈) ဟေမ၊ (၉) ဥပေါသထ၊ (၁၀) ဆဒ္ဒန်။ အဲဒီ ဆင်ဆယ်မျိုးရှိတဲ့အနက် ဆဒ္ဒန်ဆင်မင်းအမျိုးကို အမြတ်ဆုံးလို့ ခေါ်တယ်။

"အဲဒါနဲ့ အဘိုးလည်း ဆင်တွေကို စိတ်ဝင်စားနေတုန်း ဆင်အုပ်ကြီးဟာ ဆင်ထိန်းနဲ့အတူ ထွက်လာကြပါရော။ နန်းတော်ထဲမှာဆိုတာက သူ့အဆောင်နဲ့ သူ့နေရာ အင်မတန်မှ ကျယ်ဝန်းတာကလား ငါ့မြေးရဲ့။ ဒီဆင်ထိန်းဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း နည်းတဲ့တာဝန် မဟုတ်ပေဘူး။ ဆင်တွေကို ဝမ်းတို့ ဆီးတို့ မှန်မမှန် ကျန်းမာရေးကို စစ်ဆေးပေးရတာက နေ့တိုင်း ဆင်တွေကို ယဉ်ကျေးသိမ်မွေ့လာအောင် ပြုပြင်သင်ကြားပေးရတဲ့ တာဝန်အထိ သူတို့မှာ ရှိတယ်။

"ဆင်တင်းကုပ်ကြီးကို နန်းတော်ရဲ့ ဗြဲတိုက် ဆောင်တော် မြောက်ဘက်မှာ 'ရွှေနန်းကျက်သရေ ဆင်တော်တင်းကုပ်' ဆိုပြီး တခမ်းတနား ဆောက်လုပ်ထားတယ်။ ဘုရင်မင်းမြတ်ဟာ ဗြဲတိုက်တော်ကို ထွက်တော်မူတိုင်း ပြတင်းဝက လှမ်းပြီးမြင်နေရတဲ့ နေရာမှာ ရွေးဆောက်ထားတယ်လို့ အဘိုးက ထင်တာပဲ။

"ဘုရင်စီးတဲ့ 'ဆင်ယဉ်တော်' ဆိုတာက ရှိသေးတယ်။ အဲဒီ ဆင်ယဉ်တော်ကိုတော့ နန်းတော်ရဲ့ မြောက်စမုခ်တော်မှာ ထားတယ်ကွဲ့။

"အဲဒီလို အဘိုး ဆင်အုပ်ကြီးကိုကြည့်ပြီး စိတ်ဝင်စားနေတုန်းမှာပဲ ဆင်အုပ်ကြီးဟာ သူတို့ လေ့ကျင့်နေကျနေရာဖြစ်တဲ့ ဆင်ကျုံး ၇ ကျုံးထဲကို ဝင်သွားလိုက်တာ တကတည်း တို့လူတွေ

ထက် စည်းကမ်းသေဝပ်သေးသဟေ့၊ အစီအရီနဲ့ ကျုံး ၇ ကျုံးလုံးမှာ စီတန်းပြီး ရပ်နေလိုက်ကြတာ အားလုံးအညီအမျှချည်းပဲ၊ ဘယ်ကျုံးမှာမှ အပိုအလိုမရှိဘူး၊ ကြည့်ရတာကို လှနေတာပဲ။

“ဒါနဲ့ အဲဒီ ဆင်တွေဟာ ဆင်ကျုံးထဲမှာ လေ့ကျင့်ပြီးပြန်တော့ တံတိုင်းကြီး ၅ ခု ကာထားတဲ့အထဲကို ဝင်သွားကြပြန်ပါရောဟေ့။ အဘိုးလဲ ဆင်ထိန်းရဲ့ အမျိုးအနေနဲ့ အခွင့်အရေးကလည်း ရထားပြန်၊ ကြည့်ရတာလည်း စိတ်ဝင်စားဆိုတော့ ဆင်တွေနောက်က တကောက်ကောက်လိုက်နေတာပေါ့လေ။

“ဆင်တွေဟာ သိပ်လိမ္မာကြပြီး သူ့သခင်ရဲ့ အမိန့်ကို နားထောင်ကြတယ်။ ဒါကြောင့်လည်း ခြေလေးချောင်း သတ္တဝါတွေထဲမှာ ဆင်ဟာ အသိဉာဏ်အရှိဆုံး၊ လူတွေနဲ့လည်း အရက်အကြောက်နေရာမှာ အတူဆုံးလို့ ပြောကြတာကွဲ့။

“ဆင်အုပ်ကြီးဟာ ကျုံး ၇ ကျုံးထဲက ထွက်လာပြီး တံတိုင်း ၅ ခုထဲကို အလျှိုအလျှိုနဲ့ တစ်ကောင်နောက်ကိုတစ်ကောင် ကပ်ပြီး တန်းစီဝင်သွားကြတဲ့အခါမှာလည်း စောစောက အဘိုးပြောခဲ့သလို ကျုံး ၇ ကျုံးတုန်းကလိုပဲ တံတိုင်း ၅ ခုစလုံးမှာ တစ်ကောင်မှ အပိုအလိုမရှိဘဲ အားလုံးအညီအမျှ ဖြစ်နေကြပြန်တာကို တွေ့ရပြန်တယ်။

“တံတိုင်း ၅ ခုထဲကနေပြီး ဆင်အုပ်ကြီးဟာ ထွက်လာကြပြီး သူ့သခင် ဆင်ထိန်း ဦးဆောင်ရာနောက်ကို လိုက်သွားကြပြန်ရော၊ ဆင်ထိန်းဟာ သူ့ဆင်တွေကို လေ့ကျင့်ခန်းအမျိုးမျိုးပေးထားလို့ မောနေမှာစိုးတယ် ထင်ပါရဲ့၊ ရေအိုင်ကြီးရှိတဲ့ဆီကို ခေါ်သွားတာကိုး၊ အဘိုးလည်း အဲဒီဆင်တွေ သွားရာလမ်းကြောင်းနောက်ကနေပြီး စေ့စေ့စပ်စပ် လိုက်ကြည့်တာပဲ။

"ဆင်တွေဟာ ရေအိုင်ရောက်တော့ သူ့သခင်ကျွေးတဲ့ အစာကို စားပြီး ခေတ္တအမောဖြေကြတယ်၊ ပြီးတော့ သူတို့အားလုံး ဟာ ရေအိုင်ထဲဆင်းပြီး ရေချိုးကြတာကိုး၊ အိုင်တွေထဲမှာ သူတို့ အားလုံး ရေချိုးနေကြတာကို အဘိုးမြင်ရမှ ပိုပြီး အံ့သြရပြန်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေဟာ ရေအိုင် ၃ အိုင်ရှိတဲ့အနက် မှာ တစ်အိုင်စီမျှပြီး ရေချိုးကြတာကိုး။

"ဒီအခါမှာလည်း ဆင်အုပ်ဟာ အိုင် ၃ အိုင်လုံးမှာ အားလုံး အညီအမျှ ဖြစ်နေကြပြန်တာကို တွေ့ရတာကိုး၊ ဒီတော့ အဘိုး စိတ်ထဲမှာ တွေးမိတာက ဒီဆင်တွေဟာ အဘိုးစပြီး ကြည့်ကတည်းက ကျုံး ၇ ကျုံးမှာလည်း တစ်ကျုံးနဲ့တစ်ကျုံး နေကြတာ အားလုံးအညီ အမျှချည်းပဲ။ တံတိုင်း ၅ ခုထဲ ရောက်ကြပြန်လည်း တစ်ကောင်နဲ့ တစ်ကောင် အပိုအလိုမရှိဘဲ တံတိုင်းတစ်ခုနဲ့ တစ်ခုဟာ အတိအကျဘဲ ရှိနေကြပြန်တယ်။ အခု အိုင် ၃ အိုင်ဆီ ရောက်ပြန်တော့လည်း ဒီအတိုင်းပဲ။ တစ်အိုင်နဲ့တစ်အိုင် ရေချိုးနေကြတာ အားလုံး အညီအမျှ ဖြစ်နေကြ တယ်။

"အဘိုးဖြင့်ကွယ် ငယ်ကလည်းငယ်၊ စိတ်ကလည်း ဒါဆိုမှ ဒါနဲ့၊ တစ်ခုခုကို အာရုံစိုက်မိရင် မဖြစ်မနေ လုပ်တတ်တဲ့ ဖွဲ့က လည်းရှိလေတော့ ဒီဆင်တွေကိုကြည့်ပြီး နန်းတော်ကသာ အိမ်ပြန် ရောက်တယ်၊ ဒီဆင်တွေ ဘာဖြစ်လို့ အခုလို နေရာတိုင်းမှာ အညီ အမျှချည်း ဖြစ်နေရပါလိမ့်၊ ဒီလို နေရာတိုင်းမှာ အညီအမျှချည်း ဖြစ်နေကြရတာ ဆင်အကောင်ပေါင်း ဘယ်လောက်ရှိနေလို့ ပါလိမ့်နဲ့ မအိပ်မနေကို အဖြေရှာနေမိတယ်။

"ကိုင်း အဘိုး တွေ့ခဲ့ရတဲ့ ရတနာပုံက ဗဟုသုတကတော့ အဲဒါပဲကွဲ့၊ ငါ့မြေးရဲ့၊ ငါ့မြေးရော အဘိုးပြောပြတာတွေ နားထောင်ရတာ ရှင်းရဲ့မဟုတ်လား"

"ရှင်းပါတယ် အဘိုး"

"ကဲ ဒါဖြင့် ရှင်းတယ်ဆိုရင် အဲဒီဆင်အုပ် ဘယ်နှကောင် ရှိတယ်ဆိုတာကို အဖြေရှာပြီး အဘိုးကိုပြောစမ်း"

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (၄) ရေတွင်းနှင့် ရေပုံးကြိုး

အဘိုးသည် ဟင်းလေးအိုးကြီးတစ်အိုးနှင့် တူလှသည်ဟု မောင်ဝက ထင်သည်။ မောင်ဝတို့ ကျောင်းဘုန်းကြီးသည် ဒကာ ဒကာမ များထံမှ လောင်းလှူသမျှသော အသားဟင်း၊ အသီးဟင်း၊ အရွက်ဟင်း၊ အသုပ်စုံ စသည့် ဟင်းအမယ်မျိုးစုံကို ယနေ့စား မကုန်လျှင် နောက်တစ်နေ့ စားရန်ဟူသော ရည်ရွယ်ချက်ဖြင့် အိုးကြီးတစ်လုံးထဲသို့ စုပေါင်းရောထည့်၍ မီးပြင်းနှင့် ကျိုချက်ထားလေ၏။

နောက်တစ်နေ့တွင် ဤအချို အချဉ် အသား အရွက်တို့ဖြင့် စုပေါင်းရောရာ ဟင်းအိုးကြီးသည် 'ဟင်းလေးအိုး' ဟူသော အမည်သစ်ဖြင့် အရသာစုံကာ စားချင့်စဖွယ် ဖြစ်နေသည်ကို တွေ့ခဲ့ရ စားခဲ့ရသည့် မောင်ဝသည် သူ့အဘိုးကိုလည်း ဟင်းလေးအိုးကြီး တစ်အိုးအသွင်ဖြင့်သာ မြင်နေခဲ့သည်။

ယနေ့လည်း အဘိုးသည် မောင်ဝအား အိမ်ခေါင်းရင်းတွင် ရှိသည့် ရေတွင်း အနားပတ်လည်တွင် ပေါက်နေသော ပိတ်ချင်း ရွက်များကို ဟင်းခါးသောက်ချင်သည်ဟု ဆို၍ အခူးခိုင်းထားသည်။

မောင်ဝသည် ဤအရသာ မရှိသော ပိတ်ချင်းရွက်ကိုမှ တောင့်တောင့်တတ ရှိလှသော အဘိုး၏ ချင်ခြင်းတပ်ပုံကို စိတ် တွင်း၌ အံ့ဩနေမိသည်။

"ငါ့မြေး၊ ခူးလို့ အတော်ရပြီလားကွဲ့၊ တော်ရောပေါ့ တစ်အိုးစာ လုံလောက်ပါပြီ"

မောင်ဝသည် အဘိုးပြောလာမှ အခူးရပ်လိုက်သည်။

"အဘိုးရဲ့၊ ဒီပိတ်ချင်းရွက်က ဘာအရသာရှိလို့ အဘိုးက စားချင်ရတာလဲ"

မောင်ဝသည် သူ့အပေါ် အလိုလိုက်သော အဘိုးကို ချစ်ရင်းစွဲရှိသည်ကြောင့် စပ်စပ်စုစု မေးလိုက်သည်။ သူ့အမေးကြောင့်လည်း အဘိုးက ပြုံးလိုက်သည်။

"မြေးရဲ့၊ အခုရာသီဟာ အင်မတန် အေးတဲ့ရာသီ မဟုတ်လား၊ ဒီလိုအေးတဲ့ရာသီမှာ ပိတ်ချင်းရွက်လို ကန်ပြီးပွင့်တဲ့ ဓာတ်သဘောရှိတဲ့ အစာကို ချက်စားရတာဟာ ကျန်းမာရေးကြောင့်ပေါ့။ ပိတ်ချင်းရွက်ရဲ့ သဘောက ကန်ပြီးပွင့်တယ်၊ ပြီး ငရုတ်ကောင်းစိမ်းကို ထောင်းခတ်ထားတော့ အရသာမှာလည်း ကောင်းတယ်။ အစာကို ကြေလွယ်စေပြီး သွေးကို ပူစေတယ်ကွဲ့ မြေးရဲ့။

"ဒါကြောင့် အဘိုးကို ငါ့မြေးကြည့်စမ်း၊ ဆေးစားတာမြင်ဖူးသလား၊ ဓာတ်သက်ချင်ရင် ကန်စွန်းတို့ ပေါက်ပန်းဖြူတို့ကို မန်ကျည်းသီးနဲ့ ပြုတ်တို့၊ ထမင်းစားသောက်ပြီးရင် ထန်းလျက်တစ်ခဲလောက် စားလိုက်၊ ဟော ဓာတ်ကို မှန်နေတာပဲ၊ ဒါကြောင့် အစာလည်းဆေး ဆေးလည်း အစာလို့ အဘိုး ခဏခဏပြောနေတာ"

မောင်ဝသည် သမားဆန်လှသည့် အဘိုး၏စကားကို မှတ်သားလိုက်ရပြန်သည်။ ဘာကြောင့် အဘိုး ပိတ်ချင်းရွက် ဟင်းခါးချက်သောက်ရသည်ဟူသော အဓိပ္ပာယ်ကိုလည်း နားလည်သွားသည်။

"ကိုင်း ငါ့မြေး၊ ပိတ်ချင်းရွက် ဆေးရအောင် ရေတစ်ပုံးဆွဲစမ်းကွယ်"

မောင်ဝသည် ရေပုံးကိုယူကာ ရေတိမ်လှသည့် ရေတွင်းထဲသို့ နှစ်၍ ခပ်လိုက်သည်။ ရေပုံးကြိုးသည် ရေတွင်းထက် အလွန်ပို၍ ရှည်နေသဖြင့် ရေခပ်ရသည်မှာ ကြန့်ကြာခက်ခဲနေသည်ဟု မောင်ဝက ထင်မိ၏။

"ရေတစ်ပုံးခပ်တာ ကြာလှချေလားကွဲ့ မြေးရဲ့" မောင်ဝ အဘိုးထံသို့ ရေပုံးကို ယူလာချိန်တွင် အဘိုးသည် ဆီးကြို၍ အပြစ်တင်လိုက်သည်။

"အဘိုးရဲ့ ရေပုံးကြိုးက သိပ်ရှည်နေတာကိုး၊ ရေတွင်းထက်ကို ကြိုးက တစ်တောင်လောက် ပိုရှည်နေတယ်၊ အဲဒါ ရှည်နေတာကို ဖြတ်လိုက်ရမလား အဘိုး"

မောင်ဝသည် ကြိုးက ရှည်နေ၍သာ ရေခပ်ရ ခက်ခဲသောကြောင့် ကြာသွားရသည်ကို ဖြေရှင်းပြ၏။

"ရေပုံးရဲ့ကြိုးက ရေတွင်းထက်ကို တစ်တောင်ပိုနေတယ်ဟုတ်လား ငါ့မြေး၊ ကြိုးကို ၂ ပြန်ခေါက်ပြီး ပြန်ခပ်ကြည့်ပါဦး မြေးရဲ့"

မောင်ဝသည် အဘိုး အကြံပေးလိုက်သည်ကို လက်တွေ့လုပ်ရန် ရေပုံးနှင့် ကြိုးကိုယူ၍ ရေတွင်းဆီသို့ ထသွားသည်။ အဘိုးသည်လည်း သူ့မြေး မောင်ဝနှင့်အတူ ရေတွင်းသို့ လိုက်သွားသည်။

မောင်ဝသည် ရေပုံးကြိုးကိုဖြေ၍ ကြိုးကို အဘိုးပြောသည့်အတိုင်း ၂ ပြန်ခေါက်၍ ပြင်ချည်လိုက်သည်။ ပြီးလျှင် ရေတွင်းထဲသို့ချကာ ရေပုံးကို ရေထဲသို့နှစ်၍ ခပ်လိုက်သည်။ ရေပုံးသည် ရေနှင့်မထိဘဲနှင့် ဝေးနေသည်ကို တွေ့ရသည်။

"ဟော အဘိုး ကြိုးကို ၂ ခေါက် ပြန်ပြင်ပြီး ချည်ကြည့်လိုက်ပြန်တော့ ကြိုးက ၁ တောင်လောက် တိုနေပြန်ပြန်ပြီ၊ ဘယ့်နှယ်လုပ်မလဲ အဘိုး"

အဘိုးသည် သူ့မြေးမောင်ဝ၏ မျက်နှာကို အပြုံးသား ကြည့်လိုက်သည်။

"စောစောကတော့ ကြိုးက ၁ တောင်ရှည်နေတယ်နော် ငါ့မြေး၊ အခုလို ကြိုးကို ၂ ခေါက်ချည်လိုက်ပြန်တော့လည်း ရေတွင်းက တစ်တောင်ပိုရှည်နေပြန်တယ်နော်။ ဒီလိုဆိုရင် ရေတွင်းက အမြင့် ဘယ်နှတောင်ရှိလို့ ကြိုးက အရှည်ဘယ်နှတောင်ရှိနေတယ်ဆိုတာ ငါ့မြေး တွက်ကြည့်စမ်း၊ အဘိုး သိချင်တယ်"

အဘိုးက သူ့ကို ရေခပ်ခိုင်းစဉ်ကတည်းကပင် အဘိုးသည် ပြဿနာတစ်ခုခုကိုတော့ ပြဦးတော့မည် ဖြစ်သည်ကို မောင်ဝ တွေးခဲ့ပြီးဖြစ်သည်။

အဘိုးသည် ဤကဲ့သို့ပင် ပရိယာယ်ဆင်၍ ခိုင်းခဲ့ပေါင်း များလှလေပြီ။ မောင်ဝအဖို့လည်း အဘိုး၏ ပရိယာယ်အတွင်းမှ ပညာရပေါင်း များလှလေပြီ။ မောင်ဝမမီခဲ့သော အဘိုးတို့၏ စကားထာ၊ စကားဝှက်၊ စကားလိမ်ခေတ်တို့ကို အဘိုးပြောပြခဲ့စဉ်ကလည်း အဘိုးသည် မောင်ဝ နားလည် မှတ်သားလွယ်စေရန် ဟာသလေးနှော၍ ပြောပြခဲ့သည်။

"မြေးရဲ့၊ စကားလိမ်ဆိုတာက စကားကို တစ်ဖက်ကလူ အလွယ်တကူနဲ့ မဖော်နိုင်အောင် လိမ်ထားတာကို ဆိုလိုတယ်။ ဥပမာ 'ပဝါပါး၊ ကြက်သားထုပ်' ဆိုတာမျိုး၊ 'နမူတစ နူပေ အယူစိတ်' နွားမတစ်စု နေပူ အရိပ်စု ဆိုတာမျိုးဟာ စကားလိမ်ပဲကွဲ့၊ အဘိုးတို့ ခေတ်တုန်းကဆိုရင် ဒီစကားလိမ်တွေဟာ တယ်ခေတ်စားတာကလား၊ ကိုယ့်အမှတ်အသားနဲ့ကိုယ် တစ်စုံတစ်ခုကို မှတ်သားထားချင်ရင်လည်း လုံခြုံမှုရတဲ့အပြင် တစ်ခါတစ်ခါမှာ ဒီစကားလိမ်ကြောင့် လူအတော်များများ ကသိကအောက် ဖြစ်ခဲ့ရတာလည်း ရှိခဲ့ဖူးတယ်။

"စကားစပ်လို့ ငါ့မြေးကို ပြောပြရဦးမယ်၊ အဘိုးတို့ ငယ်ငယ်တုန်းကပေါ့ကွယ်၊ အဘိုးတို့ ဆရာတော်ဘုရား ပြောခဲ့ဖူးတယ်၊ အင်းဝမြို့ကြီး သာယာစည်ပင်စဉ် ခေတ်လောက်က ကြက်သွန်ခင်း ဆရာတော် ကျောင်းတိုက်ရယ်လို့ ရှိခဲ့တယ်။ ကျောင်းတိုက်ထဲမှာဆိုလည်း စာသင်သား သံဃာတော် ခပ်များများနဲ့ စည်စည်ကားကား ရှိခဲ့တာကိုး။

"တစ်နေ့တော့ တိုက်အုပ်ဆရာတော်ဟာ ကုဋီ(အိမ်သာ)ကို အတက်မှာ ကုဋီတံခါးဝမှာ ထုံးဖြူနဲ့ရေးထားတဲ့ စာတစ်တန်းကို မြင်လိုက်ရတော့ အတော်အံ့သြသွားသတဲ့၊ စာက 'တုံကယော အယုစ္ဆော' လို့ ရေးထားသတဲ့။

"တိုက်အုပ် ဆရာတော်ဘုရားဟာ ကုဋီကိုတောင် မတက်နိုင်တော့ဘဲ စာကိုဖတ်ပြီးပြီးချင်း တစ်ခါတည်း ကျောင်းပေါ်တက်လာပြီး 'တုံကယော အယုစ္ဆော' ရဲ့ အနက်အဓိပ္ပာယ်ကို သဒ္ဒါကျမ်းတွေမှာ ရှာတာလည်း မတွေ့ဘူးတဲ့၊ ဗျူပ္ပတ်နဲ့ ဝိဂြိုဟ်မှာလည်း မတွေ့ဘူးတဲ့၊ အဘိဓာန်နဲ့ ကျမ်းဂန် အစောင်စောင်တွေမှာလည်း ရှာမရတဲ့အဆုံးမှာ တိုက်အုပ်ဆရာတော်ဟာ ကျောင်းတိုက်မှာ ရှိသမျှ၊ ပဉ္စင်းရော သာမဏေပါမကျန်အောင် ကုလားတက်တုံး ခေါက်ပြီး ခေါ်ယူလိုက်သတဲ့။

"အားလုံး အနားကို ရောက်လာကြတဲ့အခါမှာ တိုက်အုပ် ဆရာတော် ဘုရားက ကုဋီတံခါးဝမှာ 'တုံကယော အယုစ္ဆော' လို့ ဘယ်သူရေးထားသလဲဆိုတာကို မေးတော့တာကိုး၊ ဒီတော့ ဦးပဉ္စင်းရော သာမဏေပါ အားလုံးဟာ တစ်ခွန်းမှ ပြန်မပြောဘဲ တိတ်ဆိတ်နေကြသတဲ့၊ ဒီတော့ ဆရာတော်က ငါ အပြစ်ပေးမလို့မေးတာ မဟုတ်ဘူး၊ ရေးထားတဲ့ သဘောအဓိပ္ပာယ်ကိုသာ သိလိုတဲ့ဆန္ဒနဲ့ မေးတာဖြစ်တယ်လို့ ဖွင့်ပြောလိုက်တယ်။

"ဒီတော့မှ ကိုရင်တစ်ပါးက တပည့်တော် ရေးထားတာပါ ဘုရားလို့ လျှောက်တယ်၊ ဒီလိုဆိုရင် ကိုရင် ဘာအဓိပ္ပာယ်နဲ့ ရေးထားတာလည်း လျှောက်စမ်းလို့ ဆရာတော်ကဆိုတော့ ကိုရင်လေးက 'တံကယော အယုစ္ဆေ' ဆိုသည်မှာ 'တောကယုန် အရေဆုတ်' လို့ ဆိုပါတယ် ဘုရားလို့ လျှောက်တယ်။

"ကိုရင်ကလေးရဲ့ အဖြေကိုလည်းကြားရော ဆရာတော်ဟာ ရင်ဘတ်ကိုတီးပြီး ရယ်မောပါရောတဲ့။ 'အံမယ်လေး ကိုရင်ကလေးရဲ့၊ ကိုရင်ကလေး ရေးတဲ့စာကို ကိုရင်ကလေး အဓိပ္ပာယ်ပြန်တော့လည်း လွယ်ပါပေရဲ့၊ ငါ့မှာတော့ မင်းစာကိုဖတ်ပြီး အဖြေကိုကြံဆလိုက်ရတာ ပိဋကတ်သုံးပုံကို ကုန်သလောက် ဖြစ်သွားတာပဲ ဟေ့' တဲ့။

"အဲဒီလောက် ရှေးခေတ်က လူတွေဟာ စကားလိမ်ကို အသုံးများခဲ့တယ်ကွဲ့ မြေးရဲ့၊ ကဲ ကဲ အဲဒီရေပုံးကြိုး အရှည် ဘယ်လောက်ရှိတယ်ဆိုတာ တွက်စမ်းပါဦး"

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်–ရှု]**

* * *

## (၃) ထရာဇာ ၆

အဘိုးတို့နေတဲ့ ကျေးရွာမှာ ဘုန်းကြီးကျောင်းအိုကြီးတစ်ခုဟာ တောင်ပေါ်မှာ ရှိသကွဲ့၊ အဲဒီမှာ ကပ္ပိယအိုကြီး တစ်ယောက်ဟာ လည်း နားကလည်း ခပ်လေးလေးနဲ့ ဘုန်းကြီးကို ဝေယျာဝစ္စပြုစုဖို့ နေတာကိုး။

တစ်နေ့တော့ ကပ္ပိယအိုကြီးဟာ အိုးတစ်လုံးအပေါ်က အိုးသစ်တစ်လုံးကိုအုပ်ပြီး ကြိုးတစ်ချောင်းနဲ့ လုံခြုံအောင် ချည်ပတ်ထားပြီးတော့ အပေါ်က အုပ်ထားတဲ့ အိုးဖင်မှာ ထုံးဖြူဖြူနဲ့ 'ထရာဇာ ၆' လို့ စာလုံးကြီးကြီး ရေထားသတဲ့။

အဲဒီ ကပ္ပိယ စာရေးထားတဲ့အိုးကို ကျောင်းဘုန်းကြီးက ဖတ်တဲ့အခါမှာ 'ထရာဇာ' ကတော့ ဟုတ်ပြီ။ 'ဖ' ဆိုတာက သောကြာလို့ ဗေဒင်အယူအဆအတိုင်း မှတ်ရမယ်။ ဒီတော့ကာ 'ထရာဇာ ဖ' ကို ကျောင်းဘုန်းကြီးက 'ထရာဇာသော' လို့ ဖတ်ပြီး အဓိပ္ပာယ်ပြန်တာကိုး။

ဒီတော့ကာ 'ထ' ဆိုတာကတော့ 'ထ' လို့ပဲ အဓိပ္ပာယ်ရှိတယ်။ ရာဇာဆိုတာကတော့ 'မင်း' လို့ပဲ ယူဆရမယ်၊ 'ဖ' ကတော့ 'သော' ပဲ။ အဓိပ္ပာယ်အားလုံးကို ရှင်းလိုက်ရင် 'မင်းထသော' လို့ ဖြစ်နေတယ်၊ ဒီတော့ ဘယ်မင်းကများ ထမလို့ပါလိမ့်။ ဒီစာလုံးနှယ် မထိတ်သာမလန့်သာ ရှိလှတယ်လို့ ကျောင်းဘုန်းကြီးဟာ အမျိုးမျိုးတွေးတောပြီး စိတ်မအေးဖြစ်နေပါရောကွယ်။

နောက်ဆုံးတော့ အဖြေရှာလို့ မရတာနဲ့ သီတင်းသုံးဖော် ရဟန်းတော်အားလုံးကို ပင့်ဖိတ်ပြီး ဒီစာတန်းကိုပြလို့ အဓိပ္ပာယ်ညှိနှိုင်းကြသတဲ့။ ရဟန်းတော်အားလုံးကလည်း 'မင်းထသော' ဆိုတဲ့ အဖြေကိုပဲ ပေးကြပြန်ပါရော။

ဒီအခါ ဝါတော်ကြီးတဲ့ မထေရ်ကြီးတစ်ပါးက "ကိုယ်တော်တို့ တစ်တွေဟာ မှန်ချင်မှန်မယ် မှားချင်မှားမယ်၊ အသေအချာတော့ မပြောနိုင်ဘူး၊ ဒီတော့ ဒီစာရေးတဲ့လူကို သိအောင် စုံစမ်းပြီး ခေါ်မေးဖို့ ကောင်းတယ်" လို့ ဆိုလိုက်တယ်။

ဒီတော့မှ ကျောင်းဘုန်းကြီးလည်း သတိရသွားပြီး ဟုတ်သားပဲလေလို့ ဆိုလိုက်သတဲ့။ ဒါနဲ့ ကပ္ပိယကိုခေါ်ယူပြီး စာရေးတဲ့လူကို စစ်ဆေးလိုက်တော့ ကပ္ပိယရေးတယ်ဆိုတာကို သိကြတာပေါ့။ ဘာအဓိပ္ပာယ်နဲ့ ဒီလိုရေးထားရသလဲလို့ စစ်မေးလိုက်တော့မှ ကပ္ပိယက "'ထ' ကိုတော့ 'ထ' လို့ပဲမှတ်ပါ၊ 'ရာဇာ' ကိုတော့ 'မင်း' လို့မှတ်ပါ၊ 'ဖ' ကိုတော့ 'ခြောက်' လို့မှတ်ပါ။ အားလုံးစုပေါင်း

လိုက်တော့ 'ထမင်းခြောက်' လို့ အဖြေဝှက်ထားပါတယ် ဘုရား" လို့ လျှောက်လိုက်တယ်။

* * *

## (ဃ) နှင်းဆီပန်းပွင့်

"အဘွား ဒီနေ့ သူဇာတို့ကို စကားထာဝှက်မလို့ဆို၊ ဘာစကားထာလဲ အဘွားရဲ့၊ ဝှက်မှာဖြင့်လည်း ဝှက်ပါ၊ သူဇာတို့ ဖြေကြည့်ရအောင်"

အဘွားသည် မြေးကလေးနှစ်ယောက်ဖြစ်သည့် အမြွာညီအစ်မ သူဇာနှင့် ဖြူပြာတို့ကို သူတို့ပူဆာထားသည့်အတိုင်း စကားထာ ဝှက်မည်ဟု စိတ်ကူးလိုက်သည်။

"အဘွားက ဒီနေ့ မြေးတို့ကို ဘုရားမှာ ပန်းသွားကပ်ကြပါလို့ ပြောမလို့ပါ၊ စကားထာ ဝှက်တာကတော့ ည အိပ်ရာဝင်မှ၊ ဖြည်းဖြည်းပေါ့ ဟုတ်လား"

"ဘယ်ဘုရားမှာ ပန်းသွားကပ်ရမှာလဲ အဘွားရဲ့" ဖြူပြာသည် တစ်နေရာရာကို သွားရမည်ဆိုလျှင် အလွန်ဝမ်းသာလှသည်။

"လေးမျက်နှာ ဘုရားကြီးမှာ သွားကပ်ရမှာမြေးရဲ့၊ အဘွားပါလိုက်မယ်၊ သူဇာရော ဖြူပြာပါ လိုက်ခဲ့ပေါ့၊ ပန်းကပ်ရအောင် ခြံထဲက ပန်းလှလှတွေချည်းရွေးပြီး သွားခူးကြ"

ညီအစ်မနှစ်ယောက်သည် လေထဲမှာ ပျံဝဲသွားသည့် ပျားငယ် ကလေးလို လွင့်ခနဲ အဘွားအနားမှ ထွက်ခွာသွားကြသည်။ တစ်အောင့်ကြာလျှင် နှင်းဆီမွှေးမွှေးနှင့် စံပယ်ဖွေးဖွေးများကို အဆုပ်လိုက် အခိုင်လိုက် ခူးလာကြသည်။

အဘွားသည် မြေးမနှစ်ဦးနှင့်အတူ ကောက္ကသံ၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူအား ကျောတော်ချင်းကပ်လျက် ထုလုပ်ပူဇော်ထားသော တောင်းဆုပြည့်လေသောကြောင့် 'ဆုတောင်း

ပြည့်’ ဘုရားဟူ၍ ခေါ်တွင်ကြသည့် လေးမျက်နှာဘုရားကြီးဆီသို့ ပန်းကပ်ရန် ထွက်လာသည်။

အဘွားသည် ဖြူပြာ၏ လက်ထဲမှ နှင်းဆီပွင့်ထွားထွားကြီးများကို လှမ်း၍ ယူလိုက်ပြီးလျှင် ဘုရားတစ်ဆူထံတော်တွင် ပန်းရှစ်ပွင့်ကို ကပ်လှူပူဇော်၍ ဝတ်ပြုလေသည်။ ထို့နောက် အဘွားသည် သူ့လက်ထဲတွင် ကျန်ရှိနေသော နှင်းဆီပွင့်များကို ယူလျက် ကောဏာ ဂုံဘုရား၏ ရှေ့တော်မှောက်တွင် ဝတ်ပြုရင်း ဆုတောင်းရာ ထိုအခါတွင် အဘွားလက်ထဲမှ နှင်းဆီးပန်းပွင့်များသည် အံ့သြလောက်ဖွယ်ရာ သူဇာတို့ မျက်မှောက်မှာပင် တစ်ဆ တိုးပွားလာသည်ကို တွေ့ရသည်။

အဘွားသည် ဆုတောင်းပြည့်သဖြင့် တိုးပွားလာသော ပန်းပွင့်များမှ ပန်းရှစ်ပွင့်ကို ဘုရားမှာကပ်လှူပြီးလျှင် ကဿဖဘုရားရှေ့တော်သို့ တစ်ဖန် ရွှေ့လာကာ ရှေးနည်းအတိုင်း ဆုတောင်းပြန်လေလျှင် အဘွားလက်ထဲမှ ပန်းများသည် တစ်ဆ တိုးပွားလာပြန်သည်။

ဖြူပြာတို့ ညီအစ်မသည် မျက်လှည့်ပြသလို ဆုတောင်းပြည့်လှသည့် အဘွားလက်ထဲမှ ပန်းများကိုကြည့်ကာ အထူးအဆန်းဖြစ်နေသည်။

သို့သော် ဂေါတမ မြတ်စွာဘုရား၏ ရှေ့တော်သို့ရောက်၍ အဘွားသည် သူ့လက်ထဲမှ နှင်းဆီပန်း ရှစ်ပွင့်ကို ကပ်လှူပြီးသည်ဆိုလျှင်ကား အဘွား လက်ထဲ၌ ပန်းတစ်ပွင့်မျှ မကျန်တော့သည်ကို ညီအစ်မနှစ်ဦးလုံး တွေ့လိုက်ရပေပြီ။

အဘွား ဘုရားကို ပူဇော်ပြီးသည်အထိ အတော်သည်းခံ၍ စောင့်ဆိုင်းနေရသည်။ မေးလိုလှသည်မှာ အလွန်ပင်။ အဘွားသည် ဘုရားကို ဦးချအပြီး လှည့်လိုက်သည်နှင့် တစ်ပြိုင်နက်–

"အဘွား ပန်းကို ဘယ်လိုလုပ်ပြီး ကပ်တာလဲဟင်၊ ဘုရား လေးဆူလုံးမှာလဲ အားလုံး အညီအမျှ ရှစ်ပွင့်စီချည်း ကပ်ရတယ်၊ ပြီးတော့ အဘွား ဆုတောင်းတိုင်းလည်း ပန်းတွေက တစ်ဆတိုးလာ တယ်နော်၊ ဒီလိုဆိုရင် အဘွားလက်ထဲမှာ ကိုင်ထားတဲ့ ပန်းပွင့် တွေဟာ စောစောက ဘယ်နှပွင့်ရှိသလဲဟင်" ဟု အလုအယက် မေးလိုက်သည်။

အဘွားသည် သူဇာကိုရော ဖြူပြာကိုပါ အဓိပ္ပာယ်ပါပါနှင့် ကြည့်၍ ပြုံးလိုက်သည်။

"မြေးတို့ သိချင် ဖြေချင်တယ်ဆိုတဲ့ စကားထာဟာ ဒီ အဓိပ္ပာယ်ပဲကွဲ့၊ ဒါကို သင်္ချာစကားထာလို့ခေါ်တယ်၊ အဲဒါကို တွက်ကြည့်ရင် အဘွားလက်ထဲမှာ စောစောက ပန်းဘယ်နှပွင့်ရှိ တယ်ဆိုတာ အဖြေပေါ်လာလိမ့်မယ်၊ ကိုင်း တွက်ကြစမ်း၊ အဖြေ အရင်ရတဲ့လူကို အဘွား ဆုပေးမယ်"

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (ဏ) မရမ်းသီးချိုချို

အဘွား၏ ပြုပြင်မှုအောက်တွင် သူဇာနှင့် ဖြူပြာ ညီအစ်မနှစ်ယောက် ကလည်း တစ်နေ့တခြား အလိမ်မာပိုကာ ဗဟုသုတပါ များပြား လာသည်။ အဘွားသည် မတတ်တာ မသိတာ မရှိအောင်ပင် တော်လွန်းလှသည်ဟုလည်း သူဇာတို့ ညီအစ်မ၏ စိတ်ထဲတွင် သူတို့ အဘွားကို သူတို့ အထင်ကြီးလှသည်။

အဘွားသည် သူတို့နှစ်ယောက်ကို အလကား မထား။ တစ်ခုခုသော ပညာကို အမြဲပေးချင်နေသည်။ အချက်အပြုတ်၊ အလုပ်အကိုင် အိမ်တွင်းမှုမှအစ နေ့လယ်နေ့ခင်း အားလပ်ချိန်

အတွင်းမှာပင် 'မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှုကာမပြတ်၊ အိမ်တွင်ဖတ်' ဟူသကဲ့သို့ စာကိုလည်း တွင်တွင်သာ အဖတ်ခိုင်းခဲ့သည်။

ယနေ့ နေ့လယ်မှာ အဘွားသည် ညီအစ်မနှစ်ယောက်ကို ခေါ်ယူကာ မရန်းသီးယို စိမ်းစိမ်းကလေး ထိုးနည်းကို သင်ပေးမည်ဟုဆိုကာ ခြံတွင်းရှိ အလုံးထွားသော မရန်းချိုချဉ်ပင်မှ မရန်းသီးများကို ခြင်းစွပ်သော တံချူတံနှင့် တစ်လုံးချင်းဆွတ်ယူရန် ခိုင်းလိုက်၍ သူဇာရော ဖြူပြာပါ မရန်းပင်အောက်သို့ ရောက်လာရပြန်သည်။

သွက်လက်၍ ယောကျ်ားလေးဆန်ဆန် ခပ်ကြမ်းကြမ်း နေတတ်သော အငယ်မဖြူပြာက မရန်းပင်ပေါ်သို့ စွေ့ခနဲတက်သွားသည်။ အကြီးမသူဇာက ခြင်းတစ်လုံးနှင့် တံချူတံကိုင်ကာ အပင်အောက်မှ ဆွတ်ယူသည်။ ဖြူပြာသည် အလုံးလှလှတွေ့တိုင်းခူးကာ သူ့ပခုံးတွင် လွယ်ထားသည့် အိတ်ထဲသို့ထည့်သည်။ တစ်ခါတစ်ရံတွင်မူ သူဇာရှိရာ အပင်အောက်သို့ ပစ်ချပေးတတ်သည်။

မရန်းသီးများ ခြင်းထဲတွင် အတော်များလာလေလျှင် သူဇာသည် သစ်ပင်ပေါ်ရှိ ဖြူပြာသို့ လှမ်းကြည့်ကာ အော်လိုက်သည်။

"ဖြူပြာရေ တော်ရောပေါ့၊ အဘွားက တစ်အိုးစာလောက်ရရင် တော်ပြီလို့ မှာလိုက်တယ် မဟုတ်လား"

"အေးအေး၊ ဒါဖြင့်တော်ပြီလေ၊ အခု မရန်းသီး ဘယ်နှစ်လုံးလောက်ရသွားပြီလဲ သူဇာ"

သူဇာသည် ဖြူပြာ၏ အမေးစကားကြောင့် ခြင်းထဲရှိ မရန်းသီးကို ရေတွက်ကြည့်လိုက်သည်။ ထို့ကြောင့် သစ်ပင်ပေါ်ရှိ ဖြူပြာထံသို့ လှမ်းကြည့်ကာ–

"ဖြူပြာရေ၊ တို့နှစ်ယောက်လုံးမှာရှိထားတဲ့ မရမ်းသီးအားလုံးကို ပေါင်းကြည့်လိုက်တော့ ၃၂ လုံးရှိတယ်၊ တကယ်လို့

ဖြူပြာ့ဆီမှာရှိတဲ့ မရမ်းသီးထဲက ငါ့ကို ၁၀ လုံးပေးလိုက်ရင်တော့ တို့နှစ်ယောက်လုံး အရေအတွက်ချင်း အတူတူဖြစ်သွားမှာပဲကွဲ့”ဟု ပြောလိုက်သည်။

ဖြူပြာသည် သူဇာ ပြောသလိုဆိုလျှင် သူ့ထံတွင် မရန်းသီးလုံးရေ ဘယ်လောက်ရှိ၍ သူဇာ့ထံတွင် ဘယ်လောက်ရှိသည်ကို တွက်ကြည့်ရပေဦးမည်ဟု တွေးလိုက်သည်။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

# (တ) မုန့်ပုစွန်

သူဇာတို့ ညီအစ်မနှစ်ယောက်သည် အဘွားနှင့်အတူ ရွာဦးကျောင်းသို့ အရုဏ်အမီ မုန့်ပို့ရန် အိမ်မှထွက်လာကြသည်။

အဘွားတို့ ကျောင်းသို့ရောက်ချိန်တွင် ဆွမ်းပွဲပင်ပြင်နေလေပြီ။ ကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးက တစ်ပါး၊ စာသင်သား ဦးဇင်းကတစ်ပါး၊ ကိုရင်ကတစ်ပါး အားလုံး သုံးပါးရှိလေသည်။

အဘွားသည် သူဇာတို့ ညီအစ်မအား ဆွမ်းစား၍ အပြီးတွင် အချိုပွဲပြင်ရန်အတွက် မုန့်ပန်းကန်များကို သွားပြင်ပေးရန် တာဝန်ပေးလိုက်သည်။

အဘွားယူခဲ့သော မုန့်ပုစွန်ဆိုတာသည် အုန်းသီးနှင့် သကြားကို ယိုထိုး၍ အထဲမှ ဌာပနာသွင်းကာ အပြင်မှ ကောက်ညှင်းနှင့် မံထားသော အုန်းနို့နိုင်နိုင် ဆမ်းလူးထားသည့် မုန့်ဖက်ထုပ်ဆန်ဆန် မုန့်မျိုးဖြစ်သည်။

ပုစွန်ထုပ်ကို ကွေးကွေးလေး ပုံသဏ္ဍာန်ဖြစ်နေသောကြောင့် မုန့်ပုစွန်ဟု ခေါ်သော်လည်း အမှန်တွင် မုန့်ဖက်ထုပ်ပင် ဖြစ်လေ

သည်။ မုန့်ဖက်ထုပ်သည် ကြီး၍ မုန့်ပုစွန်သည် တစ်ခါစား တစ်လုပ်သာစာသာ ရှိသည်။ ဤအချက်သာ ကွာခြားချက်ဖြစ်လေသည်။

သူဇာတို့ ညီအစ်မ မုန့်ပန်းကန်များ လဲလှယ်၍ ပြီးကြလျှင် ဘုန်းကြီးကို ဝတ်ပြု၍ ပြန်ကြလေသည်။ ဘုန်းတော်ကြီးသည် လှေကားအဆင်းသို့ ရောက်နေပြီဖြစ်သော သူဇာတို့ကို–

"ဟဲ့ သူဇာ၊ ညနေကို ညီအစ်မနှစ်ယောက်လုံး လာခဲ့ကြဦးလဟဲ့" ဟု မှာလိုက်လေသည်။

ဘုန်းကြီးကျောင်းမှအပြန် လမ်းတစ်လျှောက်တွင် အဘွားသည် မိန်းကလေးများ၏ နေထိုင်မှုနှင့် ပတ်သက်၍ မိန်းမမူဆိုင်ရာကို ဆုံးမလာသည်။

အိမ်ဝင်းနား အရောက်တွင်လည်း စာကလေးတစ်သိုက်သည် အသိုက်လုပ်ရန် အမှိုက်များကို ကိုက်ချီလျက် အုန်းပင်ထက်သို့ ပျံတက်သွားကြသည်ကိုကြည့်ကာ သူဇာက–

"အဘွားရေ ဟိုမှာ ကြည့်လိုက်ပါဦး၊ စာကလေးတွေ အုန်းပင်မှာ အသိုက်လုပ်ကြမလို့နဲ့ တူတယ်၊ ခါတိုင်းနှစ်ကလို အိမ်တံစက်မြိတ်မှာ အသိုက် မလုပ်ကြပြန်ဘူးနော်၊ ဘာဖြစ်လို့ပါလိမ့်" ဟု မေးသည်ကို–

"အဲဒါ တခြားမဟုတ်ဘူးကွဲ့၊ ဒီနှစ်မှာ ခါတိုင်းနှစ်နဲ့ မတူဘဲ ရေကြီးလိမ့်မယ် ဆိုတာကို စာကလေးတွေက သူတို့သင်္ကေတနဲ့ သူတို့ ပြနေတာ၊ စာကလေးတွေ အခါတိုင်းနှစ်ထက် အသိုက်လုပ်တာ စောရင်လည်း အဲဒီနှစ်မှာ ရေကြီးတတ်သကွဲ့။

"အဲဒါဟာ စာကလေးတွေမှ မဟုတ်ဘူး၊ ပျားမှာလည်း ဒီလိုပဲ၊ ရေကြီးတော့မယ့် နှစ်ဆိုရင် သူတို့က အရင် သိထားသလိုပဲ။ တကယ့် သစ်ပင်မြင့်မြင့်တွေကိုမှ တက်ပြီးတော့ အုံဖွဲ့တတ် စွဲတတ်သကွဲ့။

"ပြီးတော့ အိမ်ဝက်ဖြစ်ဖြစ်၊ တောဝက်ဖြစ်ဖြစ် ရွံ့နွံထဲမှာ ဖြစ်စေ၊ လှည်းလမ်းကြောင်းနဲ့ လူသွားလမ်းကြောင်းမှာ ဖြစ်စေ အလျားလိုက် လူးလှိမ့်နေတာကိုတွေ့ရင်လည်း အဲဒီနှစ်မှာ ရေကြီး တတ်တယ်ဆိုတာကို အဘွားတို့ရဲ့ မိဘဘိုးဘွားများရဲ့ လက်ထက်က စပြီး တောင်သူ ယာလုပ်သမားတွေ အမှတ်အသား ပြုနေရတယ် ကွဲ့" ဟု ရှင်းပြလေသည်။

"နောက်တစ်ခုလည်း ရှိသေးသကွဲ့။ ရေထဲမှာနေတဲ့ ဗီလားကောင်ဆိုတာ သိတယ်မဟုတ်လား။ အဲဒီ ဗီလားကောင်ဟာ ရေနဲ့နီးစပ်တဲ့ သစ်ပင်ငယ်နဲ့ ချုံနွယ်တွေမှာ သူတို့ရဲ့ဥကို ဥချထား လေ့ရှိတယ်၊ သူတို့ဥဟာ ရေနဲ့မထိရရင် ဖြစ်ဖြစ်၊ ရေမြုပ်ရင်း ဖြစ်ဖြစ် ပုပ်ပျက်ပြီး အကောင်မပေါက်တော့ဘူး။

"ဒီတော့ သူတို့က သူတို့ရဲ့ဥ ရေမြုပ်သွားမှာကို သိပ်စိုးရိမ် တယ်၊ ဒါကြောင့် ရေကြီးမယ့်နှစ်ဆိုရင် သူတို့က အရင်ဆုံး သိတယ်၊ သူတို့ဥ ရေနဲ့ဝေးတဲ့ အမြင့်ပိုင်းမှာ ဥချတော့တယ်။ အဲဒါကို လူတွေကကြည့်ပြီး ဗီလားဥတွေကို အမြင့်ပိုင်းမှာ တွေ့ရရင် ဒီနှစ် ရေကြီးတော့မယ်ဆိုတာကို ကြိုတင်တွေးထားပြီး တင်ကြိုပြင် ဆင်မှုတွေ လုပ်ထားရသကွဲ့။

"တစ်ဆက်တည်းပြောရဦးမယ်၊ အဲဒီ ဗီလားကောင်ရဲ့ အခွံဟာ အင်မတန်အသုံးဝင်တယ်၊ ကလေးသူငယ်တွေ ဗိုက်နာရင် သွေးလူးပေးနိုင်တယ်။ ကျွဲနွားတွေ ဖျားနာရင်လဲ ဗီလားခွံကို သွေးတိုက်ရင် ပျောက်တတ်တယ်။ ဗီလားဥကို ကျွဲတွေနွားတွေရဲ့ ခြံဝမှာ ချိတ်ဆွဲထားရင် ခွာနာလျှာနာ မဖြစ်တော့ဘူးလို့ လယ်သမား တွေ ယုံကြည်ထားတယ်"

စာကလေးအသိုက် ပြင်နေသည်ကို ပြမိသည်နှင့် အဘွားသည် သက်ဆိုင်ရာ ဗဟုသုတတွေကို ပြောသွားလိုက်သည်မှာ နားထောင်၍ မကုန်နိုင်အောင် ရှိတော့၏။

ပတ်ဝန်းကျင် အနေအထား အခြေအနေကို သုံးသပ်ကာ ဗေဒင်ဆရာများ ရှေ့ဖြစ်နောက်ဖြစ်ကို သူတို့လေ့လာထားသော ပညာနှင့် ဟောပြောနိုင်သလို အဘွားသည်လည်း ရာသီဥတု၏အခြေ အနေကို ပတ်ဝန်းကျင်တွင် အခြေပြုလျက် ဟောပြောနိုင်ပါပေ သည်ဟု မြေးမကလေး နှစ်ယောက်သည် သူတို့အဘွား၏ ဗဟုသုတ ကို လေးစားမိကြသည်။

ညနေစောင်းတွင် သူဇာတို့ ညီအမနှစ်ယောက် ဘုန်းကြီး ကျောင်းသို့ လာကြရာ အဘွားသည် မသင့်လျော်ဟူသော အကြောင်း ပြချက်နှင့် သူပါ လိုက်ပါလာသည်။

ကျောင်းသို့ရောက်လျှင် ဘုန်းတော်ကြီးသည် ပိန္နဲသီးမှည့် များနှင့် အုန်းသီးများကိုပေးလိုက်ကာ ခေါင်းအုံးစွပ်နှင့် မျက်နှာသုတ် ပဝါ၊ လက်သုတ်ပဝါများကို သူဇာတို့ ညီအစ်မအား လျှော်ရန်ပေး လိုက်သည်။

အဘွားသည် ဆရာတော်အားဝတ်ပြုရင်း နံနက်က မုန့်ပုစွန် ဘုဉ်းပေး၍ကောင်းသည် မကောင်းသည်ကို လျှောက်ထားလေသည်။

"ဟာ၊ ဒကာမကြီးရယ်၊ ကျုပ်ဖြင့် စားကောင်းကောင်းရှိ တာနဲ့ စားမိလိုက်တာ ဒကာမကြီး ပို့ထားတဲ့ မုန့်ပုစွန် တစ်ပန်းကန် ဟာ တစ်ဝက်တိတိကို ကုန်သွားတာပဲ"

ဆရာတော် အားရပါးရပြောလိုက်သည်ကို သူဇာတို့ ညီအစ်မ နှစ်ယောက်သည် အဝတ်ညစ်များကို စုဆောင်းနေရာမှ ကြား၍ ပြုံးလိုက်ကြသည်။

ဆရာတော်က မုန့်ပုစွန်များကို ပန်းကန်ထဲမှ တစ်ဝက်တိတိ စားလိုက်သည်ဟု ပြောသည်ကို ကြားလိုက်ရသော စာသင်သား ဦးဇင်းသည် ဆရာတော်၏ စကားအဆုံးတွင်–

"ဒကာမကြီး စေတနာတက်အောင် မှန်တာကို ပြောရဦး မယ်၊ ဆရာတော်က ဒကာမကြီးပို့ထားတဲ့မုန့်ကို တစ်ဝက်တိတိ ဘုဉ်းပေးလိုက်တယ်တဲ့၊ ဦးဇင်းလည်း အရသာတွေ့လို့ စားလိုက်တာ ကိုရင့်အတွက် ချန်ဦးမှဖြစ်မယ်ဆိုပြီး ဆရာတော် ချန်ထားတဲ့ အထဲက တစ်ဝက်တိတိသာ စားလိုက်တယ်၊ စိတ်ထဲကတော့ စားချင်စိတ်က ရှိနေသေးတယ်"

စာသင်သား ဦးဇင်း၏စကားကို ကြားလိုက်ရလျှင် ကြား လိုက်ရချင်း သပိတ်များဆေးနေသော ကိုရင်က ကြားမှဝင်လာကာ

"ဒကာမကြီးရယ်၊ မြောက်တယ်လည်းမထင်ပါနဲ့၊ ဒကာမ ကြီးရဲ့ လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ ပြောပြရဦးမယ်၊ ဦးဇင်းချန်ထားတဲ့ မုန့်ထဲက ကိုရင် တစ်ဝက်တိတိပဲ ယူစားပြီး တစ်ဝက်ကို ဆရာတော် နေ့ဆွမ်းအချိုပွဲအတွက် ဖယ်ထားတယ်။

"အဲဒါကို ဆရာတော်က ငါတစ်ပါးတည်းတော့ စားမဝင် ဘူးကွာ၊ ငါစားကောင်းသလို သူများလည်း စားကောင်းကြမှာပဲ၊ ဒါကြောင့် ၃ ဦးလုံး အညီအမျှ ဝေစားကြရအောင်ဆိုပြီး ၃ ပုံ ပုံလိုက်တာ ဟန်ကျလိုက်တာ ဒကာမကြီးရယ်၊ အားလုံး အညီအမျှ ဖြစ်သွားတာပဲ" ဟု ဆိုပြန်လေသည်။

အဘွားသည် သူ့စေတနာကို ချီးမြှင့်ကြပါပေသည်ဟု ကျေနပ်လျက် တပြုံးပြုံးဖြစ်နေလေသည်။

သူဇာတို့ ညီအစ်မနှစ်ယောက်ကား အဘွားကဲ့သို့ မပြုံးနိုင် ကြပါ။

မုန့်ပုစွန် ဘယ်နှခုများ အိမ်ကယူခဲ့ပါလိမ့်။

ပထမဆုံး ဆရာတော်က မုန့်အားလုံးကို တစ်ဝက်စား၏။ ဒုတိယ ဦးဇင်းက ဆရာတော်၏အကျန်ကို တစ်ဝက်စား၏။ တတိယ ကိုရင်က ဦးဇင်း၏အကျန်ကို တစ်ဝက်စားပြန်၏။

အားလုံးစားပြီးသော အကျန်ကို သုံးပုံပုံ၍ စားကြပြန်သော အခါတွင် ၃ ဦးလုံး အညီအမျှ စားကြရပြန်သည်။

သို့ဆိုလျှင် မုန့်ပုစ္ဆာနှင့်ဘယ်နှခု အိမ်မပါလာပါလိမ့်ဟု တွေးစရာပြဿနာတစ်ခုသည် သူတို့ညီအစ်မနှစ်ယောက်၏ ခေါင်းထဲသို့ ဝင်လာလေပြီ။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (ထ) စာကလေးတွေ မိုးပေါ်ပျံ

စာကလေးတစ်ကောင်သည် အတောင်တစ်ဖက် နာနေသောကြောင့် မပျံနိုင်ဘဲ လူတို့နှင့် ဝေးရာဖြစ်သော တောစပ်တစ်ခု၏ အနီးရှိ ရေအိုင်တစ်အိုင်၏အနီးတွင် နားနေလေသည်။

စာကလေးသည် ရေအိုင်တွင် ရေသောက်နေရာမှ သူ့ခေါင်းပေါ်မှ ဖြတ်သန်းကာ ပျံလာကြသည့် သူ၏အဖော် စာကလေးတစ်သိုက်ကို တွေ့ရလေသည်။

သူသည် သူများနည်းတူ မပျံသန်းနိုင်သောကြောင့် စိတ်ပျက်အားငယ်စွာနှင့် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်လေသည်။

သူ၏အဖော်များသည် သူနှင့် စပါးစေ့ကို ကောက်စားဖက်၊ ရေအတူသောက်ဖက်၊ စကားများဖက်၊ အသိုက်ဆောက်ဖက်များ ဖြစ်ကြသည်။ ယခု သူတို့တစ်တွေသည် သူ့အား ပစ်ထားခဲ့ကာ ကောင်းကင်မှ ပျံသွားကြလေပြီ။

အတောင်နာနေသော စာကလေးသည် မပျံနိုင်တော့သည့် သူ့ဘဝကို စိတ်ပျက်အားငယ်မိရာမှ မျက်ရည်များ ကျလာရာသည်။

ထိုအခိုက် သူ့ခေါင်းပေါ်မှ စာကလေးတစ်သိုက်က သူ့ကို နှုတ်ဆက်၍ "သွားတော့မယ် သူငယ်ချင်းရေ၊ လိုက်ခဲ့ပေတော့" ဟု ဆိုသွားကြသည်။

စာကလေးသည် ဤအခါမှ ကောင်းကင်သို့ မော့ကြည့်လိုက်ရင်း သူ့အဖော်များအား "ငါ့ခေါင်းပေါ်မှာ ပျံပါလေ၊ စီစီညံညံ တစ်ရာသံလောက်ရှိပါရဲ့" ဟု ပြန်ပြောလိုက်သည်။

ကောင်းကင်ပေါ်ရှိ စာကလေးတစ်သိုက်ကလည်း "တို့အတူ၊ တို့အဝက်၊ တို့အစိတ်၊ နင်ပါတစ်ကောင်ဖြည့်မှ တစ်ရာပြည့်မယ် လေး" ဟု ပြန်ပြောလေသည်။

သည်တော့မှ ကျန်ရစ်ခဲ့ရှာသူ စာကလေးက စဉ်းစားမိလေသည်။ သူတို့ပြောသွားသည်မှာ 'သူတို့နှင့်အတူ၊ သူတို့၏တစ်ဝက်၊ သူတို့၏တစ်စိတ်၊ ခြေနာနေသောသူ့ကိုပါ ရောထည့်ဖြည့်ပါမှ တစ်ရာ ပြည့်မည်' ဟူသော အဓိပ္ပာယ်ဖြစ်လေသည်။

ဤသို့ဆိုလျှင် ယခုပျံသန်းသွားကြသော သူတို့စာကလေးတစ်သိုက်သည် ကောင်ရေဘယ်လောက်များ ရှိနေပါလိမ့်ဟု တွေးကာ ကျန်ရစ်ခဲ့ရှာလေ၏။

မိုးပေါ်ပျံသွားသည့် စာကလေး ဘယ်နှကောင်ဖြစ်မည်နည်း။

ဖြူပြာသည် သူ့သူချင်းများက မေးလိုက်သည်ဆိုသော ဤသင်္ချာ စကားထာကို ကျောင်းမှ ပြန်ရောက်လာလျှင် ပြန်ရောက်ချင်း သူ့အဘွားကို ပြောပြသည်။

"အဘွား၊ အဲဒီပုစ္ဆာကို မှန်အောင်ဖြေနိုင်မလားဟင်" ဟု မေးလေသည်။

အဘွားသည် မြေးဖြစ်သူကို အားပါးတရ ပြုံးပြလိုက်သည်။

"ဖြေနိုင်တာပေါ့ မိန်းကလေးရယ်၊ ဟောဒီမှာ နားထောင်၊ အဘွား ပြောပြမယ်။

"တို့အတူဆိုတာက စာကလေး ၃၆ ကောင်ကွဲ့။

"တို့တစ်ဝက်ဆိုတာက စာကလေး ၁၈ ကောင်ကွဲ့။

"တို့အစိတ်ဆိုတာက စာကလေး ၉ ကောင်ကွဲ့။

"အားလုံး အကုန်စုပေါင်းလိုက်တော့ ၆၃ ကောင် ဖြစ်မနေလား။ အဲဒါကို မိုးပေါ်ပျံသွားတဲ့ စာကလေးပေါင်း ၃၆ ကောင်ကိုဖြည့်လိုက်ရင် ၉၉ ကောင်ဖြစ်ရော။ နင်ပါတစ်ကောင်ဖြည့်ရင် တစ်ရာဆိုတော့ အတောင်နာနေတဲ့ စာကလေးကို ရောထည့်လိုက်ရင် အားလုံး ၁၀၀ ဖြစ်ရောပေါ့။

"ဒီတော့ သူ့အဖြေဟာ ခေါင်းပေါ်ကပျံလာတဲ့ စာကလေးပေါင်း ၃၆ ကောင်လို့ ဖြေရမှာပေါ့။

"ဘယ့်နှယ်လဲ မိန်ကလေး အဘွားအဖြေ မှန်ရဲ့မဟုတ်လား"

ဖြူပြာသည် အဘွား၏ စိတ်တွက်နှင့်တွက်ကာ ပေးလိုက်သော အဖြေကို ကြားရ၍ သိပ်အံ့သြသွားသည်။

"အဘွားတို့တွက်တာ ဘယ်နည်းနဲ့တွက်လိုက်တာလဲ အဘွားရဲ့၊ တယ်မြန်ပါလား"

"မိန်းကလေးရယ်၊ နည်းတွေ ဘာတွေရယ်လို့ အဘွားတို့မှာ ဘယ်ရှိမတုံး၊ ဒီလိုပဲ မိန်းမတွက် တွက်လိုက်တာပဲ၊ နင်ပါတစ်ကောင်ဖြည့်မှ တစ်ရာပြည့်မယ်ဆိုတော့ တစ်ရာထဲက တစ်ကောင် နုတ်လိုက်ပြီး ကျန်တဲ့ ၉၉ ကောင်ကို တို့အတူ၊ တို့အဝက်၊ တို့အစိတ်ဆိုပြီး ခွဲကြည့်လိုက်တော့ အဖြေရတာပဲကွဲ့၊ တစ်နည်းတော့လည်း ဈေးတွက်လို့လည်း ခေါ်နိုင်ပေသပေါ့"

အဘွား၏ ပေါ့ပေါ့ဆဆပင် ဖြေလိုက်သော စကားကို ဖြူပြာသည် မယုံနိုင်သလိုပင် ဖြစ်သွားသည်။ ဒါပေသည့် အဘွား

သည် သူတို့အပေါ် ဘယ်တုန်းအခါကမျှ ကြွားဝါ၍ ပြောခဲ့သည် မရှိသောကြောင့်သာ ဖြူပြာက အဘွား၏ စိတ်တွက်တွက်နည်းကို လက်ခံလိုက်ရသည်။

"မိန်းကလေးတို့ကတော့ ဘယ်လိုတွက်လဲကွဲ့၊ အဘွားတို့လို မဟုတ်ဘူးလား"

ဖြူပြာသည် အဘွားကို ခေါင်းခါပြလိုက်ရင်း "ဖြူပြာတို့တွက်နည်းကတော့ အဘွားပြောပြသလို မလွယ်ဘူးအဘွားရေ၊ အက္ခရာသင်္ချာနည်းနဲ့ တွက်ရတယ်ဆိုတော့ ဒီမှာကြည့် ဖြူပြာရေးပြမယ် အဘွား"

ဖြူပြာသည် ကျောက်သင်ပုန်းပေါ်တွင် ကျောက်တံတစ်ချောင်းနှင့်ရေး၍ အဘွားကို ပြလိုက်လေသည်။

မိုးပေါ်မှ ပျံသွားကြသော စာကလေး အရေအတွက်ကို 'လ' ဟု ဆိုပါစို့။

တို့အတူ၊ တို့အဝက်၊ တို့အစိတ်၊ နင်ပါတစ်ကောင်ဖြည့်မှ တစ်ရာပြည့်မယ်ဟု ဆိုထားသဖြင့်

လ + လ + လ + လ + ၁ = ၁၀၀ ဖြစ်သည်။

၎င်းကိန်းတန်းကို ၄ နှင့်မြှောက်သည်ရှိသော်

၄လ + ၄လ + ၂လ + လ + ၄ = ၄၀၀ ဖြစ်သည်။

ထိုကိန်းကို ရှင်းသော်

၄လ + ၄လ + ၂လ + လ = ၄၀၀ − ၄

၁၁လ = ၃၉၆

လ = ၃၆

ထို့ကြောင့် မိုးပေါ်ပျံသွားသော စာကလေးပေါင်းသည် ၃၆ ကောင်ဖြစ်၏။

* * *

# ၅။ ပုစ္ဆာ စကားထာများ

## (က) ထွတ်ဖူးနှစ်ဆင့်ခံ

ရတနာပူရ စတုတ္ထမြို့တည်တဲ့ ဘကြီးတော် ဘုရားလက်ထက်တုန်းက ကြားဖူးခဲ့တာတစ်ခုကို အဘိုး ပြောရဦးမကွဲ့။ နားထောင်။

အခု ငါ့မြေး သိပ်ကြိုက်လို့ အဘိုး ခဏခဏ ဆိုပြနေရတဲ့ ထူးမခြားနား သီချင်းကို ရေးခဲ့တဲ့ မြဝတီမင်းကြီး ဦးစရဲ့ အဆောင်တော်ထဲမှာ မြဝတီမင်းကြီးကိုယ်တိုင် ကြုံတာလေးပေါ့ကွယ်။

တစ်နေ့တော့ မြဝတီမင်းကြီးဟာ အဆောင်တော်ထဲမှာရှိနေတုန်း ထမင်းအုပ် အဖုံးတစ်ခုမှာ စိတ်ဝင်စားစရာကောင်းတဲ့ စာတစ်ပုဒ်ကို ဖတ်မိသတဲ့။ အဲဒီစာပုဒ်က ဘယ်လိုလဲဆိုတော့ 'ထွတ်ဖူးနှစ်ဆင့်ခံ၊ ရောင်လျှံနှင့်စွင့်စွင့်၊ ဖွားဖက်ရှောင်တော်မူလို့၊ လွယ်တကူ ကိုယ်တော်သုံးတယ်၊ ဖုံးလို့မရ' တဲ့။

မင်းကြီးဟာ ဒီစာရဲ့ အဓိပ္ပာယ်ကို တွေးရင်း တခြားမှူးမတ်တွေကိုပါ ခေါ်ပြီးတော့ ပြသတဲ့။ "ကြည့်စမ်းပါဦး အမတ်မင်းတို့၊ ဒီစာဟာ နှယ်နှယ်ရရ မမှတ်ကြလေနဲ့၊ တိုင်းရေးပြည်မှုနဲ့ ပတ်သက်နေတယ်၊ ဒါဟာ မင်းမှုရေးရာကိစ္စပဲဗျ" လို့ ဆိုတယ်။

ဒီတော့ မှူးမတ်တွေဟာ မင်းကြီးစကားကို နားထောင်နေရင်း ဒီစာရဲ့အယူအဆ အဓိပ္ပာယ်ကို ရှင်းပြဖို့ တောင်းဆိုကြတာကိုး။

မင်းကြီးဟာ မှူးမတ်တွေ တောင်းပန်တဲ့အတိုင်း ရှင်းပြရတဲ့အခါမှာ "ကဲကဲ၊ 'ထွတ်ဖူးနှစ်ဆင့်ခံ' ဆိုတာက အိမ်ရှေ့မင်းကြီးသားတော်နှစ်ပါးဖြစ်တဲ့ ဘိုးတော်ရဲ့ မြေးတော်နှစ်ပါးကို ဆိုလိုသဗျ။ 'ဖွားဖက် ကိုယ်တော်ရှောင်လို့' ဆိုတာက ကိုယ့်မင်းသွေးအချင်းချင်း မဟာဆိ မဟာသွေးဖြစ်တဲ့ ပန်းတောင်းမင်းသမီးကလေးကို ဘိသိက်ခံ မိဖုရားကြီး မမြှောက်ဘဲနဲ့ နန်းထက်နန်းဖွားမဟုတ်တဲ့၊ မင်းမျိုးမင်းနွယ် မဟုတ်တဲ့ မယ်နုကို မိဖုရားကြီးအရာ မြှောက်လိုက်ခြင်းဟာ နိုင်ငံတော်ကို ဖုံးအုပ်လို့ရမှာမဟုတ်ဘူးလို့ ဆိုလိုသဗျ" လို့ ပြောသတဲ့။

ဒီအခါမှာ မင်းကြီးရဲ့ အနားမှာရှိကြတဲ့ မှူးမတ်တွေအထဲက အတွင်းဝန်တစ်ဦးက ဘယ်လိုပြောသလဲဆိုတော့ "မင်းကြီးပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့လည်း ဒီအုပ်ဖုံးပေါ်မှာ စာရေးသွားတဲ့လူကို သေသေချာချာ စုံစမ်းပြီးတော့ မေးမြန်းရင် ကောင်းမယ်ထင်တယ်" တဲ့ အကြံပေးတာကိုး။

မင်းကြီးလည်း ဟုတ်ပေသေးတယ်ဆိုပြီး အဆောင်တော်ထဲမှာ စုံစမ်းတဲ့အခါ စာရေးတဲ့အဆောင်ကိုင်ကို စုံစမ်းလို့ရပါလေရောတဲ့။ ဒီအခါမှာ မင်းကြီးက အဆောင်ကိုင်ကို "ဒီအုပ်ဖုံးအပေါ်မှာ စာတွေရေးထားတာ ဘာအဓိပ္ပာယ်လဲ" လို့ မေးသတဲ့။

အဆောင်ကိုင်ကလည်း "မှန်ပါဘုရား၊ ထမင်းအုပ်ရဲ့အဖုံး ဟာ ပျောက်သွားတာ ကြာပါပြီ၊ ဒါကြောင့် တခြားအဖုံးတစ်ခုနဲ့ ဖုံးထားတဲ့အခါမှာ ထမင်းအုပ်ဟာ အံချော်နေတာကြောင့် ကောင်းကောင်းမွန်မွန် ဖုံးလို့မရတာကို သခင်ဘုရားတွေ့ရင် သိသာနိုင်ရန်အောင်လို့ စာနဲ့ရေးထားမိပါကြောင်း" လို့ လျှောက်ထားသတဲ့။

ဒီတော့မှ မူးမတ်တွေနဲ့အတူ မြဝတီမင်းကြီး ဦးစဟာ အူလှိုက်သည်းလှိုက်နဲ့ ရယ်မောပြီး သူ့အတွေးခေါင်ပုံကိုလည်း ပြောမဆုံးတော့ဘူးတဲ့ကွယ်။

ဒီဟာကတော့ စကားထာ သဘောရှိသကွဲ့။ ငါ့မြေး ကြုံကြိုက်တဲ့အခါ မှတ်သားနာယူနိုင်အောင် အဘိုးက ပြောပြထားရတာ။ မှတ်ထားကွဲ့။

*　*　*

## (ခ) ကားယားကောင်

ဟောဒါကလည်း စကားထာသဘောပဲကွဲ့၊ အဘိုးတို့ရဲ့ အဖေ ခရီးသွားရင်း ကြုံခဲ့တာကို ပြောပြထားတာ။

ဟိုး အထက်အညာအရပ်မှာကွဲ့၊ ခရီးသွားလာတဲ့ သူတွေ နားခိုဖို့ဆိုပြီး ဆောက်ထားတဲ့ ဇရပ်တစ်ခု ရှိသတဲ့၊ အဲဒီဇရပ်ထဲမှာ ရေချမ်းစင်တည်ထားတဲ့ အလှူရှင်တစ်ယောက်က ရေချမ်းစင်မှာ ‘နေကားယား၊ စားကားယား၊ သွားကားယား၊ အိပ်ကားယား တိရစ္ဆာန်ကောင်လို မပြုကျင့်ကြနဲ့’ လို့ မီးသွေးနဲ့ ရေးထားတာကိုး။

ဒီတော့ ဇရပ်ကိုရောက်လာသူတိုင်း၊ ရေချမ်းစင်မှာ ရေသောက်မိသူတိုင်းဟာ ဒီစာကိုဖတ်မိကြပြီး ဒီကားယားကောင်ဆိုတာ ဘာကောင်များဖြစ်ပါလိမ့်’ လို့ တွေးကြတာချည်းပဲတဲ့။ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်သွားကြလည်း ဒီကားယားကောင်ဟာ ဘာကောင် ဖြစ်နိုင်ပါလိမ့်ဆိုပြီး တစ်ဆင့်ထက်တစ်ဆင့် စုံစမ်းလိုက်ကြတာလည်း အမောပဲတဲ့။

မကြာခင် ဘုန်းတော်ကြီးတစ်ပါး ဒီဇရပ်ကို ရောက်လာပြန်ပါရောတဲ့။ ဘုန်းတော်ကြီးဟာလည်း ဗဟုသုတကို အင်မတန်မှ လိုက်စားမှတ်သားတတ်တဲ့ ပုဂ္ဂိုလ်ဖြစ်လေတော့ မီးသွေးနဲ့ရေးထားတဲ့

ဒီစာတန်းကိုဖတ်ပြီး ဒါဟာတော့ တစ်ခုခုကို ရည်ရွယ်ပြီး ရေးထားတာဖြစ်မှာပဲ။ ဒီအကောင်ဟာ ဘာကောင်များဖြစ်နိုင်ပါလိမ့်နဲ့ ကြံဆတွေးတောပြီး ဒီဇရပ်က မခွာဘဲနဲ့ တစ်တွေးတည်၊ တွေးနေလိုက်တာ ၃ ရက်တိတိ ရှိသွားပါရော။

ဒီအခါမှာ ရေချမ်းတကာဟာလည်း သောက်ရေအိုးတွေကို ရေလာဖြည့်တော့ ဇရပ်ပေါ်က ဘုန်းတော်ကြီးကိုမြင်တာနဲ့ ချဉ်းကပ်ဝတ်ပြုပြီး "ဘယ်လိုအကြောင်းကိစ္စနဲ့ ဒီဇရပ်ပေါ်မှာ သီတင်းသုံးနေတော်မူပါသလဲ ဘုရား" လို့ လျှောက်ထားသတဲ့။

ဘုန်းတော်ကြီးကလည်း "ဒကာ၊ အခြားမဟုတ်ပေဘူး၊ ဟောဒီ ရေချမ်းစင်မှာ ရေးထားတဲ့ ကားယားကောင်ကို ငါတွေးမရလို့ ဒီနားက ဘယ်လိုမှ မသွားတာ" လို့ ပြောတော့မှ ရေချမ်းတကာဟာ ရယ်မောပြီး "စောစောကပဲ တည့်တော်ကို မေးပါတော့ဘုရား၊ အရှင်ဘုရား ဒုက္ခရှာလို့" လို့ ပြောတယ်။

ဒီတော့ ဘုန်းတော်ကြီးက "ဒီစာကို ဘယ်သူရေးထားတာလဲ၊ ဒကာ သိသလား" လို့မေးတော့ ရေချမ်းတကာက "အခြားလူရေးတာ မဟုတ်ပါဘူးဘုရား၊ တပည့်တော်ကိုယ်တိုင်ပဲ ရေးထားတဲ့စာပါ" လို့ ပြန်လျှောက်သတဲ့။

"ဒကာကိုယ်တိုင်ရေးတဲ့စာဖြစ်ရင် ဘယ်တိရစ္ဆာန်ဖြစ်တယ်ဆိုတာကို လျှောက်စမ်းလဟဲ့" လို့ ဘုန်းတော်ကြီးက မိန့်တော့ "ဒီ ကားယားကောင်ဟာ တခြားအကောင် မဟုတ်ပါဘုရား၊ 'ပင့်ကူ' သတ္တဝါသာ ဖြစ်ကြောင်းပါ" လို့ ရေချမ်းတကာက အဖြေပေးလိုက်တယ်။

ဒီတော့မှ ဘုန်းတော်ကြီးဟာ "အမယ်မင်းဟဲ့ ဒကာ၊ ခုမှပဲ ရှင်းတော့တယ်၊ ငါ သုံးရက်တိုင်တိုင် ကြံစည်တွေးတောလိုက်ရတာ၊ ဒီ 'ပင့်ကူ' ကောင်ကို သတိကို လုံးလုံးမရဘူးလဟဲ့။

တော်ပါပေတယ်ကွယ်၊ ဒီစာကို မြင်မြင်သသူ ရှင်ရှင်လူတွေ သတိထားကြဖို့ဖြစ်တယ်။ ဒီပင့်ကူဆိုတဲ့ သတ္တဝါကောင်ဟာလည်း နေရာတကာမှာ တကားကားနဲ့။ ထိုင်ကားယား ထကားယား။ ဘယ်နေရာမှာမှ ကျစ်လျစ်သိပ်သည်းမှု မရှိတာကို ဒကာတစ်ယောက် ပဲ သတိပြုမိတတ်ပလေတယ်" လို့ ဘုန်းတော်ကြီးဟာ ရေချမ်းတကာ ကို ချီးကျူးပြီး သူ့နေရပ်ဖြစ်တဲ့ ကျောင်းသခ်မ်းကို ပြန်ကြွသွား တော့သတဲ့။

* * *

## (ဂ) တစ်နှစ်သုံးလေး အဖြေမေး

ဒီတစ်ခါတော့ အဘိုးက ရှေးစကားထာ ခေတ်အပေါင်းကို ရာဇဝင် ကြောင်းအရ ပြောပြမကွဲ့။

သက္ကရာဇ် ၈၃၄ က ၈၅၄ အထိ စိုးစံသွားတဲ့ ဟံသာဝတီမင်း ဓမ္မစေတီ လက်ထက်တုန်းကဆိုရင် မင်းပညာရှိ အမတ်ပညာရှိတို့ ကလည်း အင်မတန်ပေါများတဲ့ခေတ် ဖြစ်လေတော့ စကားထာ စကားဝှက်သဘောနဲ့ ပါဠိလိုတစ်မျိုး၊ အနက်လိုတစ်ဖုံ စုံနေအောင် တစ်ဖက်နဲ့တစ်ဖက်၊ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် ပြိုင်ဆိုင်လေ့ရှိ ကြတယ်။

တစ်ခါတော့ ကုလားပြည်လို့ခေါ်တဲ့ ကျည်းပြည်က လွှတ် လိုက်တဲ့ သံအမတ်အဖွဲ့ဟာ ဓမ္မစေတီမင်းဆီကို အဖူးမြော်လာရင်း သူတို့မင်းက ဆက်သလိုက်တဲ့ စာချွန်တော်ကို ဆက်သတာကိုး။

စာထဲမှာက 'အကြည်တော် ဟံသာဝတီမင်း။ စာမှာပါသည့် မေးခွန်းများကို မှတ်သားလို၍ အဖြေပေးတော်မူပါ' လို့ ရေးလိုက် သတဲ့။

ဘုရင်မကြီး ရှင်စောပုရဲ့သမက် ဓမ္မစေတီမင်းဟာ ဉာဏ်ပညာထက်ပြီး စာပေဗဟုသုတ ကြွယ်ဝယ်ဆိုတာကို သတင်းကြားတားတဲ့ ကျည်းပြည်မင်းဟာ လက်တွေ့ ပညာစမ်းလိုတယ်နဲ့တူတယ်။ သူ့စာထဲမှာ '၁–၂–၃–၄–၅–၆–၇–၈–၉–၁၀' ဆိုတဲ့ ဂဏန်း ၁၀ လုံးပဲ ရေးပေးလိုက်သတဲ့။ သူ့မေးခွန်းက ဒီဂဏန်း ၁၀ လုံးပဲ ပေါ့လေ။ ဓမ္မစေတီမင်းဟာ ကျည်းပြည်သံတို့ရဲ့စာကို ဖတ်ပြီး ၃–၄ ရက် ဆိုင်းထားတယ်။

ပြီးတော့မှ စာပေကျမ်းတတ် ဆရာတော်ကြီးများကို နန်းတော်ထဲပင့်ပြီး ဒီအမေးရဲ့ အဖြေကို သိပါရစေဘုရားလို့ လျှောက်ထားတာကိုး၊ ဆရာတော်ကြီးများကလည်း "ဒါယကာမင်းမြတ်ပဲ ဖြေတော်မူပါ၊ ငါတို့ပါ ကြားနာလိုတယ်" လို့ အမိန့်တော်ရှိကြတယ်။ ဒီတော့မှ ဓမ္မစေတီမင်းဟာ ကျည်းပြည်ရဲ့ အမေးကို ဖြေတော်မူသတဲ့။

**အဖြေ။**

၁ – သည် အတုမရှိသော ဂေါတမဗုဒ္ဓရှင်တော်ဘုရား။

၂ – သည် ကုသိုလ်နှင့် အကုသိုလ်တရား ၂ ပါး၊

၃ – သည် ပိဋကတ်သုံးပုံ။

၄ – သည် သစ္စာတရား လေးပါး။

၅ – သည် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူကြသည့် ဘုရားငါးဆူ

၆ – သည် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီဟုခေါ်သော နတ်ပြည်ခြောက်ထပ်။

၇ – သည် အဘိဓမ္မာ ခုနစ်ကျမ်း။

၈ – သည် မဂ္ဂင်ရှစ်ပါး။

၉ – သည် လောကုတ္တရာတရားကိုးပါး။

၁၀ – သည် ဉာဏ်တော် ဆယ်ပါး။

ဓမ္မစေတီမင်းရဲ့အဖြေကို ကြားလိုက်ရတော့ ဆရာတော်ကြီးများရော ကျည်းမင်းရဲ့ သံတမန်တွေပါ သိပ်အံ့သြကုန်ကြတာပေါ့။

"အသင်မင်းကြီးသည် ဓမ္မစေတီဟူသော အမည်ကို ခံယူထိုက်ပါပေသည်။ ကျွန်ုပ်တို့သည် ဤအက္ခရာ ဆယ်လုံးထဲမှ နှစ်လုံးမျှကို သီဟိုဠ်တွင် မေးရာ ထိုနှစ်လုံးမျှကိုပင် မဖြေနိုင်ကြပါ။ အသင် မင်းကြီးသည်သာ တစ်ခဏချင်းနှင့် အက္ခရာ ဆယ်လုံးစလုံးကို မြတ်စွာဘုရားသခင်၏ အလိုတော်ကျ အမိန့်တော်အတိုင်း ဖြေဆိုတော်မူနိုင်ပါပေသည်" လို့ ကျည်းသံတမန်တွေက ချီးကျူးကြသတဲ့။

သူတို့ဝှက်ဆိုတာကို မှန်ကန်အောင် ဖြေနိုင်တဲ့အတွက် ကျည်းသံတမန်တွေဟာ ဓမ္မစေတီမင်းကို ဉာဏ်ပူဇော်တဲ့အနေနဲ့ ကျည်းပြည်ကပါလာတဲ့ ပိုးဖဲ အဝတ်စုံတွေနဲ့ ရွှေပန်းခိုင် ငွေပန်းခိုင်တွေအပြင် ကျည်းပြည်ဘုရင်ရဲ့ နန်းသုံး 'ထွက်စည် ဝင်စည်' လို့ အဘိုးတို့ မြန်မာလိုခေါ်တဲ့ 'ကျည်းမြှောက်စည် ခုနစ်လုံး' ကိုပါ ဆက်သကြသတဲ့။

* * *

## (ဃ) ပလပေါက်

ဓမ္မစေတီမင်းကြီး လက်ထက်မှာပဲကွဲ့။ အခု တရုတ်ပြည်လို့ခေါ်တဲ့ စိန့်တိုင်းပြည်က သံအမတ်ကြီးတစ်ယောက် ခေါင်းဆောင်ကြီးမှူးပြီး အဖွဲ့ဝင် ၅၀ ကျော်ပါတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ဟာ ပုသိမ်သင်္ဘော

ဆိပ်မှာ ကမ်းကပ်ပြီးတော့ ဆေးရောင်စုံရေးခြယ်ထားတဲ့ သေတ္တာကြီး တစ်လုံး ခမ္မစေတီမင်းကို လာဆက်ပါလေရော။

မင်းကြီးဟာ အင်မတန် လှပခိုင်ခံ့တဲ့ သေတ္တာကြီးကို တအံ့တဩနဲ့ စေ့စေ့စပ်စပ် ကြည့်တဲ့အခါမှာ သေတ္တာကြီးရဲ့ သော့ပေါက်နေရာမှာ 'ကရောဖ–စောလ–ရောင်က' လို့ စာရေးထား တာတွေကို တွေ့ရတာကိုး။ မင်းကြီးဟာ သံတမန်တွေဆီက သေတ္တာကို လက်ခံယူထားပြီး မဖွင့်သေးဘဲနဲ့ ဆိုင်းင့်နေသတဲ့။

နောက်တစ်နေ့ကျမှ မင်းကြီးဟာ ကိုးကွယ်ထားတဲ့ တုရင် ဒေဝ၊ ပုညသာရီ ဆရာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေး တော်မူပြီးတော့ မှူးမတ်စုံစုံလင်လင်ရှေ့မှာ ဒီသေတ္တာပေါ်မှာ ရေးထားတဲ့ စာတွေကိုပြပြီး ဘယ်လို အမိန့်ရှိသလဲဆိုရင် "ဒီ သေတ္တာရဲ့ အနေအထားဟာ အင်မတန် ထူးဆန်းနေပါတယ်။ ဒါကြောင့် ချက်ချင်း သူ့ကိုဖွင့်လို့ မဖြစ်သေးဘူး။ ဒီပေါ် ရေးထားတဲ့ 'ကရောဖ–စောလ–ရောင်က' ဆိုတဲ့ စကားသုံးလုံးကို စဉ်းစားကြည့်ဖို့ လိုပါတယ်။

'ကရောဖ' ဆိုတာက မွန်စကားပဲ။ မြန်မာလိုပြန်ရင် 'ဖဦးထုပ် ၏ နောက်' လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ ဖဦးထုပ်ရဲ့နောက်မှာ ဘာရှိသလဲ တွေးကြည့်ရင် 'ပစောက်' ရှိတာကို တွေ့ရတယ်။ ဒီနေရာမှာ 'ပ' တစ်လုံးကို ယူရမယ်။ 'စောလ' ဆိုတာလည်း မွန်ဘာသာပဲ။ မြန်မာပြန်ရင် 'မြေးအဘိုး' လို့ အဓိပ္ပာယ်ရတယ်။ မြေးက အဘိုးကို မွန်ဘာသာနဲ့ 'လ' လို့ခေါ်တာဖြစ်လို့ ဒီနေရာမှာ 'လ' တစ်လုံးကို ယူမယ်။

'ရောင်က' ဆိုတာက မွန်လိုပြောတာ။ မြန်မာလိုပြန်ရင် 'ငါးကိုမျှော်ကြည့်သူ' လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ 'ငါးကို မျှော် ကြည့်သူ' ဟာ ဘယ်သူ ဖြစ်နိုင်သလဲလို့တွေးရင် 'ဗျိုင်း' ပဲဖြစ်နိုင်

တာကို တွေးမိတယ်။ ဒီတော့ 'ဗျိုင်း' ကိုလည်း မွန်ဘာသာနဲ့'ပေါက်' လို့ခေါ်တာကိုး။ ဒီနေရာမှာ 'ပေါက်' တစ်လုံးကို ယူရမယ်။ အားလုံး စုပေါင်းလိုက်ရင် 'ပလပေါက်' ဆိုတဲ့ အဖြေသုံးလုံးကို တွေ့ရတယ်။

"'ပလပေါက်' ဆိုတာကို မြန်မာလိုပြန်ရင် 'မဖွင့်နဲ့' လို့ အဖြေရှိတယ်။ ဒီလိုဆိုရင် ဒီသေတ္တာကိုဖွင့်ရင် အန္တရာယ် ဖြစ်မယ်နဲ့ တူတယ်။ ဒါကြောင့် ဒီသေတ္တာကို သတိနဲ့ဖွင့်ကြစို့" လို့ ပြောသတဲ့။

သေတ္တာကြီးကလည်း စတုရန်းငါးထောင်ရှိသတဲ့။ အဲဒါနဲ့ မင်းကြီးရဲ့ အစီအစဉ်အတိုင်း လူရှင်းတဲ့ ကျုံးနဖူးထိပ်ကိုယူသွားပြီး ချထားသတဲ့။ ပြီးတော့မှ သေတ္တာအပေါ်က ထန်းပင်တစ်ပင်လောက် အမြင့်ရှိတဲ့ ငြမ်းကိုထိုးတယ်။ အဲဒီငြမ်းအပေါ်က သားရေပြားကြီး တွေကို ၉ ထပ်ခင်းပြီး မင်းချင်းယောက်ျား ၁၀ယောက်တို့က အဲဒီ သေတ္တာပေါ်ကို ကျောက်ခဲကြီးတွေနဲ့ ပစ်ပေါက်ချကြရသတဲ့။

အဲဒီလို ပစ်ချလိုက်တယ်ဆိုရင်ပဲ သေတ္တာဟာ ကွဲသွားပြီး သေတ္တာထဲက မီးခိုးလို အခိုးအငွေ့တွေ ထွက်လာတယ်။ သေတ္တာ ထဲက မြားတံတွေဟာလည်း အရှိန်ပြင်းပြင်းနဲ့ ထွက်လာလိုက်ကြတာ အပေါ်က အုပ်ကာထားတဲ့ သားရေချပ်ကြီးတွေကို ၅ ချပ်အထိ ပေါက်ကုန် စူးကုန်သတဲ့။ လေးဖက်လေးတန် ပတ်ဝန်းကျင်ကို ထွက်ကုန်တဲ့ မြားတွေဟာဆိုလည်း အနီးအနားမှာရှိတဲ့ သစ်ပင်တွေ မှာ တွဲလွဲဆွဲပြီး စူးဝင်နေကြတာကို အားလုံးတွေ့ကြရတာကိုး။

ဒီအဖြစ်အပျက်အားလုံးရဲ့ ကြောက်မက်ဖွယ်ရာ အားလုံးကို မြင်ကြရတဲ့ ရဟန်းရှင်လူအပေါင်းဟာ ငါတို့အားလုံး သေကျေ ပျက်စီးအောင် ကြံလိုက်တဲ့ ဒီလက်နက်သေတ္တာကြီးဟာ ဉာဏ် ပညာကြီးကျယ်တဲ့ ဓမ္မစေတီ မင်းကြီးကြောင့်သာ အားလုံးချမ်းသာ

ရာရကြပါပေတယ်လို့ မင်းကြီးကို ကောင်းချီးပေးပြီး မင်းကြီး အသက်ရှည်ပါစေကြောင်းကို မေတ္တာပို့ ဆုတောင်းကြသတဲ့။

ဒီအခါမှာ စိန့်ပြည်သား သံအဖွဲ့ကလည်း မင်းကြီးရဲ့ ပညာစွမ်းကို ချီးကျူးထောမနာပြုပြီး သူတို့ဘုရင်သည် ဤတိုင်းပြည်နှင့် ဘုရင်ကို သေကျေပျက်စီးရန် မရည်ရွယ်ပါ။ အကယ်၍ ဤသေတ္တာကို မဖွင့်နိုင်လျှင် သို့မဟုတ် စနစ်တကျ မဖွင့်တတ်လျှင် သူတို့သည် ဤသေတ္တာကို ဘေးကင်းစွာနှင့် ပြန်ယူသွားရန် အစီအစဉ် ရှိပါသည်လို့ ပြောဆိုတောင်းပန်ပြီး ယူဆောင်လာကြတဲ့ စိန့်တိုင်းပြည်ဖြစ် အဝတ်တန်ဆာတွေနဲ့ တူရိယာတီးမှုတ်သူတွေကိုရော၊ တူရိယာ ပစ္စည်းတွေကိုပါ ပဏ္ဏာဆက်သသွားကြသတဲ့။

* * *

## (င) ဖိနပ်စီးကြရအောင်

အမေတို့ရွာတွင် ကြုံတောင့် ကြုံခဲလှစွာ ဘုန်းတော်ကြီးပျံပွဲတော် ရှိလေသည်။ နယ်အခြေအနေ ကောင်းသည်ဖြစ်၍ ဤပွဲတော်ရက် တွင် မြို့ဈေးသည်များပင် လာကြမည်ဟု သတင်းရထားသည်။ ထို့ကြောင့် တစ်ရွာလုံးရှိ လုလင်ပျိုရော လုံမပျိုများပါ ပျော်နေကြ ရွှင်နေကြသည်။

သူများတစ်တွေ ကြိုးစားပမ်းစားနှင့် စိတ်ကူးယဉ်ကြသ သလောက် ငွေကြေးမပြည့်စုံရှာသူ အမေ့တွင်မူ ဒီပွဲလမ်းသဘင်မှာ သူ့သမီးသုံးယောက်ကို ဘယ်လိုလုပ်၍ အများနည်းတူ လုလုပပ ဆင်ရပါမည်နည်းဟု အတွေးနှင့် ရင်လေးနေရှာသည်။

အမေ့မှာ သမီးကြီး မြနုနှင့် အမြွှာသမီးနှစ်ယောက်ဖြစ်သော မြစုနှင့် မြဥဟူသည့် သမီးပျိုသုံးယောက် ရှိလေသည်။ လမ်းအတူ

ထွက်သွားလျှင် ဒီညီအစ်မသုံးယောက် ရွေးမရအောင် တူလှသည် ဟုလည်း သတင်းကြီးနေသည်။ အမေသည် တစ်နေ့ရှာ တစ်နေ့စား ဘဝနှင့် စားဖို့ပင် အနိုင်နိုင်ရှာနေရရှာသည်။ တစ်နေ့တွင် အမေ သည် သမီးသုံးယောက်ကို အနားသို့ခေါ်ယူ၍ ဝမ်းနည်းစကား ပြောကြားလေသည်။

"သမီးတို့ကို အမေ စကားပြောစရာရှိတယ်၊ နားထောင်ကြ ကွဲ့၊ အမေဟာ သမီးသုံးယောက်လုံးကို အပိုအလိုမရှိ အားလုံး အတူတူချစ်တာချည်းပဲကွဲ့။ အမေဟာ သမီးတို့အပေါ်မှာ 'တစ် ဖက်ကိုညှာ၊ တစ်ဖက်နာ၊ မေတ္တာမမျှ မပြုခဲ့' ဘူးဆိုတာကိုတော့ သမီးတို့အသိပဲ။

"အမေတို့ရဲ့ အိမ်တွင်းရေး အခြေအနေဆိုတာလည်း သမီးတို့ သိတဲ့အတိုင်းပဲကွဲ့၊ အမေဟာ သမီးတို့ကို အပျိုအရွယ်ကလေး တွေပါကလားလို့ သူများနည်းတူ လှလှပပ ဆင်မပေးနိုင်တာ ကိုလည်း တစ်နေ့မှ စိတ်မကောင်းဘူး၊ သမီးတို့မှာ ဘာမှ မပြည့် စုံကြရှာဘူး၊ ကိုယ်ပိုင် ပစ္စည်းရယ်လို့လည်း ဘယ်သူ့မှာမှ မရှိကြ တာကို အမေ သိတယ်။

"အခု အမေပြောမှာလည်း ဒါနဲ့ပတ်သက်တာပဲ။ အခုပွဲတော် ရက်အတွင်း ရက်ပေါင်း ၃၀ (တစ်လ)တိတိမှာ သမီးတို့စီးကြဖို့ ဖိနပ်အသစ်ကိုလည်း အမေလည်း ထပ်ဝယ်မပေးနိုင်ဘူး၊ ရှိတဲ့ဖိနပ် ကလည်းသမီးသုံးယောက်လုံးမှာမှ ၂ ရန်ပဲရှိတယ်၊ အဲဒါကို သမီးတို့ ဘယ်လိုလုပ်ပြီး စီးရပါ့မလဲလို့ အမေ အဖြေရှာနေတယ်"

ထိုအခါ သမီးကြီး မြနုက အမေ့စကားမဆုံးမီမှာပင် 'သူ ပွဲတော်မသွားပါ၊ ညီမများပဲ သွားပါစေ' ဟုဆိုကာ အမေ့ပြဿနာကို ငဲ့ညှာစွာ ဝင်ရှင်းပေးသည်။ သို့သော် အမေက မကျေနပ်။

"အို မြနုကကွယ် အမေ့စကားကို ဝင်မဖြတ်နဲ့စမ်း၊ ဆုံးအောင် နားထောင်မှပေါ့၊ အမေက ဒီလိုတစ်ယောက်က အနစ်နာခံတာကိုလည်း မကြိုက်ဘူး၊ အားလုံးအညီအမျှ ဖြစ်စေချင်တယ်ဆိုတာကို အမေ စောစောက ပြောခဲ့ပါပကောလား။

"ဒီတော့ နားထောင်ကြ၊ အမေပြောမယ်၊ အခု ဖိနပ် ၂ ရန်ရှိတာကို ဒီပွဲတော်ရက် ရက်ပေါင်း ၃၀ အတွင်းမှာ သမီးတို့ ညီအစ်မ သုံးယောက်လုံး အညီအမျှဖြစ်အောင် တစ်ယောက်ကို ရက်ပေါင်း ၂၀ တိတိစီ အညီအမျှ စီးကြရမယ်ကွဲ့၊ ဒါပေမဲ့ ဘယ်သူ အရင်စီးမယ်ဆိုတာတော့ သမီးတို့ ဆန္ဒအတိုင်းလုပ်ကြ"

အမေကား အပါးမှ ထွက်သွားလေပြီ။ စကားလည်း ဆုံးသွားလေပြီ။ နု၊ စု၊ ဥ ညီအစ်မသုံးဖော်တို့သည် ဖိနပ် ၂ ရန်နှင့် ရက်ပေါင်း ၃၀ အတွင်း သူတို့သုံးယောက် ဘယ်လိုလုပ်၍ တစ်ယောက် အရက် ၂၀ စီရအောင် စီးကြရမည်ကို ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြလေပြီ။

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်–ရှု]**

* * *

## (စ) ဟိုဘက်ကမ်းကို ကူးကြမယ်

တောလိုက်မုဆိုးကြီးသည် သူနှင့်အတူ ကျားဆိုးကြီးတစ်ကောင်၊ ဆိတ်သိုးကြီးတစ်ကောင်နှင့် သူအလွန်ကြိုက်သည့် ကွမ်းတစ်ထုပ်ကို သယ်ဆောင်ယူလာသည်။ သူသည် မြစ်၏ တစ်ဖက်ကမ်းသို့ ကူးရန် လှေကြုံကိုစောင့်ရင်း မြစ်ကမ်းနားတွင် ထိုင်နေလေသည်။

နေသည် တဖြည်းဖြည်း မြင့်လာလေပြီ။ သက်ရှိပစ္စည်းဖြစ်သသော ကျားနှင့် ဆိတ်တို့ကလည်း ဆာကြပြီဖြစ်၍ မုဆိုးကြီးထံတွင် အစာတောင်းသည့်အနေနှင့် အသံပေးနေကြသည်။ မုဆိုးကြီး

ကိုယ်တိုင်ကလည်း ဝမ်းထဲမှ တစ်ကြွတ်ကြွတ်မြည်အောင် ဆာလောင်လာလေပြီ။

ထိုအခိုက် မြစ်တစ်ဖက်ကမ်းမှ လှေတစ်စင်းလာသည်ကို မြင်၍ မုဆိုးကြီး ဝမ်းသာသွားသည်။ လှေကြုံ အနားသို့ရောက်လာလျှင် မုဆိုးကြီးသည် လှေပိုင်ရှင်အား ဟိုဘက်ကမ်းသို့ကူးလို၍ လှေကို ခေတ္တငှားပါရန် တောင်းပန်လေသည်။

လှေပိုင်ရှင်သည် မုဆိုးကြီးလက်သို့ လှေကိုအပ်ပြီးလျှင် လှေကို ကမ်းပါးရှိတိုင်တွင် ခိုင်မြဲစွာ ချည်နှောင်၍ထားခဲ့ရန်ကို မှာကြားလျက် ထွက်ခွာလေ၏။ သို့သော် လှေပိုင်ရှင်သည် မုဆိုးကြီး၏ အပါးမှ ထွက်ခွာ၍မသွားမီ မှာကြားသွားသည်မှာ "မုဆိုးကြီး ကျွန်ုပ်၏လှေသည် တစ်ကြိမ်လှော်ခတ်လျှင် လှေပေါ်တွင် ပစ္စည်းဦးရေ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ၊ လှော်ခတ်သူ တစ်ဦးနှင့်အတူ ပစ္စည်းတစ်မျိုးကိုသာ တင်ဆောင်၍ရပါသည်။ သို့မဟုတ်လျှင် ဦးရေပိုတင်မိပါက လှေနစ်မြုပ်တတ်ပါသည်" ဟု ပြောလေသည်။

မုဆိုးကြီးသည် လှေပိုင်ရှင် မှာကြားသွားသည့်အတိုင်း နားထောင်ပါမည်ဟု ကတိပေးလိုက်လေသည်။ ထိုနောက် မုဆိုးကြီးသည် သူနှင့်အတူပါလာသည့် သက်ရှိပစ္စည်း ကျားဆိုး၊ ဆိတ်သိုးနှင့် သက်မဲ့ပစ္စည်း ကွမ်းထုပ်အစရှိသည့် ဤပစ္စည်းဦးရေ ၃ မျိုးကိုကြည့်ကာ သူနှင့်အတူ တစ်ခုစီသာ လှေပေါ်သို့ တင်ဆောင်ခေါ်ယူသွားခွင့် ရှိသည်ဖြစ်၍ မည်သည့်ပစ္စည်းအား အရင်ဆုံးခေါ်ယူသွားရမည်ကို စဉ်းစားမိလေ၏။

သူသည် အကယ်၍ ကျားကို ပထမဆုံး ခေါ်သွားမည်ဆိုပါစို့။ ဤမှာဘက်ကမ်းတွင် ဆိတ်သိုးနှင့် ကွမ်းထုပ်သာ ကျန်ရစ်ခဲ့မည်ဖြစ်ပေသည်။ ထိုအခါတွင် အစာဆာနေမည်ဖြစ်သည့် ဆိတ်သိုး

သည် သူ၏အစာဖြစ်သော ကွမ်းထုပ်ကို အနားမှာ မုဆိုးကြီး မရှိတော့၍ ကြောက်ရမည့်သူ မရှိသောကြောင့် စားပစ်လိုက်ပေမည်ဖြစ်သည်။

အကယ်၍ ကွမ်းထုပ်ကို ယူသွားပါကလည်း ကျားသည်ဆိတ်ကိုစားပစ်လိုက်ပေမည်။ ထို့ကြောင့် မုဆိုးကြီးသည် ဆိတ်ကိုပထမဆုံး ခေါ်သွားမည်ဟု စိတ်ကူးသည်။ ဤဘက်ကမ်းတွင်ကျန်ခဲ့သော ကျားသည် ကွမ်းကို သူ၏အစာမဟုတ်၍ စားမည်မဟုတ်ဟု တွေး၏။

ထိုနောက် ဒုတိယအခေါက်တွင် မည်သူ့ကို ဟိုဘက်ကမ်းသို့ခေါ်သွားရမည်ဟူသော ပြဿနာကို မုဆိုးကြီးသည် မရှင်းနိုင်ရှာ။ ကျားဆိုးနှင့် ဆိတ်သိုးကျန်ခဲ့လျှင် ဆိတ်သိုး အစားခံရမည်။ ဆိတ်သိုးနှင့် ကွမ်းထုပ် ကျန်ခဲ့လျှင်လည်း ကွမ်းထုပ် အစားခံရမည်။

သို့ဖြစ်လျှင် မုဆိုးကြီးသည် မည်သူ့အား အရင် လှေပေါ်တင်ဆောင်၍ မည်သူ၏အစားကို မည်သူမျှ မခံရလေအောင်ဘေးကင်းစွာဖြင့် ဟိုဘက်ကမ်းသို့ ကူးရမည်နည်းဟု စိတ်ကူးထုတ်ရပေတော့မည်။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (ဆ) မီးရထား ၂ စင်း

အဘွားနှင့် သည်တစ်ခါ ခရီးထွက်လာရခြင်းသည် အခါတိုင်းနှင့်မတူ ပို၍ ပျော်ရွှင်ဖွယ်ရာ ကောင်းလှသည်ဟု သူဇာတို့ ညီအစ်မနှစ်ယောက် တီးတိုးပြောလာကြသည်။

အဘွားသည် သူငယ်စဉ်က နေထိုင်ရာဖြစ်ခဲ့သည့် ချက်မြုပ်ရာဒေသသို့ အပြန်ခရီးတွင် အတိတ်မှ အဟောင်းတို့ကို အသစ်

တစ်ဖန် ပြန်လည်မြင်ယောင်လာဟန်နှင့် စိတ်လက်ပျော်ရွှင်နေသည်။ သူငယ်စဉ်က အတွေ့အကြုံများကို မြေးမကလေးနှစ်ယောက်အား တဖွဖွ ပြောပြလာသည်။

အဘွား၏ဒေသသည် စေတီပုထိုးများ ပေါများ၍ တောတောင်ရေမြေ သဘာဝလှပကာ သစ်သီးဝလံများ ပေါများလှသည့် သထုံခရိုင် တောင်စွန်းရွာကလေး ဖြစ်သည်။

အဘွားသည် ရထားပေါ်မှ လှမ်းမြင်နေရသည့် အရပ်ရှည်ရှည် လူကြီးတစ်ယောက် ကတ္တီပါစောင်အစိမ်းကို တစ်ကိုယ်လုံး ခြုံအိပ်ထားသည်နှင့် တူနေသော စိမ်းစိမ်းစိုနေသည့် တိုက်ကုလားတောင်တန်းကြီးကို လက်ညှိုးထိုးပြရင်း ယင်းတောင်စောင်းမှ သူတို့၏ ဒူးရင်းခြံအကြောင်း၊ ထိုတောင်စောင်းမှ ပေါများသော စားသုံးပင်များအကြောင်း စသဖြင့် ပြောလာရာ တစ်နေရာတွင်ကား–

"အဲဒီ တောင်ပန်းတစ်လျှောက်လုံးမှာ စားသုံးပင် သစ်သီးဝလံတွေဆိုတာ တစ်လ ထမင်းမစားရရင် နေပါစေတော့၊ သီးပင်တွေလျှောက်ခူးစားတာနဲ့ပဲ ဝမ်းဝတယ်၊ အဲဒီလောက်ကိုပေါတာ" ဟူ၍ ပါရှိလေရာ သူဇာက ရုတ်ခြည်းကြားဖြတ်လျက်

"အဘွားပြောတဲ့ အထဲမှာ သစ်သီး ဝလံဆိုတာ၊ သစ်သီးကတော့ သူဇာတို့ သိပါပြီ၊ ဝလံ ဆိုတာက ဘာကိုခေါ်တာလဲ အဘွား" ဟု မေးလိုက်သည်။

ထိုအခါ အဘွားက

"ဝလံဆိုတာဟာ နွယ်ပင်ကသီးတာကို ခေါ်တာကွဲ့ မိန်းကလေးရဲ့၊ ဘူး၊ ဖရုံ၊ သခွားဆိုတာတွေဟာ ဝလံတွေပေါ့ကွယ်။ သူတို့လိုပဲ နွယ်ပင်က သီးတာမှန်ရင် ဝလံချည်းပေါ့။ အလို"

စကားပြောနေရင်းမှာပင် အဘွားတို့စီးလာသော ရထားသည် ရုတ်ခြည်း ရပ်တန့်သွားလေသည်။

"ဟင်... ဘူတာလည်း မရောက်သေးဘဲနဲ့ ရထားက ဘာဖြစ်လို့ ရပ်သွားရပါလိမ့်" ဟု ဖြူပြာသည် အဘွားနှင့်အတူ ပြတင်းဝမှ ခေါင်းပြူ၍ အပြင်သို့ ထွက်ကြည့်လေသည်။

မှန်ပါသည်။ ရထားသည် တောင်စွန်းဘူတာသို့ မရောက်ခင် ရွာအဝင် ရေစုပ်စက်ကြီး၏အနီး 'အင်းဘုန်းကြီး' ဟု ခေါ်သော ရွာကလေး၏ ဘေးတွင် ရပ်ရိုးထုံးစံမဟုတ်ဘဲနှင့် ရပ်သွားသည်။ ရထားတွဲပေါ်တွင်ရှိသော ခရီးသည်များသည် ရထားတွဲ တံခါးဝနားသို့ ပြူစိပြူစိနှင့် ထွက်ရပ်ကြကာ ရထားဘာကြောင့် ရပ်နေပါလိမ့်ဟု အချင်းချင်း တစ်ဦးကိုတစ်ဦး စုံစမ်းကြလေသည်။

အဘွားတို့ ရထားသည် မော်လမြိုင်ဘက်မှ ထွက်လာသည့် ရန်ကုန်သွား မီးရထားနှင့် တစ်လမ်းတည်းပေါ်တွင် လာဆုံနေသောကြောင့် ယခုကဲ့သို့ ရပ်ထားရသည့်အဖြစ်မှန်ကို သူဇာတို့ ညီအစ်မ သိကြရသောအခါတွင် သက်ပြင်း ပြိုင်တူ ချမိကြလေသည်။

"ဒီလိုသာဆိုရင် အဘွားတို့ဆီ ဘယ်အချိန်မှ ရောက်တော့မလဲ မသိဘူးနော်၊ ရထားတွေကလည်း တစ်လမ်းတည်းမှာမှ လာဆုံတတ်ကြလေတယ်"

ဖြူပြာက ညည်းညည်းညူညူနှင့် ပြောလိုက်သည်။

ခရီးသည်များအားလုံးသည် ရထားမထွက်နိုင်မီ အညောင်းပြေသဘောနှင့် တွဲပေါ်မှအောက်သို့ ခေတ္တဆင်းကြသည်။ သူဇာတို့ ညီအစ်မနှစ်ယောက်ပါ အဘွားထံ ခွင့်တောင်း၍ အောက်သို့ ခဏဆင်းကြည့်ကြသည်။

စပ်စုသော ဖြူပြာသည် ရထားတွဲဖြစ်နေပုံကို ကြည့်ရအောင်ဟုဆိုကာ သူဇာ၏လက်ကိုဆွဲ၍ ရထား ၂ စင်း ခေါင်းချင်းဆိုင်၍ ဆုံနေသည့်ပုံကို သွားကြည့်ရအောင်ဟု ခေါ်သည်။

ရထား ၂ စင်းသည် ရန်ကုန်မော်လမြိုင်သွား ရထားလမ်းပေါ်တွင် ခေါင်းချင်းဆိုင်၍ ဆုံနေကြလေပြီ။ ရန်ကုန်မှ လာသောရထားသည် တွဲပေါင်း ၆၄ တွဲပါလာသလို မော်လမြိုင်မှလာသောရထားသည်လည်း တွဲပေါင်း ၆၄ တွဲပါလာသည်ကို သူဇာတို့တွေ့ရလေသည်။

သူဇာတို့နှစ်ယောက် ရထား ၂ စင်းဆုံနေသောနေရာကိုလှည့်ပတ်၍ ကြည့်ကြပြန်သောအခါ ရထား ၂ စင်းဆုံတွေ့နေကြသည့် ရထားလမ်း၏ဘေးတွင် ရေစုပ်စက်ရှိရာသို့ သွားသော ရန်ကုန်မော်လမြိုင်သွား ရထားလမ်းကို ကန့်လန့်ဖြတ်ဆုံနေသည့်ရထားလမ်းတိုကလေးတစ်ခုကို တွေ့ကြရသည်။ ထိုလမ်းတိုကလေးသည် ရထားတွဲပေါင်း ၃၂ တွဲခန့် နေရာအရှည် ရှိလေသည်။

သူဇာသည် မီးရထားရုံပိုင်နှင့် ဂါတ်ဗိုလ် စက်ခေါင်းဗိုလ်တို့ ခေါင်းချင်းဆိုင်၍ ဒီရထား ၂ စင်းကို ကိုယ့်လမ်းကိုယ်သွားနိုင်ရန် အလွယ်တကူနှင့် ဘယ်လိုလုပ်ကြရမည်ကို တိုင်ပင်နေကြသည့် နေရာသို့သွားကာ နားထောင်ချင်သော်လည်း 'မိန်းကလေးဆိုတာ ကိုယ့်နေရာ ကိုယ်သိရတယ်' ဟူသော အဘွား၏ ဩဝါဒကို ကြားယောင်လာသဖြင့် ညီအစ်မနှစ်ယောက် သူတို့တွဲရှိရာသို့ပြန်လာသည်။

ရထားတွဲပေါ်သို့ ရောက်ကြလေလျှင် ရထားတွဲများဖြစ်နေ ပုံကို ဖြူပြာက အဘွားကို ပြောပြပြီး

"အမှန်က ရထား ၂ စင်း ခုလိုရင်ဆိုင်နေတာမှာ ဒီလောက်ကြာဖို့ မဟုတ်ပါဘူး အဘွားရယ်၊ အလွယ်တကူနဲ့ ကိုယ့်လမ်းကိုယ်သွားနိုင်အောင် လုပ်နိုင်သားပဲ ဟာကို၊ ဘာများ အခက်အခဲရှိနေလို့ပါလိမ့်။ ဒီရုံပိုင်တွေဟာ သက်သက်ခရကို ခါးတောင်းကျိုက်ဖမ်းချင်နေကြတယ်"

ဖြူပြာ၏ စိတ်မရှည်သလို ပြောလိုက်သံနှင့်အတူ ရထား ၂ စင်း တစ်လမ်းတည်းဆုံနေသည့် ကိစ္စမှာ အလွယ်တကူနှင့် လွဲပြောင်းနိုင်သားပဲဟု သူက ပြောလိုက်သည်ကို ရထားတွဲပေါ်ရှိ ခရီးသည်များက ကြားလိုက်ရသောကြောင့် ဖြူပြာကို ဝိုင်းကြည့်လိုက်ကြသည်။

အသက် ၄၀ ခန့်ရှိသော ခံ့ခံ့ညားညား ဝတ်ဆင်ထားသည့် ယောကျ်ားကြီးတစ်ဦးသည် ဖြူပြာပြောသည်ကို သဘောကျ စိတ်ဝင်စားသည့်ဟန်ဖြင့် ဖြူပြာကို ဖော်ရွေစွာကြည့်ရင်း အပြုံးနှင့်–

"မိန်းကလေးပြောတာ မှန်တယ်ကွဲ့၊ ဦးလေး ထောက်ခံတယ်၊ ဒီရထား ၂ စင်း ခုလို တစ်လမ်းတည်းမှာ ဆုံနေတဲ့အခါမှာ မိန်းကလေးဟာ ဒီရထားမှာ တာဝန်အရှိဆုံး လူတစ်ယောက်အနေနဲ့ တကယ်လို့ ဖြစ်ခဲ့ရင် မိန်းကလေးပြောသလို အလွယ်တကူနဲ့ ဒီရထား ၂ စင်းကို ကိုယ့်လမ်းကိုယ်သွားနိုင်အောင် ဘယ်လိုလုပ်ပေးမယ်ဆိုတာ ဦးလေး သိပါရစေကွယ် ပြောပြပါ" ဟု ဆိုလာသည်။

အဘွားကပါ ထိုခရီးသည်ကြီး တောင်းဆိုသည်ကို ထောက်ခံသလို အမူအရာနှင့် ခေါင်းညိတ်ပြလေသည်။

ဖြူပြာသည် ထိုရထား ၂ စင်း ကိုယ့်လမ်း ကိုယ်သွားနိုင်ရန် မည်ကဲ့သို့ စီမံပေးလေမည်နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (၈) ဆွတ်ချူရန် ခက်ပါဘိ

သူဇာတစ်ယောက် စားမကောင်း သောက်မကောင်းနှင့် တရှောင်ရှောင် ဖြစ်နေရာမှ အိပ်ရာထက် ဗုန်းဗုန်းလဲကျသွားသည်အထိ

နေမကောင်းဖြစ်သွားရှာချေပြီ။ အစားအသောက် မဝင်သည်ကို အကြောင်းပြုပြီး သူဇာတွင် အိပ်မပျော်သော ရောဂါကပါ ဝင်လာပြန်တော့ သွေးလေကပါ ချောက်ချားလာပြီး အပြောအဆိုပါ ဖောက်ပြားလာတော့သည်။

ချစ်အားထားခဲ့ရသည့် မြေးကလေးမို့ အဘွားတစ်ယောက် စိတ်ပူပန်ရသည်မှာ ပြောစရာပင် မရှိတော့။ ပယောဂ ဆရာကို ခေါ်ပြခဲ့သည်။ “ဒီဟာ ရှာသူနဲ့ ဇော်ဂနီပေါင်းပြီး လုပ်ထားတာ၊ နှယ်နှယ်ရရ မဟုတ်ဘူး၊ ဇော်ဂနီခေါ်၊ စုန်းမျိုးကျော်၊ လေးဖော် အဘယ်နည်းဆိုတဲ့ ဇော်ဂနီ လေးမျိုးအနက် ဒေဝဇော်ဂနီဆိုတာက အောက်တန်းစား နတ်ဆိုးနတ်ယုတ်တွေကို ခေါ်တာ။ ဗျဂ္ဃဇော်ဂနီ ဆိုတာကတော့ ကျားနဲ့ယှဉ်လာတတ်တဲ့ နတ်စိမ်းတွေကို ခေါ်တာ။ ယက္ခဇော်ဂနီဆိုတာကတော့ ဘီလူး၊ သရဲ၊ ဖုတ်၊ ပြိတ္တာတွေကို ခေါ်တာ။ ဣန္ဒဇော်ဂနီ ဆိုတာကတော့ အခုပြောခဲ့တဲ့ ဇော်ဂနီ အားလုံးကို အစိုးရတဲ့ နတ်စိမ်းတွေကို ခေါ်တာ။ ဇော်ဂနီတွေထဲ မှာတော့ တန်ခိုးအကြီးဆုံးပေါ့ဗျာ။

“အခု ဟောဒီကလေးမကို စွဲကပ်နေတာလည်း ဣန္ဒဇော်ဂနီ ဖြစ်တယ်၊ ပေါ့ပေါ့ဆဆတော့ မထင်လေနဲ့၊ အတော့်ကို ကြိုးကြိုး စားစား ကုမှရတော့မှာ” ဟု ကြောက်စရာ လန့်စရာ ပြောလိုက်သည်။

ဓာတ်ဗိန္ဒောဆရာ ရိုးရိုးသားသားကို ခေါ်ပြပြန်တော့လည်း “သွေးရိုးသားရိုး ရောဂါပါ” ဟုဆိုလျက် သင့်လျော်သော ဆေးဝါးနှင့် ကုသကျွေးမွေးပြန်သည်။

နက္ခတ်၊ ရာသီ၊ နေ၊ လတို့၏ အသွားအလာကို ကြည့်ရှု ကုသတတ်သော ဆရာသမားကြီးများကလည်း နက္ခတ်ကြိုက်၊ ရာသီကြိုက်၊ ဓာတ်စာဆေးဝါးကိုပေးကာ ကုသပြန်သည်။

ဟူးရားသမားတော်နှင့် ပြသကုမပြန်တော့လည်း လူနာ၏ မွေးသက္ကရာဇ်ကိုမေးကာ ယတြာချေသည်။ သက်စေ့ ထီး၊ မီး၊ ပန်း၊ ရေချမ်းများကို လှူဒါန်းစေသည်။ ညောင်ထောက်၊ တံတားခင်း၊ သဲပုံစေတီတည် စသည်ဖြင့် မျိုးစုံအောင် ကုသခဲ့သည်။

ဆရာများ၏ သားသေရသည်ဟူသော စကားကဲ့သို့ သူဇာ၏ ရောဂါသည် စဖြစ်သည့်နေ့မှစ၍ ဒီရေအလား တိုးပွား၍သာလာရ သည်။ သက်သာသည့် အရိပ်ကိုမျှ မမြင်ရ။ တစ်နေ့တခြား လုံးပါးပါးလာခဲ့ရသော သူဇာ၏အဖြစ်သည် အရိုးပေါ်အရေ တင်ကာ ယဲ့ယဲ့ကလေးသာ ကျန်တော့သည်။

သို့သော် ကံကောင်းထောက်မချင်၍လောဟုတော့ မပြောတတ်ပေ။ တစ်နေ့တွင် အဘွားတို့ရွာ၏ အရှေ့အရပ်တွင်ရှိသော အောင်ဇေယျရွာမှ ဆရာ ကိုမေတ္တာဆိုသူနှင့် အဘွားတို့ရွာ၏ အနောက်အရပ်တွင်ရှိသော ကံတော်ရွာမှ ဆရာ ကိုသစ္စာဆိုသူ နှစ်ဦးတို့သည် ဆရာသမားကြီးများက လက်လွှတ်ထားရသည် ဟူသော လူနာ မသူဇာ၏သတင်းကို ကြားနာလာခဲ့ရ၍ သူတို့ ဆရာနှစ်ဦး ကုသပါရစေဟု အဘွားထံတွင် မသူဇာအား ကုသခွင့်တောင်းလာကြလေသည်။

အဘွားကလည်း ဘုရားပေးသော အသက်သာ ရှိပေတော့သည်ဟုတွေးကာ ဆရာနှစ်ယောက်၏လက်သို့ လူနာ မသူဇာကို ကုသပေးပါရန် အပ်နှံလိုက်သည်။ ဒါပေသည့် အဘွား၏ စိတ်ထဲတွင်မူ ငယ်ရွယ်လွန်းသူ ဤဆရာနှစ်ယောက်သည် သူ့မြေးသူဇာ၏ အသက်ကို တကယ်မှ ကယ်မပေးနိုင်ပါမည်လားဟု တွေးမိရင်း–

“သမားဆို အိုမှလို့တော့ ရှေးစကား ရှိခဲ့တာပဲ။ အခုလည်း ဆရာအို သမားအိုတွေ အားလုံးကတော့ အဘွားမြေးကို လက်လွှတ်သွားကုန်ကြပြီကွယ်။ ဒါကို ဆရာလေးတို့ နှစ်ယောက်က ကယ်မပေး

နိုင်မယ်ဆိုရင်တော့ ဆရာလေးတို့ဟာ သိကြားဆရာ နတ်ဆရာတွေပဲလို့ မှတ်ရတော့မှာပဲ” ဟု မျက်ရည်စမ်းစမ်းနှင့် အားကိုးတကြီးပြောရှာလေသည်။

ဆရာလေး နှစ်ယောက်ကလည်း အဘွားကို နှစ်သိမ့်စေသော အပြုံးနှင့် ပြိုင်တူကြည့်လိုက်ကြရင်းက ဆရာလေး ကိုမေတ္တာသည် အဘွားကို စကားဆိုလိုက်သည်။

“သမားဆို အိုမှလို့ အဘွားပြောတာလည်း မှန်ပါတယ်အဘွား၊ ဒါပေမဲ့ အခုခေတ်မှာတော့ သမားပညာကို တကယ်ကျကျနန လေ့လာလိုက်စားကြပြီး စနစ်တကျနဲ့ ကုသတတ်ကြပြီမို့ဒီစကားဟာ မမှန်တော့ပါဘူး။ သမားဆိုတာမှာ ဂုဏ်အင်္ဂါသုံးရပ်ရှိရပါတယ်။ ဘယ်လိုလဲဆိုတော့ ပဏ္ဍိတဂုဏ်၊ အနာရောဂါဖြစ်လာရတဲ့ လက္ခဏာနဲ့ ရာသီ၊ ဥတု၊ ရတုတို့ကို ပိုင်ပိုင်နိုင်နိုင်တတ်သိလိမ္မာရမယ်၊ ဒက္ခဂုဏ်၊ ရောဂါနဲ့ သင့်လျော်လျောက်ပတ်တဲ့ ဆေးဝါး ဓာတ်စာတို့ကို နားလည်ရမယ်။ နားလည်တဲ့အတိုင်းလည်း ချက်ချင်းလက်ငင်း ကုသပေးနိုင်တဲ့ အစွမ်းသတ္တိရှိရမယ်။ အနာလသဂုဏ်၊ နေ့ဖြစ်စေ ညဖြစ်စေ လာရောက်ပင့်ခေါ်သူတို့နဲ့အတူ လိုက်သွားနိုင်တဲ့ ထကြွလုံ့လ ဝီရိယ ရှိရမယ်လို့ကျွန်တော်တို့ရဲ့ ဆရာကြီးများက သင်ကြားပေးခဲ့ပါတယ် အဘွားရဲ့”

ဆရာလေး ကိုမေတ္တာကပင် အပြောကောင်းလေသလော၊ အဘွားကပင် ကံစမ်းချင်၍လောဟု မပြောတတ်ပေ။ တစ်ဆွေတစ်မျိုးလုံးက မရတော့ဘူးဟု စိတ်ပျက်လက်လျှော့ထားပြီး ဖြစ်သည့်လူနာ မသူဇာအား ဆရာလေးတို့သဘော ပြုလိုရာပြု၊ ကုလိုရာကုဇီဝိတဒါနပါပဲဟု အဘွားက အပ်နှံလိုက်လေ၏။

ဆရာကိုမေတ္တာနှင့် ကိုသစ္စာတို့သည် လူနာရှင်ဖြစ်သူကဆရာတို့ပြုမှ နရမှာပါဟု လူနာအပ်နှံ ကုသခွင့်ပေးပြီးသည့်နောက်

အိပ်ရာထက်၌ ရုပ်ပျက်ဆင်းပျက် ပိန်ချုံးချည့်နဲ့နေသူကလေး အား သမားတို့၏ ထုံးစံအတိုင်း စုံစမ်းစစ်ဆေးရတော့သည်။

အမျိုးသမီးတို့၏ ဗာလ ဟူသောအရွယ်၊ တစ်ဆယ့်ခြောက် နှစ်အတွင်း၊ တရုဏီအရွယ် အသက်တစ်ဆယ့်ခြောက်နှစ်မှ သုံးဆယ့် နှစ်နှစ်အတွင်း၊ အဓိရုဋ္ဌာ အရွယ် သုံးဆယ့်သုံးနှစ်မှ အသက် ငါးဆယ်အတွင်း၊ ဝုဒ္ဓာအရွယ်၊ အသက်ငါးဆယ်မှ အထက် ကြီးသူများဟူ၍ အရွယ်လေးပါး ပိုင်းခြားထားရာ လူနာ မသူဇာ၏ အသက်အရွယ်ကိုမေး၍ တရုဏီအရွယ်ဟု သိရပြန်သည်။ ရာသီမနိုင် ဆေးမကိုင်နှင့်ဟူသော သမားတို့၏ ဩဝါဒအတိုင်း ဆရာနှစ် ယောက်တို့သည် လူနာ မသူဇာ၏ ရောဂါကို အရင်းအမြစ်မှ စတင် စစ်ဆေးလိုက်သောအခါ သည်းခြေကြောင့် ဖြစ်ရသော နှုတ်မမြိန်နှာ လက္ခဏာများဟု သိရသည်။ ထို့ကြောင့်ပင် မသူဇာ သည် ရောဂါစတင်သည်မှစ၍ မည်သည့်အစားအစာကိုမှ လက်မခံ ချင်ဖြစ်လျက် အားပြတ်လဲသွားရခြင်းဖြစ်၏။ သည်းခြေကို အရင်း တည်ကာ ရောဂါ စတင်လာခြင်းကြောင့်လည်း အရူး စုန်းဖမ်းသည် ကဲ့သို့ ကယောင်ကတမ်းနှင့် ပြောချင်ရာပြော ဆိုချင်ရာဆို ဖြစ်ခဲ့ ရ၏။ လူနာသည် ဤရောဂါဖြစ်သည့်နေ့မှစ၍ ခံတွင်းခါးသည်၊ ချဉ်သည်၊ ပူသည်၊ မည်သည့်အစားကိုစားစား အရသာပျက်သည်၊ အန့်ဆိုးနေသည်။

မသူဇာသည် သူ့စိတ်ကိုသူ အစိုးမရတော့သည်မို့ ဆရာတွေ က မေးသမျှကို ပြောလိုမှပြောသည်။ ငေးနေသည်။ တွေးနေသည်။ တစ်ခါတစ်ခါတော့ စိတ်လိုလက်လို ပြောပြရှာသည်။

ဆရာနှစ်ယောက်သည် ဆန်ပေါက်ပေါက်ကို နူးမြည့်နေ အောင် ပြုတ်စေပြီး တစ်ဇွန်းဝင်ဝင် နှစ်ဇွန်းဝင်ဝင်ဟု မသူဇာကို တိုက်ကျွေးသည်။ ပေါက်ပေါက်ပြုတ်ရေသည် ကြေလွယ်၏၊

ဝမ်းမီးကို တောက်စေ၏၊ ဝမ်းကို ချုပ်စေ၏၊ လေကို လည်စေ၏၊ နှုတ်ကို မြိန်စေ၏ဟု ဆရာတို့နှစ်ယောက်က ဆိုကြသည်။

အနာနှင့်ဆေးပင် သင့်မြတ်၍လော၊ ဆရာလေး နှစ်ယောက်ကပင် မေတ္တာစေတနာ ကောင်းမွန်၍လောဟု မပြောတတ်ပေ။ မသူဇာသည်လည်း အနည်းငယ် ထူထူထောင်ထောင် ဖြစ်လာသည်။

ဆရာကိုမေတ္တာနှင့် ကိုသစ္စာတို့သည် လူမမာ မသူဇာအား စိတ်ချလာသည်အထိ မနီးလှသော သူတို့၏ရွာမှနေ၍ နံနက် တစ်ကြိမ် မှန်မှန်လာပြီး ညနေ နေမဝင်ခင် မှန်မှန် ပြန်ကြလေ့ရှိသည်။ အဘွားကဆိုလျှင် ဆရာလေးနှစ်ယောက် အခုလို နေ့စဉ်နေ့တိုင်း လာရသွားရသည်ကို ပင်ပန်းသည်ဟုဆိုကာ လှည်းယဉ်တစ်စီးစီးဖြင့် စီစဉ်ပို့ဆောင်ပေးသည်။ ဆရာလေးများက ငြင်းသည်။ ကြာတော့လည်း ဆရာလေးနှစ်ယောက်နှင့် အဘွားတို့ မိသားစုသည် ဆွေမျိုးရင်းချာပမာ ရင်းနှီးခင်မင်လာကြသည်။

ဝေဒနာမှ ပျောက်ကင်းချမ်းသာလာပြီဆိုတော့လည်း မသူဇာ၏ ပါးမို့မို့ကလေးများသည် နှင်းဆီပန်းပွင့်ကလေးများလို လန်းတင့်လာရပြန်ချေ၏။ ထိုအခါမျိုးကျပြန်တော့ လူနာလှလှကလေးကို လွတ်လွတ်လပ်လပ် တွေ့မြင်ဖန်များလာ၍ ဆရာလေး ကိုမေတ္တာနှင့် ကိုသစ္စာတို့ နှစ်ယောက်သည် ရဟန္တာစျာန်ပျံမို့ ခံနိုင်ကြပါမည်လား။ ငယ်ရွယ်သူ လွတ်လပ်သူချင်း တွေ့ဖန်ဆုံဖန်များလာတော့ အသည်းနှလုံးများက စကားပြောချင်လာကြသည်၊ စကားပြောလာကြတော့သည်။

မသူဇာသည် ဤအခြေမျိုးသို့ ရောက်လာပြန်တော့ ခေါင်းတစ်လုံးထဲတွင် ရေအိုးနှစ်လုံးကို မရွက်နိုင်သလို၊ လက်တစ်ဖက်တည်းနှင့် ငါးရံ့နှစ်ကောင်ကို မဖမ်းနိုင်သလို အဖြေမပေးနိုင်အောင် ရှိရှာတော့သည်။

သုံးပွင့်ဆိုင် သူတို့အဖြစ်ကိုကြည့်ကာ ဖြူပြာကတော့ ပြုံးမိ သည်။ ဖြူပြာ့အနေကလည်း "သူဇာရေ ဆရာကိုသစ္စာက တော် သားပဲ" ဟု ဝေဖန်ပိုင်ခွင့်မရှိ။ ဝေဖန်ချက်ကိုလည်း မပေးထိုက်ဟု ထင်မြင်သောကြောင့် ခပ်အေးအေးသာ နေခဲ့သည်။

ယနေ့လည်း ဆရာနှစ်ယောက်တို့ ရောက်လာချိန်နီးနေပြီ ဖြစ်၍ ဖြူပြာသည် ရွာအဝင်လမ်းဆီသို့ လည်ပင်းလေးဆန့်ကာ မျှော်လိုက်မိသည်။ ထိုအခိုက် ဆရာကိုမေတ္တာနှင့် ကိုသစ္စာတို့ ပြိုင်တူ ရောက်လာကြသည်။ ကလေးတစ်ယောက်လို အမူအရာ မပျောက်သေးသော ဖြူပြာသည် ခပ်ရွှင်ရွှင်မြူးမြူးနှင့်—

"အသေဝနာစ ဗာလနံ"

'မသေချာသမျှ ငါမပြန်' ဟူသော အဓိပ္ပာယ်နှင့် နောက်ပြောင် နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် မဖြူပြာရေ၊ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော် ကလည်း ပြန်ပြောရဦးမယ်၊ 'ဒါနဥ္စ ဓမ္မစရိယာ' ဟု နှုတ်သွက်သော ဆရာ ကိုမေတ္တာက ရယ်ရွှန်းရွှန်း ဆိုလိုက်သည်။

'လာရင်းက နှမအသိပါ' ဟု ဆိုလိုက်သည်ကို တွေးမိသော ဆရာကိုသစ္စာကလည်း ပြုံးလိုက်ပြန်သည်။

အင်အားနည်းနေသည့် မသူဇာ၏ အိပ်ရာအနီး၌ ထိုင်ကာ ဆရာကိုမေတ္တာ၊ ကိုသစ္စာ၊ မဖြူပြာတို့ကလည်း စကားထာဝှက် ကြ ဖြေကြနှင့် မသူဇာကို ပျော်တော်ဆက်ကြသည်။ အချိန်ကြာလာ ပြန်တော့ ဆရာနှစ်ယောက်နှင့် သူတို့မိသားစုသည် တစ်ပေါင်းတည်း လိုလို စုစုဝေးဝေး မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှလေသည်။

"မဖြူပြာရေ ဒီနေ့ ဆရာတို့ကို ဘာလုပ်ကျွေးဦးမှာလဲ"

သူဇာသည် အိပ်ရာထက်မှာ ကျုံ့ကျုံ့ပုံ့ပုံ့ ခွေနေရာမှ ဆရာနှစ်ယောက်နှင့် စကားကောင်းနေသော ဖြူပြာကို လှမ်း၍မေး လိုက်လေ၏။

"အမယ်လေး သူဇာရယ်၊ လူနာဟာ လူနာလို အေးအေးနေစမ်းပါ၊ သူ့ဆရာတွေ မစားရမှာကိုများ တကတည်း၊ အပူအပင်ကြီးနေလိုက်တာ၊ မုန်းစရာ"

ဖြူပြာသည် သည်းနိုင်ရန်ကော၊ ပိုနိုင်ရန်ကောဟူသည့် မျက်နှာမျိုးဖြင့် အိပ်ရာထက်မှ သူဇာကို ခပ်ရွဲ့ရွဲ့စလိုက်သည်။ ဖြူပြာက ကလေးတစ်ယောက်လို အရွဲ့အစောင်းသန်လှသည်ကို သိနေပြီးဖြစ်သော ဆရာကိုမေတ္တာကလည်း ဖြူပြာကိုရော သူဇာကိုပါ တချက် သိမ်းကြုံးကြည့်လိုက်ရင်း–

"ပူရတာပေါ့ဗျာ၊ ဆရာတို့ မစားရ မသောက်ရမှာကို မသူဇာကမှ မပူရင် ဘယ်သူက ပူရမှာလဲ။ မဖြူပြာက ဆရာတို့ကို စေတနာ သဒ္ဓါတရား ထားမှာလား၊ ပြောလေ"

"အံမာ ဆရာကိုမေတ္တာက သူ့လူနာကိုထိလို့ နာတတ်လိုက်တာ၊ အေးပါ နာပါ၊ နာပါ၊ ဖြူပြာကဖြင့် ဒီနေ့ ဆရာတို့လာရင် ကျွေးမယ်ဆိုပြီးတော့ စေတနာဗပွနဲ့ လုပ်ထားလိုက်ရတာကို တမောပဲ။ တော်ပြီ၊ ဘာမှ မကျွေးတော့ဘူး၊ ကိုယ့်လူနာဆီမှာပဲ တောင်းစားပေတော့"

"ဒီလိုလည်း မလုပ်လိုက်ပါနဲ့ မဖြူပြာရေ၊ ဆရာကိုမေတ္တာကို မကျွေးချင်ရင်နေပါ၊ ဆရာကိုသစ္စာကိုတော့ ကျွေးပါနော်"

ဆရာကိုသစ္စာကို ဖြူပြာက ပြုံးပြလိုက်ရင်းက အခန်းပေါက်ဝသို့ ခေါင်းပြူလာသည့် အဘွားကို တွေ့လိုက်ရ၍ ထိုင်နေရာမှ ထရပ်လိုက်သည်။

* * *

ငွေနှင်းမှုန်လေပြန်ခ၍ ဟေမန္တဆောင်းရာသီသို့ ရောက်ခဲ့လေပြီ။ တဖွားဖွား တဖောက်ဖောက်နှင့် ကျဲပြန့်ကာ ဆင်းနေကြသည့်

ငွေနှင်းစက်တို့၏အောက်တွင် ပန်းဂေါ်သဇင်တို့ကလည်း အဆုပ်လိုက် အခိုင်လိုက် ပွင့်ကုန်ကြလေပြီ။

ဆရာလေး ကိုမေတ္တာသည် 'ပန်းမျိုးစုံရာသီတွေ ဖူးခဲ့ပေါ့လေ၊ ချစ်သူကိုရည်စူး ခူးဆွတ်လို့ခြွေ' ဟူသော နတ်ရှင်နောင်သီချင်းကို အမှတ်ရလိုက်မိသည်။ လှပဖွေးနုလှသော ပန်းပွင့်တွေအကြားမှ သူဇာ၏ ကျက်သရေရှင် လှရုပ်သွင်ကို မြင်ယောင်လိုက်မိသည်။ တစ်ခါတစ်ရံ၌လည်း သူဇာက အကြီးမို့ ခံ့ခံ့ထည်ထည်နှင့် သိက္ခာကျွေထားကာ လှနေသလို အငယ်မ ဖြူပြာကလေးကလည်း နုဖတ်ရွှန်းစို အလှသွေးရည်ပိုပြီး ငယ်မူငယ်ဟန်လေး မပျောက်တပျောက်ကို ပို၍ ချစ်လောက်သည်ဟု ထင်မိပြန်သည်။

လှရာရာ ပန်းဆုပ်ပန်းပွင့်ခိုင်တွေကို တစ်ပွေ့တစ်ပိုက်ကြီး ခူးကာ ဆရာကိုမေတ္တာတစ်ယောက် မသူဇာတို့ ခြံပေါက်ဝသို့ ရောက်လာသောအချိန်တွင် ဖြူပြာတစ်ယောက်လည်း ဆံကေသာ တစ်ပြင်လုံး ပန်းဂေါ်သဇင်များ ဖုံးနေတော့ပြီကို တွေ့လိုက်ရသည်။ သူ့မျက်နှာကလေးကလည်း ပြုံးတဝင့်ဝင့်နှင့် ချစ်ချင့်စဖွယ်။

ထိုအခိုက် "ဟော ဆရာကိုမေတ္တာနဲ့ ကျွန်တော် သဘောချင်းတူနေကြပါပကော၊ ကျွန်တော်လဲ ဒီမနက် ပန်းဂေါ်သဇင်တွေ မနိုင်အောင် ပွင့်တာနဲ့ မသူဇာတို့ဆီ ပို့ရအောင်ဆိုပြီး အစောကြီး ထခူးလာတာ" ဟူသော ဆရာကိုသစ္စာ၏ အသံသြသြကြီးကို ကြားလိုက်ရသည်။ ဆရာကိုမေတ္တာသည် ရင်ထဲသို့ အလုံးကြီး ဆောင့်ဝင်သွားသည့်အတိုင်း ဒုံးခနဲ ဖြစ်သွားသည်။ စိတ်ထဲ၌ မသက်မသာ ဖြစ်သွားမိပေသည်။ မျက်နှာမပျက်အောင် သတိထားလိုက်ရင်းက–

"ဒီလိုဆို မဖြူပြာတို့အိမ် ဒီနေ့ လှိုင်ဘောလယ် ဖြစ်နေပြီပေါ့၊ ရှော့ပါဗျာ၊ ပိုလည်း အိမ်နီးချင်း ဝေရတာပေါ့။ မဟုတ်လား" ဟု

စကားရောလိုက်ပြီး သူ့ရှေ့မှာ ဆီးကြီးသလို အပြုံးသားရပ်နေသည့် ဖြူပြာကို လှမ်းပေးလိုက်သည်။

"ဟုတ်မှလည်းလုပ်ပါ ဆရာ ကိုမေတ္တာရယ်၊ သူဇာ့ကို ပေးဖို့ ယူခဲ့တာ မဟုတ်လား၊ ဖြူပြာ့ကို အရင်တွေ့တာနဲ့ အားတုံ့အားနာ ဖြစ်ပြီး ထားမပစ်ခဲ့ပါနဲ့"

ပွင့်လင်းလွန်းလှသည့် ဖြူပြာ့စကားကြောင့် ဆရာကိုမေတ္တာ မှာ အနေခက်သွားသလို "ဖြူပြာတစ်ယောက်ကြောင့်တော့ ခက် ပါတယ်၊ အခုအထိ ရှုးတုန်းပဲကိုး၊ မပြောရမှန်းမသိ၊ ပြောရမှန်း မသိ" ဟု ဘုရားပန်းပြင်နေသော သူဇာကပါ အသံထွက်အောင် ညည်းလိုက်မိရင်း–

"သူဇာ့ကို ပေးပါဆရာ၊ မပိုပါဘူး၊ အတော်ပါပဲ။ သူဇာ ကလည်း ပေါဦးပေါ်ခိုက်မို့ ပန်းပဒေသာခိုင်လုပ်ပြီး ဘုရားကို ပူဇော် ချင်နေတာနဲ့ အဆင်သင့်ပါပဲ" ပန်းများကို လှမ်းယူလိုက်ရာက စကားဖာလိုက်ရတော့၏။

* * *

"ဒီတစ်ခါတော့ ဖြူပြာကစပြီး ဝှက်မယ်နော်၊ ဆရာတို့နှစ်ယောက်က ဖြေ"

ဖြူပြာနှင့် သူဇာကတစ်ဖက်၊ ဆရာလေး ကိုမေတ္တာနှင့် ကိုသစ္စာတို့ကတစ်ဖက် စကားထာဝိုင်းဖွဲ့ကြပြန်သည်။ ဖြူပြာ တစ်ယောက်ကဆိုလျှင် သူများထက်ကို နည်းနည်းလောက်သာရမှ ကျေနပ်သူ ဖြစ်သည်။ တစ်ဖက်လူက အကျပ်အတည်းဖြစ်ပြီး အဖြေကို ရှာမတွေ့လေ ဖြူပြာမှာ ဟန်မဆောင်နိုင်အောင် ပျော်ရွှင် လေချည်းပင်။

"မေးပြီနော်၊ နားထောင်၊ 'ဘုရားမတင် နတ်မကိုး လူတွင် ခေါ်ရိုး ပန်းဆယ်မျိုး' တဲ့၊ အဲဒါဘာလဲ"

"အမယ်လေးလေး၊ ဒါ့ထက်ခက်တာများ မရှိတော့ဘူးလား မဖြူပြာရယ်၊ 'ပန်းထိမ်၊ ပန်းပဲ၊ ပန်းပု၊ ပန်းချီ၊ ပန်းရန်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းယွန်း' ဆိုတဲ့ အနုပညာ ဆယ်ပါး မဟုတ်လား ခင်ဗျာ"

ဆရာလေး နှစ်ယောက်က ဖြေနိုင်လို့ ပြုံးဖြီးဖြီးရှုတ်နောက်နောက်။ ဖြူပြာတစ်ယောက်ကတော့ နှုတ်ခမ်းကလေး စူပွစူပွနှင့် မကျေမနပ်သလို အမူအရာ။

"ကိုင်း ကျွန်တော်တို့ ပြန်မေးမယ်နော်၊ စကားထာလို့တော့ မဆိုလိုပါဘူး၊ ပျော်စေပြက်စေပေါ့ ဟုတ်လား၊ 'အိမ်မှာမွေးထား ငှက်လေးပါး၊ စီးပွားချမ်းသာတိုး' တဲ့။ အဖြေပေးပါတော့"

"အမယ်လေး၊ ခက်ခက်လွန်းလို့၊ ဒါများ ကျောင်းနေကတည်းက ဆရာတော်သင်ပေးလို့ တတ်ထားပါသရှင်။ ဇောတိ တတ္တဗေဒင် ကျမ်းက ဗေဒင် အယူအဆနဲ့တွက်ပြီး အိမ်ခိုငှက်၊ ဥဒေါင်းငှက်၊ ကြက်တူရွေး၊ သာလိကာငှက်တို့ကို အိမ်မှာမွေးထားရင် စီးပွား ဥစ္စာတိုးတယ်လို့ ဆိုထားတာ မဟုတ်လား"

ဆရာနှစ်ယောက်စလုံး ဖြူပြာ့ကို အတော်ကျေနပ် အထင်ကြီး သွားကြသည်။

* * *

ယခုမှ သူဇာတစ်ယောက် အခက်ကြုံရတော့ပြီ။ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက် ဟူသော စကားကဲ့သို့ မကြံပါနိုင် ယိမ်းယိုင် ခွေကာနွမ်း၍ နေရချေပြီ။ စဉ်းစားမိလိုက်တိုင်း သူ့အတွက် ရွှေဖူးစာကံ ဖန်လာပုံ ရက်စက်မှုကို ရင်ထုနေချင်စရာ ဖြစ်တော့

သည်။ သူ့အဖြစ်ကို သူ့ဦးနှောက်နှင့်လည်း မဆုံးဖြတ်နိုင်။ သူ့အသည်းနှလုံးနှင့်လည်း မဆုံးဖြတ်နိုင်တော့သည့်အဆုံးတွင် သူဇာသည် သူ့အဖြစ်အပျက်ကို အဘွားရှေ့မှောက်ကို တင်ပြပြီး အဆုံးအဖြတ် ခံလာရတော့သည်။

"အဘွားရယ် သူဇာတော့ အခုမှ အခက်ကြုံနေပြီ။ အဘွားက သူဇာနဲ့ ဖြူပြာကို မှာထားတယ်မဟုတ်လား။ အဘွားမသိဘဲနဲ့ ဘာကိုမှ မလုပ်ရဘူးဆိုတာလေ။ အဲဒါ အခုတော့ ဆရာကိုမေတ္တာနဲ့ ကိုသစ္စာတို့ နှစ်ယောက်လုံးက သူဇာကို လက်ထပ်ပါရစေလို့ ခွင့်တောင်းနေကြပြီ။ အဲဒါ သူဇာ ဘာပြန်ပြောရမှာလဲ အဘွား"

လမ်းဆုံးလျှင် ရွာတွေ့သည်ဟူသော အဖြေကို အစကတည်းကပင် အဘွားက ကြိုတင်သိမြင်ပြီးသားဖြစ်၍ သူဇာက တင်ပြလာသော ပြဿနာကို ကြားလိုက်ရသောအခါ တအံ့တဩမဖြစ်မိ။ သြော် သူလည်းလေ လောကီသားပေမို့ဟူ၍သာ ဖြေလိုက်တော့သည်။

ဒါပေသည့် အခု သူဇာ တင်ပြလာသလို ဆရာလေးနှစ်ယောက်လုံးက တစ်ပြိုင်တည်း ချစ်တင်းဆိုကြမည်ဟု မတွေးမိခဲ့။ ဆရာလေး တစ်ယောက်ယောက်ကတော့ဖြင့် သူဇာ့ကို လက်ထပ်ခွင့်တောင်းလိမ့်မည်ဟုသာ ထင်ခဲ့သည်။ ထို့ကြောင့်

"အဘွားအနေနဲ့တော့ ဆရာလေး နှစ်ယောက်လုံးကို သံယောဇဉ်လည်း ရှိထားတယ်၊ ဘယ်သူ့ကိုမှလည်းငြင်းစရာအကြောင်းမရှိဘူး၊ ပြီးတော့လည်း သူတို့နှစ်ယောက်လုံးဟာ ငါ့မြေးရဲ့ အသက်သခင် ကျေးဇူးရှင်ချည်းပဲ မဟုတ်လား၊ ဒီတော့ ငါ့မြေးစိတ်ထဲမှာ ဘယ်သူ့ကို အိမ်ထောင်ဖက်အဖြစ်နဲ့ ပေါင်းထိုက်တယ်ဆိုတာကို စိတ်ကြိုက်ရွေးပေါ့ကွယ်"

သူဇာသည် တကယ်ပင် အကြံရကြပ်ပြီး တစဖက်ကိုညှာ တစ်ဖက်နာဆိုတာမျိုးလည်း မဖြစ်စေချင်။ မျက်နှာကလေးအိုလာကာ မရွှင်မပျဖြစ်လာသည်ကို ကြည့်၍ အဘွားကပါ ရင်ထဲမှာမောဟိုက်ပြီး ခွေနုံးလာမိတော့သည်။

"ငါ့မြေးအနေနဲ့ကတော့ ဘယ်သူ့ကိုပဲ ပုံအပ်ရအပ်ရ စိတ် ချမ်းမြေ့နိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ် အဘွားရယ်၊ သူဇာကတော့ ဘယ်သူ့ထက် ဘယ်သူ့ကိုမှ မေတ္တာမပိုတာ အမှန်ပါပဲ၊ ဆရာ ကိုမေတ္တာနဲ့ ကိုသစ္စာကဆိုရင်လည်း ဘာကိုမှ မခွဲခြားနိုင်အောင် အားလုံးတူညီနေကြတာ အဘွားအသိပဲ၊ သူဇာ့အပေါ် ပြုစုတာချင်း၊ ယုယတာချင်း၊ စေတနာ မေတ္တာထားကြတာချင်းမှာလည်း ဘယ်သူကမှ မပိုပါဘူး၊ ပညာအရည်အချင်းရော၊ အရွယ်ရော၊ စိတ်နေသဘောထားမှာရော၊ ရုပ်ရည်မှာရော ဘာတစ်ခုမှ ကွာခြားကြတာ မဟုတ်ဘူး မဟုတ်လား အဘွားရယ်၊ ဒီတော့ သူဇာ မကြံတတ်တော့ဘူးပေါ့"

"သူတို့နှစ်ယောက် ကွာခြားကြတာကတော့ တစ်ယောက်က အရှေ့အရပ်က၊ တစ်ယောက်က အနောက်အရပ်က၊ ဒါပဲမဟုတ် လား မြေးရဲ့၊ ဒါတောင် ခရီးအကွာအဝေးချင်းကျတော့ တူတူပဲ နော်၊ ရယ်စရာကောင်းလိုက်တဲ့ အဖြစ်နော်၊ ဒီတော့ အဘွား အကြံပေးချင်တာကတော့"

အဘွားက စကားကို ခဏရပ်နားလိုက်သည်။ ဒါကိုပင် သူဇာသည် မျှော်လင့်ကြီးစွာဖြင့် အဘွား၏မျက်နှာကို မော့မော့ကလေး အငေးသား ကြည့်နေလိုက်မိရင်း "အဘွား အကြံပေးချင်တာက ဘာလဲဟင် အဘွား" ဟု မဆိုင်းနိုင်သလို ကပျာကယာ မေးလိုက်မိသည်။

"အဘွား အကြံပေးချင်တာက တခြားမဟုတ်ပါဘူး၊ အိမ် ထောင်တစ်ခု တည်ဆောက်တဲ့အခါမှ အကောင်းကိုချည်း တွေးလို့ လည်း မရဘူးကွဲ့၊ အဖြစ်ကိုချည်းတွေးလို့လည်း မရဘူးကွဲ့၊ သာယာမှုကိုချည်းလည်း တွေးလို့မရဘူးကွဲ့၊ ဒါကြောင့် ငါ့မြေးဟာ ဆရာလေး နှစ်ယောက်ရဲ့ အရည်အချင်းနဲ့ ဆက်ဆံသွားလာမှုကို သေသေချာ ချာကြည့်ပြီး ဘယ်သူဟာဖြင့် ငါ့မြေးရဲ့အပေါ်ကို အနစ်နာခံပြီး သွားလာဆက်ဆံနေတယ်၊ ဒုက္ခနဲ့ အရင်းတည်ပြီး ချစ်တယ် ခင်တယ်ဆိုတာကို တွေးပေတော့။

"ပစ္စည်းတစ်ခုကို လိုချင်ရင် လွယ်လွယ်နဲ့ သက်သက်သာသာ ရတာကို တန်ဖိုးမထားတတ်ကြတာဟာ လူ့သဘာဝဖြစ်တယ် ကွဲ့၊ ဒီတော့ ငါ့မြေးဟာ 'ချမ်းသာတစ်ခု၊ အနိုင်လုက၊ နိုင်သူ့ နှလုံး ကြည်ရွှင်ပြုံး၏၊ ရှုံးသူစိတ်မှာ နာကြီးနာ၏' ဆိုတာလို ဒီသူငယ်တွေ မဖြစ်ကြရအောင် သတိပြုပြီးတော့ ငါ့မြေးအတွက် အခက်အခဲ အကျပ်အတည်းကြားထဲက ဒုက္ခကြီးစွာနဲ့ အနစ်နာခံပြီး သွားလာဆက်ဆံသူကိုသာ ရွေးပေတော့ကွယ်၊ မသကာ ကျန်လူ တစ်ယောက်ဟာလည်း ဖြူပြာ့ဆိကိုတော့ ရစ်ဝဲလာဦးမှာ အမှန်ပါပဲ"

သူဇာတစ်ယောက် အဘွား၏ အကြံပေးချက်ကို ကြားရ၍ အလွန်ဝမ်းသာသွားသည်။ ယခုမှသာ ရင်ထဲမှာ ချောင်လည်ရှင်း လင်းသွားတော့သည်။ ပေ့ါပါးသွားတော့သည်။ 'သြော် အဘွား ကျေးဇူးတွေကဖြင့် ထပ်တလဲလဲသာ ပုံနေပါပေါ့ကလား၊ အဘွား မေတ္တာတွေကဖြင့် ကြီးမားလှပါပြီကလား' ဟုလည်း ဝမ်းတွင်းမှ ကျိတ်ကာ အဘွားကို အကြိမ်ကြိမ် ဦးချလိုက်မိလေသည်။

မထွေးနိုင် မအန်နိုင် ဖြစ်နေသော ကိစ္စကြီးတစ်ရပ်ကို အဘွား ကျေးဇူးဖြင့် ဖြေရှင်းလိုက်နိုင်ပေပြီ။ သူ့ရင်ထဲ၌ ရှုံးမတတ် ခံစားလာခဲ့ရသည့် ဒီအတွေးနှင့် ဒီအဖြစ်ကို ယခုမှ အဆုံးသတ်ရ

တော့မည်ဖြစ်၍ သူဇာတစ်ယောက် ငှက်ကလေးတစ်ကောင်လို စိတ်လက်ပေါ့ပါးပြီး ပျံသန်းလိုက်ချင်တော့သည်။

မသူဇာသည် ဘဝကြင်ဖော်အဖြစ် မည်သူ့အား ရွေးချယ်ပါမည်နည်း။ အဘယ်ကြောင့်နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (၅၂) မင်းသား သုံးယောက်နှင့် ဘီလူး ၃၀ တို့၏ တိုက်ပွဲကြီး

သီရိဇေယျာတိုင်းပြည်ကြီး၌ ဘုရင် မဟာသုဒ္ဒမင်းကြီးသည် တိုင်းပြည်ကို မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်စိုးစံကာ နေလေ၏။ ထိုမင်းကြီးတွင်–

(၁) မိဖုရားခေါင်ကြီး မဟာသုမနဒေဝီနှင့်

(၂) သုကေသီဒေဝီ

(၃) သုဇာတာဒေဝီ

(၄) သုသီရိဒေဝီ

ဟူသော မိဖုရားကြီးများ ရှိလေသည်။ ထိုမိဖုရားကြီးများမှ မဟာသုမနဒေဝီ မိဖုရားခေါင်ကြီးသည် သားတော် အာယုကုမ္မာ၊ မိဖုရား သုကေသီမှ သားတော် ဝဏ္ဏကုမ္မာ၊ မိဖုရား သုဇာတာမှ သားတော် သုခကုမ္မာ၊ မိဖုရား သုသီရိမှ သားတော် ဗလကုမ္မာ စသည်ဖြင့် အသီးသီး ဖွားမြင်ကြလေသည်။

မင်းကြီးသည် သားတော်လေးပါးအား တက္ကသိုလ်ပြည် ဆရာကြီး ဒိသာပါမောက္ခထံ၌ ပညာများ သင်ကြားစေလေသည်။ သားတော်များ ပညာတတ်မြောက်၍ တက္ကသိုလ်ပြည်မှ ပြန်ရောက်

လာကြသောအခါတွင် စုံစုံညီညီ ခမည်းတော်မင်းကြီး၏ ရှေ့တော်မှောက်သို့ အခစားဝင်ကြလေ၏။

ခမည်းတော်သည်လည်း သားတော် လေးပါးအား တစ်ပြိုင်တည်းတွေ့ရသောအခါတွင် ဝမ်းသာအားရ ရှိလှလေသဖြင့် ပညာရှိမင်းမှူးမတ်းများနှင့် တိုင်ပင်ပြီးလျှင် သားတော်များအတွက် အုပ်ချုပ်ရေးစီမံကိန်းများကို ရေးဆွဲတော်မူသည်။

သားတော်ကြီးလေးပါးအနက် မိဖုရားခေါင်ကြီးမှ မြင်တော်မူသော သားတော်မောင် အာယုကုမ္မာသည်ကား မိဘ၏အမွေဖြစ်သော သီရိဇေယျာတိုင်းပြည်ကြီးအား ခမည်းတော် မင်းကြီးလွန်လျှင် ဆက်လက်စိုးစံစေရမည်။

သားတော်အငယ်သုံးပါးသည်ကား ပညာလည်းစုံ၊ အရွယ်လည်းမြောက်ကြပြီဖြစ်သောကြောင့် ကိုယ့်ခွန်ကိုယ့်အားနှင့် မိမိကိုယ်မိမိ အားကိုးသောစိတ်ဓာတ်ကို မွေးမြူပြီးလျှင် တိုင်းသစ်ပြည်သစ် နိုင်ငံသစ်တစ်ခုစီကို အသီးသီး ထူထောင်ကြစေရမည်။

ထို့ကြောင့် သားတော်ဝဏ္ဏကုမ္မာသည် ခေမာသီရိနယ်၊ သားတော် သုခကုမ္မာသည် ဇိနပူရနယ်၊ သားတော် ဗလကုမ္မာသည် ရဿဟတ္ထိနယ် စသည်တို့ကို အသီးသီး ထွက်ခွာသွားကြရမည်။ ယနေ့မှအစ ခြောက်လပြည့်သောနေ့တိုင်း၌ ခမည်းတော်နှင့် မယ်တော်တို့အား အဖူးမြော်လာကြရမည်။ လိုအပ်သော ကျေးကျွန်ဆင်မြင်း ကျွဲနွားနှင့်တကွ ရတနာပစ္စည်း အဝဝတို့ကို ဘဏ္ဍာတိုက်မှ သယ်ဆောင်ကြစေ။

ခမည်းတော်ဖုရား၏ အမိန့်တော်အတိုင်း သားတော်သုံးပါးတို့သည်လည်း သီရိဇေယျာတိုင်းပြည်ကြီးမှ ထွက်ခွာရန်အတွက် ပြင်ဆင်စီစဉ်မှုကို ပြုကြလေ၏။ တိုင်းပြည်မှ ထွက်ခွာကြမည့်နေ့၌ သားတော်သုံးပါးတို့သည် မယ်တော်မိဖုရား လေးပါးစလုံး၏

အဆောင်တော်သို့ ဝင်ရောက်ကာ ကန်တော့ကြလျက် မယ်တော်များ၏ အဆုံးအမကို နာယူကြ၏။

* * *

ကိစ္စအဝဝကို ဆောင်ရွက်ပြီး၍ မင်းသားညီနောင် သုံးပါးတို့သည် အတူတကွ ခရီးထွက်လာခဲ့ကြလေရာ သိရိဇေယျာတိုင်းပြည်ကြီးမှ လွန်သည်၌ မဟာပါန တောအုပ်ကြီးထဲသို့ ရောက်လေ၏။

ထိုအခါ လူအပေါင်းတို့သည် မင်းသားညီနောင်တို့အား "အရှင့်သားတို့၊ တောအုပ်အတွင်းမှာ ကိုယ်လုံးကိုယ်ဖန် သန်မာထွားကျိုင်းပြီး ညိုမည်းသော ဝမ်းဗိုက်၊ နီမြန်းသော မျက်နှာ၊ ကြမ်းတမ်းသော အမွေးအမှင်တို့နဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဘီလူးသုံးဆယ်တို့ ရှိပေတယ်။ မဝင်ကြနဲ့" ဟု တားမြစ်ပြောကြားကြလေ၏။

သို့သော် မင်းသားညီနောင်တို့သည် ရဲရင့်သော အမူအရာနှင့် ကေသရာခြင်္သေ့မင်းပမာ တောအုပ်သို့ ဝင်ကြလေ၏။ ထိုအခါ တောအုပ်၏အလယ် တစ်ခုသော ရေကန်ကြီး၏အနီးသို့ ရောက်ကြ လေလျှင် လူတို့ သတိပေးလေသည့်အတိုင်း ဘီလူးသုံးဆယ်တို့ သည် အလွန်ကြီးမားလှသော ကိုယ်ကာယကြီးများနှင့်အတူ တစုတဝေးတည် ပေါ်လာကြလေ၏။

မင်းသားညီနောင်တို့သည်လည်း အနည်းငယ်မျှ ကြောက်ရွံ့ထိတ်လန့်ဟန်ကိုပင် မပြဘဲနှင့်

"ဟေ့ ဘီလူးတွေ အဲဒီမှာရပ်၊ တို့မှာ လက်နက်အပြည့်အစုံ ပါလာပေတယ်၊ တို့အနားကို မကပ်ကြလေနဲ့" ဟုဆိုလျက် လတ်တလောချက်ချင်း သေစေနိုင်သည့် အဆိပ်လူးမြှားတို့ဖြင့် ပစ်လေ၏။ ဘီလူးတို့ကလည်း

"ဟော့ လူသားသုံးယောက် ဘယ်မှမပြေးနဲ့၊ တို့အစာဖြစ်ပြီ" ဟု အော်ဟစ်ကြ၏။ မင်းသားသုံးယောက်တို့သည်လည်း ဘီလူးတို့အား နောက်ထပ် မြားအစင်းငါးဆယ် ကုန်သွားသည်အထိ ပစ်ကြလေသည်။ ပစ်တိုင်း ပစ်တိုင်း၌ အဆိပ်လူးမြားတို့သည် ဘီလူးတို့၏ ထူထဲကြမ်းတမ်းသော အမွေးတို့၌သာ ကပ်ခို၍ တွဲလွဲဆွဲကုန်၏။ ဘီလူးတို့သည် မြားတို့ကို ခါ၍ခါ၍ ခြေရင်း၌ ကျစေပြီးလျှင် မင်းသားညီနောင်တို့၏ အပါးသို့ကပ်ကာ လက်ရဖမ်းရန် အားထုတ်ကြ၏။

သို့ဖြင့် မင်းသားတို့သည် သန်လျက်ဖြင့် ခုတ်ကြပြန်၏။ ဆောက်ပုတ်ဖြင့် ရိုက်ကြပြန်၏။ လှံဖြင့် ထိုးကြပြန်၏။ သို့သော် နောက်ဆုံး၌ အားမတန်၍ မာန်လျှော့ရလေသကဲ့သို့ မင်းသားညီနောင်သုံးပါးသည် ဘီလူးသုံးဆယ်တို့ထံ၌ အညံ့ခံရလေတော့သတည်း။

ဘီလူးတို့သည် ငယ်ရွယ်နုပျိုသော လှပရွှန်းစိုသော၊ နုညက် ဖွံ့ထွားသော၊ ရွှေစင်ရုပ်ပမာ ဝင်းဝါပျိုမျစ်လှသည့် မင်းသား ညီနောင်တို့၏ အသားအသွေး အရည်အဆင်းကို ကြည့်ပြီးလျှင် သွားရည်တများများကျကာ စားမယ်ဝါးမယ်နှင့် ဆူဆူညံညံ ဟစ်ကြွေးကြကုန်လေသည်။

ထိုအချိန်တွင် မင်းသားညီနောင်များအနက် အကြီးဆုံးဖြစ်သော ဝဏ္ဏကုမ္မာသည် ဘီလူးတို့၏အလယ်၌ ရပ်လျက် "သင်တို့အားလုံး ကျွန်ုပ်တို့ကို တစ်ပြိုင်တည်းစားကြမှာလား" ဟု ရဲရင့်တည်ကြည်သော အမူအရာနှင့် မေးလိုက်လေ၏။

ဘီလူးတို့က "ဟုတ်ပေတယ်၊ တစ်ပြိုင်တည်း စားကြပေမယ်" ဟု ဖြေလေလျှင် မင်းသားဝဏ္ဏကုမ္မာသည် "ကျွန်ုပ်တို့ ညီနောင်အားလုံး သင်တို့လက်တွင်းကို ရောက်နေပြီမို့ အရှုံးပေး

အစားခံပါတော့မယ်၊ ဒါပေမဲ့ နောက်ဆုံး အခွင့်အရေးတစ်ခု အနေနဲ့ ကျွန်ုပ်တို့ကို တောင်းဆိုခွင့်ပြုပါ” ဟု မေတ္တာရပ်ခံလေသည်။

ဘီလူးတို့သည်လည်း “ကောင်းပြီ” ဟု ဆိုလေ၍ မင်းသား ဝဏ္ဏကုမ္မာသည် “တစ်နေရာတွင် အသင်တို့ ဘီလူးသုံးဆယ် တန်းစီ၍ရပ်ပါ၊ အလယ်တွင် ကျွန်ုပ်တို့ ညီနောင်သုံးပါးလုံးလည်း ဝင်ရောက်ပြီး နေရာယူပါ့မယ်၊ အဲဒီနောက်မှာ အသင်တို့ ဘီလူးများ က ထိပ်ဆုံးကစပြီး တစ်၊ နှစ်၊ သုံး၊ လေးလို့ ရေတွက်သွားပါ။ ကိုးပြီးလို့ တစ်ဆယ်ကိုရောက်ရင် အဲဒီတစ်ဆယ်နေရာမှာရှိတဲ့ ဘီလူးဟာ အပြင်ကို ထွက်သွားရပါမယ်။ တကယ်လို့ အဲဒီ တစ်ဆယ်ကျတဲ့နေရာမှာ ရှိသူဟာ သင်တို့ ဘီလူးထဲက မဟုတ်ဘဲ ကျွန်ုပ်တို့ထဲက ဖြစ်နေမယ်ဆိုရင် ကျွန်ုပ်တို့ထဲက တစ်ယောက်ကို စားနိုင်ပါတယ်။ နောက်တစ်ခါလည်း အလားတူပဲ ပြုမူရေတွက်ရပါ မယ်၊ တစ်ဆယ်ဂဏန်းမှာ ကျတဲ့ဘီလူးဟာ အပြင်မှာ ထွက်သွား ရမှာဖြစ်သလို ကျွန်ုပ်တို့မှာ လာကျရင် ကျွန်ုပ်တို့ကို စားနိုင်ခွင့်ရှိ ပါတယ်။ အဲဒီလိုနဲ့ တစ်ဆယ်ပြီးရင် နောက်ထပ်တစ်ခါ တစ်၊ နှစ်၊ သုံး၊ လေးကစပြီး တစ်ဆယ်အထိ အကြိမ်ကြိမ် ထပ်ရေတွက် ပါ။ ရေတွက်တိုင်းမှာ ကျွန်ုပ်တို့ မင်းသားညီနောင် အကယ်၍ မပါခဲ့သော် ကျွန်ုပ်တို့ ညီနောင်ကို ချမ်းသာခွင့်ပေးပါ” ဟု ဆိုလိုက်လေ၏။

ဘီလူးတို့သည်လည်း မည်သို့ပင်ဆိုစေကာမူ ဉာဏ်မျှများပြား သော ဘီလူးတို့အလယ်၌ မင်းသားသုံးပါးသည် မည်သည့်နည်း နှင့်မျှ လွတ်နိုင်မည်မဟုတ်ဟုတွေးကာ လွယ်လွယ်ပင် ခွင့်ပြုလိုက် လေ၏။

ဘီလူးတို့၏ ခွင့်ပြုချက်ကို ရသောအခါ နောင်တော်ကြီး ဝဏ္ဏကုမ္မာသည် ညီတော်များ၏ မျက်နှာကို အဓိပ္ပာယ်ပါပါနှင့်

လှမ်း၍ ကြည့်လိုက်လေသည်။ ညီတော် နှစ်ပါးကလည်း နောင်တော်ကြီး ဝဏ္ဏကုမ္မာ၏ မျက်နှာကို အကဲခတ်မိသော အသွင်ဖြင့် ပြန်၍ ကြည့်လိုက်ကြလေ၏။

ထိုအခါ နောင်တော်ကြီးသည် တစ်မှစ၍ သုံးဆယ်အထိ တန်းစီကာ ရပ်နေကြသော ဘီလူးသုံးဆယ်တို့ရှိ နေရာသို့ ညီတော်များအား လက်ညှိုးညွှန်ပြလိုက်လျက်–

"ညီတော်တို့ နောင်တော်နဲ့အတူ ဘီလူးသုံးဆယ်တို့ အလယ်ကို ဘေးအန္တရာယ်မရှိအောင် နေရာယူကြစို့ရဲ့" ဟု အမိန့်ပေးကာ အသီးသီး ဝင်ရပ်လိုက်ကြလေသတည်း။

ထိုသည့်နောက်၌ကား ဘီလူးတို့သည် သူတို့ရပ်နေသော နေရာထိပ်မှစ၍ တစ်၊ နှစ်၊ သုံး၊ လေးဟု တစ်ဆယ်ရောက်သွားသည်အထိ အကြိမ်ကြိမ်အဖန်ဖန်၊ အပြန်ပြန် အလှန်လှန် ရေတွက်ကြလေတော့၏။ သို့ရာတွင် တစ်ဆယ်ကျသွားသော နေရာတိုင်း၌ သူတို့ ဘီလူးတွေချည်းသာ ကျနေကာ ဘီလူးတစ်ယောက်ပြီးတစ်ယောက်သာ အပြင်သို့ ထွက်သွားရလေရာ နောက်ဆုံး ဘီလူးသုံးဆယ်လုံးသာ ကုန်သွားတော့လျက် ၁၀ ဂဏန်းသည် မင်းသားတို့၌ မကျချေ။

စင်စစ် မင်းသားညီနောင် သုံးပါးတို့မှာ နေရာမှမရွှေ့။ တစ်ကြိမ်မျှလည်း တစ်ဆယ်ဟူသော နေရာသို့ မကျလေရကား အသက်ဘေးမှ ချမ်းသာရာ ရကြလေကုန်၏။

ဘီလူးတို့သည်လည်း ဤမင်းသားများသည်ကား သာမည မဟုတ်တန်လေရာ ရဲရင့်သတ္တိနှင့်လည်း ပြည့်စုံလေသည်။ ခွန်အားလည်းရှိသည်။ ဉာဏ်ပညာ အရည်အချင်းလည်း ကြီးမားလှပေသည်ဟုဆိုကာ သူတို့ ရာမှီးသိုလှောင်ထားသော ရွှေအိုး ၃ လုံးအား တူးယူ၍ လက်ဆောင်ပေးကာ ပူဇော်ကြလေသတည်း။

(မင်းသားညီနောင် သုံးဖော်တို့ မည်သို့သော နည်းလမ်းဖြင့် ဘီလူးတို့၏လက်မှ လွတ်မြောက်ရလေသနည်း)

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်–ရှု]**

* * *

## (ည) ဝါးတစ်ရာ မကိုးခေါက်

မောင်ဝသည် တစ်နေ့တခြား အရွယ်ကလေး ရလာကာ အသိအလိမ္မာပါ တိုးတက်ရည်မွန် လာသည်နှင့်အမျှ အဘိုးကလည်း တစ်နေ့တခြား ဇရာထောင်းလာကာ စားမကောင်း သောက်မကောင်းပင် ဖြစ်လာချေပြီဟု ညည်းညူစပြုလာပြီ။ ယခုမနက်မှာလည်း နံနက်စာ စားပြီးသည်နှင့် အဘိုးသည် သူ၏သားကြီးဖြစ်သူ အထက်ချောင်းဖျားသို့တက်ကာ ဝါးဖောင်မျှောဆင်းမည့် "ဦးလေးစံတုတ်" နှင့်အတူ အထုပ်အပိုးများအား ကူညီထုပ်ပိုးပေးရင်းက မှာကြားရန်ရှိသည်များကို အပေါ်မှ တဖွဖွနှင့် ပြောဆိုနေလေသည်။

မကြာခင် မောင်ဝသည် သူ့အဘိုးအနီးသို့ ရောက်လာကာ "အဘိုး ရေနွေးကရားထည့်ထားပြီးပြီ၊ ပြီးတော့ ကန်စွန်းဥ ဟာလဝါလည်း မြောက်ဘက်အိမ်က ဒေါ်ကြီးမသင်းငွေက အဘိုးစားဖို့တဲ့ လာပို့ထားတယ်" ဟု ဆိုလေသည်။

"ဟာ... ဒီမနက်တော့ မစားနိုင်တော့ဘူးဟေ့၊ အဘိုးထမင်းမြိန်လိုက်တာကွယ်၊ ငါးပိရေကို သံပရာရည်ညှစ်ပြီး မျှစ်ပြုတ်နုနုကလေးနဲ့ တို့ရတာ ပါးစပ်ထဲမှာကို ချိုနေတာပဲ၊ အရသာရှိလိုက်တာ"

"ဟင် အဘိုးကလည်း မျှစ်ပြုတ်ကြီးများ အရသာရှိတယ်လို့ ငါးဟင်း ကြက်သားဟင်းဆို ဟုတ်သေးရဲ့"

အဘိုးသည် မြေးဖြစ်သူ မောင်ဝ၏စကားကို နားထောင်နေရာမှ အသာအယာ ပြုံးလိုက်သည်။ ထို့နောက် လက်ဖက်ရည်ကြမ်းဝိုင်းအနီး၌ ချထားသော ပက်လက်ကုလားထိုင်ပေါ်သို့ အသာအယာ လှဲချထိုင်လိုက်ကာ "ငါ့မြေး မောင်ဝ၊ လာပါဦးဒီကို၊ အဘိုး ပြောပြမယ်" ဟု ဆိုလိုက်လေသည်။

မောင်ဝသည် အဘိုးထံမှ ထူးထူးဆန်းဆန်းနှင့် ဗဟုသုတဖြစ်ဖွယ်ရာသော စကားကို ကြားရချေဦးတော့မည်ဟု တွေးလိုက်မိကာ အဘိုး၏ ခြေရင်း၌ ခပ်ကျုံ့ကျုံ့ ထိုင်ချလိုက်ရင်းက အဘိုး၏ မျက်နှာကို မော့လျက်သား ကြည့်လိုက်၏။

"ငါ့မြေးက အဘိုး မျှစ်ပြုတ်နဲ့ ငါးပိအတို့လုပ်ပြီး စားရတာ အရသာရှိလိုက်တာလို့ဆိုတာကို မယုံဘူးထင်တယ်ကွဲ့၊ အဘိုးတို့အရွယ်ဆိုတာက ငါ့မြေးတို့အရွယ်လို အသားငါးကို စားပြီး အရသာခံချင်စိတ် မရှိတော့ဘူးကွဲ့၊ အခုလို သစ်မြစ်၊ သစ်ဥ၊ သစ်သီး၊ သစ်ရွက်တို့ကို တစ်ခါတစ်ရံ စားလိုက်ရတာ အင်မတန်ခံတွင်းတွေ့သကွဲ့။ ဒီအချက်ကိုတော့ ငါ့မြေး အဘိုးတို့အရွယ်ကို ရောက်လာတဲ့တစ်နေ့မှာ ကိုယ်တွေ့ကြုံလာရမှာ အမှန်ပဲ။

"ပြီးတော့ မျှစ်ဆိုတဲ့ အရသာကလည်း ခံတွင်းကို မြိန်စေ တယ်၊ လေသလိပ်ကို ပျက်စေတယ်၊ ဝမ်းမီးကို ကြေစေတယ်လို့ ဆေးကျမ်းတွေက ဆိုတယ်မဟုတ်လား မြေးရဲ့။ ဒီတော့ အချဉ်ဆိုတဲ့ သံပရာရေနဲ့ တွဲလိုက်တော့ ဖက်စပ်သွားတာပေါ့။ အဆိပ်အတောက် ရှိလည်း ပြယ်သွားရော မဟုတ်လား။

"ဒါကြောင့် ဝါးနဲ့ပတ်သက်လာရင် မျှစ်ပျို၊ မျှစ်ချဉ်၊ မျှစ် ဆတ်၊ မျှစ်ပေါက် အားလုံး စားကောင်းတာချည်းပေါ့ မြေးရဲ့။ ရှေးစာဟောင်းတွေမှာတောင် 'ဝါး' ကို စကားထာဝှက်ပြီး–

အစ်ကိုအကြီး အိမ်ရာပြီး၏။

ညီအလယ်ကား နှီးနွယ်တတ်၏။

ညီငယ်အထွေး ဟင်းချိုကျွေး၏ဆိုပြီး မျှစ်အသုံးဝင်ပုံကို ပြထားသေးတယ်ကွဲ့။

“မျှစ်အကြောင်းပြောတုန်း ဝါးကို စကားဆိုက်လို့ ငါ့မြေးကို ပြောလိုက်ရဦးမယ်၊ ဝါးတစ်ပင်လုံး အသုံးဝင်လိုက်ပုံကို ငါ့မြေး မှတ်ထားလကွဲ့၊ ငယ်စဉ်ကတော့ ဝါးပင်ပေါက်စ ဝါးညှောက် အဖြစ်နဲ့ မျှစ်ဆိုပြီး အသုံးဝင်လာတယ်နော်၊ ဒါက ‘ညီငယ်အထွေး ဟင်းချိုကျွေး၏’ တဲ့။

“ဟောကြည့်၊ ဝါးအဖြစ်ကို ရောက်လာပြန်တော့လည်း ဝါး နုနုအနေနဲ့ နှီးထည် ယွန်းထည်ဆိုတဲ့ အောက်ခံအထည်တွေကို အသုံးပြုရတယ်။ နှီးအဖြစ်နဲ့ ခိုင်ခိုင်မာမာ တုပ်နှောင်ချည်နိုင် တယ်ကွဲ့။ ဝါးပေါတဲ့ အရပ်တွေမှာဆိုရင် အိမ်တစ်လုံးလုံးကို သံတစ်ချက်မရိုက်ဘဲနဲ့ အားလုံး ဝါးကိုချည်း အသုံးပြု ဆောက်နိုင် တဲ့အထိ ဝါးဟာ အသုံးဝင်တယ်၊ ဝါးနှီးဟာ ခိုင်မာမြဲမြဲစေတယ် ကွဲ့၊ ဒါကတော့ ‘ညီအလတ်ကား နှီးနွယ်တတ်၏’ တဲ့။

“တစ်ခါ ဝါးရင့်ရင့်အဖြစ်ကို ရောက်လာပြီဆိုတော့ ပိုလို့ အသုံးဝင်လာတာပေါ့ကွယ်။ ဝါးဘိုးတိုင်၊ ဝါးထရံ၊ ဝါးလှေကား၊ ဝါးမျက်နှာကြက်၊ ဝါးတံခါး၊ ဝါးခေါင်းအုံး၊ ဝါးယင်း၊ ဝါးလိုက် ကာ၊ ဝါးကွပ်ပျစ်၊ ဝါးရေတံလျှောက်၊ ဝါးဘီး၊ ဝါးဆေးတံ၊ ဝါး သေတ္တာ၊ ဝါးဖတ်ခမောက် အစရှိတဲ့ သုံးမကုန်အောင် အိမ်အသုံး အဆောင် ပစ္စည်းတွေကို လုပ်နိုင်တယ်ကွဲ့၊ ဒါကတော့ ‘အစ်ကို အကြီး အိမ်ရာပြီး၏’ တဲ့။

“လယ်သမားတွေအတွက် လယ်ယာသုံး ပစ္စည်းတွေမှာဆိုရင် ငါ့မြေး မှတ်ထားဦးကွဲ့ နှီးကြောဖြာ၊ နှီးယိုင်၊ ဆန်ကော၊ ဆန်ခါ၊ တောင်းမျိုးစုံနဲ့ ကောက်ဆွ၊ လှည်းထမ်းပိုးအထိ နေရာတကာမှာ

ဝါးနဲ့ကင်းတယ်လို့ကို မရှိဘူး၊ ဝါးဟာ အဲဒီလောက် နေရာအမျိုးမျိုးမှာ အသုံးဝင်တယ် ငါ့မြေးရဲ့၊ ဝါးမှာလည်း အမျိုးအမည်များပြားတယ်ဆိုတာကိုတော့ ငါ့မြေးသိရဲ့မဟုတ်လား”

“အဘိုး ပြောပြထားလို့ သိပါတယ်”

“အေး အေး ငါ့မြေးက မှတ်ဉာဏ်ကောင်းသားပဲ၊ ဒါဖြင့် ဝါးအမျိုး ဘယ်နှမျိုးရှိတယ်ဆိုတာ အဘိုးကို ပြောပြစမ်းလကွဲ့”

“ဟုတ်ကဲ့ပါအဘိုး၊ ဝါးအမျိုးမှာ ဝါးဘိုး၊ ဝါးဘိုးမျက်ဆံကျယ်၊ ကြသောင်းဝါး၊ သိုက်ဝါး၊ ရွှေဝါး၊ ဝါးဖြူ၊ ဝါးနက်၊ တစ်ပင် တိုင်ဝါး၊ ဝါးကြီး၊ ဝါးနွယ်၊ မြှင်ဝါး၊ တလကူးဝါး၊ ဝါးကောက်၊ ဝါးမင်း၊ တင်းဝါး၊ ဝါးဘရောင်း၊ ထီးရိုးဝါး၊ ကရင်ဝါး၊ သနဝါး၊ ကြခတ်ဝါးနဲ့ ဝါးယားလို့ခေါ်တဲ့ ဝါးပါး၊ တမြှင်ဝါးလို့ခေါ်တဲ့ ကမြှင်ဝါး၊ ပန်းအိုးနဲ့ အလှစိုက်တဲ့ ဝါးပင်ငယ်တွေပါ အဘိုး”

“ငါ့မြေးက မှတ်ဉာဏ်တယ်ကောင်းကွယ်၊ ဒါဖြင့် ဝါးနဲ့လုပ်လို့ရတဲ့ တူရိယာများရော သိသလားကွဲ့၊ သိရင် အဘိုးကို ပြောစမ်း”

“ဝါးပတ္တလား၊ ဝါးပလွေ၊ ဝါးလက်ခုပ်၊ ဝါးကုလားတက်သံစုံ၊ ဝါးခလောက်၊ ဝါးပြီပြီနဲ့ ဖြောကိုတီးရတဲ့တုတ်ဟာ ဝါးတွေချည်းပါပဲ အဘိုး”

“အစုံပါပဲကလား မြေးရဲ့၊ အဲဒီလောက် အသုံးဝင်တဲ့ ဝါးဟာ စက္ကူအဖြစ်ရောက်အောင် ကြိုးစားနိုင်သေးတယ်ကွဲ့၊ အဘိုးတို့ခေတ်မှာ ဝါးကနေပြီး စက္ကူဖြစ်လာတဲ့အထိ မအောင်မြင်ခဲ့ပေမဲ့ ငါးမြေးတို့ရဲ့ခေတ်မှာတော့ အောင်နေပြီပေါ့ကွယ်။

“အခုဆိုရင် ရခိုင်နယ်မှာ ကရင်ဝါးကို အမြောက်အမြားရနိုင်တယ်၊ တနင်္သာရီတိုင်းမှာဆိုရင် ဝါးယားလို့ခေါ်တဲ့ ဝါးပါးကို

အများအပြားရနိုင်တယ်၊ အဲဒီဝါးကနေပြီး စက္ကူဖြစ်အောင် ကြိုးစား နိုင်သကွဲ့ မြေးရဲ့ မှတ်ထားနော်”

“ဟုတ်ကဲ့ မှတ်ထားပါတယ် အဘိုးရဲ့၊ အဲဒါနဲ့ ခုနက အဘိုး ဦးလေးစံတုတ် အနားကိုကပ်ပြီး ဘာမှာနေတာလဲ အဘိုးရဲ့”

မောင်ဝသည် အဘိုးနှင့် ဦးလေးစံတုတ်တို့ ပြောနေသည်ကို မကြားရတစ်ချက် ကြားရတစ်ချက် ရှိနေသောကြောင့် သူ့စိတ်ထဲ၌ မရှင်းမရှင်း ရှိနေသည်ကို လင်းသွားစေချင်၍ သူ့အဘိုးကို မေးလိုက်မိသည်။

အဘိုးက မောင်ဝကို အပြုံးသား ကြည့်လိုက်ပြန်သည်။ ထို့နောက် သူ့မြေးက အအေးခံရန် ငှဲ့ထားပေးသော ရေနွေးကြမ်း တစ်ပန်းကန်ကို တစ်ကျိုက်တည်း သောက်ချလိုက်ပြီး–

“သြော် ဒါလား၊ ငါ့မြေးက ကြားလိုက်ရတယ် မှတ်တယ်၊ စံတုတ်က အလုပ်တစ်ခုခုကိုလုပ်ရင် စေ့စပ်သေချာမှု မရှိလှဘူးကွဲ့၊ ဒါကြောင့် အဘိုးက စိတ်ပူပြီး မှာလိုက်ရတာကတော့ တခြား မဟုတ်ဘူး။

“ဒီတစ်ခါ ဝါးဖောင် ဆယ့်လေးငါးခုလောက်တောင် မျှောချ ဖို့ ရှိနေတယ်မဟုတ်လား။ ဒါကြောင့် သူနဲ့အတူ အဖော်အဖြစ် လူဆယ်ယောက် အပိုထည့်ပေးလိုက်ရသေးတယ်။

“ဒီတော့ စံတုတ်ကို အဘိုး အသေအချာ မှာလိုက်ရတာက တော့ ဝါးဖောင် တစ်ခုတစ်ခုကို ဝါးလုံးရေပေါင်း တစ်ရာထက်လဲ မပိုစေ မလျော့စေရဘဲနဲ့ ဝါးလုံးရေပေါင်း တစ်ရာတိတိ ရှိနေရ မယ်၊ ဒါပေမဲ့ အဲဒီဝါးလုံးတွေကို ဖောင်ထဲမှာ တွဲထားတုန်း ရေတွက်ကြည့်တဲ့အခါမှာလည်း ‘မ’ ချည်းပဲ ‘ကိုး’ တွဲ တိတိရှိရမယ် လို့ မှာလိုက်ရတယ်၊ အဓိပ္ပာယ်ကတော့ ငါ့မြေးရယ် ဝါးတစ်ရာကို ‘မ’ ကိုးခါ ရေတွက်လို့ ရရမယ်လို့ ဆိုလိုတာပေါ့”

အဘိုး၏ စကားက ပြီးဆုံးသွားပေသည်။ မောင်ဝ၏ အတွေးကတော့ မီးခိုးမဆုံး မိုးမဆုံး ဖြစ်ရချေပြီ။

ဝါးလုံးတစ်ရာကို 'မ' ချည်း ကိုးခါဖြစ်အောင် ရေတွက်၍ ဖောင်ဖွဲ့မျှောချခဲ့ရမည်ဟု ဆိုသော အဘိုး၏ ပညာပါလှသည့် စကားကို ဦးထိပ်ရွက်ကာ ထွက်သွားရသော ဦးလေးစံတုတ်တစ်ယောက် အဘယ်သို့ရှိရှာပါမည်နည်းဟု မောင်ဝသည် ထိုအဖြေကို ရှာနေမိရင်းက အငေးသား တွေးနေမိလေသတည်း။

ဦးလေးစံတုတ်တစ်ယောက် 'မ' ကိုးခါဖြင့် ဝါးလုံး ၁၀၀ ကို အဘယ်သို့ ရေတွက်၍ ဖောင်ဖွဲ့ပါမည်နည်း။

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်– ရှု]**

* * *

## (၄) နန်းဝလေ့

"မြေးတို့ ဘာမေးစရာ ပေါ်လာကြပြန်လဲကွဲ့"

"ဟောဒီစာအုပ်ထဲမှာပါတဲ့ သံဝေဂတေးထပ်ဆိုတာကို သူဇာ နားမလည်လို့ပါ အဘွား၊ သူရေးထားတာကတော့ ပဟေဠိစကား လိမ်လို့ ဆိုထားပါတယ်၊ အဖြေကိုလည်း သူဇာတို့ ဖော်နိုင်ပါတယ်၊ ဒါပေတဲ့ အဖြေရဲ့ အဓိပ္ပာယ်ကိုတော့ သူဇာတို့ မသိဘူး"

"ကိုင်း ဘယ်ဟာလဲ ဆိုစမ်း၊ မင်းတုန်းဘုရင်နဲ့ စကြာဒေဝီ တို့ရဲ့ တေးထပ်တွေများလား မြေးရဲ့"

"ဟုတ်တယ်အဘွား၊ သူဇာဖတ်ပြမယ်နော် နားထောင်။

**မင်းသားထံမှ ပေးပို့သော သံဝေဂတေးထပ်**

ကပ်ကမ္ဘာဦးစ၊ အထူးပမှတ်ရာ၊ မြတ်မျိုးတို့သိအပ်
ပါသည်၊ နိပါတ်လာစကား၊ ပန်းသော်က မုခ်မြင့်ခံသည်၊
ရပ်နှင့်နာမ် ကင်းစို့မမှား၊ ငါပဟူသည့် မာနတွေကို၊ ကွာ

ပစေ စိတ်ထား၊ မြဲစွဲစွာထူးခြား၍၊ ဦးတရားရဖွယ်၊ ခါဖန်ဖန်ဓမ္မာပြ၊ စွာလှသည့် ဒေါသဖျောက်ပယ်။ မိတ်ကောင်းရ ဂူလယ်မှာ၊ သူတော်နွယ်လိုပြည့်၍၊ တစ်ကိုယ်မွေ့ဆိတ်ငြိမ်ရာ၊ မပြတ်ကျင့်ခွာ။ ကိုယ်လက်စွဲကျမ်းရွှေစာကို လမ်းမကွာ ရှုစမ်းကွဲ့လေး။

## မင်းသမီးထံမှ ပြန်ပေးသော သံဝေဂတေးထပ်

နောက်နောင်ခါပျက်ပြားရ၊ တက်ကြွားလှ မာန်ကို၊ ပူကျိုးနဲ့ရန်မခိုအောင်၊ ပဟာန်ဆိုနောက်ဆုံး၊ ပန်းရင်ကပ်ရိပ်နွမ်းရော်ငယ်၊ အိပ်တန်းတော်ဆင်းသက်သည့်ထုံး။ တော်ခမရော်လျကြွေ၊ သော်ကငွေ နောက်ဆုံး။ သည်ပမာကွဲပျက်ပြုန်းနေကျ၊ ပွဲတက်တုန်းသေကျေ။ တော်ဝင်အောင်ကျော်ဆင်သ၊ ဇော်တင်ရ ထူးဂုဏ်မြင့်နေ။ လင်သားနဲ့ပြုံးနေစေ၊ သုံးသေကျေ ခက်စတောင်းဟာမို့၊ မက်မကောင်းပစ်ပယ်မှာ၊ ခြေရာလက်ပါ၊ တက်လှမ်း၍ နန်းအမတာကို ဆန်းမကြာ ခိုမှီးဖို့လေး။

"တေးထပ်ကတော့ ဆုံးသွားပြီ အဘွား"

"ဟုတ်ပြီ၊ အဲဒီတေးထပ်နှစ်ပုဒ်ကို အဖြေရအောင် မြေးတို့ဘယ်လိုလုပ်ပြီး ယူတယ်ဆိုတာကို အဘွား ပြောပြစမ်း"

"အဖြေရအောင် လုပ်တာကတော့ သူ့စာအညွှန်းကလည်းပြထားတာကိုး အဘွားရဲ့၊ ဒါကတော့ လွယ်ပါတယ်၊ တေးထပ် ၁၈ ပိုဒ်ကို တစ်ပိုဒ်စီ တစ်ဖက်စီ ခွဲပြီးထားပါတဲ့။ ပြီးတော့ တစ်ဖက်တစ်လှည့်စီဖတ်ပြီး အစစာလုံးကိုယူပြီး အဖြေကိုယူလို့ဆိုထားတယ်။ ဒါကြောင့် အဲဒီတေးထပ်တွေကို တစ်ပိုဒ်စီ ခွဲလိုက်တော့–

**ကပ်** ကမ္ဘာဦးအစ
**အ** ထူးပမှတ်ရာ။
**မြတ်** မျိုးတို့ သိအပ်ပါသည်
**နို** ပါတ်လာစကား။
**ပန်း** သော်က မုခ်မြင့်ခံသည်
**ရုပ်** နှင့်နာမ် ကင်းစို့မမှား။
**ငါ** ဟူသည့် မာနတွေကို
**ကွာ** ပစေ စိတ်ထား။
**မြဲ** စွဲစွာထူးခြား၍
**ဦး** တရားရဖွယ်။
**ခါ** ဖန်ဖန် ဓမ္မာပြ
**စွာ** လှသည့် ဒေါသဖျောက်ပယ်။
**မိတ်** ကောင်းရ ဂူလယ်မှာ
**သူ** တော်နွယ် လိုပြည့်၍။
**တစ်** ကိုယ်မွေ့ ဆိတ်ငြိမ်ရာ
**မ** ပြတ်ကျင့်ခွာ။
**ကိုင်** လက်စွဲ ကျမ်းရွှေစာကို
**လမ်း** မကွာ ရှုစမ်းကွဲ့လေး။ ။

"'ကပ်ဦးအခါ၊ မြတ်စွာနိမိတ်ပန်း၊

သူယုတ်တံငါ မကွာကိုင်မြဲလမ်း'လို့ အဖြေပေါ်ပါတယ် အဘွား၊ တစ်ခါ မင်းသမီး ပြန်ရေးပေးတာကိုလည်း အဲဒီလိုပဲ တစ်ပိုဒ်စီခွဲလိုက်တဲ့အခါမှာ

**နောက်** နောင်အခါ ပျက်ပြားရ
**တက်** ကြွားလှ မာန်ကို။
**ပူ** ကျိုးနဲ့ ရန်မခိုအောင်

**ပ** ဟာန်ဆို နောက်ဆုံး။
**ပန်း** ရင်ကပ် ရိပ်နွမ်းရော်ငယ်
**အိပ်** တန်းတော် ဆင်းသက်သည့်ထုံး။
**တော်** မခ ရော်လျကြွေ
**သော်** ကဋ္ဌေ နောက်ဆုံး။
**သည်** ပမာ ကွဲပျက်ပြုန်းနေကျ
**ပွဲ** တက်တုန်း သေကျေ။
**တော်** ဝင်အောင် ကျော်ဆင်သ
**ဇော်** တင်ရဂုဏ်ထူးမြင့်နေ။
**လင်** သားနဲ့ ပြုံးနေစေ
**သုံး** သေကျေ ခက်စတောင်းဟာမို့။
**မက်** မကောင်းပစ်ပယ်မှာ
**ခြေ** ရောလက်ပါ။
**တက်** လှမ်း၍ နန်းမအမတာကို
**ဆန်း** မကြာ ခိုမှီးဖို့လေး။ ။

"'နောက်ပွဲတက်တော်၊ ပူဇော်ပလ္လင်ပန်း၊ သုံးအိပ်မက်တော်၊ ခြေတော်တက်သည်ဆန်း' လို့ အဖြေရပြန်တယ် အဘွားရဲ့၊ ဒါပေမဲ့ အဲဒီ ရတဲ့အဖြေကို သူဇာတို့ ဘယ်လိုမှ အဓိပ္ပာယ်မဖော်နိုင်လို့ အဘွားဆီကို လာကြတာ"

အဘွားသည် သင်ဖြူးပေါ်တွင် အေးအေးဆေးဆေး မှောက် လျက်နေရာမှ ထထိုင်လိုက်သည်။ အဘွားထံမှ အဓိပ္ပာယ်ဖော် တော့မည့် စကားများကို နားထောင်ရန် ဖြူပြာကပါ ရှေ့သို့ တိုးရွှေ့လာပြီးလျှင် သူဇာနှင့်အတူ ယှဉ်၍ ထိုင်ချလိုက်သည်။

"ကိုင်း၊ အဘွား ပြောပြမယ်၊ နားထောင်ကြကွဲ့၊ 'ကပ်ဦး အခါ မြတ်စွာနိမိတ်ပန်း' ဆိုတာကတော့ 'ကမ္ဘာအပြား၊ မျိုးခြောက်

ပါး၊ ဘုရားမည်သို့ ပွင့်သနည်း’ ဆိုတဲ့ ကမ္ဘာ ၆ ကမ္ဘာအကြောင်းကိုတော့ မှတ်မိကြတယ် မဟုတ်လားကွဲ့”

“မှတ်မိပါတယ် အဘွား”

“မှတ်မိရင်ဖြင့် ဖြူပြာက ကမ္ဘာ ၆ ပါးကို အဘွားကို ရှင်းပြစမ်းကွဲ့”

“သာရ ကမ္ဘာဆိုတာက ဘုရားတစ်ဆူသာ ပွင့်ပါတယ် အဘွား၊ မဏ္ဍကမ္ဘာဆိုတာက ဘုရား နှစ်ဆူပွင့်ပါတယ် အဘွား၊ ဝရ ကမ္ဘာဆိုတာက ဘုရားသုံးဆူ ပွင့်ပါတယ် အဘွား၊ သာရမဏ္ဍ ကမ္ဘာဆိုတာက ဘုရားလေးဆူ ပွင့်ပါတယ် အဘွား၊ ဖြူပြာတို့နေတဲ့ ဘဒ္ဒကမ္ဘာမှာက ဘုရားငါးဆူ ပွင့်ပါတယ် အဘွား။

“နောက်လာမယ့် သုညကမ္ဘာဆိုတာမှာက ဘုရားမပွင့်ပါဘူး အဘွား၊ အားလုံး ကမ္ဘာ ၆ ပါးပါ”

“အေး၊ အေး၊ သာဓု သာဓု၊ သာဓု ငါ့မြေး ဖြူပြာလည်း အတော်မှတ်မိလာပြီပဲ၊ ကောင်းတယ်၊ ကောင်းတယ်၊ ဒီတော့ ကပ်ဦးကမ္ဘာကတည်းက နိမိတ်ပန်းအဖြစ် ပွင့်တဲ့ပန်းဆိုတာက ‘ကြာ’ ပန်းကို ဆိုထားတာ ဖြစ်တယ်ကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာတစ်ခုဟာလေ၊ ရေ၊ မီးတို့ လောင်ကျွမ်းပြီး ပျက်စီးသွားတဲ့ နောက်မှာ နောက်ထပ် ကမ္ဘာတစ်ခုဟာ ထပ်မံပေါ်လာတဲ့အခါမှာ ရေ၊ မြေ၊ တောတောင်တို့ ဖြစ်လာရတော့ ကြာပန်းပွင့်ဟာ ကမ္ဘာသစ်ပေါ်လာတာနဲ့ ထပ်တူ နိမိတ်ပြတဲ့ အနေနဲ့ ပွင့်လာရတယ်။

“ပွင့်လာတဲ့အခါမှာလည်း ဘယ်လိုပွင့်သလဲဆိုရင် ဘုရားတစ်ဆူပွင့်မယ့် ကမ္ဘာဆိုရင် ကြာဟာ တစ်ပွင့်ပဲ ပွင့်သတဲ့၊ ဘုရားနှစ်ဆူပွင့်မယ့် ကမ္ဘာဆိုရင်လည်း ကြာ ၂ ပွင့်ပေါ့ကွယ်၊ အဲဒီလို နိမိတ်ပြ တယ်၊ ပွင့်လာတဲ့ ကြာပွင့်ထဲမှာဆိုရင် ရွှေသင်္ကန်းအစုံပါ ကြာပွင့်ရဲ့ ဝတ်ဆံအလယ်မှာ လပ်ခွေပြီး ပါလာသတဲ့။

"ဒီအခါမှာ ဗြဟ္မာတို့ နတ်တို့ဟာ ကြာပန်းရဲ့ နိမိတ်ကို ယူပြီး ဒီကမ္ဘာမှာဖြင့် ဘုရားဘယ်နှဆူ ပွင့်တော်မူမယ်ဆိုတာကို သိကြရတယ်။ ကြာပန်းရဲ့အလယ်မှာ ပါလာတဲ့ ရွှေသင်္ကန်းအစုံကိုလည်း နတ်ဗြဟ္မာတွေက ယူငင်သိမ်းဆည်းထားကြပြီး မြတ်စွာဘုရား ပွင့်တော်မူလာတဲ့အခါမှာ ကပ်ကြရတယ်တဲ့။ အဲဒါကြောင့် ဒီစာပိုဒ်ရဲ့ အဖြေဟာ ကြာပန်းဖြစ်တယ်ကွဲ့။ 'သူယုတ်တံငါမကွာ ကိုင်မြဲလမ်း' ဆိုတာကတော့ 'ပိုက်' ပေါ့ကွယ်။ ကွန်တို့၊ ပိုက်တို့၊ ခမင်းတို့၊ မြှုးတို့ ပိုက်တို့ဆိုတာတွေဟာ တံငါသည်များရဲ့ လက်စွဲတွေပေါ့ကွယ်"

"ဒါဖြင့်ရင် မင်းသားရဲ့ တေးထပ်တစ်ပုဒ်လုံး အဖြေဟာ 'ကြာပိုက်-ကြိုက်ပါ' ပေါ့နော် အဘွား"

သူဇာရော ဖြူပြာပါ မျက်နှာကလေးများ လင်းထိန်လာသည်အထိ ဝမ်းသာအားရနှင့် တစ်ပြိုင်တည်း ပြောလိုက်ကြသည်။

"ဟုတ်တာပေါ့ကွယ်၊ ကိုင်း၊ မင်းသမီးအဖြေကို ရှင်းပြဦးမယ်၊ နားထောင်ကြဦး၊ 'နောက်ပွဲတက်တော်၊ ပူဇော်ပလ္လင်ပန်း' ဆိုတာက ရှေးမြန်မာဘုရင်တွေရဲ့ နေရာတော်တွေ အသီးသီးရှိကြရာမှာ ဇေတဝန်ဆောင်၊ ပေါင်းတော်ဆောင်၊ ပရိတ်နာဘက်ဆောင်၊ အနောက်ပွဲတက်ဆောင်ဆိုပြီး အဆောင်တွေရှိကြတယ်ကွဲ့။

"အဲဒီ အနောက်ပွဲတက်ဆောင်မှာ ရာဇပလ္လင်ဆိုတာ ရှိတယ်၊ ရာဇပလ္လင်ဥကင်ရဲ့ လက်ဝဲလက်ယာနေရာတွေမှာ ပဒုမ္မာကြာပွင့်ခံပြီး ထုလုပ်ထားတာကို စွဲပြီး 'ကြာ' တစ်လုံး ယူထားသကွဲ့။ ဒီနေရာမှာ အမေးအဖြေ ရေးကြသူနှစ်ဦးလုံးဟာ မင်းသွေးအချင်းချင်း ဖြစ်နေကြလေတော့ ကိုယ့်ဓလေ့ထုံးစံနဲ့ကိုယ် ကျင်လည်နေကြတာပေါ့။ အဖြေကို ပေါ်နေမှတော့ အဓိပ္ပာယ်ဟာ အလိုလိုသိသွားကြရတာပဲ။ ငါ့မြေးတို့ အဘွားတို့လို ရှည်ရှည်ဝေးဝေး မတွေးကြရတော့ဘူးပေါ့ကွယ်။

"'သုံးအိပ်မက်တော်၊ ခြေတော်တက်သည်ဆန်း' ဆိုတာက သူဇာရေ၊ ဂေါတမမြတ်စွာဘုရား အလောင်းတော်ဟာ ဘုရားအဖြစ်ကို ရခါနီးဆဲဆဲ လူတို့သက္ကရာဇ် ၁၀၃ ခု ကဆုန်လဆန်း ၁၄ ရက် အင်္ဂါနေ့ညမှာ အိပ်မက်ကြီးငါးပါးကို မြင်မက်တယ် မဟုတ်လားကွဲ့"

"ဟုတ်ပါတယ်အဘွား၊ သူဇာတောင် အဘွားက ကျက်ခိုင်းထားလို့ မှတ်မိပါသေးတယ်"

"ကိုင်း ဒါဖြင့် ငါ့မြေးမှတ်မိရင် အိပ်မက်ကြီး ငါးပါးကို ပြောပြစမ်း"

"ဟုတ်ကဲ့၊ ၁-က မြေပြင်ကို အိပ်ရာပြုပြီး ယူဇနာ ငါးရာရှိတဲ့ ဟိမဝန္တာတောင်ကို ခေါင်းအုံးရင်း အရှေ့အနောက် သမုဒ္ဒရာပြင်ပေါ်မှာ လက်တော်ထားလို့ တောင်သမုဒ္ဒရာမှာ ခြေတော်အစုံကိုထားပြီး စက်တော်ခေါ်ရတယ်လို့ မြင်မက်ပါတယ်။

"၂-ကတော့ သန္တာဒနီအဆင်းရှိပြီး ဝင်ရိုးလောက်ကြီးမားတဲ့ 'ထိတိရ' မြက်ဟာ ချက်တော်ကဖောက်ပြီး ဘဝဂ်ကို ရောက်အောင် တက်သွားတယ်လို့ မြင်မက်ပါတယ်။

"၃ ကတော့ အရောင်အဆင်း ဖြူဖွေးနေတဲ့ ပိုးကောင်တွေဟာ ခြေတော်က ဒူးပုဆစ်ထိအောင် ထူးထူးဆန်းဆန်း ဖုံးလွှမ်းတက်ရောက်တယ်လို့ မြင်မက်ပါတယ်"

"ကဲ... ကဲ တော်ပါပြီ သူဇာရယ်၊ အဘွားလိုချင်တာ ဒီအပိုဒ်ပါပဲ၊ ၅ ပိုဒ်လုံးဆိုဖို့ မလိုတော့ပါဘူး။ 'သုံးအိပ်မက်တော်' ဆိုတဲ့အတိုင်း အိပ်မက်ငါးပါးအနက်မှာ သုံးပါးသော အိပ်မက်တော်မှာ ခြေတော်ပေါ်ကို ထူးထူးဆန်းဆန်းတက်တာက 'ပိုး' မဟုတ်လား။ ဒီတော့ 'ကြာပိုး-ကြိုးပါ' ဆိုတဲ့အနေနဲ့ မင်းသမီးဟာ သူ့ကို တကယ်ချစ်မြတ်နိုးလို့ ရွှေမေတ္တာ ဂဟေဆက်ချင်တာဖြင့်

ကြိုးစားပါလို့ဆိုပြီး အားပေးတိုက်တွန်းတဲ့ အဖြေကို ပေးလိုက်တာပေါ့ကွယ်၊ ငါ့မြေးတို့ ရှင်းကြရဲ့ မဟုတ်လားကွဲ့"

"ရှင်းတော့ ရှင်းပါတယ် အဘွား၊ ဒါပေမဲ့ သူတို့အဖြစ်ဟာ ရယ်စရာကြီးနော်၊ ဒီစကားလေး တစ်ခွန်းနှစ်ခွန်းကို ပြောဖို့ဟာ တကတည်း ကြိုးကြိုးစားစား ရေးလိုက်ရတာ၊ သမီးရည်းစားချင်း ပေးတဲ့စာကို ဘာဖြစ်လို့များ ဒီလောက် ခက်ရာခက်ဆစ် ရေးရတာလဲဟင် အဘွား"

"ဒါက ဒီလိုလေ။ တေးထပ်က ပဟေဠိနဲ့ ရေးထားပေမဲ့ အဖြေကို စကားလိမ်နဲ့ ပြန်ရှာရတယ်ဆိုတော့ ငါ့မြေးတို့အနေနဲ့ ခက်ချင်ခက်နေမှာပေါ့။ ဒါပေမဲ့ ဒီတေးထပ်ဟာ ကုန်းဘောင်ခေတ်တုန်းကတည်းက ရေးစပ်ထားကြတာ ဖြစ်လေတော့ စကားထာ၊ စကားလိမ်၊ စကားဝှက်ဆိုတဲ့ ပညာတွေကို ကုန်းဘောင်ခေတ်မှာက နှောကျေနေကြပြီကိုး။ အခက်အခဲဆိုတာ ဘယ်ရှိပါတော့မလဲကွဲ့၊ ဘာဖြစ်လို့ အဲဒီလို တေးထပ်နဲ့ရေးပြီး ခက်ခက်ခဲခဲ ချစ်ကြိုးသွယ်ကြရသလဲ ဆိုတာကိုတော့ အဘွား ပြောပြမယ်၊ နားထောင်ကြ။

"ကုန်းဘောင်မင်း၊ ရွှေဘိုမင်းလို့ခေါ်တဲ့ သာယာဝတီမင်းမှာ မိဖုရားခေါင်ကြီးက သားတော် ပုဂံမင်းနဲ့ သမီးတော် စကြာဒေဝီကို မြင်တယ်၊ စကြာဒေဝီ မင်းသမီးဟာ ပိဋကတ် ဗေဒင်ပညာမှာ တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်ထားတဲ့အပြင် ရုပ်ဆင်းဟန်မူကလည်း လူမတူ နတ်မမျှအောင်ဘဲ ထူးထူးခြားခြား လှသတဲ့၊ သိက္ခာဂုဏ်ကဆိုရင်လည်း ပြောစရာမရှိအောင်ပဲ ကြီးမားလွန်းလို့ မင်းညီမင်းသားတွေဆိုတာ ဝိုင်းဝိုင်းလည်အောင်ကို စုံမက်နေကြတာပေါ့၊ ဒါပေမဲ့ စကြာဝဒီမင်းသမီး သိအောင်တော့ ဘယ်သူကမှ အသိမပေးဝံ့ကြဘူးတဲ့။

"စကြာဒေဝီမင်းသမီးရဲ့ မယ်တော်ဖြစ်တဲ့ မိဖုရားခေါင်ကြီး အပြင် သာယာဝတီမင်းမှာ မင်းတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာအရ အဆောင်ရမိဖုရား ဆိုပြီးတော့ သူတို့မြတ်နိုးတဲ့ မိဖုရားတွေကို (၁) မြောက်ဆောင်တော် မိဖုရား၊ (၂) တောင်ဆောင်တော် မိဖုရား (၃) မြောက်ရွှေရေးဆောင်မိဖုရား (၄) တောင်ရွှေရေးဆောင် မိဖုရားဆိုပြီး အဆောင်အသီးသီး ပေးထားတဲ့ မိဖုရားလေးပါး ရှိသကွဲ့။

"အဲဒီ မိဖုရား လေးပါးအနက်က တောင်ရွှေရေးဆောင် မိဖုရားမှာက သားတော်ကြီး မင်းတုန်းမြို့စားနဲ့ သားတော်လေး ကနောင်မြို့စားရယ်လို့ သားတော်နှစ်ပါး ရှိတာကိုး၊ မင်းတုန်း စားဟာ ခမည်းတော် သာယာဝတီမင်း လွန်တဲ့အခါမှာ နောင်တော် ပုဂံမင်းလက်အောက်မှာ ညှိုးညှိုးငယ်ငယ် နေရသတဲ့၊ နောင်တော် ပုဂံမင်းကလည်း အင်မတန်မှ အပျော်အပါးအားကြီးပြီး တိုင်းရေးပြည် ရေးထက် ပျော်ရေးပါးရေးမှာ စိတ်ဝင်စားနေသတဲ့၊ ဒါကို နှမတော် စကြာဒေဝီ မင်းသမီးကလည်း သဘောမကျဘူးပေါ့ကွယ်။

"ဒီအခါမှာ မင်းတုန်းစားကလည်း အစ်မတော် စကြာဒေဝီ မင်းသမီးရဲ့ အဆောင်တော်ကို အမြဲဝင်ထွက်ပြီး တိုင်းရေးပြည်ရေးကို ဆွေးနွေးတယ်၊ ဇာတာတော်ကို စစ်ဆေးတယ်၊ ဗေဒင်ယတြာ တွေကို မေးမြန်းစုံစမ်းတယ်ဆိုတော့ မင်းတုန်းစားနဲ့ စကြာဒေဝီဟာ တစ်ဦးကိုတစ်ဦး သံယောဇဉ် ငြိတွယ်ပြီး ခင်မင်နေကြတာပေါ့။

"စကြာဒေဝီ မင်းသမီးကလည်း မင်းတုန်းစားရဲ့ ဇာတာနဲ့ မောင်တော် ပုဂံမင်းရဲ့ဇာတာကို စစ်ဆေးနှိုင်းယှဉ်ကြည့်တဲ့အခါမှာ မောင်တော်ပုဂံမင်းဟာ မင်းတုန်းစားရဲ့ ဘုန်းကံကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ဘဲ အရှုံးပေး အရေးနိမ့်ရမယ်ဆိုတာကို သူ့ပညာနဲ့

မြင်ထားလေတော့ မင်းတုန်းစားကိုလည်း ရှေ့ရေးကို မျှော်မြင်ပြီး အခွင့်အရေး ပေးထားတာပေါ့ကွယ်။

“မင်းတုန်းစားကလည်း အစ်မတော်စကြာဒေဝီရဲ့ နည်းပေး လမ်းပြ စီစဉ်ညွှန်ကြားမှုနဲ့ ဓာတ်ရိုက်ဓာတ်ဆင် ဗေဒင် ယတြာတွေ ကောင်းမှုကြောင့် နောင်တော်ပုဂံမင်းကို တော်လှန်ပုန်ကန်နိုင်လာ တဲ့အခါမှာ စကြာဒေဝီမင်းသမီးကို သိပ်ကျေးဇူးတင်သွားတယ်၊ ချစ်မြတ်နိုးမိတယ်၊ အားကိုးအားထားချင်တဲ့စိတ်တွေ ပေါ်လာတာ ပေါ့ကွယ်။

“မင်းတုန်း မြို့စားဘဝကနေပြီး မင်းတုန်း ဘုရင်အဖြစ်ကို ရောက်လာတဲ့အခါမှာ မိဖုရားခေါင်ကြီး တစ်ပါးရယ်လို့ တောက် တောက်ကြွားကြွားနဲ့ မြှောက်စားဖို့ရာ အခွင့်အရေးကလည်း ပေါ်လာ ပြန်တော့ မင်းတုန်းဘုရင်မှာ အခက်ကြုံရပြန်တယ်။

“ဘာဖြစ်လို့လဲဆိုတော့ မင်းတုန်းမြို့စားဘဝနဲ့ လက်ဆက် ထားတဲ့ ခင်သဲဆိုတာလည်း မြန်အောင် မြို့သူကြီးရဲ့ သမီးဆိုတော့ သာမည အရပ်သူဖြစ်ပြီး ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့ မင်းသွေးက မဟုတ်လေတော့ မိဖုရားခေါင်ကြီး မြှောက်ဖို့ရာ မဖြစ်ဘူးပေါ့။

“ဒီအခါမှာ မင်းတုန်းစားဟာ မစွမ်းရင်းကလဲရှိ ကန်စွန်း ခင်းကလည်းငြိ ဆိုတဲ့စကားလို အစ်မတော် စကြာဒေဝီမင်းသမီးကို မိဖုရားခေါင်ကြီး နေရာကို အပ်နှင်းလိုက်ချင်တဲ့စိတ်တွေ ပေါ်လာ တယ်၊ မိဖုရားခေါင်ကြီးနေရာကို အစ်မတော်ဖုရား ယူပါလို့ပြောရင် စိတ်များ ဆိုးတော်မူမှာလားလို့လည်း မလျှောက်ဝံ့မတင်ဝံ့ ဖြစ်နေမိ တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်မတော် စကြာဒေဝီမင်းသမီးဟာ သူ့ထက် ပညာရည်ရော၊ ထီးမှုနန်းရာ ဗဟုသုတမှာပါ သာတဲ့ အပြင် သူ့အပေါ်မှာဆိုလည်း အမြဲတမ်း ဆက်ဆံခဲ့တာကလည်း မောင်ငယ်တစ်ယောက်လို ပြုပြင်ဆုံးမခဲ့တာကိုး။

"အဲဒါနဲ့ အစ်မတော် စကြာဒေဝီ မင်းသမီးသိအောင် သူ့ရဲ့ အကြံအစည်ကို ဘယ်လိုများ ရင်ဖွင့်ရပါ့မလဲလို့ စိတ်ကူး လိုက်တဲ့အခါမှာ အစ်မတော်ဟာ သူနဲ့အသူ အဆောင်တော်ထဲမှာ ပျော်ပျော်ပါးပါးနဲ့ စကားစမြည် ဝိုင်းဖွဲ့ပြောကြတော့ အစ်မတော်က သူ့ကို စကားထာ ဝှက်ဆိုလေ့ရှိတာကို မှတ်မိလိုက်တယ်။

"မင်းတုန်းစားဟာ သူနဲ့ အစ်မတော် စကြာဒေဝီတို့ အဲဒီ လို စကားထာဝှက်ဆို ကစားခဲ့တာကို သတိရပြီး တစ်ပါးသူတို့ မြင်တွေ့ရင်လည်း တင့်တယ်စေ၊ အစ်မတော်အနေနဲ့ အဓိပ္ပာယ်သိ သွားလို့ အမျက်ရှိရင်လည်း ခွင့်လွှတ်နိုင်ပါစေဆိုပြီး သံဝေဂတေးထပ် အနေနဲ့ ရေးပို့လိုက်တာကိုး။

"ဒါကို ပညာဉာဏ်ကြီးမားတဲ့ စကြာဝဒေဝီမင်းသမီးဟာ မင်းတုန်းစား ဆိုလိုတဲ့အဓိပ္ပာယ်ကို ရိပ်မိပြီး ကြိုးပါလို့ အားပေး လိုက်တယ်၊ အကြောင်းပြန်လိုက်တယ်၊ အများသူငါ အမြင်မှာတော့ သံဝေဂ တေးထပ်တစ်ပုဒ်နဲ့ ဘာမှမထူးခြားဘူးပေါ့။

"ဒါကြောင့်လည်း မင်းတုန်းဘုရင်ဟာ စကြာဒေဝီ မိဖုရား ကြီးကို အင်မတန် လေးစားခင်မင် မြတ်နိုးကြည်ညိုခဲ့တာပေါ့၊ မင်းတုန်းဘုရင်ရဲ့ ဆံတော်ကို ရှင်းလင်းထုံးနှောင်ပေးရတဲ့ တာဝန်ကို အစ်မတော် စကြာဒေဝီ မိဖုရားကြီးကလွဲရင် ဘယ်သူ့ကိုမှ ကိုင်ခွင့်မပေးဘူးတဲ့။ နတ်ရွာစံသွားတဲ့အထိ မင်းတုန်းဘုရင်ကြီးဟာ မိဖုရားကြီး စကြာဒေဝီကို 'အစ်မတော်' လို့သာ ခေါ်သွားရှာသတဲ့။

"ကိုင်း ဘယ့်နှယ်လဲ မဖြူပြာ၊ ကျေနပ်ပလား၊ သမီးရည်းစား အချင်းချင်း ဒီလောက် ခက်ရာခက်ဆစ် ရေးရသလားလို့ စော စောက ငါ့မြေး အပြစ်တင်လိုက်တယ် မဟုတ်လား၊ လူဆိုတာ ကိုယ့်ပတ်ဝန်းကျင်ရဲ့ ယဉ်ကျေးမှုအရ အခြေအနေအရ ဆက်ဆံကြ ရတယ်၊ ကျင့်သုံးကြရတယ်ဆိုတာကို အခု ငါ့မြေး သဘောပေါက် ပြီလား။

"လွန်သွားတဲ့တစ်ခေတ်ကို ကျန်ခဲ့တဲ့တစ်ခေတ်က ဝေဖန်တယ်၊ အပြစ်တင်တယ်ဆိုတဲ့ သဘောတွေဟာ အယူအဆ ကျဉ်းမြောင်းတယ်လို့ အဘွားက ဆိုချင်တယ်ကွဲ့ ကြားလား၊ လှေကားကိုနင်းတက်သွားတဲ့အခါမှာ အပေါ်ဆုံးအထစ်ကို ရောက်သွားနိုင်တာဟာ အောက်ဆုံးအထစ်ရဲ့ ခိုင်မာမှုကြောင့်သာ ဖြစ်တယ်လို့ အရာရာကို နှလုံးသွင်းရမယ်၊ မှတ်ထားနော် ဖြူပြာနဲ့ သူဇာ"

"ဟုတ်ကဲ့ပါ အဘွား"

* * *

## (၅) ရှင်အောင် ရှင်ယျ ရှင်ဦး

"အဘွားရေ သူဇာတို့ကို အဘွား ဖတ်ခိုင်းထားတဲ့အထဲက နားမလည်တာတစ်ခုရှိလို့ မေးရမလား"

အဘွားသည် ကြေးနှင့် လုပ်ထားသည့် ကွမ်းထောင်းဆုံနှင့် ကွမ်းထောင်းစားနေရာမှ မြေးနှစ်ယောက် သူ့အနားရောက်လာသည်ကို ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

အဘွားသည် အသက် ခြောက်ဆယ်ကျော်မျှ ရှိသေးပေသည့် သွားများက မကောင်းတော့ပြီ၊ ကျိုးပဲ့ကုန်ပြီဖြစ်၍ ကွမ်းကိုပင် ဆုံနှင့်ထောင်း၍ စားနေရချေပြီတည်း။ အဘွားက ပြောပြသည်မှာ သူ၏ သားကြီးကို မွေးဖွားစဉ်က သွေးသားနုနေသေးသည့်မီးတွင်းထဲ၌ ကွမ်းသီးနှင့် အခြား မာသော အသီးများကို စားမိခဲ့၍ ယခုလို ငယ်ငယ်ရွယ်ရွယ်နှင့် သွားများနာ၍ ကျိုးပဲ့ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အဘွား၏စကားများကို ကြားလိုက်ရခြင်းကပင်လျှင် 'သြော် သွေးသားနုချိန်မှာ ကွမ်းသီးလိုမာတဲ့ အသီးအနှံတွေကို စားမိရင်

သွားကျိုးတတ်ပါကလား’ ဟူသော အသိကို သူဇာတို့ညီအစ်မက ဗဟုသုတ ရလိုက်ကြပြန်သည်။

“ဘာကိုများ မေးစရာပေါ်လာပြန်ပလဲ မိန်းကလေးတို့ရဲ့၊ အဘွား ပြောထားသားပဲ မဟုတ်လား၊ မသိရင်မေးရတယ်၊ မစင်ကြယ်ရင် ဆေးရတယ်လို့၊ ကိုင်း ဆိုစမ်း၊ ဘာကို နားမလည်ဘူးလဲ ဆိုတာကို”

ဖြူပြာသည် အဘွား၏ ခွင့်ပြုချက်ကို ရသည်နှင့် သူ့လက်ထဲမှ စာအုပ်ကို အဘွားရှေ့တွင် ဖြန့်ချ၍ ဖတ်ပြလိုက်သည်။

“ဟောဒီ ဟံသာဝတီရောက် အင်ဝဘုရင်ဆိုတဲ့ ရတုပိုဒ်စုံကို နားမလည်လို့ပါ အဘွား”

“သြော်... အေးအေး၊ မိန်းကလေးတို့ဖတ်တဲ့ စာအုပ်မှာ အဖြေ ရေးမထားဘူးလားကွဲ့၊ ကဲကဲ သူဇာက အဲဒီ ရတုပိုဒ်စုံကို အဘွားဖတ်ပြစမ်း”

သူဇာသည် အဘွားရှေ့တွင် ကျုံ့ကျုံ့ထိုင်လျက် ဖတ်ပြလေသည်။

(၁) ပုဂ္ဂိုလ်ခြောက်မည်၊ သန္ဓေတည်သား၊ ဤသည်ပရိတ်၊ ရှစ်ဆယ်စိတ်တွင်၊ ခုတိတ်နောင်လျဉ်၊ သံယောဇဉ်လည်း၊ အယဉ်စီစီ၊ တိထိသာခန်း၊ ပျော်မမြန်းခဲ့၊ တဆန်းကျူးလွန်၊ ဘုံသုံးတန်တွင်၊ နှိုင်းရန်တူကြောင်း၊ ရွှေချယ်ပေါင်းသော်၊ သောင်းကလွတ်ခွာ၊ ရာကားကင်းဝေး၊ ကိုးယောက် ရှေးလျှင်၊ ရှင်ထွေး လှခေါင်၊ လှတန်ဆောင်သည်။ ။ **ရှင်အောင်ကိုသာ လွမ်းမိခဲ့။**

(၂) ထုတ်ဆိုဆောက်တည်၊ ခန်ငါးမည်လည်း၊ အတည်မမြဲ၊ လွန်ဆင်းရဲစွ၊ စိုးကဲမသာ၊ ဤကာယာမူ၊ ဖန်ရာဆင်ခြင်၊ ဋ္ဌီသို့တင်လည်း၊ ဘင်သာမရောက်၊ တတောက်တက်တက်၊

တသက်သက်တည့်၊ မွန်းချက်ဦးတင်၊ သုံးခွင်မိုက်မှောင်၊ လေးမည်ရောင်လည်း၊ ရာထောင်ဆကာ၊ မနှုန်းသာသား၊ ဝိဇ္ဇာယှက်မြွေး၊ ထိုသည့်ဘေးကြောင့်၊ တုန်အေး သည်းတွင်း၊ ချဉ်ဆီချင်းမျှ၊ ပျံ့သင်း မရှင်၊ ရှိသည်ပင်ကို၊ နှောင်းမြင် ငြိမ့်ရွှန်း၊ လှတု ကျွန်းသာ၊ သုံးခန်းခေတ္တာ၊ စံတိုင်းပသည်။ **ရှင်ယျကိုသာ တမ်းမိခဲ့။**

(၃) နှုတ်ချိုလျှောက်မည်၊ ကြံမိသည်ကြောင့်၊ ရွှေပြည် ဘုံစွန်၊ နိဗ္ဗာန်ကိုပင်၊ မလိုချင်သေး၊ ရှင်ထွေးလှလွန်၊ လှတံခွန်၏၊ ကျူးလွန်ချိုသာ၊ သြဇာရွှေခွန်း၊ ကြိုင်ကြိုင် မွှန်းကို၊ ဦးစွန်းထိပ်ပြင်၊ ကောင်းစွာဆင်၍၊ ရွှေရင်တော် ငွေ့၊ လှုံ့ရ၍လျှင်၊ မမေ့ရလို၊ ဆက်တိုင်းကိုယ်ဟု၊ တဆို လျှောက်မည်၊ ကြံမိသည်ကြောင့်၊ ရွှေရည် ဦးသစ်၊ စံသော် ညစ်လိမ့်၊ တင်ပြစ်ကင်းဝေး၊ ကိုးယောက်ရေးလျှင်၊ ရှင်ထွေး လှခေါင်၊ လှရှင်အောင်ကို၊ ရည်ဆောင်လွန်ကျူး၊ မရှင်မြူး သည်။ ။ **ရှင်ဦးကိုသာ ယမ်းမိခဲ့။**

"ဖြူပြာတို့ နားမလည်တာက အဲဒီရတုပိုဒ် အဆုံးတွေမှာ ဆိုသွားတဲ့ 'ရှင်အောင်–ရှင်ယျ–ရှင်ဦး' ဆိုတာတွေပဲ၊ အဲဒါတွေက ဘယ်သူ့ကို ရည်ညွှန်းထားတာလဲ အဘွား၊ အဝဘုရင်ရဲ့ မိဖုရား တွေလားဟင်"

စိတ်မြန်သော ဖြူပြာသည် သူဇာ စာဖတ်၍ ပြီးသွားသည် နှင့် တစ်ပြိုင်နက် သူသိလိုသည်ကို မဆိုင်းဘဲ အဘွားကို မေးလိုက်သည်။

"အဲဒီရတုဟာ သူဇာတော့ အခေါက်ခေါက် ဖတ်ရလွန်းလို့ အလွတ်ကိုရနေပြီ၊ ဒါပေမဲ့ အဲဒီရတု ဖတ်ရတာ အဓိပ္ပာယ်ကို နားမလည်ဘူး၊ ရေးထားတာက သိပ်ပြီး ပဟေဠိဆန်တာပါနော် အဘွား"

အစ်မကြီး သူဇာသည် စကားကို တွေးတွေးဆဆနှင့် ပြောဟန်ရှိသည်။ ဖြူပြာထက်တော့ ပညာသားပါ၍ လူကြီးဆန်လာပြီဟု အဘွားသည် ကျိတ်၍ မှတ်ချက်ချလိုက်သည်။

“ဒီရတုရဲ့ အဓိပ္ပာယ်ကို မိန်းကလေးတို့ နားမလည်ဘူးဆိုတာ မှန်တာပေါ့၊ အဘွားတို့တောင် အတော်ကို စာဖတ်များလာမှ ဆိုလိုထားတဲ့ အဓိပ္ပာယ်ကို တွေးတွေးဆဆနဲ့ မြင်လာတာ။

“ဒီရတုရဲ့ အဓိပ္ပာယ်ကို မရှင်းပြခင် ဒီဘုရင်ရဲ့ အကြောင်းကို စပြီး ရှင်းပြမယ် မိန်းကလေးတို့၊ ဒီအဝဘုရင် ဟံသာဝတီကို ရောက်လာတဲ့အကြောင်းကိုတော့ သိကြရဲ့မဟုတ်လား”

“နည်းနည်းပါးပါးပဲ မှတ်မိတယ် အဘွား၊ ပြောပြပါဦး၊ ဘာဖြစ်လို့ ဟံသာဝတီရောက် မင်းတရားလို့ ခေါ်တယ်ဆိုတာ” သူဇာရော ဖြူပြာပါ တစ်ပြိုင်တည်း အဘွားကို ပူဆာလိုက်၏။

“သက္ကရာဇ် ၁၁၁၃ ခုမှာပေါ့ကွယ်၊ ဟံသာဝတီဘုရင်ဘက်က တက်တိုက်လို့ အင်းဝထီးနန်း ပျက်စီးသွားရတဲ့အပြင် အင်းဝမင်းနဲ့အတူ မိဖုရား၊ သားတော်၊ သမီးတော်၊ အခြွေအရံ၊ လက်နက်၊ ဆင်မြင်းနဲ့ ပစ္စည်းဘဏ္ဍာတွေကိုပါ စစ်နိုင်တဲ့ ဟံသာဝတီဘုရင်က ဟံသာဝတီကို ဖမ်းယူသွားကြရော။ အဲဒီလို ဖမ်းထားပြီး သုံ့ပန်းဘဝနဲ့ သုံးနှစ်လောက် ထားပြီးမှ ဟံသာဝတီဘုရင်ဟာ အင်းဝဘုရင်ကို စိတ်မချ ဖြစ်လာတယ်၊ ဒီအင်းဝဘုရင်ဟာ တစ်နေ့နေ့မှာ အင်အားဖြည့်ပြီး သူ့ကို ပြန်လှန်ပုန်ကန်လာမှာကို စိုးရိမ်လာတာကိုး။

“အဲဒီလို မသေရခင် ဟံသာဝတီကို ဖမ်းခေါ်သွားတယ်ဆိုကတည်းက အင်းဝဘုရင်ဟာ ရန်သူဘုရင်ရဲ့ လက်အောက်မှာ သူဟာ မရှုမလှ သေရမှာပဲဆိုတာကို တွေးထားမိဟန်တူတယ်၊ ဒါကြောင့် အဲဒီလို အသေဆိုးနဲ့ မသေရခင်ကတည်းက အနိစ္စသဘောတရားနဲ့ ဘုရားဂုဏ်တော် ကျေးဇူးကို ထင်မြင်ပြီး နှောင်းလူတွေ

အတွက် သံဝေဂယူရစ်ကြဖို့ ဒီရတုပိုဒ်စုကို ရေးခဲ့တာဖြစ်ဟန်တူတယ်။

"မိန်းကလေးတို့က ဒီဟာကိုပဲ ဖတ်ရသေးလို့၊ 'လုဗ္ဗတိ–ပလုဗ္ဗတီတိလောကော၊ သဘောနိယံလောကဓံ' ဆိုပြီး တမ်းချင်းတစ်ပုဒ် ရေးထားတာမှာလည်း လောကဓံတရားအတိုင်း ဘယ်ဟာမှ မတည်မမြဲ ဖောက်လွဲပျက်ပြား ဆုံးပါးရခြင်းနဲ့သာ အဆုံးသတ်ရတယ်ဆိုတာကို ဖော်ပြထားခဲ့တယ်။

"အခု မိန်းကလေးတို့ သိချင်တယ်ဆိုတဲ့ ရတုပုဒ်စုကို အဘွား ရှင်းပြမယ်နော်၊ သေသေချာချာ နားထောင်ကြကွဲ့၊ အပိုဒ်၁ မှာ 'ပုဂ္ဂိုလ်ခြောက်မည်၊ သန္ဓေတည်သား' ဆိုတာမှာ ပုထုဇဉ် ၄ ယောက်နဲ့ သောတာပန် ၁၊ သကဒါဂံ ၁၊ ပေါင်း ၆ ယောက်သော ပုဂ္ဂိုလ်တို့ရဲ့ ပဋိသန္ဓေအားဖြင့် တည်တဲ့ကာမဘုံကို ဆိုထားတာကွဲ့၊ မှတ်ထားနော် သေသေချာချာ။

"'ဤသည်ပရိတ်၊ ရှစ်ဆယ်စိတ်တွင်၊ ခုတိတ်နောင်လျဉ်၊ သံယောဇဉ်လည်း၊ အလျဉ်စီစီ၊ တိထိသာခန်း၊ ပျော်မမြန်းခဲ့'လို့ ဆိုတာက ဒီကာမဘုံကြီးမှာ ရှစ်ဆယ်သော ဝိထိစိတ်တို့မှာ အကျုံးဝင်တဲ့ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးမှာ ဖြစ်တတ်ကြတဲ့ သံယောဇဉ်ဆိုတဲ့ နှောင်ကြိုး အကုသိုလ်တရားဟာ မြစ်ရေအလျဉ်လို အမြဲတမ်း တသွင်သွင်နဲ့ စီးဆင်းဝင်ရင်းနဲ့သာ နေ့ရက်တွေကို ကုန်ခန်းလာတယ်တဲ့၊ ကုသိုလ်တရားဆိုတာကို မပွားများနိုင်ခဲ့ပါဘူးတဲ့။

"ဒါကြောင့် သူဟာလည်း မင်းဆိုတဲ့အဖြစ်နဲ့ မပျော်တော့ပါဘူးဆိုတာကို ရေးထားတာ ဖြစ်တယ်ကွဲ့။

"အောက်အပိုဒ်ကတော့ ဘုံသုံးပါးမှာ အတုမရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူပြီး နောင်လာမယ့် ရှစ်သောင်းသော ဘုရားအလောင်း

တော်ထဲမှာလည်း မပါ၊ နှမှာင်ါးရာဆိုတဲ့ ဘုရားအလောင်း စာရင်းထဲမှာလည်း မဝင်ဘဲနဲ့ ရင့်မာတစ်ကျိပ်ဆိုတဲ့ ဘုရားလောင်း တွေအထဲက ကိုးယောက်ရဲ့ ရှေးကိုကျနေပြီး အခု အဘွားတို့ရဲ့ ကမ္ဘာမှာ ပွင့်တော်မူသွားကြတဲ့ ဘုရားရှင် လေးဆူမှာ အထွေးဆုံး ဖြစ်တဲ့အပြင် မာရ်ငါးပါးကိုပါ အောင်တော်မူတဲ့အတွက် **ရှင်အောင်** လို့ ခေါ်ဆိုအပ်တဲ့ မေတ္တယျ ဘုရားရှင်ကို လွမ်းမိတယ်လို့ ဆိုထားတာပဲ။

"အပိုဒ် ၂ မှာ 'ထုတ်ဆိုဆောက်တည်' ကစပြီး 'တသက်သက် တည့်' ဆိုတဲ့ အထိမှာ ထုတ်ဖော်ပြီး ဆိုဆောက်တည်ပြရရင်တဲ့၊ ခန္ဓာငါးပါးဟာလည်း အနိစ္စသဘောပါတဲ့၊ ဒီခန္ဓာငါးပါးကို သေသေ ချာချာ ဆင်ခြင်ကြည့်တဲ့အခါမှာလည်း ဝဋ်ဆင်းရဲမှာ ကျင်လည်ရခြင်း လို့ဆိုတဲ့ 'ဋ္ဌိ' မှာပဲ တင်ခဲ့ပါတယ်၊ နိဗ္ဗာန်လို့ဆိုတဲ့ 'ဘင်' ကို မရောက်ပါဘူးတဲ့၊ ချည်တိုင်မှာ အချည်ခံထားရတဲ့ နွားလို တတောက်တက်တက်နဲ့ ရှိရတယ်တဲ့။

"'မွန်ချက်ဦးတင်' ကစပြီး နောက်ဆုံးပိုဒ်အထိကတော့ အမှောင်လေးပါးထက်မက မှောင်လွန်း မိုက်လွန်းလှတဲ့ အဝိဇ္ဇာ ဆိုတဲ့ အမိုက်မှောင်တိုက်ကြီးဖြစ်ပြီး အကုသိုလ်ဆိုတဲ့ ဘေးဟာ ဖိစီးယိုကျလာတဲ့အခါမှာ ရိုးတွင်းချဉ်ဆီထိအောင်၊ အသည်းခိုက် အောင် တုန်အေးကြောက်ရွံ့မိပါတယ်၊ ထိတ်လန့်စိုးရွံ့ခြင်းဆိုတဲ့ သံဝေဂတရားကိုရပြီး မီးအုံးတဲ့ကြာပန်းလို တနွမ်းနွမ်း တရိရိနဲ့ ခံစားနေရတဲ့အခါမှာ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်သုံး ပါးမှာ ဘုန်းတန်ခိုး တောက်ပတော်မူပြီး အတုမရှိတော်မူတဲ့ မေတ္တယျ ဘုရားရှင်ဆိုတဲ့ **ရှင်ယျ**ကိုသာ တမ်းမိပါ၏တဲ့"

"သိပ် တရားပြည့်ဝတဲ့ အင်းဝမင်းပဲနော် အဘွား၊ ရန်သူ့ လက်ထဲမှာနေရလို့ စိတ်နွမ်းညှိုးခွေနေမယ့်အစား သေမယ့်ဘေးကို

တရားနဲ့ပြေးတွေ့ပြီး နောက်လူတွေကိုပါ တရားပြသွားလိုက်သေးတယ်”

“ကဲ အပိုဒ် ၃ ကို အဘွား ဆက်ပြောမယ်၊ နားထောင်ကြဦး၊ မေတ္တေယျဆိုတဲ့ ဘုရားမြတ်ရှင်ထွေး၏ ဗျာဒိတ်တော်ကိုကောင်းစွာ မှတ်သားထားပြီး ဘုရားသာသနာတော်ဆိုတဲ့ ရွှေရင်ငွေ့ကို ခိုလှုံရင်း မြတ်ဘုရားကို ဘဝဆက်တိုင်း မမေ့ရလို့ပါ၏ဘုရား။ မြတ်ဘုရားနှင့် တွေ့ရပါလျှင် ချိုချိုသာသာနဲ့ လျှောက်တင်စရာရှိပါသေးလို့ နိဗ္ဗာန်ချမ်းသာကိုရရင်တောင် ခုချက်ချင်း မလိုချင်သေးပါဘုရား၊ ဦးသစ်စရွှေစင်နဲ့ နှိုင်းမမျှအောင် အပြစ်ကင်းစင်လှပါသော အရင့်အမာတစ်ကျိပ်တွင် ကိုးယောက်၏ ရှေ့ဖြစ်၍ရှင်ဦး ဘုရားလေးဆူတွင် အထွေးဆုံး ဖြစ်တော်မူပါသော မေတ္တေယျဘုရား သခင်တည်းဟူသော **ရှင်ဦး** ကိုသာ တမ်းတမိပါ၏လို့အဓိပ္ပာယ် ယူဆလို့ရတယ်ကွယ့်။

“အမှန်တော့ ဒီရတုဟာ အင်မတန် နက်နဲသိမ်မွေ့တယ်၊ လူငယ်တွေ နားလည်ဖို့လည်း မလွယ်လှဘူး၊ အတိုချုပ်ကတော့ ဒီသံသရာမှာ မကောင်းမှုပွားများနေလို့ မကောင်းမှုတွေနဲ့သာ အချိန်ကုန်ပြီး ကုသိုလ်ကောင်းမှုကို များများစားစား မလုပ်ခဲ့ရတဲ့အပြင် နိဗ္ဗာန်မရောက်သေးသမျှ ဆင်းရဲဒုက္ခတွေနဲ့သာ တဝဲလည်လည် ကြုံတွေ့နေရတဲ့အကြောင်းကို နောင်ပွင့်မယ့် မေတ္တေယျဘုရားရှင်အား လျှောက်ထား အားကိုးလိုတာကို တိုင်တမ်းတသပြီး ရှင်အောင် ရှင်ယျ ရှင်ဦးလို့ လှစ်ကျူးသွားတာပဲကွဲ့။

“မိန်းကလေးတို့ အဘွား ပြောပြတာကို တစ်လုံးမကျန်မှတ်ထားနော်၊ နားကော လည်ကြရဲ့လား”

“နားလည်ပါတယ် အဘွား၊ ဒါပေမဲ့ အဘွားပြောသွားတဲ့အထဲမှာ နောက်ဆုံး အပိုဒ် ၃ အဆုံးပိုဒ်မှာ မေတ္တေယျဘုရားရှင်

ကို ရင့်မာတစ်ကျိပ်ရှိတဲ့အနက်က ကိုးယောက်ရဲ့ရှေ့လို့ ဆိုတာ။ အဲဒါကို ဖြူပြာ နားမလည်ဘူး၊ ရင့်မာတစ်ကျိပ်ဆိုတာဟာ ဘယ်သူတွေလဲ အဘွား”

ဖြူပြာက မေးလိုက်၍သာ နားထောင်နေရသည်။ သူလည်း ရင့်မာတစ်ကျိပ်ကို နားမလည်ပါဟူသော အကြည့်နှင့် သူဇာသည် အဘွားမျက်နှာကို ကြည့်ရင်း ဖြူပြာ ပြောသည်ကို ထောက်ခံလိုက်ပြန်သည်။

“ဟုတ်တယ်ဘွား၊ သူဇာလဲ ဖြူပြာပြောသလိုပဲ၊ အဲဒီအပိုဒ်ကို ဖတ်တုန်းက ရင့်မာတစ်ကျိပ်ဆိုတာ ဘာကိုဆိုလိုတာပါလိမ့်လို့ တွေးနေမိတယ်၊ သူဇာတို့ နားလည်တာက ‘တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ’ ဆိုတဲ့ ဇာတ်ကြီးဆယ်ဘွဲ့ထဲက ဟာကိုပဲ ထင်နေတာ”

မြေးမကလေးများ၏ ထက်ထက်သန်သန်ရှိလှသော တွေးခေါ်မှုကို သဘောကျလှသော အဘွားသည် မမောနိုင်မပန်းနိုင် ပြောပြပြန်လေသည်။

“ရင်မာ တစ်ကျိပ်ဆိုတာက အခြားမဟုတ်ဘူးကွဲ့၊ နားထောင်။

“ဘုရားဆုပန်၊ ရင့်မာသံ၊ ဇကန်မှတ်ကွဲ့ တစ်ကျိပ်တဲ့။

၁။ ရှေးဦးအစ၊ မေတ္တာယျ၊ သိကြလေကွဲ့ အလောင်းတဲ့။

၂။ ရာမမင်းကောင်း၊ ဆုပန်တောင်း၊ တစ်ကြောင်းမှတ်ကွဲ့ အလောင်းတဲ့။

၃။ ကောသလမင်း၊ ကျော်သံပြင်း၊ မယွင်းဘူးကွဲ့ အလောင်းတဲ့။

၄။ အသိဘူနတ်၊ ကျော်နံ့စပ်၊ သိတတ်စေကွဲ့ အလောင်းတဲ့။

၅။ အသူရိန်နတ်၊ ခေါ်ပညတ်၊ သိတတ်စေကွဲ့ အလောင်းတဲ့။

၆။ ဒီဃသောဏီ၊ ပုဏ္ဏားမည်၊ အညီမှတ်ကွဲ့ အလောင်းတဲ့။

၇။ ဝင်္ဂီကဆို၊ ပုဏ္ဏားပျို၊ အိုအောင်မှတ်ကွဲ့ အလောင်းတဲ့။

၈။ ဒေါဝဒယျခေါ်၊ ပုဏ္ဏားကျော်၊ ပျော်ပျော်မှတ်ကွဲ့ အလောင်းတဲ့။

၉။ နာဠာဂီရိ၊ ဆင်ဟတ္ထိ၊ သိကြလေကွဲ့ အလောင်းတဲ့။

၁၀။ ပလလဲဆင်၊ အမည်တွင်၊ ထင်ထင်မှတ်ကွဲ့ အလောင်းတဲ့။

"အဲဒါ ရင့်မာတစ်ကျိပ်စာရင်းပဲ၊ အဲဒါလေးကို အလွတ်ရအောင် ကျက်မှတ်ထားကြကွဲ့၊ သူများက သိလိုလို့ မေးလာရင် အလွယ်တကူ ပြောနိုင်အောင်၊ နို့မဟုတ်ရင် တချို့က ၅၅၀ နိပါတ်တော်လို့ အခိုင်အမာ ထင်နေကြတာကွဲ့"

* * *

# ၆။ ပုံပြင်စကားထာများ

## (က) သစ္စာရှင် မည်သူနည်း

ရှေးသရောအခါ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ မင်းသား၊ အမတ်သား၊ ဆင်းရဲသားနှင့် သူဌေးသမီးတို့သည် ပညာအတူသင်ဖက်များ ဖြစ်ကြလေ၏။

တစ်နေ့သ၌ ကျောင်း၏ အထက်ထပ်၌ သူဌေးသမီးသည် ဆရာကြီးထံမှ ပညာများ သင်ယူနေသည့်အခိုက် လက်ထဲမှကညစ်သည် အောက်သို့ လွတ်၍ ကျသွားလေ၏။ ထိုအခါ မင်းသမီးသည် ကညစ်ကို ကောက်ယူရန် အောက်သို့ ငုံ့ကြည့်လိုက်သောအခါ မင်းသားကို မြင်လေသဖြင့် "အရှင့်သား၊ ကျေးဇူးပြုပြီး ကညစ်ကို ကမ်းပေးပါ" ဟု ဆိုလိုက်လေ၏။

ထိုအခါ မင်းသားသည် "မိန်းကလေး ကမ်းပေးပါဆိုရင် ငါ ကမ်းပေးပါ့မယ်၊ ဒါပေမဲ့ သစ္စာစကားတစ်ခွန်းကို ငါမှာလိုက်မယ်၊ သင်ရဲ့ မိဘရပ်ဌာန်ကို ပြန်ရောက်တဲ့အခါ ငါ့ကို ပန်းဦးပန်ခွင့်ပြုပါ" ဟု ဆိုလေသဖြင့် သူဌေးသမီးသည်လည်း "အရှင့်သား စိတ်ချပါ၊ ပန်းဦး ပန်ခွင့်ပြုပါ့မယ်" ဟု ဆိုလေလျှင် မင်းသားသည် ကညစ်ကို ကမ်းပေးလေ၏။

သူဌေးသမီးသည် ပညာပြည့်စုံ တတ်မြောက်သောအခါ မိဘတို့ထံသို့ ပြန်လေ၏။ မင်းသားသည်လည်း သူ၏ တိုင်းပြည်သို့ ရောက်လေလျှင် ခမည်းတော်ဘုရင်ကြီး နတ်ရွာစံလေသည်နှင့် မင်းအဖြစ်ကို ခံယူရလေသည်။ သူဌေးသမီးသည်ကား တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိပြီဖြစ်ရကား မိဘသဘောတူသူနှင့် ထိမ်းမြား ရလေ၏။

သူဌေးသမီးသည် လင်ယောကျ်ားဖြစ်သူအား "ကျွန်မဟာ အရှင့်မယား ဖြစ်ပါချေပြီ၊ ကျွန်မ သစ္စာစကားတစ်ခွန်းကို တောင်းပါရစေ ခွင့်ပြုပါ" ဟု ဆိုလေလျှင် လင်ယောကျ်ားသည်လည်း "ရှင်မ ဘာအကြောင်းကို ခွင့်တောင်းချင်ပါသလဲ" ဟု မေးလေ၏။

"ကျွန်မဟာ တက္ကသိုလ်ပြည်မှာ ပညာသင်ကြားနေရတုန်းက အခုတိုင်းရဲ့ အရှင်ဖြစ်သူ မင်းသားကို ကျွန်မ ထိမ်းမြားပြီးရင် ပန်းဦးကို အရင်ပန်စေရမယ်ဆိုတဲ့ သစ္စာကို ပြုခဲ့ဖူးပါတယ်၊ အဲဒီအတွက် ကျွန်မကို သွားခွင့်ပြုပါ"

ခင်ပွန်းဖြစ်သူသည် သူဌေးသမီး၏စကားကို ကြားရသောအခါ "သစ္စာဆိုတာ အင်မတန်မှ တန်ဖိုးကြီးပါတယ်၊ ဒါကြောင့် ခွင့်ပြုပါမယ်" ဟု ခွင့်ပေးလိုက်လေ၏။ သူဌေးသမီးသည်လည်း ခင်ပွန်းဖြစ်သူ၏ ခြေအစုံကို ဆံပင်နှင့်ပွတ်တိုက်ကန်တော့ကာ အဝတ်တန်ဆာများအား ကောင်းမွန်စွာ လဲလှယ်ပြီးလျှင် မင်းသား၏ ထံသို့ ထွက်သွားလေသတည်း။

လမ်းခရီးအကြားတွင် သူခိုးကြီးတစ်ဦးနှင့် တွေ့လေ၏။ သူခိုးကြီးသည် သူဌေးသမီး၏ လက်ကိုဆွဲကိုင်လျက် "သင့်အသက်ရော၊ သင့်ကိုယ်ပေါ်က အဝတ်တန်ဆာများရော ငါ့အတွက်ဖြစ်ချေပြီ" ဟု ဆိုလိုက်သည်။ သူဌေးသမီးသည် သူ ခရီးထွက်လာရခြင်း၏

အကျိုးအကြောင်းကို သူခိုးကြီးအား ပြောပြကာ သူ့အား ခရီးဆက်သွားခွင့်ပြုပါရန်ကို တောင်းပန်လိုက်လေသည်။

ခိုးသူကြီးသည်လည်း “သူဌေးသမီး၊ ဒီလိုဆိုရင် သင်ဟာ မင်းသားကို သစ္စာစကားတစ်ခွန်းမြဲသလို၊ ငါ့အပေါ်လည်း မြဲပါစေ၊ သင့်အပြန်ခရီးမှာ ငါ့ဆီကို ဝင်ခဲ့ပါ” ဟု မှာကြားလျက် သူဌေးသမီးကို သွားခွင့်ပြုလိုက်လေ၏။

သူဌေးသမီးသည် “ကောင်းပါပြီ ” ဟုဆို၍ ခရီးဆက်ပြန်လေလျှင် အရိပ်အာဝါသနှင့် ပြည့်စုံသော ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သွားလေ၏။ ထိုအခါ ညောင်ပင်စောင့်နတ်သည် သူဌေးသမီးအား “အဘယ်အရပ်သို့ သွားပါမည်နည်း” ဟုမေးမြန်းပြန်လေ၏။ သူဌေးသမီးသည်လည် ခိုးသူကြီးအား ပြောသည့်အတိုင်း ပြောပြန်လေလျှင် ညောင်စောင့်နတ်သည် “သူဌေးသမီး၊ မင်းသားနဲ့ ခိုးသူကြီးကို သစ္စာမြဲသလို ငါ့အပေါ်လည်း သစ္စာမြဲပါစေ၊ အပြန်ခရီးမှာ ငါ့ထံကိုလည်း ဝင်ခဲ့ပါလော့” ဟု မှာကြားပြန်လေ၏၊ သူဌေးသမီးသည်လည်း “ကောင်းပါပြီ” ဟု ဆို၍ ခရီးဆက်ပြန်လေသည်။

မင်း၏နန်းတော်သို့ ရောက်သောအခါ မင်းကြီးသည် သူဌေးသမီးအား မမှတ်မိလေသဖြင့် “အဘယ်အကြောင်းနဲ့လာသနည်း” ဟု မေးလိုက်သည်။

“အရှင်မင်းကြီး တက္ကသိုလ်ပြည်မှာ ပညာသင်ယူဖက်ဖြစ်ခဲ့ဖူးတဲ့ သူဌေးသမီးဟာ သူ့မိဘရပ်ဌာန်ကို ပြန်ရောက်တဲ့အခါ ထိမ်းမြားပေးလိုက်ပါပြီ၊ အဲဒီအမျိုးသမီးဟာ ထိမ်းမြားပြီးဖြစ်တဲ့ သူ့ရဲ့ ခင်ပွန်းလင်ထံမှ ခွင့်တောင်းပြီးတော့ သစ္စာစကားတစ်ခွန်း ဆိုခဲ့ဖူးတဲ့ ကျောင်းနေဖက် မင်းသားထံမှောက်ကို ရောက်လာရပါတယ်”

မင်းကြီးသည် အံ့ဖွယ်ရာသော သူဌေးသမီး၏စကားကို ကြားလိုက်ရသောအခါ ကျောင်းနေစဉ်က အမှတ်တမဲ့ ပြုခဲ့ဖူးသည့် သစ္စာစကားကို အမှတ်ရကာ 'သူဌေးသမီး၊ အံ့ဖွယ်ကောင်းလှပါပေသည်တကား၊ သင့်သစ္စာ ကြီးမားလှချေသည် တကား။ သင်၏ ဖြောင့်မတ်သောသစ္စာကို ငါ ပူဇော်ပါအံ့" ဟု ချီးကျူးပြောဆိုလျက် များစွာသော ရွှေငွေရတနာ ဥစ္စာများကို ပေးအပ်လေ၏။

သူဌေးသမီးသည် ဥစ္စာထုပ်ကိုယူလျက် အပြန်ခရီးတွင် ညောင်စောင့်နတ်ထံသို့ ဝင်ရောက်ကာ "အို အရှင်ညောင်စောင့်နတ်မင်း၊ ကျွန်မဟာ မင်းသားရဲ့သစ္စာကို ဖြေပြီးခဲ့ပါပြီဖြစ်လို့ ကျွန်မ အသက်ဟာ အရှင်ညောင်စောင့်နတ်ရဲ့ သဘောသာဖြစ်ပါပြီ" ဟု သာယာသောအသံဖြင့် ဆိုလိုက်သည်။

ညောင်စောင့်နတ်သည် "အမျိုးသမီး၊ သင်ဟာ လွတ်နိုင်တဲ့ နည်းလမ်းရှိပါလျက် သစ္စာအတွက်နဲ့ သေမည်ဟု ဧကန်သိသောလမ်းကို ဝင်ရောက်လာတဲ့အဖြစ်ဟာ ဖြစ်နိုင်ခဲပါပေတယ်" ဟု ဆိုပြန်၏။

"အရှင်ညောင်စောင့်နတ်မင်း၊ ဆိုခဲ့ဖူးတဲ့ စကားတစ်ခွန်းကို သေမှာကြောက်လို့ ဖျက်ဆီးလိုက်မယ်ဆိုရင် ကျွန်မရဲ့ ဘဝဟာ အပါယ်လေးဘုံမှာသာ ပျော်ရပေတော့မယ်၊ သူတော်ကောင်းတို့ နေရာအရပ်ကို ရောက်နိုင်တော့မှာ မဟုတ်ပါဘူး"

သူဌေးသမီး၏ ဖြောင့်မတ်သောစကားကို ကြားရခြင်းအတွက် ညောင်စောင့်နတ်မင်းသည် အလွန်ကျေနပ် နှစ်သိမ့်မှုဖြစ်ကာ ရွှေမြူတာအိုးတစ်လုံးဖြင့် ပူဇော်လျက် "အမျိုးသမီးသင့်တစ်သက်တာအလုံး စားသုံးပါတော့" ဟု အပ်နှင်းလိုက်လေသတည်း။

ညောင်စောင့်နတ်မင်းထံမှ လွန်လေလျှင် သူဌေးသမီးသည် ခိုးသူကြီး၏ထံသို့ ရောက်ပြန်လေ၏။ ခိုးသူကြီးသည် အိပ်ပျော်နေသည့်အခိုက် ဖြစ်နေသောကြောင့် သူဌေးသမီးသည် ခိုးသူကြီး၏လက်မှ လွတ်မြောက်အောင် သွားနိုင်သော်လည်း "အို၊ ခိုးသူကြီးထပါလော့၊ ကျွန်မရဲ့ အသက်နဲ့အတူ ရတနာဥစ္စာများကို သင့်ဆန္ဒအရ ပြုလိုရာပြုနိုင်ပါပြီ၊ ကျွန်မ ဆိုခဲ့ဖူးတဲ့ သစ္စာစကား တစ်ခွန်းအတွက် ကျွန်မကိုယ်ကို သင့်လက်ကို အပ်နှင်းပါပြီ" ဟု ဆိုလိုက်၏။

ခိုးသူကြီးသည် "အမျိုးသမီး၊ အံ့ဖွယ်ရှိလှပါပေတယ်၊ လောကမှာ ဖြစ်ခဲ ကြုံခဲလှပါပေတယ်၊ သင့်လို သစ္စာကို စောင့်သိရှိသေတဲ့ အမျိုးသမီးကို ငါ ပြစ်မှားမိချေရင် ငါဟာ ဒုက္ခဆင်းရဲကြီးဖြစ်ပေတော့မယ်၊ ဒါကြောင့် သင့်ကို ငါ လွှတ်လိုက်ပေမယ်။ သွားပေရော့" ဟု ဆိုလိုက်ပြန်လေသတည်း။

သူဌေးသမီးသည် ခင်ပွန်းသည်၏ထံသို့ ပြန်ရောက်သောအခါ မင်းသား၊ ညောင်စောင့်နတ်၊ ခိုးသူတို့နှင့် ကြုံတွေ့ခဲ့ရသမျှအကြောင်းခြင်းရာ အားလုံးကို ပြန်ပြောင်းပြောပြကာ ရတနာဥစ္စာများကိုပါ အပ်နှင်းလိုက်လေသည်။ ခင်ပွန်းဖြစ်သူကလည်း ဇနီးဖြစ်သူ သူဌေးသမီးအား သစ္စာကို စောင့်သိပါပေသည်ဟု ဆိုကာ ချီးကျူးပြောဆိုလေသတည်း။

> ဤတွင် ဤပုံပြင်၌ သူဌေးသမီး၊ မင်းသား၊ ညောင်စောင့်နတ်၊ ခိုးသူ၊ ခင်ပွန်းလင် ၅ ဦးရှိရာတွင် မည်သူသည် သစ္စာရှင် ဖြစ်နိုင်ပါသနည်း၊ အကြောင်းဘယ်သို့နည်း။

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (ခ) ကျေးဇူးရှင် မည်သူနည်း

ရှေးသရောအခါ အလွန်ချစ်ခင်ကြသော သူဌေးလေးဦးတို့ ရှိကြလေသည်။ တစ်နေ့သောအခါ ထိုသူဌေးလေးဦးအနက်မှ သူဌေးတစ်ဦး ကွယ်လွန်လေလျှင် သားတစ်ယောက် ကျန်ရစ်ခဲ့လေ၏။ ထိုအခါ သား၏မိခင်ဖြစ်သူ မုဆိုးမ သူဌေးကတော်ကြီးသည် သားဖြစ်သူအား

"လူကလေး မောင့်ဖခင် မရှိတဲ့နောက် မောင်ဟာ ဖခင်ရဲ့ အမွေကို ဆက်ခံရပေမယ်၊ ဒါပေမဲ့ မောင့်မှာ ငယ်ရွယ်လွန်းပြီး ပညာက မပြည့်မစုံ ဖြစ်နေသေးတယ်၊ ဒါကြောင့် မောင့်ဖခင်ရဲ့ မိတ်ဆွေ သူဌေးသုံးယောက်ဆီသွားပြီး အတတ်ပညာတွေ သင်ယူပါချေ" ဟု ငွေအသပြာ သုံးရာကိုပေး၍ လွှတ်လိုက်လေ၏။

သူဌေးသားသည် သူဌေးတို့၏ အဆောင်အယောင်နှင့် ဖခင်၏ မိတ်ဆွေများထံသို့ ခရီးထွက်လေသော် လမ်းခရီး၌ ခွေးတစ်ကောင်ကို ပိုက်လျက်လာသော ယောက်ျားတစ်ယောက်ကို တွေ့လေ၍ ထိုခွေးအား အသပြာငွေ တစ်ရာကိုပေး၍ ဝယ်ယူလိုက်လေ၏။ ထို့နောက် ခရီးဆက်ပြန်လေလျှင် ကြောင်တစ်ကောင်ကို ပိုက်လျက်လာသော ယောက်ျားတစ်ယောက်ကိုတွေ့ပြန်လေ၍ ထိုကြောင်အား ငွေအသပြာ တစ်ရာပေးကာ ဝယ်ယူလိုက်ပြန်၏။ နောက်တစ်ဖန် ခရီးဆက်ပြန်လေသော် မြွေပါတစ်ကောင်နှင့် အတူလာသော ယောက်ျားတစ်ယောက်ကို တွေ့ပြန်လေလျှင် အသပြာတစ်ရာ ပေး၍ဝယ်ယူလိုက်ပြန်လေ၏။

ခွေး၊ ကြောင်၊ မြွေပါ သုံးကောင်အား သူဌေးသားသည် မိခင်ထံသို့ ကောင်းမွန်စွာ ကျွေးမွေးထားပါဟုဆို၍ ပို့လိုက်လေ၏။ မိခင် သူဌေးကတော်ကြီးသည်လည်း ငါ့သားသည် သူ့ဖခင်၏

မိတ်ဆွေများ စီစဉ်ညွှန်ကြားချက်ကြောင့် ဝယ်ယူတန်သည်ဟု ထင်လျက် ကောင်းမွန်စွာ ကျွေးမွေးထားလေ၏။

သို့ရာတွင် အိမ်တွင်မွေးသော သတ္တဝါများဖြစ်သည့် ခွေးနှင့် ကြောင်တို့အား မကြောက်မရွံ့ ပြုစုနိုင်သော်လည်း တောတိရစ္ဆာန် ဖြစ်သည့် မြွေပါကိုမူ ကြောက်ရွံ့သောကြောင့် သူဌေးကတော် နှလုံးမသာယာဖြစ်ကာ တစ်နေ့တခြား ပိန်လှီညှိုးနွမ်းလာလေ၏။

ထိုအခါ သူဌေးကတော်ကြီး ကိုးကွယ်ထားသည့် ဆရာတော် သည် သူဌေးကတော်ကြီးအိမ်သို့ ဆွမ်းခံကြွလာလေရာ အလွန် ပိန်ချုံးနေသော သူဌေးကတော်ကြီးကို မြင်လေ၍ အကြောင်းဘယ် သို့ရှိသည်ကို မေးမြန်းလေသည်။ သူဌေးကတော်ကြီးကလည်း အကျိုးအကြောင်းကို လျှောက်လေလျှင် ဆရာတော်သည် ဤသို့ဆို လျှင် မြွေပါအား ဆီလူးသောအစာနှင့်အတူ တောသို့ လွှတ်လိုက် လေဟု ဆိုလေ၏။

ဆရာတော်၏ အမိန့်အတိုင်း လွှတ်လိုက်သောအခါ မြွေပါ သည် တောထဲသို့ ဝင်လေ၍ 'သူဌေးသားသည် ငါ့အား အသပြာ တရာပေးဝယ်၍ ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားသည့် အပြင် အသက်ကိုလည်း လွှတ်ပေးသည်။ ထို့ကြောင့် ကျေးဇူးဆပ်ရပေမည်' ဟု ကြံလျက် မဏိဇောတ ပတ္တမြားလက်စွပ်ကို ခံတွင်း၌ ငုံလျက် သူဌေးသားထံသို့ယူသွားကာ "အရှင်သား၊ ဤလက်စွပ်သည် လိုတရသော လက်စွပ်ဖြစ်ပါသည်။ အရှင့်လက်၌ ထာဝရ မြဲနေ ပါစေ။ သူတစ်ပါးကို မဝတ်ပါစေလင့်" ဟု မှာကြား၍ ပေးခဲ့လေ၏။

သူဌေးသား မယုံလေ၍ 'ငါ၏အိမ်ရှေ့၌ ဘုံပြာသာဒ်နဲ့ တကွ လှပဆန်းကြယ်သော အဆောင်အယောင်ကြီးတစ်ခု ပေါ် လာစေ' ဟု တောင့်တလေလျှင် တောင့်တတိုင်း ပေါ်လာလေ၏။ ထိုအခါ မင်းသားနှင့်တကွ ပြည်သူပြည်သားအများတို့ လာကြည့်ကြ

လေကုန်၏။ မင်းသည်လည်း ဤသူဌေးသား သည်ကား ထူးဆန်းပေစွတကားဟု ဆိုလျက် သမီးတော်နှင့် ဆောင်နှင်းပေးလေ၏။

ထိုသောအခါ၌ မင်း၏ဆရာဖြစ်သော ပုဏ္ဏားသည် သူဌေးသားကား လက္ခဏာဇာတာကောင်းလေစွတကား ထင်လျက် လက္ခဏာကြည့်လေလျှင် လက္ခဏာသည်ကား သာမန်မျှသာဖြစ်ပေသည်။ ဧကန္တ သူဌေးသား၏လက်၌ ထာဝစဉ်မြဲနေသော ပတ္တမြားလက်စွပ်၏ အစွမ်းသာလျှင် ဖြစ်ပေမည်ဟုဆို၍ သူဌေးသား ခရီးထွက်သည့်အခိုက် မင်းသမီး၏ အဆောင်တော်သို့ ဝင်လေ၏။

မင်းသမီးသည်လည်း "လာပါဆရာပုဏ္ဏား" ဟု ဆီးကြိုလေလျှင် ပုဏ္ဏားသည် သာယာနှစ်လိုဖွယ်သော အသံနှင့် "သမီးတော်၊ သင့်အား မင်းသား မြတ်နိုးပါရဲ့လား" ဟု မေးလိုက်သည်။ မင်းသမီးကလည်း "အို၊ ဆရာပုဏ္ဏား၊ မေးဖွယ်ရာပင် မရှိပါ။ သူဌေးသားသည် ကျွန်မအား အလွန်မြတ်နိုးပါသည်" ဟု ဖြေလေသော် "ဒီလိုဆိုလျှင် သမီးတော်ကို မြတ်နိုးသည်မှန်လျှင် သူ့လက်ထဲမှာရှိသည့် လက်စွပ်ကို ဝတ်ရပါရဲ့လား" ဟု ပြောလိုက်လေ၏၊

မင်းသမီးကလည်း "အို မဝတ်ချင်လို့ မဝတ်ရတာပါ၊ ဝတ်ချင်ရင် ဝတ်ရပါမည်" ဟုဆို၍ တစ်နေ့သ၌ သူဌေးသားအား လက်စွပ်ကို ခဏဝတ်ပါရစေဟု ပူဆာလိုက်လေ၏။ သူဌေးသားကား မင်းသမီးအား မြတ်နိုးလွန်းသောကြောင့် လက်စွပ်အား ဝတ်စေကာ "သူတစ်ပါးကို ချွတ်မပြပါနှင့်" ဟု မှာကြားလေ၏။

သူဌေးသား မရှိသောတစ်နေ့တွင် ပုဏ္ဏားသည် မင်းသမီး၏ အဆောင်သို့ ရောက်လာလျှင် "မင်းသမီး၊ လက်စွပ်ဝတ်ရပါရဲ့လား" ဟုမေးပြန်၏။ မင်းသမီးသည် "ဆရာပုဏ္ဏား၊ ကျွန်မ

မဝတ်ရလျှင် ဘယ်သူဝတ်ရပါအံ့နည်း” ဟုဆိုလျက် လက်မှ လက်စွပ်ကို ပြလေသည်။

ထိုအခါ ဆရာပုဏ္ဏားသည် ကြည့်ပါရစေဟု လက်စွပ်ကို အကြိမ်ကြိမ်တောင်းဆို၍ မင်းသမီး ပေးလေလျှင် ကျီးယောင်ဆောင်လျက် လက်စွပ်ကို ယူ၍ပြေးကာ သမုဒ္ဒရာအလယ်တွင် ပြသာဒ်ဖန်ဆင်းလျက် နေလေ၏။ သူဌေးသား ပြန်လာလေ၍ ထိုအကြောင်းကို သိရသောအခါ သူတစ်ပါးအား ချွတ်မပြနှင့်ဟု မှာထားသည်ကို နားမထောင်သောကြောင့် ယခုကဲ့သို့ ဖြစ်ရသည်ဟု မင်းသမီးကို အပြစ်တင်ကာ မကြံနိုင်သဖြင့် မှိုင်လျက် နေရလေ၏။

ဤအကြောင်းစုံကို သူဌေးသား မွေးထားသော ကြောင်သိလေလျှင် ကူညီမည်ဟူသော အကြံနှင့် အိမ်မှထွက်သွားလေ၏။ ကြောင်သည် လူတို့၏အရိပ်နှင့် မနီးသောအရပ်တွင်ရှိသည့် ကြာမျိုးငါးပါးနှင့်ပြည့်စုံသော ရေကန်ကြီးတစ်ကန်အနီးသို့ ရောက်သွားလေသည်။ ထိုအခါ နတ်သမီးတို့သည် ရေကန်သို့ ရေချိုးရန် ရောက်လာကြလျက် သူတို့၏ ဘယက်တန်ဆာများကို ချွတ်ကာ ကမ်းပေါ်၌ ထားလေ၏။ ကြောင်သည် ထိုဘယက်တန်ဆာများကို ခိုးယူထားလိုက်လေ၏။

နတ်သမီးတို့သည် “အသင်ကြောင် ဤတန်ဆာသည် နတ်တို့အတွက်သာဖြစ်၍ သင်နှင့်မဆိုင် ပြန်ပေးပါ” ဟု တောင်းလေ၏။ ကြောင်ကလည်း “အသင်နတ်သမီးတို့ ကျွန်ုပ်ကို သမုဒ္ဒရာအလယ်မှာ ပြသာဒ်နဲ့နေတဲ့ ပုဏ္ဏားဆီကို သွားရအောင် ကူညီပေးပါ၊ သင်တို့ရဲ့ တန်ဆာတွေကို ပြန်ပေးပါမယ်” ဟု ဆိုလိုက်သည်။

ကြောင်ဆိုသည့်အတိုင်း နတ်သမီးတို့ လမ်းကိုဖန်ဆင်းပေးသောအခါ ကြောင်သည် ပုဏ္ဏားနေသော ပြသာဒ်အတွင်းသို့ရောက်၍ အိပ်ပျော်နေသော ပုဏ္ဏား၏လက်မှ လက်စွပ်ကို ချွတ်ယူခဲ့ကာ

သခင်ဖြစ်သူ သူဌေးသား၏လက်သို့ ပေးအပ်၍ ကျေးဇူးဆပ်လေသတည်း။ ပုဏ္ဏားသည်လည်း လက်စွပ်မရှိတော့သည်နှင့် တစ်ပြိုင်နက် သမုဒ္ဒရာ၌နစ်ကာ သေလေ၏။

အခါတစ်ပါး၌ ခိုးသားငါးရာတို့သည် သူဌေးသား၏ လက်စွပ် ကိုယူလို၍ သူဌေးသားကိုသတ်ရန် ရောက်လာကြလေ၏။ ထိုအခါ ခွေးသည် 'ငါ၏အရှင်သခင်သည် ငါ့အား အဖိုးများစွာပေး၍ ဝယ်ထားသည့်အပြင် ကောင်းမွန်စွာလည်း ပြုစုစောင့်ရှောက်ထားပေသည်။ ထို့ကြောင့် ငါ့အရှင်၏ အသက်ကို ငါ စောင့်ရှောက်ရပေမည်' ဟုဆိုလျက် ခိုးသူ အကြီးအမှူးအား ရွေးချယ်ကိုက်သတ်၍ အလောင်းကို ရေတွင်းထဲသို့ ချထားလိုက်၏။ ငယ်သား ခိုးသူတို့သည်လည်း ကြောက်ရွံ့သဖြင့် လက်လွတ်ထွက်ပြေးကြလေကုန်သည်

နံနက်လင်းလျှင် ခွေးသည် သူဌေးသားအား "အရှင်၊ ညက ကျွန်ုပ် မအိပ်ရပါ၊ ပင်ပန်းလှပါသည်" ဟု ဆိုလေ၏။ အကြောင်းကို မသိ၍ သူဌေးသားကမေးလျှင် "အရှင်၊ ညက ခိုးသားငါးရာတို့သည် အရှင့်ကိုသတ်၍ လက်စွပ်ကို ယူမည့်အကြံနှင့် လာကြရာ ကျွန်ုပ်သည် ခိုးသူအကြီးအမှူးကိုသတ်၍ အလောင်းကို ရေတွင်းထဲသို့ ချလိုက်ပါသည်။ ကြည့်ပါ" ဟုပြောလေသည်။

သူဌေးသားသည် "ဩော် တိရစ္ဆာန်ပင် ဖြစ်သော်လည်း ငါ စောင့်ရှောက်ခဲ့ဖူးသည့် ကျေးဇူးကို ထောက်ထားတတ်ပေသည်။ သူတို့အား ငါ အသပြာတစ်ရာ ပေးဝယ်ရကျိုး နပ်ပါပေသည်" ဟု ကျေးဇူးစကားဆိုလျက် မြွေပါအား ထောထဲမှ ပြန်ခေါ်ယူကာ အတူတကွ ပြုစုစောင့်ရှောက်ထားလေ၏။

"ငါသည် လိုတရသော လက်စွပ်ကိုပေးထား၍ ဤစည်းစိမ်ချမ်းသာများကို ရပေသည်။ ထို့ကြောင့် သင်တို့အနက် ငါသည်သာလျှင် ကျေးဇူးအကြီးဆုံး ဖြစ်ပေသည်" ဟုဆိုသည်။ ထိုအခါက

"သင်ပေးသော လက်စွပ်သည် ပုဏ္ဏားထံပါသွား၍ ဆုံးသွား ချေပြီ၊ ငါ့ဆောင်ရွက်ချက်ကြောင့်သာ ဤစည်းစိမ်ကို ရပေသည်။ ထို့ကြောင့် ငါသည်သာ ကျေးဇူးအကြီးဆုံး ဖြစ်ပေသည်" ဟု ဆိုပြန်လေသည်။

ထိုအခါ ခွေးက

"သင်တို့ မှားကြလေပြီ။ သင်တို့ပေးထားသော စည်းစိမ်ချမ်းသာကို ယူမည် လာကြသည့် ခိုးသားငါးရာတို့အား ငါသာ မခုခံလျှင် သူဌေးသား သေရမည်ဖြစ်၍ သူဌေးသားသေလျှင် စည်းစိမ်ချမ်းသာလည်း ရှိတော့မည်မဟုတ်ပါ။ ယခုသော် ကျွန်ုပ်ကြောင့် ခိုးသူအကြီးအမှူး သေရပြီး ဤစည်းစိမ်ချမ်းသာများ မြဲရပေသည်။ ထို့ကြောင့် ငါသည်သာ ကျေးဇူးအကြီးဆုံးဖြစ်ပေသည်" ဟု အငြင်းအခုံ ဖြစ်ကြလေတော့သတည်း။

(ဤပုံပြင်၌ မည်သူသည် ကျေးဇူးရှင် ဖြစ်လေသနည်း၊ အကြောင်းဘယ်သို့နည်း)

**[အဖြေကို ဤစာအုပ် နောက်ပိုင်းတွင်– ရှု]**

* * *

## (ဂ) ဖူးစာရှင် မည်သူနည်း

လွန်လေပြီးသောအခါ ကမ္ဘောဇတိုင်း၌ သူဌေးလေးဦးတို့ ရှိကြလေသတည်း။ ထိုသူဌေးလေးယောက်တို့သည် အလွန်ချစ်ခင်လေကြရကား ငယ်စဉ်ကပင်လျှင် ကြီးလာ၍ အိုးအိမ်ထောင်ပြုလျှင် တစ်ဦးနှင့်တစ်ဦး သားပေး သမီးယူ ဖြစ်ကြစေဟု ကတိပြုထားကြ၏။

သို့ရာတွင် ကြီးပြင်းလာသောအခါ၌ သမီးတစ်ဦးသာ မွေးပြီး ကျန်သော သူဌေးသုံးဦးကား သားတစ်ယောက်စီ ရှိကြလေ

၏။ သမီးသည် ရုပ်ဆင်း ကြန်အင်ပြည့်စုံလေရကား ကျန်သော သူဌေးသား သုံးယောက်သည် အလွန်တပ်မက်ကုန်ကြလေ၏။

ထို့ကြောင့် သူဌေးသားတို့သည် တစ်ယောက်က "ဤမိန်းကလေး တစ်ဆယ့်ငါးနှစ်မပြည့်မီ အကယ်၍ ကွယ်လွန်ခဲ့သော် ကောင်းမွန်စွာ သဂြိုလ်ပါမည်' ဟူ၍လည်းကောင်း၊ သူဌေးသား တစ်ယောက်ကမူ "ကျွန်တော်ကတော့ အရိုးကို လွယ်ထားပါမည်" ဟူ၍လည်းကောင်း၊ ကျန်သူဌေးသားကမူ "ကျွန်တော်ကတော့ အကယ်၍များ ဤမိန်းကလေးဟာ ဆိုတိုင်းဖြစ်ခဲ့ရင် သင်္ချိုင်းကကို မထွက်ဘဲ အသက်ထက်ဆုံး စောင့်ရှောက်ပါမည်" ဟူ၍လည်း ကောင်း ပြောဆိုကြလေ၏။ မိန်းကလေး၏ မိဘများကလည်း "ကောင်းပြီ" ဟူ၍သာ ဆိုကြကုန်၏။

ကာလကြာ၍ မိန်းကလေး အသက်တစ်ဆယ့်ငါးနှစ် ပြည့်လု နီးတွင် ဆိုကြသည့်အတိုင်း သေလေရကား မိန်းကလေး၏ မိဘ များသည် ကတိထားကြကုန်သော သူဌေးသား သုံးဦးတို့အား "အမောင်တို့ ကတိရှိကြတဲ့အတိုင်း ပြုကြပါလေ" ဟု အကြောင်း ကြားလေသည်။ ပထမ သူဌေးသားသည် ဆိုထားသည့်အတိုင်း ကောင်းမွန်စွာ သဂြိုဟ်လေ၏။ ဒုတိယသူဌေးသားသည်လည်း ဆိုတားသည့်အတိုင်း အရိုးများအား ကောက်ယူထုပ်ပိုးကာ လွယ်၍ ယူလေ၏။ တတိယ သူဌေးသားမှာမူကား ဆိုထားသည့်အတိုင်း ပင် သင်္ချိုင်းမြေပြင်မှ မထွက်တော့ဘဲ စောင့်ရှောက်ကာသာ နေတော့၏။

ထိုအခါ ဟိမဝန္တာတောင်မှလာသော ဝိဇ္ဇာတစ်ပါးသည် သူဌေးသားကို မြင်လေ၍ "အမောင်၊ ဘာကို စောင့်ရှောက်နေပါ သလဲ" ဟု မေးလေ၏။ သူဌေးသားက "အရှင် ချစ်သောသူ၏ အရိုးများကို စောင့်ရှောက်နေပါသည်" ဟု ပြန်ဆိုလျှင် " အမောင်၊

သင့်ချစ်သူကို ရှင်လာစေလိုသလော” ဟု မေးလေ၍ “ရှင်စေလိုပါသည်” ဟု သူဌေးသား ပြန်ပြောလျှင် ဝိဇ္ဇာ၏အတတ်ပညာဖြင့် ကွယ်လွန်သူ မိန်းကလေးသည် ရှေးကအတိုင်း လက္ခဏာကြီးငယ် မယွင်း ပြန်ဖြစ်လာလေ၏။

သူဌေးသား နှစ်ယောက် မြင်လေလျှင် မခံမရပ်နိုင်လေ၍

“ငါက သင်္ဂြိုဟ်ရပေသည်။ ငါသာ ဖူးစာရှင်ဖြစ်၏” ဟူ၍ လည်းကောင်း၊ “ငါက အရိုးကို လွယ်ထားရပေသည်။ ငါသာ ဖူးစာရှင်ဖြစ်၏” ဟူ၍လည်းကောင်း အသီးသီးဆိုကုန်ကြ၏။ တတိယ သူဌေးသားကလည်း “ငါသည်လည်း သင်္ချိုင်းစောင့် အဖြစ်နှင့် တစ်သက်လုံးနေရပေသည်။ ယခုမှသာ ငါ့ကံအလျောက် ပြန်ရှင်လာရသည်ဖြစ်၍ ငါနှင့်သာ ဆိုင်ပေသည်။ ငါသာ မိန်းကလေး၏ ဖူးစာရှင်ဖြစ်ဘိ၏” ဟုလည်းကောင်း ငြင်းဆိုလိုက် လေသတည်း။

(မည်သူသည် မိန်းကလေး၏ ဖူးစာရှင် ဖြစ်သင့်သနည်း။ အကြောင်း ဘယ်သို့နည်း)

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (ဃ) အကြီးဆုံးမည်သူနည်း

ရှေးသရောအခါ မာဂဓတိုင်း၌ မိုးနှင့်မလွတ်အောင် အရပ်မြင့်သော လူတစ်ယောက်ရှိလေ၏။ ထိုလူသည် လမ်းလျှောက်သည့်အခါ၌ မိုးမလွတ်သောကြောင့် ခါးကိုကုန်း၍ လျှောက်ရသောဟူ၏။ ထို့ကြောင့် သူ၏အမည်ကို ကိုမိုးကုန်းဟူ၍ ခေါ်ကြလေသတည်း။

တစ်နေ့သ၌ ကိုမိုးကုန်းသည် တောနက်ထဲသို့ လမ်းလျှောက် သွားလေရာ ရေအလွန်ငတ်သောကြောင့် ရေအိုင်တစ်အိုင်ကို တွေ့

လျှင် ရေအိုင်၏အလယ်သို့ ဆင်းကာ လက်ခုပ်နှစ်ဖက်နှင့် ရေကို ခပ်လျက် သောက်လေ၏။

ထိုအခါ ရေအိုင်ကို အမှီပြု၍ နေကြသော ဆင်ပေါင်းငါးရာ တို့သည်လည်း ရေငတ်ကြသောကြောင့် ရေအိုင်ကိုရောက်လာ ကြလေ၏။ ဆင်ငါးရာတို့ သောက်သော အိုင်ထဲမှရေသည် ကိုမိုး ကုန်းကြီး သောက်လိုက်သောကြောင့် ရေများ ခန်းခြောက်ကာ အနည်းငယ်သာ ကျန်လေတော့၏။ ထို့ကြောင့် ဆင်ငါးရာတို့သည် ရေကို အလုအယက်သောက်ရန် တစ်ကောင်နှင့် တစ်ကောင် တိုးကြဝှေ့ကြလေတော့၏။

ဆင်များသည် ရေအိုင်ထဲ၌ ကားကားကြီး ရပ်လျက်ရှိသော ကိုမိုးကုန်း၏ ခြေအစုံအကြားသို့ တိုးဝှေ့ကြသည်ကို ကိုမိုးကုန်းမြင် လေလျှင် အိမ်၌ကျန်ရစ်ခဲ့သော သူ၏ မိန်းမဖြစ်သူ မအိမ်မြဲအား ပြရန်အတွက် ဆင်ခြောက်ကောင်အား ဖမ်းယူကာ လက်ကိုင်ပဝါ နှင့်ထုပ်၍ ယူခဲ့လေ၏။

ကိုမိုးကုန်း အိမ်ပြန်ရောက်သောအခါ သူ၏မိန်းမ မအိမ်မြဲ အိပ်ပျော်နေသဖြင့် ကိုမိုးကုန်းသည်လည်း ဆင်ထုပ်အား အိမ်၏ အပြင်၌ ချိတ်ဆွဲထားပြီးလျှင် သူသည်လည်း မောပန်းသည်နှင့် အိပ်ပျော်သွားလေတော့၏။

ထိုအခါ ဆင်ခြောက်ကောင်သည်လည်း အထုပ်ထဲ၌ နေရသည်မှာ ကျဉ်းကျပ်သောကြောင့် အပြင်သို့ထွက်ရန် ကြိုးစား၍ ရုန်းကန်နေကြလေရာ အထုပ်သည် တလှုပ်လှုပ်နှင့် ယမ်းခါလျက် ရှိလေ၏။ ထိုစဉ် ကောင်းကင်မှ အလွန်ကြီးမားသော ငှက်ဆင်ကြီး တစ်ကောင်သည် ပျံသန်းလာလေရာ လှုပ်ရှားနေသော ဆင်ထုတ်ကြီး အားမြင်လျှင် အစာဟူသောအမှတ်ဖြင့် သုတ်ယူလိုက်လေ၏။

ငှက်ဆင်ကြီးသည် ဆင်ထုပ်အား နှုတ်သီးဖြင့် ကိုက်ချီလျက် ပျံသန်းလာသည်ကို ဘုရင့်လေးသည်တော်များ မြင်၍ မြေပြင်မှ လက်ခုပ်လက်ဝါးတီးကာ ဆူဆူညံသော အသံများဖြင့် ခြောက်လှန့်ကြပြီးလျှင် လေးဖြင့် ပစ်ခတ်ကြလေသတည်း။

ထိုအခါ ဘုရင့်သမီးတော်သည် တစ်ပင်တိုင်မြနန်း၌ စံမြန်းနေသည်ဖြစ်လေရာ အသံဗလံ ဆူဆူညံနေသည်ကို ကြားရလေလျှင် မည်သို့သော အရေးအခင်းရှိသည်ကို သိလိုသောကြောင့် လေသာပြတင်းကိုဖွင့်၍ ကြည့်လိုက်လေသည်။

သမီးတော်သည် ပထမတွင် မြေပြင်ပေါ်၌ အပြေးအလွှားရှိနေကြသော လေးသည်တော်များကို မြင်တွေ့လိုက်ရာမှ လေးသည်တော်များ ကောင်းကင်မှ ငှက်ဆင်ကြီးအား လေးနှင့်ပစ်ခတ်လိုက်ကြသည်ကို မြင်ရပြန်လေ၍ ကောင်းကင်သို့ တစ်ဖန်ကြည့်လိုက်ပြန်လေ၏။

လေးသည်တော်များ ပစ်လွှင့်လိုက်သော မြားသည် ငှက်ဆင် ကြီး၏ နှုတ်သီးကို တည့်မတ်စွာ ထိလေသဖြင့် ငှက်ဆင်ကြီး လည်း ထိတ်လန့်၍ သူ၏အစာဖြစ်သော ဆင်ထုပ်ကို လွှတ်ချ လိုက်လေ၏။

ဆင်ထုပ်သည်လည်း ငှက်ဆင်၏ နှုတ်သီးမှ လွှတ်ချလိုက်လျှင် လွှတ်ချလိုက်ချင်း လေနှင့်အတူလွင့်ကာ ကောင်းကင်သို့ စူးစူးစိုက်စိုက်ကြည့်လျက်ရှိသော သမီးတော်၏ လက်ယာဘက် မျက်လုံးထဲသို့ ဝင်သွားလေတော့သည်။ သမီးတော်သည်လည်း သူ၏ မျက်လုံးထဲသို့ အမှိုက်ဝင်သွားသည်ဟူသော အမှတ်ဖြင့် အပါးတွင်ရှိနေသော အပျိုတော်တစ်ယောက်အား ခေါ်ယူကာ သူ၏ မျက်လုံးထဲမှ အမှိုက်ကို ယူထုတ်ပါဟု အမိန့်ပေးလိုက်လေသည်။

အပျိုတော်သည်လည်း သမီးတော်၏ လက်ယာဘက်မျက် လုံးကို ဖွင့်စေလျက် ကြည့်လိုက်သောအခါတွင် ပဝါအဖြူရောင်နှင့် ထုပ်ထားသော ဆင်ထုပ်သည် သမီးတော်၏ မျက်လုံးထောင့်၌ ကပ်နေသည်ကို တွေ့ရသောကြောင့် အဝတ်တစ်ခုနှင့် အသာအယာတို့ယူ၍ ယူထုတ်လိုက်လေလျှင် ဆင်ထုပ်သည် ဘုရင့်သမီးတော်၏ တစ်ပင်တိုင် မြနန်းမှ လွင့်ထွက်သွားပြီးလျှင် အိပ်ပျော်လျက်ရှိသော ကိုမိုးကုန်း၏ ဇနီး မအိမ်မြ၏ နှာခေါင်းပေါက်ထဲသို့ ဝင်သွား လေတော့သတည်း။

(ဤပုံပြင်တွင် ၁ – ကိုမိုးကုန်၊ ၂ – ငှက်ဆင်၊ ၃ – ဘုရင့် သမီးတော်၊ ၄ – အပျိုတော်၊ ၅ – မအိမ်မြ ဤငါးဦးအနက် မည်သူသည် အကြီးဆုံးဖြစ်လေသနည်း)

**[အဖြေကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (င) သင်မည်သို့ ဆုံးဖြတ်မည်နည်း

ရှေးသရောအခါ ကေတုမတီပြည်တွင် ပစ္စည်းဥစ္စာ မရေတွက်နိုင်အောင် ပေါများသော သူဌေးကြီး၏သားနှင့် ဘောဂအမည်ရှိသူဌေးကြီးတစ်ဦး၏သမီးကို မိဘတို့သည် စိတ်တူ သဘောတူ ထိမ်းမြားပေးကြလေကုန်သတည်း။

တစ်နေ့သ၌ သူဌေးသားသည် မယားဖြစ်သူအား "ရှင်မ၊ ငါသည် လက်ကာဒီပကျွန်းသို့သွား၍ စီးပွားရှာချေပါမည်" ဟု တိုင်ပင်ပြောဆိုလေ၏။

ထိုအခါ သူဌေးသမီးသည် "အမောင်၊ ဆင်းရဲသောသူတို့သာ သမုဒ္ဒရာအလယ်သို့ သင်္ဘောနှင့်ထွက်ကာ ကုန်ကူးသန်း၍ စီးပွားရှာလေ့ရှိကြပါသည်။ ယခုသော် အမောင်နှင့် ကျွန်မတို့

မိဘပစ္စည်းများသည် ပသို့စား၍ ကုန်ခန်းနိုင်ပါအံ့နည်း။ မသွားပါလင့်” ဟု တားမြစ်လေသည်။

သူဌေးသားသည်လည်း မယားဖြစ်သူအား–

“ရှင်မ၊ လုံ့လနှင့် ရှာဖွေရသော ဥစ္စာသည်သာ အဖိုးတန်ပါသည်။ လုံ့လရှိသူသည် ကြိုးစားရင်းဖြင့် သမုဒ္ဒရာအလယ်၌ သေရသော်လည်း မြတ်ပါသည်။ မိဘတို့၏ များစွာသော ဥစ္စာတို့သည် မိမိကိုယ်တိုင် လုံ့လပြု၍ ရှာထားသည် မဟုတ်လေရကား အဖိုးမတန်ပေ” ဟု ပြန်လည်ငြင်းဆိုလိုက်သည်။ သူဌေးသမီးသည် “အမောင်၊ ပင်လယ်ရပ်ခြားသို့ ကုန်သွယ်သွားနေမည်ဆိုပါက ကျွန်မမှာ ကိုးကွယ်ရာမရှိ ဖြစ်ပါချေတော့မည်” ဟု အသနားခံပါသော်လည်း သူဌေးသားသည် လုံလောက်သော အရင်းအနှီးကို ယူလျက် လက်ာဒီပကျွန်းသို့ ကုန်ရောင်းကုန်ဝယ် ထွက်သွားချေတော့၏။

ကာလရှည်ကြာလျှင် သူဌေးသမီးသည် ပေတအမည်ရှိသော လုလင်တစ်ဦးနှင့် ချစ်ကြိုးသွယ်မိလေ၏။ ထိုအခါ ပေတလုလင် သည် သူဌေးသမီးအား

“ချစ်နှမ ယခုကား နှမနှင့် မောင်တို့ အတူနေရပေသည်။ အကယ်၍ ချစ်နှမ၏ ခင်ပွန်းလင် ရောက်လာပါက အမောင်တို့ ပသို့အတူနေပါတော့အံ့နည်း” ဟု ညည်းညူ ပြောဆိုလေသည်။ သူဌေးသမီးသည်လည်း

“အမောင် မပူပါလင့်၊ ကျွန်မ အကြံတစ်ခုပေးပါမည်၊ နားထောင်ပါ၊ သုသာန်တစပြင်၌ စွန့်ပစ်ထားသော သူသေကောင်ကို ယူကာ ကျွန်မ၏ အဆောင်ပြသာဒ်၌ တင်၍ မီးတိုက်လေလျှင် သူဌေးသမီး သေရှာပြီဟု ပြောကြလတ္တံ့၊ ထိုအခါ အမောင်နှင့် ကျွန်မတို့သည် တစ်ပါးသော အရပ်သို့သွားကာ နှစ်ကိုယ်တူ

ပျော်ပျော်ကြီး နေနိုင်ပါမည် မဟုတ်ပါလား” ဟု အကြံပေးလိုက်လေ၏။ ပေတလုလင်သည်လည်း သူဌေးသမီးဆိုတိုင်း သူသေကောင်ကို ပြာသာဒ်ထက်သို့တင်၍ မီးတိုက်ခဲ့ပြီးလျှင် အရပ်တစ်ပါးသို့ သူဌေးသမီးနှင့်အတူ ထွက်ပြေးကြလေသတည်း။

သူဌေးသမီး၏ မိဘတို့သည်လည်း သူသေ၏ အရိုးနှင့်တကွ ပြာသာဒ်မီးလောင်သည့်အဖြစ်ကို မြင်ရလေလျှင် ငါတို့သမီးသည် မီးလောင်၍ သေရှာပြီဟူသော အမှတ်ဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ကြလျက် ငိုကြွေးကြလေကုန်၏။

ပေတလုလင်နှင့် သူဌေးသမီးသည် အရပ်တပါး၌ လှည့်လည် နေထိုင်ကြရင်းဖြင့် စားသောက်ရန်ပင်မရှိ၊ အလွန်ဆင်းရဲလေ ကြရကား အကြံအစည် ပြုကြပြန်လေသည်။

“အမောင်၊ ကျွန်မတို့သည် နေထိုင် စားသောက်ရသည်မှာ အလွန် ဆင်းရဲကြလေပြီ၊ ထို့ကြောင့် အရပသို့ ပြန်၍ နေကြချေမည်။ ထိုအခါ ကျွန်မတို့ မိဘများသည် ကျွန်မကို မြင်လေလျှင် သူတို့၏ သေဆုံးသွားသူ သမီးနှင့် တူလှသည်ဟုဆို၍ သမီးဟူသော ချစ်ခြင်းမေတ္တာစိတ်ဖြင့် ကျွန်မကို ပေးကမ်းချီးမြှင့်ကြပေလိမ့်မည်။ ထိုအခါ ကျွန်မတို့ အေးချမ်းစွာ စားသောက်နေထိုင်နိုင်ကြအံ့” ဟု ဆို၏။

ပေတလုလင်သည်လည်း “ချစ်နှမ၊ သင်၏အကြံအစည် ကောင်းလှပေသည်” ဟုဆိုလျက် သူဌေးသမီးဆိုလေတိုင်း အရပ်သို့ ပြန်ကြလေ၏။

အရပ်သို့ ရောက်သောအခါ သူတို့နှစ်ဦးသည် မောပန်းကြသည်နှင့် ရွာအဝင် ရေကန်ကြီး၏အနီးရှိ အရိပ်တစ်ခုအောက်တွင် တည်းခိုနားနေကြလေ၏။

ထိုအချိန်တွင် သူဌေးသမီး၏ မိဘနှစ်ပါးသည်လည်း သမီး၏ ကိုယ်စား သမီးကို ရည်စူး၍ ဩောင်ရေသွန်း ဆုတောင်းရန်အတွက် ရေကန်သို့ ရေခပ်လာကြလေရာ ပေတလုလင်နှင့်အတူ ယှဉ်ထိုင်နေသော သူတို့၏သမီးကို မြင်ကြလေလျှင် ကွယ်လွန်သူ သူတို့၏ ချစ်သမီးနှင့် တူလှပါသည်ဟုဆို၍ ငိုကြွေးကြလေကုန်၏။

ပေတလုလင်နှင့် သူဌေးသမီးသည်လည်း "အရှင်မ၊ ကျွန်မတို့ သွားရန် ခရီးရှိပါသေးသည်။ ယခုပင် သွားပါတော့အံ့" ဟု နှုတ်ဆက်စကား ဆိုလိုက်၏။ သူဌေးကတော်ကြီးသည်လည်း "မသွားကြပါလင့်၊ သင်တို့အား သမီးအမှတ်ဖြင့် ငါ မွေးစားပါရစေ၊ ငါ့သမီးကိုယ်စား ငါ့အိမ်ကို လိုက်ပြီးနေပါ" ဟုခေါ်ဆောင်လျက် ပြသာဒ်ဆောင်ထက်၌ တင်ထားလေ၏။

လပေါင်းများစွာ ကြာလေလျှင် လင်္ကာဒီပကျွန်းသို့ ကုန်ရောင်းသွားသော သူဌေးသားသည်လည်း များစွာသော ဥစ္စာပစ္စည်းများနှင့်အတူ ပြန်ရောက်လာလေ၏။

ထိုအခါ သူဌေးသားသည် မယားဖြစ်သူအား မေးလေသော် "မောင့်မယားသည် ပြသာဒ်နှင့်အတူ မီးလောင်၍ သေရှာလေပြီ" ဟု ပြောပြကြလေကုန်၏။ သူဌေးသားသည် ဖြစ်ရရှာလေဟု စိတ်မကောင်းဖြစ်လျက် ငိုယိုမြည်တမ်းကာ မိဘများ နောက်ထပ်ဆောက်လုပ်ပေးထားသော ပြသာဒ်အသစ်ကို ကြည့်လိုပါသည်ဟု ဝင်ရောက်ကြည့်လေသောအခါ ပြသာဒ်ဆောင်အတွင်းရှိ သူဌေးသမီးကို တွေ့ရလေ၏။

သူဌေးသားသည်လည်း "ကျွန်တော့်မယားသည် အသက်ထင်ရှား ရှိနေပါလျက်သားနှင့် အဘယ်ကြောင့် ကျွန်တော့်အား သေသွားသည်ဟု လိမ်ကြလေသနည်း" ဟုဆိုကာ ရွာသူကြီးအား တိုင်ကြားလေသည်။ ရွာသူ ရွာသားများနှင့်အတူ ယောက္ခမမိဘ

များကလည်း "အမောင့်မယားသည် ပြသာဒ်နှင့်အတူ မီးလောင်၍ သေလေရာ အရိုးကိုပင် ငါတို့ ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ရပါသည်" ဟု အခိုင်အမာ ငြင်းဆိုကြလေ၏။

ထိုအချက်များကြောင့် သူဌေးသား ရှုံးလေလျှင် မခံနိုင်သောကြောင့် မြို့ကွပ်အမတ်ကြီးထံသို့ မယားကို ပြန်ရလိုကြောင်းဖြင့် တိုင်တန်းပြန်လေ၏။ ထိုမှာလည်း အရေးမလှ၍ သူဌေးသား ရှုံးပြန်လေလျှင် တိုင်းပြည်အရှင် ဘုရင်မင်းကြီးထံသို့ လျှောက်တင်ပြန်လေ၏။

ဘုရင်မင်းမြတ်သည်လည်း ထိုပြဿနာအား စီရင်ရန် ပညာရှိ အမတ်ကြီးများအား ခေါ်ယူ၍–

"အမတ်ကြီး ဤအမှုကို တရားသဖြင့် ပြီးစီးအောင် စီရင်ပါချေ၊ မပြီးလျှင် သင်အမတ်ကြီး၏ ရာထူးနှင့် စည်းစိမ်ကို နုတ်သိမ်းချေရမည်" ဟု အမိန့်တော် ချလေသည်။

အမတ်ကြီး စိတ်မချမ်းမသာ ရှိလေလျှင် အမတ်ကြီး၏ သမီးသည် "ဖခင်မြတ်၊ အဘယ်ကြောင့် နှလုံးမသာမယာ ဖြစ်နေပါသနည်း" ဟုမေးလေ၏။ အကျိုးအကြောင်းစုံကို ဖခင်ဖြစ်သူ အမတ်ကြီးက ပြောပြလေလျှင် သမီးသည် "ဖခင်မြတ်၊ မစိုးရိမ်ပါနှင့်၊ ဤအမှုကို ကျွန်မ စီရင်ပါမည်။ သူတို့ သုံးယောက်လုံး ကျွန်မထံသို့ လာကြပါစေ၊ ထောင့်သုံးမျက်နှာရှိသော အဆောင်တစ်ခုကိုလည်း ဆောက်ကြပါစေ၊ အမှုသည် သုံးယောက်ကိုလည်း ထောင့်သုံးမျက်နှာစီတွင် တစ်နေရာစီ အသီးသီး ရှိကြပါစေ။ ကျွန်မ စစ်ဆေးရမည့်နေရာကိုမူ အလယ်ဗဟိုမှာ ရှိနေပါစေ" ဟု ပြောပြလေ၏။

အမတ်ကြီးသည် သမီးပြောသည့်အတိုင်း စီစဉ်ပေးပြီးလျှင် ပထမဆုံးအနေဖြင့် အမတ်ကြီး၏ သမီးသည် သူဌေးသားကို ခေါ်ယူ၍ စစ်ဆေးသည်မှာ–

"အမောင်၊ အမောင်ဟာ ဘုန်းကျက်သရေနဲ့လည်း ပြည့်စုံပါပေတယ်၊ ပစ္စည်းရတနာနဲ့လည်း ပြည့်စုံပါပေတယ်၊ အမောင်ဟာ အသက်ကိုစွန့်ပြီး သမုဒ္ဒရာကိုဖြတ်လို့ စီးပွားချမ်းသာမှုကို အရှာအဖွေ ထွက်သွားတဲ့အခိုက်မှာ အမောင့်မယားဟာ ပြသာဒ်နဲ့တကွ မီးလောင် သေဆုံးသွားပြီလို့ လူအများက ပြောဆိုကြလေပြီ။

"အမောင့်မှာ မိဘများလည်း ကွယ်ဝကြပါပေတယ်၊ အမောင်ကိုယ်တိုင်မှာလည်း သမုဒ္ဒရာကိုဖြတ်ပြီး များစွာသော ဥစ္စာရတနာကို ရှာခဲ့ပြီးပါပြီ။ သို့ဖြစ်ပါလျက် အမောင်သည် မိန်းမတစ်ယောက်ကို ယောကျ်ားနှစ်ယောက် လုနေရခြင်းအဖြစ်ကို ရင်ဆိုင်နေသည်မှာ မသင့်ပါပေသည်တကား၊ သတို့သမီးကလည်း သူသည် အမောင့် မယားပါဟု မဆို၊ သူများမယား ဖြစ်ပါလျက် အမောင့်မယား ဖြစ်ပါသည်ဟု စွဲဆိုသောကြောင့် မင်းမှအစ အမတ်ကြီးတို့ကလည်း အမောင့်ကို အရှုံးပေးကြလေသည်။

"အမောင့်မယားသာ အမှန်ဖြစ်ပါလျှင် အဘယ်ကြောင့် လျှို့ဝှက် ကွယ်ထောက်ပါအံ့နည်း။ ငါဆိုပါမည်။ အမောင်သည် ငါ့စကားကို လိုက်နာတန်ကောင်းပါ၏။ အမောင့်သဘောကို ပြောပါ။ အမောင်သည်လည်း သူဌေးသားတည်း။ ငါသည်လည်း အမတ်ကြီး၏သမီး အပျိုစင်အစစ်တည်း၊ ငါနှင့် အမောင်သည် တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေကာ တစ်သက်ပတ်လုံး အတူနေရသော် အဘယ်သောအခါမျှ ဆင်းရဲမှုရှိအံ့မထင်ပါ" ဟု ဆိုလေ၏။

သူဌေးသားသည် အမတ်ကြီး၏သမီးအား ပြန်လည်၍

"အို အမတ်ကြီးသမီး၊ သူဌေးသမီးနှင့် ကျွန်တော်သည် ငယ်သွားမကျွတ်မီ အဝတ်မခြုံမီကပင် မိဘတို့ ထိမ်းမြားပေးခဲ့သော မယားဖြစ်ပါသည်။ အဘယ်အကြောင်းကြောင့် စွန့်ပစ်နိုင်ပါ

အံ့နည်း။ ယောကျ်ားကောင်းတို့မည်သည် ရက်စက်ကြမ်းကြုတ် ခက်ထန်သော အမှုကို မပြုအပ်ပါ။ သစ္စာစကားကို ဖျက်ပြီး မကောင်းမှုဖြင့် အဘယ်အကျိုးရှိပါအံ့နည်း” ဟု ဆိုလေ၏။

အမတ်ကြီးသမီးသည် ဒုတိယအကြိမ်အဖြစ် ပေတလုလင်အား ခေါ်ယူပြီးလျှင် စစ်မေးပြန်လေသည်မှာ

“ဘုန်းကျက်သရေနှင့်ပြည့်စုံသော အမောင်ယောကျ်ားမြတ်၊ ယောကျ်ားစင်စစ်ဖြစ်ပါလျက် မိန်းမတစ်ယောက်ကို ယောကျ်ားနှစ်ယောက်တို့ လုကြသည့်အဖြစ်သည် မသင့်ပါပေတကား။ ငါ၌လည်း ခင်ပွန်းမရှိ၊ ငါသည် အရှင်သခင် လင်ယောကျ်ားနှင့် အတူနေလိုပါသည်။ ငါသည်လည်း အမတ်ကြီး၏သမီး ဖြစ်ပါပေသည်။ ငါနှင့် အတူနေရသော် အမောင့်မှာ များစွာသော စည်းစိမ်ကို ခံစားရပါသလော” ဟု ဆိုပြန်လေ၏။

ထိုစကားများကို ကြားရလေလျှင် ပေတလုလင်သည် မိန်းမ တို့၏ သဘောသည် ဥပါယ်တံမျဉ် အလွန်များလှပါဘိသည်၊ လှည့်ပတ်တတ်ခြင်း၊ ပျက်ကွက်လိုခြင်းလည်း ရှိတတ်သည်၊ ငါ၏ အသက်သည်လည်း ဤအမျိုးသမီး၏ လက်ခုပ်တွင်း၌ရှိသော ရေနှင့်သာ တူသည်ဖြစ်သောကြောင့် “အရှင်မ၏ စကားကို နားထောင်ပါမည်” ဟု အဖြေပေးလိုက်သည်။ အမတ်ကြီး၏ သမီးကလည်း “အမောင် ငါ့စကားကို နားထောင်မည်ဆိုပါလျှင် သင်နှင့် ငါ တစ်ပါးသောအရပ်သို့ သွား၍နေကြမည်၊ သို့မှသာ အမောင့်ကို ငါ ယုံကြည်မည်” ဟုဆိုလျှင် ပေတလုလင်သည် “ကောင်းပြီ” ဟု ဆိုလေ၏။

ထို့နောက် သူဌေးသမီးကို ခေါ်ယူ၍ နောက်ဆုံးအနေဖြင့် မေးလိုက်ပြန်သည်ကား–

"အစ်မကြီး၊ အစ်မကြီး၏လင်ကား စည်းစိမ်ချမ်းသာနည်းလှပါပေ၏။ သူဌေးသားလုလင်သည်ကား စည်းစိမ်ချမ်းသာများလှပါပေ၏။ အတူနေကြသော် မကောင်းပါလော၊ တစ်သက်ပတ်လုံး ဆင်ရဲကြတော့မည် မဟုတ်ပေတကား၊ အစ်မကြီးအဘယ့်ကြောင့် သူဌေးသားလုလင်ကို ငြင်းဆိုရပါသနည်း" ဟုဆိုလျှင် သူဌေးသမီးသည်

"အရှင်မလည်း မိန်းမ၊ ငါသည်လည်း မိန်းမ၊ မိန်းမတို့၏သဘောသည် သစ်ပင်မှာဖြစ်သော သစ်သီးနှင့် တူပါပေ၏။ အရှင်ဖြစ်သော လင်သည်ကား သစ်ပင်နှင့်တူပေ၏။ သစ်သီးတို့၏သဘောသည် အညွန့်ပေါက်၍ အရွက်နှစ်ရွက်ဆင့်လျှင် အရွက်အခက်မှ အငုံဖြစ်လာ၏။ အငုံမှ အပွင့်ဖြစ်၏။ အပွင့်မှ အသီးဖြစ်၏။ အသီးဖြစ်လာလျှင် ရင့်၏။ ရင့်လျှင် ကြွေ၏။ ကြွေလျှင်ကြွေရာအရပ်၌ ရှိလေ၏။ အညှာမှ ကြွေပြီးသော သစ်သီးသည်အညှာ၌ တည်ပြန်သလော။ အမိဝမ်းက ဖွားပြီးသောသားသည်အမိဝမ်းသို့တစ်ဖန် ဝင်ပြန်သလော" ဟု ဆိုပြန်လေ၏။

အမတ်ကြီး၏ သမီးသည် သူဌေးသမီး၏ စကားကိုကြားရလေလျှင် စဉ်းလဲသောအဖြစ်ကို သိရလေပြီဖြစ်၍ "မိမိတို့၏မူလနေရာသို့ ပြန်၍သွားကြလေတော့" ဟုဆို၍ အမှုကို ဆုံးဖြတ်ရန်စာရေးစာချီတို့အား ခေါ်ယူလိုက်လေသတည်း။

**[ဆုံးဖြတ်ချက်ကို ဤစာအုပ်နောက်ပိုင်းတွင်–ရှု]**

* * *

## (၈) ယာခင်းရှင်၏ ပြဿနာ

ရှေးသရောအခါ အဘိုးကြီးနှင့် အဘွားကြီး လင်မယားတို့သည်သားသမီးများနှင့်အတူ တောင်သူလယ်သမား အလုပ်ဖြစ်သော

လယ်ယာစပါး၊ သခွား၊ ဖရဲ၊ ပြောင်း၊ ပဲ၊ လူး၊ ဆတ်များကို အခါ မလပ် စိုက်ပျိုးကြလျက်ရှိစဉ် ဗာရာဏသီပြည်၏ အရှင်ဘုရင် မင်းကြီးသည်လည်း နောက်ပါခြွေရံမပါဘဲနှင့် တစ်ကိုယ်တည်း တောကစားထွက်ကြွလာရင်း အဘိုးကြီးနှင့် အဘွားကြီးတို့၏ တောင်ယာထဲသို့ ရောက်လာလေ၏။

ထိုအခါ မင်းကြီးသည် ချွေးသံရွှဲရွှဲနှင့် ပင်ပန်းကြီးစွာ လုပ် ကိုင်နေကြရသော အဘိုးကြီးတို့ မောင်နှံစုံအားကြည့်ကာ–

"အဘိုးအို၊ ဒီလောက်အိုမင်းပြီး သေခြင်းနဲ့ နီးကပ်နေတဲ့ အရွယ်မှာ အလုပ်ကို ခုလောက် အပန်းတကြီး လုပ်ဆောင်နေတာဟာ ဥစ္စာကိုလိုလားပြီး လောဘရေ့ထားလို့လား" ဟုမေးလိုက်လေသည်။

အဘိုးအိုသည်လည်း ဘုရင်အား ဘုရင်ဟူသော အသိရှိမထား သောကြောင့် ရဲရဲတင်းတင်းနှင့်ပင် "အမောင်၊ အဘိုးတို့မှာ ကုန်ကျစရာလမ်း များလွန်းတာကြောင့် ကြိုးစားရပါတယ်၊ လောဘ တရားကြောင့် မဟုတ်ပါဘူး" ဟု ပြန်ဖြေလိုက်လေ၏။

မင်းကြီးသည် "အဘိုး၊ ဘာ့အတွက်ကြောင့် ကုန်ကျစရာ များရတာလဲ" ဟု ထပ်မံ၍ မေးပြန်လေလျှင် အဘိုးအိုသည် သူ၏ ကုန်ကျဖွယ်ရာ အကြောင်းများကို ပြောပြလေသည်။

"အမောင်၊ အဘိုးတို့မှာ နေ့စဉ်နေ့တိုင်း ခိုးမှုကြီးကိုလည်း ပေးဆက်နေရပါတယ်၊ အာဂန္တုသည်တွေကိုလည်း ရက်ရှည်လများ ကျွေးမွေးပြုစုနေရပါတယ်၊ အပြောကျယ်လှတဲ့ သမုဒ္ဒရာထဲကိုလည်း ပစ်ချရပါတယ်၊ အမြဲအတူ ကိုယ့်ရန်သူကိုလည်း ကြည်ကြည်ဖြူဖြူနဲ့ စောင့်ရှောက်ပြုစုနေရပါတယ်"

မင်းကြီးလည်း အဘိုးအို၏စကားကို နားမရှင်းသည့်အတွက် အဓိပ္ပာယ်ကိုထင်းရှားအောင် မေးချေမည်ဟု ကြံလျက် "အဘိုး၊ အဘိုးပြောပြတဲ့ စကားလေးခွန်းရဲ့ အဓိပ္ပာယ်ကို နားမလည်ပါ၊

အဓိပ္ပာယ်အကျယ်ကို သိပါရစေ၊ ပြောပြပါ" ဟု တောင်းပန်လိုက်လေ၏။

ထိုအခါ အဘိုးအိုသည် သူပြောသော စကားလေးခွန်း၏ အဓိပ္ပာယ်ကို ရှင်းပြမည်ဟုဆို၍ "အမောင်၊ အဘိုးပြောတဲ့စကားတွေကို ရှင်းပြပါ့မယ်၊ နားထောင်ပါ၊ ခိုးမှုကြီးကိုပေးရတယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ တခြားမဟုတ်ပါဘူး၊ တိုင်းပြည်မှာ ဓားပြ၊ သူခိုး၊ လူဆိုး မုဒိမ်းရန်က ကင်းငြိမ်းချမ်းသာရာရအောင် စီမံစောင့်ရှောက်ပေးရတဲ့ တိုင်းပြည်ရဲ့အရှင် ဘုရင်မင်းမြတ်ကြီးကို အခွန်ပေးဆက်သရတာကို ရည်ရွယ်ပြီး ပြောလိုက်တာပါ။

"ညှော်သည် အာဂန္တုတို့ကို ရက်ရှည်လများ ကျွေးမွေးပြုစုရတယ်ဆိုတာကတော့ အဘိုးအဘွားတို့က မွေးဖွားပြုစုထားရတဲ့ သားသမီးတွေဟာ အရွယ်မရောက်ခင်သာ မိဘတွေဆီမှာ မှီတွယ်ခိုကပ်နေကြပြီး အရွယ်ရောက်လို့ အိမ်ထောင်ရက်သား ကျပြီဆိုတော့ သူတို့သွားလိုရာကို သွားကြရတယ် မဟုတ်လား၊ ဒီတော့ ဒီသားသမီးတွေကို ကျွေးမွေးပြုစုနေရတယ်ဆိုတာဟာ ခဏလာရောက်ပြီး တည်းခိုနားနေတဲ့ ညှော်သည်တွေကို ကျွေးမွေးပြုစုရတာနဲ့ တူတယ် မဟုတ်လား။

"သမုဒ္ဒရာထဲသို့ ပစ်ချနေရတယ်လို့ဆိုတဲ့ အဓိပ္ပာယ်ကတော့ သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတဲ့ စကားကို အမှီပြုပြီး မိမိရဲ့ဝမ်းဗိုက်ကို ရည်ရွယ်ပြီး ပြောလိုက်တာပါ။

"ရန်သူကို ကျွေးမွေးရတယ်ဆိုတာကတော့ မိမိနဲ့ အတူတကွ ပေါင်းသင်းနေထိုင်တဲ့ မယားဟာ မိမိကို အပါယ်လေးဘုံကိုလည်း ကျရောက်စေတယ်၊ မကောင်းတဲ့ ဒုက္ခအပေါင်းတွေနဲ့လဲ တွေ့စေတယ်၊ ဒါကြောင့် ရန်သူကိုလည်း ကျွေးမွေးနေရပါတယ်လို့ ပြောတာပါ" ဟု ရှင်းလင်းစွာ ပြောပြလေ၏။

အဘိုး၏စကားကို ကြားလိုက်ရလျှင် မင်းကြီးသည်လည်း ဝမ်းတွင်း၌ ကြည်နူး၍ အထူးနှစ်သိမ့်သွားကာ "အဘိုး၊ အခု အဘိုးပြောပြတဲ့ စကားတွေကို မည်သူတစ်စုံတစ်ယောက်ကိုမှ မပြောကြားပါနဲ့။ ကျွန်ုပ်ဟာ တခြားလူမဟုတ်၊ ဗာရာဏသီပြည်ကြီးကို ထီးစည်နဲ့တကွ အစိုးရတဲ့ ပြည့်ရှင်မင်းကြီး ဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့ စကားကို မနာခံရင် အဘိုးရဲ့အသက် အဆုံးဖြစ်စေရမယ်ဆိုတာကို မှတ်ထားပါ" ဟု အမိန့်တော်မှတ်၍ နန်းရပ်သို့ ပြန်ခဲ့လေ၏။

မင်းကြီးသည် နန်းရပ်သို့ ပြန်ရောက်သောအခါ မှူးမတ်အစုံ အလင်နှင့် ညီလာခံသဘင် အချိန်၌ ပညာရှိ မှူးမတ်များအား

"အမတ်ပညာရှိကြီးများ လောကမှာ ၁ ခိုးမှူးကိုလည်း ပေးနေရတယ်၊ ၂ ဩည့်သည်ကိုလည်း ကျွေးနေရတယ်၊ ၃ သမုဒ္ဒရာထဲကိုလည်း ချနေရတယ်၊ ၄ ရန်သူကိုလည်း ကျွေးနေရတယ်ဆိုတဲ့ ပြဿနာ ၄ ချက်ကို ၇ ရက်အတွင်းမှာ မှန်ကန်အောင် ဖြေဆိုကြကုန်လော့။

"အကယ်၍ ဖြေဆိုနိုင်သူ မရှိခဲ့လျှင် ထိုသူအား ရာဇဝတ် အပြစ်ဒဏ်နှင့်အတူပေးပြီး ရာထူးကပါ နုတ်ထွက်စေရမည်" ဟု အမိန့်တော်မှတ်လေ၏။ မှူးမတ်တို့သည်လည်း ညီလာခံစဲသော အချိန်မှစ၍ မစား၊ မအိပ် စဉ်းစားကြလေကုန်၏။ သို့သော် ပြဿနာ၏ အဖြေကိုမူ မရကြလေကုန်၏။

ထို့ကြောင့် အမတ်ကြီးတစ်ဦးသည် ဤပြဿနာအား အသပြာတစ်ထောင် ထုပ်ကိုပေး၍ အဖြေကိုလှည့်လည်ရှာဖွေမည်ဟု ဆုံးဖြတ်ကာ ဗာရာဏသီမြို့တော်၏ ဆင်ခြေဖုံးအရပ်သို့ ငွေထုပ် ပိုက်လျက် ထွက်ခဲ့လေ၏။

အမတ်ကြီးသည် ယခင်အခါ ဘုရင်မင်းမြတ်နှင့် တွေ့ဆုံသွားသော ယာခင်းရှင် အဘိုးအိုထံသို့ ရောက်သွားလေ၏။ ထိုအခါ အဘိုးအို၏ ဇနီးသည်ဖြစ်သူ အဘွားကြီးသည် အမတ်ကြီးအား မည်သို့သော အရင်းအခင်းကြောင့် လာရသည်ကို မေးမြန်းလေလျှင် အမတ်ကြီးသည် သူ၏လာရင်းကိစ္စအား ပြောပြလေ၏။ အဘွားအိုသည်လည်း အမတ်ကြီး၏စကားကို အကြောင်းစုံသိရသောအခါ ငွေအသပြာတစ်ထောင်ထုပ်အား လိုချင်တပ်မက်သောစိတ်ဖြင့် ပြဿနာလေးချက်၏ အဖြေအကျယ်ကို ပြောပြလိုက်လေတော့၏။

၇ ရက်ပြည့်မြောက်၍ ပြဿနာအဖြေကို ပေးကြရတော့မည့် နံနက် ညီလာခံတွင် အမတ်ကြီး၏ မှန်ကန်သောအဖြေကို ကြားလိုက်ရသော မင်းကြီးသည် "အမတ်ကြီး၊ အဖြေကို ဘယ်သို့သော အရပ်မှ ရခဲ့လေသနည်း" ဟု မေးလေတော့၏။ အမတ်ကြီးက "တောင်ယာသမား အဘိုးကြီးထံမှ ရခဲ့ကြောင်းပါ" ဟု လျှောက်တင်လေလျှင် ထိုအဘိုးကြီး မောင်နှံစုံအား ရွှေတော်သို့ အမြန်သွင်းစေဟု အမိန့်ချလိုက်လေသတည်း။

ရွှေတော်သို့ ရောက်လေလျှင် မင်းကြီးသည် အဘိုးအိုအား "အဘိုး၊ မှာထားခဲ့တဲ့စကားကို မနာမခံဘဲ ဖောက်ဖောက်ပြန်ပြန်သဘောထားနဲ့ ဘာကြောင့် ဖြေကြားလိုက်လေသလဲ၊ ကိုယ့်အသက်ကိုမှ မငဲ့ကွက်လေဘူးလား" ဟုမေးလေလျှင် အဘိုးအိုသည် "ကျွန်တော်မျိုး မပြောကြားရပါ အသင်မင်းကြီး၊ ဟောဒီ မယားဖြစ်တဲ့ အမယ်ကြီးဟာ ရှာရှာဖွေဖွေ လျှာရှည်လေသူမို့ ယခုလိုဖြစ်ရကြောင်းပါ" ဟု လျှောက်တင်လေ၏။ ထိုအခါ မင်းကြီးသည် "အဘိုးအို၊ ကိုယ်က ကျွေးမွေးပြုစုထားရတဲ့ ကိုယ့်မယားကိုမှ နိုင်အောင် မထိန်းနိုင်ဘူးလား" ဟု အပြစ်တင်လေလျှင် အဘိုးအို

သည် "အရှင်မင်းကြီး၊ ယခင်က ကျွန်တော်မျိုး လျှောက်တင်ခဲ့ဘူးတဲ့ ပြဿနာလေးချက်မှာ မယားဟူသည် အတူနေရန်သူမည်ပေသည်ဟု ဆိုခဲ့ဖူးပါသည်" ဟု လျှောက်လိုက်၏။

မင်းကြီးလည်း စဉ်းစားမိသည်နှင့် "သြော် အဘိုးအိုပြောသည်မှာလည်း ဟုတ်မှန်ပါပေသည်" ဟုဆို၍ "အဘိုးအို၊ ငါပင်လျှင် ငါ၏ရန်သူကို မသိသေးချေ။ ယခုမှသာ မြင်ပါသည်" ဟု ဆို၍ အဘိုးအိုအား ဆုလာဘ်များစွာ ပေးသနား၍ ပြန်လွှတ်လိုက်လေတော့သတည်း။

* * *

## (ဆ) ခရီးသည်ကြီးနှင့် စကားထာမြို့တော်

ရှေးသရောအခါ ပညာရှိ ကဝိတစ်ဆူသည် စကားထာ မြို့တော်ဟု နာမည်ကြီးနေသော ဓာရာနဂါရ မြို့တွင်းသို့ ပညာရှာဖွေလေ့လာရန်အတွက် ထွက်လာခဲ့လေသတည်း။

ထိုအခါ မြို့တော်သို့မဝင်မီ ညောင်ပင်ရိပ် တစ်ခုအောက်၌ မိန်းမပျိုတစ်ယောက်နှင့် ဆုံလေသဖြင့် "အို နှမငယ်၊ သင်သည် မည်သူ၏သမီး ဖြစ်ပါသနည်း" ဟု မေးလိုက်လေ၏။ မိန်းမပျိုသည် မေးလာသူ ပညာရှိကဝိအား ပြုံးရွှင်သော မျက်နှာနှင့် "ကျွန်မ၏ ဖခင်သည် 'ဟေး ဟေး' ဟူသောအသံကို ပြုတတ်သူလည်း ဖြစ်ပါတယ်၊ တောမှာ ဆိတ်အုပ်တွေနဲ့အတူ နေထိုင်သူလည်းဖြစ်ပါတယ်" ဟု သာယာသောအသံနှင့် ဖြေဆိုလေသည်။

ပညာရှိသည်လည်း 'ဤမိန်းမပျို၏ ဖခင်သည် ဆိတ်ကျောင်းသမား ဖြစ်ပေမည်' ဟု ယူဆလျက် မြို့တွင်းသို့ ဝင်လာခဲ့လေ၏။ ထိုအချိန်၌ ရေအိုးကိုရွက်လျက်လာသော မိန်းကလေးတစ်ယောက်

နှင့် လမ်းတစ်ခုပေါ်တွင် ဆုံမိပြန်လေ၍ နှုတ်ဆက်စကားဆိုချင်သောကြောင့် "မိန်းကလေး သင်သည် မည်သူ၏သမီး ဖြစ်ပါသနည်း" ဟု တစ်ဖန်မေးလိုက်ပြန်လေ၏။

ထိုမိန်းကလေးကလည်း "ကျွန်မ၏ဖခင်သည် မျက်နှာလေးခုတော့ရှိပါသည်။ သို့သော် ဗြဟ္မာမင်းကြီးတော့ မဟုတ်ပါ၊ နွားကိုလည်း စီးလေ့ရှိပါတယ်၊ သို့သော် ရှံကရနတ်မင်းကြီးတော့ မဟုတ်ပါ၊ မိုးရာသီမဟုတ်သော်လည်း မိုးကိုရွာပေးနိုင်သူလည်း ဖြစ်ပါသည်" ဟု ဆိုပြန်လေ၏။

ပညာရှိကြီးသည်လည်း "မိန်းကလေး၏ဖခင်သည် ဥယျာဉ်ခြံမြေ လုပ်စားသူ ယာသမီးတစ်ဦး ဖြစ်ပေမည်" ဟု သိလိုက်ရပြန်သည်။ ထိုနေရာမှခွာ၍ ရှေ့ခရီးကို ဆက်ပြန်လေလျှင် ရုပ်ဆင်းဟန်မူ နူးညံ့သိမ်မွေ့၍ ပါးလျားသော ကိုယ်ဟန်ရှိသည့် မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရပြန်၍ မည်သူ၏သမီး ဖြစ်သည်ကို သိလို၍ မေးမြန်းစုံစမ်းလိုက်ပြန်လေသည်။

ထိုအခါ မိန်းမပျိုသည် "ခရီးသည်ကြီး၊ ကျွန်မပြောပါမည်၊ နားထောင်ပါ၊ နေ့စဉ်နေ့တိုင်း ဝတ္ထုပစ္စည်းတွေကို မီးရှို့လေ့ရှိပါတယ်၊ ခိုးယူခြင်း အတတ်ပညာမှာလည်း ကျွမ်းကျင်လိမ္မာပါတယ်၊ ရန်သူနှစ်ဦးကိုလည်း ချစ်ခင်တဲ့မိတ်ဆွေဖြစ်အောင် လုပ်ပေးနိုင်ပါတယ်၊ အဲဒီအလုပ်ကို လုပ်သူဟာ ဖခင် ဖြစ်ပါတယ်" ဟု ဖြေကြားလေ၏။

ပညာရှိသည်လည်း 'ဤမိန်းမပျို၏ ဖခင်သည် ပန်းထိမ်အလုပ်ဖြင့် အသက်မွေးသူသာတည်း' ဟုဆိုလျက် ရှေ့သို့ ခရီးဆက်ပြန်လေ၏။

ရွာ၏အလယ် ဝါးရုံပင်များဖြင့် အုပ်ဆိုင်းလျက် အေးချမ်းသာယာသော ရေတွင်းတစ်တွင်း၌ ရေငင်နေသော မိန်းမငယ်တစ်ယောက်ကို တွေ့ပြန်လေလျှင် ပညာရှိကြီးသည်

"မိန်းကလေး၊ သင်၏ဖခင်သည် မည်သို့သော အလုပ်နှင့် အသက်မွေးသူ ဖြစ်ပါသနည်း" ဟုမေးလိုက်ပြန်ရာ မိန်းကလေးသည် ရေပုံးထဲမှရေကို အိုးတစ်လုံးထဲသို့ လောင်းချပြီးသောအခါ–

"ဦးရီး၊ အသက်ဝိညာဉ်မရှိသော်လည်း အသက်ဝိညာဉ်ရှိသူ ကဲ့သို့ ထွက်သက်ဝင်ထွက်ကိုလည်း ပြုတတ်ပါတယ်၊ သို့သော် သူ၏ အမျိုးအနွယ်ကား မသေသူဟူ၍ မရှိပါ" ဟု ပြောပြန်လေလျှင် ပညာရှိကြီးသည် 'ဤမိန်းကလေး၏ ဖခင်သည် ပန်းပဲအလုပ်သမား အမျိုးအနွယ်ပေတည်း' ဟု သိရလျက် ထိုလမ်းမှခွာ၍ တစ်ခုသော ဥယျာဉ်ကြီးဆီသို့ ရှေးရှုထွက်ခဲ့လေသတည်း။

ဥယျာဉ်ကြီးသည် စိမ်းစိုသော စားသုံးပင်များနှင့်အတူ လှပလန်းဆန်း၍ မွှေးကြိုင်သင်းပျံ့သော ပန်းပင်များ ခြံရံလျက်ရှိ လေသည်။ ပညာရှိကြီးသည် ဥယျာဉ်ကြီး၏ အေးမြသော ရှုခင်း အား ကြည့်လျက်ရှိစဉ် အမျိုးသားတစ်ဦးသည် ကြီးမားသော တောင်းတစ်လုံးကိုထမ်းလျက် ဥယျာဉ်ထဲမှ ထွက်လာသည်ကို မြင်ရသဖြင့်

"ညီမောင် ဘာတွေများ ထမ်းပိုးလာပါသလဲ" ဟု နှုတ်ဆက် လိုက်သည်။ အထမ်းသမား လူရွယ်သည် ခေါင်းကိုမျှ မလှည့်ဘဲ နှင့် "သစ်ပင်၏အပေါ်၌ အသီးရှိသည်။ အသီးအပေါ်၌ အပင်ရှိ သည်။ အကြင်အမည်၏ အစ အက္ခရာသည် 'အ' ဖြစ်၏။ အဆုံး အက္ခရာသည် 'ဆ' ဖြစ်၏။ ထိုအသီးများအား ကျွန်ုပ် ထမ်းယူ လာခဲ့ပါသည်" ဟုဆို၏။

ပညာရှိကြီးသည်လည်း ' သြော် သူ၏တောင်းထဲမှာ (အနာ နာဆ) နာနတ်သီးတွေ ဖြစ်တော့သည်' ဟု နားလည်ကာ ပြုံးလိုက် မိပြန်လျက် ဥယျာဉ်၏ဘေး လမ်းငယ်တစ်ခုမှ ချိုးကွေ့သွားမည်ဟု စိတ်ကူးလိုက်စဉ် အမယ်အိုတစ်ယောက်သည် အဝတ်တစ်ခုနှင့်

လုံခြုံအောင်ထုပ်လျက်ရှိသော အထုပ်တစ်ခုအား လက်နှင့်ကိုင်ဆွဲ လျှောက်လာသည်ကို မျက်နှာတူရရူမှ တွေ့မိလိုက်ပြန်၍

"အမေအို မနိုင်မနင်းနှင့် ဘာအထုပ်ကြီးပေနည်း" ဟု မေးလိုက်သည်။

အမေအိုသည် လမ်းပေါ်၌ ခေတ္တရပ်နားလိုက်ကာ "မောင်ရင်သိချင်ရင် အမေပြောပါမည် နားထောင်ပါ၊ သစ်ပင်ပေါ်မှာ နေပါ၏။ သို့သော် ဟင်္သာငှက်တော့ မဟုတ်ပါ၊ အလယ်တွင် ရေသွင်သွင်ရှိ၏။ သို့သော် ဘာရီရတီမြစ်တော့ မဟုတ်ပါ။ မျက်စိသုံးလုံး ရှိပါ၏။ သို့သော် ရုံကရ နတ်မင်းကြီးတော့ မဟုတ်ပါ" ဟု ပြောလေ၏။

ပညာရှိကြီးသည် အမေအို၏ လက်ထဲမှ အထုပ်သည် အုန်းသီးများကို ထုပ်လာသည်ဟု သိရှိလိုက်ရကာ ဓာရာနဂါရမြို့တော်သည် အမျိုးသား အမျိုးသမီးမရွေး၊ လူကြီးလူငယ်မရွေး ပညာရှိကြပါပေသည်၊ စကားထာမြို့တော်ဟုလည်း အမည်တွင်သင့်ပါပေသည်ဟုတွေးလျက် စကားထာမြို့တော်မှ ထွက်ခွာလာခဲ့လေသတည်း။

* * *

## (၈) ရွှေအိုးမြှုပ်သော ကျေးသား

ရှေးသရောအခါ မာဂဓတိုင်း၌ သာလိနန္ဒိယဟူသော ရွာကြီးတစ်ရွာ ရှိလေ၏။ ထိုရွာကြီး၏ အရှေ့မြောက်အရပ်၌ သာနုတောင်ဟူ၍ ရှိပေရာ ကြီးမားသော လက်ပံတောကြီးတစ်ခုရှိ၏။ ထိုလက်ပံတောကြီး၌ အသိုက်အအုံပြုလျက် ကျေးသားပေါင်း ထောင်သောင်းမကရှိလေရာ ဂေါတမမြတ်စွာဘုရား အလောင်းသည် ကေဒါရဟူသော အမည်ဖြင့် ကျေးမင်း ဖြစ်နေလေ၏။

ထိုကေဒါရကျေးမင်း၌ အစာရှာ မသွားနိုင်တော့သော မိဘအိုများလည်းရှိသည်။ အမွေးအတောင် မစုံလင်သေးသော သားသမီးငယ်များလည်း ရှိသည်။ ထို့ကြောင့် ကေဒါရ ကျေးမင်းသည် နေ့စဉ်နေ့တိုင်း မိဘအိုများနှင့် သားသမီးများအတွက်ပါ အစာရှာဖွေ ထွက်ရလေသည်။

တစ်နေ့သောအခါ ကောလိယအမည်ရှိပုဏ္ဏား၏ လယ်ကွင်းထဲမှ စပါးအသီးအနှံများအား စားသောက်ရန် ကေဒါရ ကျေးမင်းသည် ကျေးသားအခြံအရံများနှင့်အတူ ရောက်လာကြလေ၏။ ထိုအခါ လယ်စောင့်သမားသည် ကျေးသားများ စပါးနှံကို မစားသောက်နိုင်ရန်အတွက် ဟိုမှသည်မှ ခြောက်လှန့်ပေးလေ၏။ သို့ရာတွင် ကျေးသားတို့ များပြားလှသည့်အတွက် နိုင်အောင် မခြောက်နိုင်ပေ။ ဤနေရာမှ ခြောက်လိုက်လျှင် ထိုနေရာ၊ ထိုနေရာမှ ခြောက်လိုက်လျှင် ဤနေရာ စသည်ဖြင့် နေရာကို ပြောင်း၍ ပြောင်း၍ စားသောက်ကြလေကုန်၏။

ထိုအကြောင်းကို လယ်စောင့်သမားသည် လယ်ရှင် ပုဏ္ဏားကြီးအား ပြောကြားတိုင်တန်းလေ၏။

"အရှင်ပုဏ္ဏား၊ စပါးသီးနှံတို့ကလည်း အလွန် သန်စွမ်းကြပါပေသည်။ ထို့အပြင် ကျေးငှက်များစွာတို့ကလည်း စပါးနှံများကို လုယူစားသောက်ကြပါသည်။ ထို့ထက် ပိုမိုထူးဆန်းသည်ကား အလွန်လှပ၍ သန်မာကြီးထွားလှသော ကျေးဆိုးကြီးတစ်ကောင်သည် စပါးကိုလည်း အဝစားသည်။ စားပြီးသည့်နောက် စပါးအနှံဖွံ့ဖွံ့ထွားထွားများကို ခြေထောက်နှင့်တစ်နည်း နှုတ်သီးနှင့်တစ်သွယ် ယူသယ်ဆောင်ငင် သွားပါသေးသည်"

ပုဏ္ဏာကြီးသည် လယ်စောင့်သမား၏ စကားကို ကြားရသောအခါ ထိုကျေးဆိုးကြီးအား လက်ရဖမ်းရမည်ဟုဆို၍ မြင်းမြီးနှင့်

ကျစ်၍ထားသော ကျော့ကွင်းကို ပေးလိုက်လေသတည်း။ လယ်စောင့်သမားလည်း ပုဏ္ဏားကြီး ဆိုသည့်အတိုင်း ထောင်၍ ဖမ်းလေသော် ကေဒါရ ကျေးမင်းအား မိလေတော့၏။ ထိုအခါ ကျေးမင်းကိုယူ၍ လယ်ရှင် ပုဏ္ဏားကြီး၏လက်သို့ အပ်လိုက်လေ၏။

ပုဏ္ဏားကြီးသည် ကျေးမင်းအား မြင်လေလျှင် မြင်လေချင်းချစ်ခင်တွယ်တာစိတ်ဖြင့် ရင်ခွင်ထက်၌ ယုယကြင်နာစွာ ပိုက်ပွေ့ထားပြီးလျှင် စပါးနှံများအား မည်သည့်အကြောင်းကြောင့် ကိုက်ချီယူဆောင်သွားသနည်းဟု မေးလေ၏။

"ကျေးသားငယ်၊ စပါးနှံတွေကို ချီသယ်သွားတာဟာ သို လှောင်ထားချင်လို့လား၊ ဒါမှမဟုတ် ကျုပ်ရဲ့စီးပွား ပျက်ပြားရအောင် အငြိုးထားပြီး ပြုတာလား သိပါရစေ"

"အရှင်ပုဏ္ဏား၊ အငြိုးထားပြီး စပါးနှံတွေကို သယ်ယူတာမဟုတ်ပါ၊ သိုလှောင်စရာ တိုက်တာ ကျီကျလည်း အကျွန့်မှာ မရှိရိုး အမှန်ပါ၊ ဒါပေမဲ့ အကျွန်နေထိုင်ရာ ကျေးသံငှက်သံတသောသောနဲ့ လက်ပံတော အသိုက်အအုံကို ပြန်ရောက်တဲ့အခါမှာ အကျွန့်အပေါ်မှာ တင်ရစ်ဆောင်းနေတဲ့ ကြွေးမြီးဟောင်းကိုလည်း ပေးဆပ်နေရပါတယ်၊ နောက်ထပ်တစ်ဖန် အတိုးပွားရအောင် ကြွေးသစ်များကိုလည်း ပြန်လည်ချထားရပါတယ်၊ အဲဒီ လက်ပံတောနေရာမှာပဲ နောင်ဘဝကို အားကိုးဖို့ အကျိုးပြီးစီးနိုင်တဲ့ ရွှေအိုးကြီးများကိုလည်း မြှုပ်နှံနေရပါသေးတယ်"

ကောလိယနွယ်ဖွား လယ်ရှင်ပုဏ္ဏားကြီးသည် ကေဒါရကျေးမင်း၏ ပြောစကားများကို နား၍ မရှင်းမလင်း ဘွင်းဘွင်းကြီးသဘောမပေါက်အောင် ဖြစ်နေသည်နှင့် တစ်ဖန်ပြန်၍ မေးမြန်းပြန်လေ၏။

"ကျေးသားငယ်၊ တိရစ္ဆာန်ကျေးသားများမှာ ကြွေးဟောင်း ဆပ်ရတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ အရင်းပွားအောင် ချေးငှား ပေးကမ်းတယ်ဆိုတာကိုလည်း ကျုပ် နားမလည်ပါ၊ ရွှေအိုးမြှုပ်နှံရ တယ် ဆိုတာကရော ဘယ်ဟာပါလဲ၊ အဓိပ္ပာယ်ကို ကွဲကွဲပြားပြား ပြောပြပါ"

"အရှင်ပုဏ္ဏား၊ (၁) အကျွန်ုပ်မှာ အစာ မရှာနိုင်တော့တဲ့ မိဘအိုနှစ်ပါး ရှိပါတယ်၊ အဲဒီ မိဘအိုများကို ပြန်လည်ကျွေးမွေး ပြုစုနေရတာဟာ အကျွန်ုပ်ကို ငယ်စဉ်က ပြုစုခဲ့ဖူးတဲ့ ကျေးဇူးတွေကို ပြန်လည် ပေးဆပ်နေရတာနဲ့ အတူတူဖြစ်တာကြောင့် ကြွေးဟောင်း မြီဟောင်း ပေးဆပ်နေရပါတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

"(၂) အတိုးရအောင် ချေးငှားပေးကမ်းနေရပါတယ် ဆိုတာ ကတော့ အကျွန်ုပ်မှာရှိတဲ့ သားသမီး အငယ်ကလေးများဟာ နောင်ကို အကျွန် ကြီးပြင်းအိုမင်းလာတဲ့အခါမှာ ပြန်လည်ကျွေးမွေး ပြုစုနိုင်ဖို့အရေးကို မျှော်တွေးပြီးတော့ ယခုကတည်းက သူတို့ကို ကျွေးမွေးနေရတယ်ဆိုတာကို ပြောရခြင်းဖြစ်ပါတယ်။

"ကြွေးသစ်ကြွေးဟောင်း အကြောင်းနှစ်ရပ်ကတော့ အခုဘဝ အတွက် မျှော်လင့်ချက်အရင်းထူပြီး ပြုမူနေရခြင်း ဖြစ်ပါတယ်။ (၃) ရွှေအိုးမြှုပ်နှံတယ် ဆိုတာမှာကတော့ နောင်ဘဝကို မျှော်တွေး ချက်ထားပြီး စေတနာ ဗရပွနဲ့ ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အကြောင်းကတော့ လက်ပံတောမှာ သားသမီး၊ မြေး၊ မြစ် ပြုစု မယ့်သူ မရှိတော့ပြီဖြစ်တဲ့ အိုမင်းရွယ်လွန်ကုန်ကြတဲ့ ကျေးသားအို များကို နောင်သံသရာ ရည်မှန်းပြီးတော့ ပေးကမ်းမျှတရပါတယ်။ ဒါနပြုရပါတယ်။ ဒါကိုပင် (အနုဂါမိကဓန) ရွှေအိုးကို ကြိုးကြိုး ကုတ်ကုတ်နဲ့ အားထုတ်မြှုပ်နှံရတယ်လို့ ယူဆပြီး ပြောခြင်းဖြစ်ပါ တယ်"

လယ်ရှင်ပုဏ္ဏားကြီးသည် အလောင်းတော် ကျေးမင်း၏ ဖြေရှင်းသော စကားများကို ကြားရလေလျှင် အလွန်ချစ်ခင်ကြည်ညိုသောစိတ်ဖြင့် အားရနှစ်သိမ့် ပီတိစိမ့်ကာ–

“အမောင် ကျေးသား၊ ကျုပ်ရဲ့ လယ်ခင်းကို အမောင်နဲ့တကွ ဆွေရင်းမျိုးချာ ကျေးများစွာတို့နဲ့အတူ စိတ်ရှိတိုင်း သုံးဆောင် ကြပါ၊ လိုရာကိုလည်း ချီဆောင်ပါ၊ အမောင့်ကိုလည်း မကြာမကြာ တွေ့ပါရစေ” ဟုဆိုလျက် ပျားရည် ထောပတ်တို့နှင့်ရောသော ပေါက်ပေါက်တို့ကို ဝလောက်အောင် ကျွေးပြီးလျှင် ကျော့ကွင်းမိ သဖြင့် ထိရှပွန်းပဲ့သော နေရာများကိုလည်း ဆီ၊ နနွင်းတို့ဖြင့် ဖြည်းညင်းသက်သာစွာ သုတ်လိမ်းပေးပြီးလျှင် ကောင်းမွန်စွာ လွှတ်ပေးလိုက်လေသတည်း။

* * *

## (င) ဆရာမှာထား ၃ ခွန်းစကား

ရှေးသရောအခါ ဗရာဏသီပြည်တွင် အိမ်ရာထောင်ပြီးသော်လည်း အသက်မွေးမှုပညာ မတတ်ရှာသေးသော လူငယ်တစ်ယောက်သည် သူ့ဇနီးထံ ပညာသင်ခွင့်တောင်း၍ ငွေအသပြာ သုံးပိဿာကို ယူပြီးလျှင် တက္ကသိုလ်ပြည် ဆရာကြီးထံသို့ ပညာသင်ယူရန် ထွက်ခဲ့လေသတည်း။

ဆရာကြီး ဒိသာပါမောက္ခထံသို့ ရောက်လေလျှင် “ဆရာကြီးခင်ဗျား၊ ကျွန်တော် ပညာသင်ယူလိုပါ၍ ရောက်လာကြောင်းပါ” ဟု ပြောလေ၏။ ထိုအခါ ဆရာကြီးသည် “အမောင့်အသက် ဘယ်မျှရှိပြီလဲ” ဟု မေးလေရာ “ကျွန်တော့်အသက် နှစ်ဆယ့်ငါးနှစ် ရှိပါပြီ” ဟု လူငယ်က ပြန်ပြောလေသည်။

"အမောင့်မှာ ဇနီးမယားရော ရှိပြီလား" ဟု ဆရာကြီးက ထပ်မေးပြန်လျှင် လူငယ်သည် "ရှိပါပြီ ဆရာကြီးခင်ဗျာ" ဟု ဖြေလေ၏။"ဤသို့ဆိုလျှင် အမောင့်ပညာအတွက် ငါ့အား အဘယ်မျှ ပူဇော်ပါမည်နည်း" ဟု ဆရာကြီးက မေးလိုက်၏။ လူငယ်သည် လည်း "ဆရာကြီးခင်ဗျာ၊ ကျွန်တော့်မှာ အလွန်ဆင်းရဲသည့် အတွက် ဆရာကြီးအား ပူဇော်ရန်အလို့ငှာ ငွေအသပြာ ၃ ပိဿာ သာ ပါလာကြောင်းပါ" ဟုပြောလေ၏။

"ကိုင်း ဒီလိုဆိုရင် အမောင်ဟာ ပညာသင်ကြားဖို့အတွက် အရွယ်လွန်နေတာက တစ်ကြောင်း၊ သားမယား ရှိနေတာက တစ်ကြောင်း၊ ဉာဏ်ပူဇော်ရန် ငွေအသပြာ နည်းတာကတစ်ကြောင်း ကြောင့် အမောင့်ကို အချိန်ကုန် လူပန်း နှစ်ရှည်လများ ပညာမပေး တော့ဘူး၊ သုံးခွန်းသောစကားနဲ့ အသက်မွေးနိုင်အောင်ပဲ သင်ကြား ပေးလိုက်မယ်၊ အမောင်လုလင် အရိုးစွဲအောင် မှတ်ပေတော့" ဟု ဆရာကြီးသည် ၃ ခွန်းသောစကားကို မှာကြားလေသတည်း။

(၁) ကုလားသေ ကုလားမြော မအိပ်ရဘူးကွဲ့။

(၂) ရေဆိပ်မှာ ရေမချိုးရဘူးကွဲ့။

(၃) မစူးစမ်း မဆင်ခြင်ဘဲ မပြုရဘူးကွဲ့။

လုလင်ငယ်သည်လည်း ဤ ၃ ခွန်းသောစကားအား ငွေ ၃ ပိဿာပူဇော်၍ မှတ်သားကာ ဆရာ့အား ကန်တော့လျက် အရပ်သို့ ပြန်လာခဲ့လေ၏။

လမ်းတွင် အချိန်လင့်သဖြင့် ဇရပ်တစ်ခုပေါ်သို့ တက်၍ အနားယူ အိပ်စက်လေ၏။ သို့ရာတွင် ဆရာ သင်ကြားပေးလိုက် သော ပထမအချက်ဖြစ်သည့် ''ကုလားသေ ကုလားမြော မအိပ်ရ' ဟူသည့် စကားတစ်ခွန်းကို အမှတ်ရသောကြောင့် သတိထားလျက် နေလေ၏။

ထိုအခါ ခရီးသွားဧည့်သည်များ အိပ်ပျော်လျှင် စားနေကျ ဖြစ်သော ဇရပ်စောင့်ဘီလူးသည် စားမည်ဟု ဇရပ်ခေါင်တိုင်မှ ဆင်းလာကာ အိပ်ပျော်နေသော လုလင်ငယ်၏ ခြေအစုံကို ဆုပ်ကိုင်လိုက်လေ၏၊ လုလင်ငယ်သည်လည်း သတိနှင့် နေသည် ဖြစ်၍ သူ့ခြေထောက်ကို ကိုင်လာသည့် ဘီလူးအား အတင်းဖမ်းဆုပ် ပြီးလျှင် ဆွဲယမ်းထုထောင်း၍ သတ်မည်ပြုလေသော် ဘီလူးသည် သေဘေးမှ ကြောက်သောကြောင့် အသက်ကို ချမ်းသာပေးပါဟု ၃ ပိဿာသော ရွှေကိုပေးကာ တောင်းပန်လေ၏။

လုလင်သည် ရွှေ ၃ ပိဿာကိုယူလျက် ဇရပ်မှ ထွက်လာ လေလျှင် မြစ်ဆိပ်ကမ်းတစ်ခုသို့ ရောက်လေ၏။ မြစ်ဆိပ်တွင် ရေချိုးမည်ဟု အကြွနှင့် ရွှေ ၃ ပိဿာနှင့်အတူ အဝတ်များကို ချွတ်လိုက်လေလျှင် 'ရေဆိပ်မှာ ရေမချိုးရ' ဟူသော ဆရာမှာ စကားကို သတိရလိုက်လေ၏။ ထိုအခါ ဤနေရာသည် မြစ်ကမ်း လူပြွမ်းသော အရပ်ဖြစ်လေ၍ ရေမချိုးသင့်ပေဟု နှလုံးသွင်းပြီးလျှင် အခြားတစ်ပါးသော အရပ်တွင် ချိုးရန် ထွက်ခွာခဲ့လေ၏။

ရေမိုးချိုးပြီးလျှင် အဝတ်များ လဲလှယ်ပြီးဖြစ်၍ ခရီးဆက် ထွက်ခဲ့လေရာ ခရီးအတန်ငယ်ဝေးသော အရပ်သို့ ရောက်လေမှ ရေချိုးသောနေရာ၌ ရွှေထုပ်မေ့ကျန်ထားရစ်ခဲ့သည်ကို သတိရကာ ပြန်ယူလေတော့သည်။ ထိုအခါ ရွှေထုပ်သည် ထားရစ်ခဲ့သည့် အတိုင်း နေရာမယွင်း ရှိနေသည်ကို တွေ့ရလေသတည်း။ ထိုအခါ လုလင်သည် ဆရာ မှာကြားလိုက်သည်ကို နားထောင်၍ မြစ်ဆိပ်မှာ ရေမချိုးမိသည့်အတွက် တော်ပေသေး၏။ အကယ်၍ မြစ်ဆိပ်မှာ ရေချိုးမိလျှင် ဤကျန်ရစ်ခဲ့သော ရွှေထုပ်ကို မည်သည့်နည်းနှင့်မျှ ပြန်ရတော့မည် မဟုတ်ပေဟုတွေးကာ ဆရာ့အား များစွာ ကျေးဇူး တင်မိလေ၏။

လုလင်သည် အိမ်မှ စထွက်လာသည့်နေ့မှစ၍ ရေတွက်လိုက်သည်ရှိသော် ဆယ့်ခြောက်နှစ်တိတိ ကြာသောအခါ၌ သူ၏အိမ်သို့ ပြန်ရောက်လာလေ၏။ ထိုအခါ လင်ယောက်ျားဖြစ်သူ ပြန်ရောက်လာသည်ကို မသိသော ဇနီးသည် သားဖြစ်သူနှင့်အတူ လည်ဖက်လျက် အိပ်စက်နေသည်ကို မြင်လေ၍ လုလင်သည် 'ငါမှာမူကား သားမယားအတွက် ဒုက္ခခံ၍ တစ်ရပ်တစ်ကျေးသို့ သွားကာ ပညာစီးပွားရှာရချေသည်။ ငါ၏ မယားဖြစ်သူမှာကား ငါ့ကိုပင် မထောက် တစ်ယောက်သားနဲ့ ဖောက်ဖောက် ပြားပြားရှိနေချေသည်' ဟုဆိုကာ ပါလာသောဓားနှင့် ခုတ်ပိုင်းကာ သတ်မည်ဟု ကြံလိုက်လေ၏။

ထိုအခါ ဆရာမှာကြားလိုက်သော 'မစူးစမ်း မဆင်ခြင်ဘဲ မလုပ်ရ' ဟူသည့် နောက်ဆုံးစကားတစ်ခွန်းကို အမှတ်ရလိုက်လေသဖြင့် လုလင်သည် စိတ်ကိုထိန်းအုပ်ကာ အိပ်ပျော်နေသော မယားအား ခေါ်နှိုး၍ အကြောင်းကိုမေးလေ၏။ မယားဖြစ်သူသည်လည်း "အမောင်ခရီးထွက်စဉ်က ကျွန်မမှာ ပဋိသန္ဓေနှင့် ကျန်ခဲ့သော သားပင် ယခု လူပျိုပေါက်အရွယ်သို့ ရောက်ပေပြီ" ဟုဆိုလျက် အတူအိပ်ပျော်နေသော သားငယ်အား လက်ညှိုးညွှန်၍ ပြလိုက်လေ၏။

လုလင်သည် ထိုအခါမှ 'သြော် ဆရာ့ကျေးဇူး၊ ကြီးမားလှပါပေ၏တကား' ဟု အကြိမ်ကြိမ် ပူဇော်ကန်တော့မိလေတော့သတည်း။

* * *

# အဖြေများ

အပိုင်း ၁ – စကားထာများ ကဏ္ဍ
အပိုင်း ၂ – စကားလိမ်များ ကဏ္ဍ
အပိုင်း ၃ – စကားဝှက်များ ကဏ္ဍ
ယင်းတို့အတွက် အဖြေများ တစ်ပါတည်းပါပြီးသဖြင့် ဤနေရာတွင်
အပိုင်း ၄ နှင့် ၅ တို့အတွက် ဖော်ပြအပ်ပါသည်။

## ၄။ သင်္ချာစကားထာများ

## (က) အုန်းသီးဝယ်ရ ရောင်းရအောင်

မောင်မြသည် လှည်း ၂ စီးကို ငှားလိုက်ပြီးနောက် လှည်းတစ်စီးလျှင် အုန်းသီးလုံးရေ ၁၀၀ စီတင်၍ သူ၏ရွာသို့ ပြန်လာသည်။ အကောက်ခွန် ကင်းတဲပေါင်း ၅၀ သို့ ရောက်သောအခါ သူ၏ အုန်းသီးလှည်း ၂ စီး၌ တစ်စီးလျှင် အုန်းသီးပေါင်း ၅၀ လုံးစီသာ ကျန်တော့သည်ကို တွေ့ရတော့၏။

ထို့ကြောင့် မောင်မြသည် လှည်းနှစ်စီးကို စုပေါင်း၍ လှည်းတစ်စီးကို အုန်းသီးဝယ်ယူခဲ့သောရွာသို့ ပြန်လွှတ်လိုက်လေသည်။ မောင်မြ ဤနည်းအတိုင်း စီစဉ်လျှင် သူသည် အကောက်ခွန်ကင်းထဲပေါင်း ၅၀ ကို လွန်သည့်နောက်ပိုင်း၌ အမေ့ထံသို့ အုန်းသီး လုံးရေ ၅၀ ပါဦးမည်ဖြစ်သည်။ မောင်မြသည် သူ၏ အမြတ်ငွေကို တွက်ချက်လျက် ဝမ်းသာအားရ ရှိနေလေသတည်း။

* * *

## (ခ) အလေး ၃ လုံး

ဖိုးလေးဝသည် ဘကြီးခ မှာကြားခဲ့သည့်အတိုင်း ၁ ပိဿာမှစ၍ ၁၀ ပိဿာအထိ ချိန်၍ရသောအလေး ၃ လုံးကို လုပ်၍ပြီးလေပြီ။ ဘကြီးခ လက်ထဲသို့ အပ်ရန်သာ လိုတော့၏။ ထို့ကြောင့် ဖိုးလေးဝသည် သူလုပ်ထားသော အလေး ၃ လုံးကို စိတ်တွက်နှင့် မှန်း၍ ချိန်ကြည့်လိုက်လေ၏။

အလေး ၃ လုံးသည်ကား ၁ ပိဿာနှင့် ၂ ပိဿာကို လွယ်လင့်တကူ ချိန်နိုင်သော ၁ ပိဿာလေးတစ်လုံး ၂ ပိဿာလေး တစ်လုံးတို့ဖြစ်ပြီး အခြား တစ်လုံးမှာ ၇ ပိဿာလေးတစ်လုံး ဖြစ်လေသည်။

၃ ပိဿာကို ချိန်လိုလျှင် ၂ ပိဿာလေးနှင့် ၁ ပိဿာလေး ကို စုပေါင်း၍ ချိန်နိုင်ပေသည်။

၄ ပိဿာကို ချိန်လိုလျှင်မူ တစ်ဖက်တွင် ၇ ပိဿာအလေးကို ထား၍ တစ်ဖက်တွင် ၂ ပိဿာနှင့် ၁ ပိဿာအလေးကိုထား၍ တင်းကာ ချိန်နိုင်ပေသည်။

၅ ပိဿာကို ချိန်လိုလျှင်မူ တစ်ဖက်မှ ၇ ပိဿာလေးကို ထား၍ တစ်ဖက်မှ ၂ ပိဿာလေးကိုတင်း၍ ချိန်နိုင်လေသည်။

ဤသို့သောနည်းများဖြင့် တစ်ဖက်နှင့်တစ်ဖက် အလျှော့ အတင်းထားလျက် ချိန်လိုက်သောအခါ သူ၏ အလေး ၃ လုံးသည် ဘကြီးခ အလိုရှိသည့်အတိုင်း ချိန်နိုင်သော အလေးများ အဖြစ် ချိန်ကိုက်ဖြစ်နေပြီကို တွေ့ရပေတော့သတည်း။

* * *

## (ဂ) ဖားကလေး ကုန်းပေါ်ရောက်ဖို့ ရက်ကိုမျှော်

ဖားကလေးသည် တစ်နေ့လျှင် တစ်တောင်ကျုန္နန်းဖြင့် တွင်းပေါ်သို့ နေ့စဉ်မှန်မှန် ခုန်၍တက်သွားလေရာ ၂၇ ရက်တိတိ ကြာသော ရက်တွင် ၂၇ တောင် ရလေ၏။ ၂၈ ရက်နေ့ ရောက်သောအခါ ၂၉ တောင် တက်သွားရာမှ ညသို့ရောက်လျှင် ၁ တောင် ပြန်ကျသွားပြန်၍ ၂၈ တောင်ကျန်၏။ ၂၉ ရက်နေ့သို့ ရောက်သော် တစ်ခါခုန်နှင့် တွင်း၏ နှုတ်ခမ်းပေါ်သို့ ရောက်လေသတည်း။

* * *

## (ဃ) ဘဲဥကို စစ်ကြရအောင်

အဒေါ်ကြီး၏ ဘဲဥများသည် ၂ လုံးစီ၊ ၃ လုံးစီ၊ ၄ လုံးစီ၊ ၅–၆ လုံးစီ အစရှိသဖြင့် ပုထားလျှင် အားလုံး အညီအမျှရှိကြသည် ဟုဆို၍ သတင်းစာပို့သမားကလေး မောင်အေးသည် ဘဲဥလုံးရေပေါင်း ၆၀ကို တစ်လုံးလျှင် ပြား ၂၀ နှုန်းနှင့်တွက်၍ လျော်ပေးလိုက်လေသတည်း။

ဘဲဥသည် အဒေါ်ကြီး ကျေနပ်သွား၏။

* * *

## (င) စာနှင့်ကြာ

စာတစ်ကောင် ကြာတစ်ရွက်ကျစီ နားကြလျှင် စာလေးတစ်ကောင် ပို၍နေ ကြာတစ်ရွက်လျှင် စာ ၂ ကောင်ကျစီဖြင့် ပြင်ဆင်၍ နားလိုက်ကြပြန်၏။ ထိုအခါ ကြာရွက်တစ်ရွက်က ပိုနေပြန်သဖြင့် စာကလေးများသည် တို့စာကလေး ဘယ်နှကောင်ရှိလိမ့်ဟု

ရေတွက်၍ ကြည့်လိုက်သည်။ ကြာရွက်ကိုလည်း ဘယ်နှရွက် ရှိပါလိမ့်ဟု ရေတွက်၍ ကြည့်လိုက်သည်။

ဪ် စာကလေးက ၄ ကောင်၊ ကြာရွက်က ၃ ရွက်ပါ ကလား။

* * *

## (၈) အလေးတိုက်ရအောင်

သမီးသည် အမေ မေးလိုက်သည်ကို ဖြေနိုင်ရန်အတွက် အလေး ကျိုး ၂ ပိုင်းကို ကြည့်လိုက်မိပြန်၏။ တစ်ပိုင်းက ၈ ပဲသား ကြီးနေသည်။ တစ်ပိုင်းက ၈ ပဲသား ငယ်နေသည်။

ထို့ကြောင့် သမီးသည် ငယ်နေသော အလေးပိုင်းကို ၂ ကျပ် ၄ ပဲသားရှိ၍ ကြီးနေသော အလေးပိုင်းကို ၂ ကျပ် ၁၂ ပဲသား ရှိပါသည်ဟု ဖြေလိုက်သည်။

* * *

## (၉) ငွေအိတ်ထဲမှာ မည်မျှပါ

မောင်ပန်းဆီသည် သူ၏ အိတ်ထဲမှာ ငွေတစ်ပြားမှ မကျန်တော့သည့် အဖြစ်ကို သိရသောအခါ ရည်းစားအိမ် ၃ အိမ်မှ ပေးလိုက်သော ငွေများ၊ ရည်းစားအိမ် ၃ အိမ်မှ လူများကို ပြန်လည်စွန့်ကြဲခဲ့ သည့်ငွေများ စသည်ဖြင့် ပြန်လည်၍ တွက်ချက်ကြည့်လိုက်မိ တော့၏။

ထိုအခါ သူအိမ်မှမထွက်မီ သူ၏အိတ်ထဲသို့ ပါသွားသောငွေ များသည် ငါးမူးစေ့က တစ်စေ့၊ မတ်စေ့က တစ်စေ့၊ ပဲစေ့က တစေ့၊ အကြွေက ၄ ပြားတိတိ၊ စုစုပေါင်း ၁၄ ပဲရှိသည်ကို အမှတ်ရမိ လေသတည်း။

| | | |
|---|---|---|
| ပါသွားသောငွေ | ၁၄ ပဲ | |
| ဆတူ မိမိကပေးငွေ | ၁၄ ပဲ | |
| အစုစု | ၂၈ ပဲ | |
| မိမိအိမ် ခြံစောင်သို့ | ၁၆ ပဲ | (၁ ကျပ်) |
| သစ်သစ်အိမ်အသွား ပါသွားသောငွေ | ၁၂ ပဲ | |
| ဆတူ သစ်သစ်က ပေးငွေ | ၁၂ ပဲ | |
| အစုစု | ၂၄ ပဲ | |
| သစ်သစ်မောင်လေးသို့ | ၁၆ ပဲ | (၁ ကျပ်) |
| မမစောအိမ်ရောက်ချိန် ပါသွားငွေ | ၈ ပဲ | |
| မမစောက ဆတူပေးငွေ | ၈ ပဲ | |
| အစုစု | ၁၆ ပဲ | (၁ ကျပ်) |
| မမစောအိမ် ခြံစောင်သို့ | ၁၆ ပဲ | |
| အိမ်ပြန်ရောက်သော် | ၀၀ ပဲ | |

*  *  *

## (ဈ) အဝေရခက်သောဆီ

ဒွေးလေးဘုသည် ၁၀ ပိဿာဝင်ပုံးမှ ဆီများကို ၃ ပိဿသာ ဝင်သော ပုံးထဲသို့ လောင်းချချိန်လိုက်သည်။ ထို့နောက် ၇ ပိဿာဝင်သော အိုးထဲသို့ ကူးပြောင်း လောင်းထည့်သည်။ ဤနည်း အတိုင်း ၂ ကြိမ်ပြုလုပ်လိုက်ရာ ၇ ပိသာဝင် အိုးထဲတွင် ဆီ ၆ ပိဿာရှိသွားပြီး ၁၀ ပိဿာပုံးတွင် ၄ ပိဿာသာ ကျန်သည်။ ထို့နောက် နောက်ဆုံးအကြိမ်အဖြစ် ၄ ပိဿာသာကျန်သော ပုံးထဲမှ ဆီ ၃ ပိဿာကို ၃ ပိဿာဝင်ပုန်းထဲသို့ တတိယ အကြိမ် လောင်းချပြီး ယင်းမှ ၆ ပိဿာသာ ဝင်သေးသော ၇ ပိဿာဝင် အိုးထဲသို့ အိုးပြည့် ၁ ပိဿာ ကူးပြောင်းထည့်လိုက်သည်။

ထိုအခါ

၇ ပိဿာဝင်အိုး၌ ၇ ပိဿာ။

၃ ပိဿာဝင်သောပုံး၌ ၂ ပိဿာ။

၁၀ ပိဿာဝင်သောပုံး၌ ၁ ပိဿာ။

အသီးသီးစီ ရှိသွားကြလေပြီ။

ထိုနောက်တွင်ကား ဒွေးလေးဘုသည် ၇ ပိဿာအပြည့်ဝင်နေပြီဖြစ်သော အိုးထဲမှ ဆီများကို တစ်ပိဿာသာ ကျန်တော့သော ၁၀ ပိဿာဝင် ပုန်းထဲသို့ အားလုံး လောင်းချလိုက်သည်။ ၇ ပိဿာဝင်သောအိုးသည် အလွတ်ဖြစ်သွားပြီ ဖြစ်၏။

ထိုအခါမှ ဒွေးလေးဘုသည် ၃ ပိဿာဝင်သော ပုန်းထဲမှ ဆီ ၂ ပိဿာကို ၇ ပိဿာဝင်သော အိုးထဲသို့ လောင်းချလိုက်ပြန်သည်။ ထို့နောက် တစ်ဖန်ထပ်၍ ၃ ပိဿာဝင် ပုံးထဲသို့ ၁၀ ပိဿာဝင်ပုံးထဲမှ ဆီ ၈ ပိဿာအနက်မှ ၃ ပိဿာကို လောင်းချ၍ ထိုဆီ ၃ ပိဿာကို ၇ ပိဿာဝင်သော အိုးထဲသို့ ထပ်မံထည့်လိုက်သောအခါတွင် ၇ ပိဿာဝင်အိုးထဲ၌ ဆီ ၅ ပိဿာတိတိရှိသွားကာ ၁၀ ပိဿာဝင် ပုန်းထဲ၌လည်း ဆီ ၅ ပိဿာတိတိသာ ကျန်ရှိတော့သည်ကို အားလုံး မြင်ကြရပေတော့သတည်း။

* * *

## (ည) ခိုခွဲ ဝမ်းဘဲငါးကျပ် စာတစ်မတ်

မောင်ဝ ဈေးသို့ရောက်လာလေပြီ။ အဘိုးပေးလိုက်သော ငွေအစိတ် (၂၅ ကျပ်)နှင့် အကောင်အစိတ် (၂၅) ကောင်ရအောင် ဝယ်ရပေတော့မည်။ ထို့ကြောင့် မောင်ဝသည်

ဈေးများသော ဝမ်းဘဲကိုတစ်ကောင်

၅ ကျပ်နှင့် ၃ ကောင်

ခိုတစ်ကောင်ကို ၈ ပဲ (ငါးမူး)နှင့် ၁၈ ကောင်

စာတစ်ကောင်ကို ၄ ပဲ (တစ်မတ်)နှင့် ၄ ကောင်

ဝယ်ပြီးသောအခါတွင် သူ့လက်ထဲ၌ ငွေအစိတ် (၂၅ ကျပ်) ကုန်လေပြီ။

ထို့ကြောင့်

| အမည် | နှုန်း | | ကောင်ရေ | | ကျသင့် |
|---|---|---|---|---|---|
| ဘဲ | ၅–ကျပ် | x | ၃ | = | ၁၅ |
| ခို | ၈ ပဲ | x | ၁၈ | = | ၉ |
| စာ | ၄ ပဲ | x | ၄ | = | ၁ |

ကောင်ရေပေါင်း ၂၅ =ငွေပေါင်း ၂၅ ကျပေသတည်း။

အရှင့်သားလေ–

ယောကျ်ားတကာ၊ တတ်စရာကို၊ သိသာခြင်းရာ၊ မေးလျှောက်ပါအံ့။ ခိုမှာကား ခွဲ၊ ဝမ်းဘဲ ငါးကျပ်၊ စာတစ်မတ်ကို၊ မပြတ်နေ့ညှ၊ ရောင်းဝယ်ကြသည်၊ ငှက်လုအစိတ်၊ ကြေးအစိတ်ကို၊ မဖိတ်မယွင်း၊ မယ့်သက်နှင်းကို၊ လျင်ပြင်းမကြာ၊ ဝယ်စမ်းပါဟု၊ ခြင်းရာသက်စု၊ မင်းယဉ်နှုသည်၊ ယခုမကြာ ဝယ်စမ်းပါ။

* * *

## (၄) ဆင်ကောင်ရေ ဘယ်လောက်လဲ

မောင်ဝသည် အဘိုးစကားကို အသေအချာ အစမှအဆုံး နားထောင်လိုက်သည်။ အိုင် ၃ အိုင်၊ တံတိုင်း ၅ ခု၊ ကျုံး ၇ ကျုံး ဆင်အားလုံး အညီအမျှစီ ရှိနေကြသည်ဟူသဖြင့် သူသည် အဖြေကို ရှာ၍ အတိအကျရအောင် တွက်ချက်၍ ကြည့်လိုက်သည်။

ထိုအခါ ဆင်ကောင်ရေပေါင်း ၁၀၅ ကောင်တိတိ ရှိသည် ကို အဖြေရှာ၍ ရသတည်း။

၁၀၅ ÷ အိုင် ၃ အိုင် = ၃၅ ကောင်
၁၀၅ ÷ တံတိုင်း ၅ ခု = ၂၁ ကောင်
၁၀၅ ÷ ၇ ကျုံး = ၁၅ ကောင်

* * *

## (ဌ) ရေတွင်းနှင့် ရေပုံးကြိုး

အဘိုးပြောသော ရေပုံးကြိုးနှင့် ရေတွင်းကို ကြိုးဘယ်နှတောင်၊ ရေတွင်းဘယ်နှတောင်ဟု မောင်ဝမှာ အဖြေရှာရတော့မည်။ အဖြေကို ရပြန်တော့လည်း လွယ်လှပါကလားဟု မောင်ဝကတွေး မိရင်း–

"အဘိုးရေ၊ ရေတွင်းက ၃ တောင်အမြင့်ရှိတယ်၊ ရေပုန်းကြိုးက ၄ တောင်အရှည်ရှိတယ်၊ မှန်တယ် မဟုတ်လား" ဟု အားရပါးရ အော်လိုက်မိလေသတည်း။

* * *

## (ဎ) နှင်းဆီပန်းပွင့်

သူဇာနှင့် ဖြူပြာ ညီအစ်မနှစ်ယောက်တို့ အတွေးနယ်ချဲ့ရလေပြီတည်း။ အိမ်မှခူးယူလာခဲ့သော ပန်းများအနက် အဘွားသည် ပန်း ၈ ပွင့်ကို ယူ၍ ပထမဆုံး ဘုရားဖြစ်သော ကောက္ကသံ ကိုယ်တော်မြတ်အား ကပ်လှူပြီးသည်မှစ၍ ဆုတောင်းတိုင်း တစ်ဆတိုးပွားလာသော ပန်းများအား ၈ ပွင့်စီ အညီအမျှ လှူနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အဖြေကိုရှာကြရာ အချိန်အနည်းငယ် အတွင်းမှာပင် သူဇာရော ဖြူပြာပါ တစ်ပြိုင်တည်း ရကြသည်ဖြစ်သော ကြောင့် အားပါးတရနှင့် သံပြိုင်ပင် အော်လိုက်မိကြလေသည်။

"အဘွားရေ သူဇာတို့ အဖြေရပြီ၊ အဘွားလက်ထဲမှာ ပထမဆုံးရှိတဲ့ ပန်းပွင့်က ၁၅ ပွင့် မဟုတ်လား၊ ၈ ပွင့်ကို ဘုရားကပ်လှူလိုက်တော့ ၇ ပွင့်ကျန်တယ်၊ အဲဒီ ၇ ပွင့်ကို ဆုတောင်းလိုက်တော့ ၁၄ ပွင့်ဖြစ်လာရော။ ၈ ပွင့်ကို ကောဏာဂုံ ဘုရားမှာ ကပ်လှူလိုက်ပြန်တယ်၊ ဒီတော့ ၆ ပွင့်ပဲ ကျန်တော့တယ် မဟုတ်လား။

"အဲဒီ ၆ ပွင့်ကို ကဿပဘုရားရှေ့မှာ တစ်ခါ ဆုတောင်း လိုက်ပြန်တော့ ၁၂ ပွင့် ဖြစ်လာပြန်ပါရော၊ ၈ ပွင့်ကို ဘုရားကပ် ပြီးတဲ့အခါမှာ ၄ ပွင့်ပဲကျန်တော့တာပေါ့။

"အဲဒီ ၄ ပွင့်ကို ဂေါတမဘုရားရှေ့မှာ တစ်ခါထပ်ပြီး ဆုတောင်းလိုက်တာ ၈ ပွင့် ပွားသွားတာပေါ့၊ အဲဒီ ၈ ပွင့်လုံးကို တစ်ခါကပ်လှူလိုက်တော့ ဘုရားလေးဆူလည်းပြည့်၊ ပန်း ၈ ပွင့်စီလည်း အညီအမျှစီဖြစ်၊ အဘွားလက်ထဲမှာလည်း ပန်းလက်ကျန် မရှိဖြစ်ရော မဟုတ်လား"

* * *

## (ဏ) မရန်းသီးချိုချို

ဖြူပြာက တွက်ကြည့်လိုက်သည်။ သူဇာ ပြောသည့်အတိုင်းဆိုလျှင် သူတို့နှစ်ယောက်ပေါင်း မရန်းသီးလုံးရေ ၃၂ လုံးရှိသည်ဟု ဆို၏။ အကယ်၍ ဖြူပြာ့ထံမှာရှိသော မရမ်းသီးထဲမှ ၁၀ လုံးကို သူဇာက ရမည်ဆိုလျှင် သူတို့နှစ်ယောက် အညီအမျှရှိချေမည်ဟု ဆိုသဖြင့်—

| | |
|---|---|
| ဖြူပြာ့ထံတွင် မရမ်းသီး | ၂၆ လုံး |
| သူဇာ့ထံတွင် မရမ်းသီး | ၆ လုံး |
| ပေါင်းလိုက်သော် | ၃၂ လုံး |

အကယ်၍ ဖြူပြာသည် သူ့ဇာအား မရမ်းသီး ၁၀ လုံးကို မျှ၍ ပေးမည်ဆိုလျှင် တစ်ယောက် ၁၆ လုံးစီ အညီအမျှ ရှိကြမည်ဟူသော အဖြေကို ဖြူပြာ တွေ့လိုက်ရပေသတည်း။

*   *   *

## (တ) မုန့်ပုစွန်

မုန့်ပုစွန်ဆိုသည်ကား တစလုပ်စာသာသာ ခပ်သေးသေးဖြစ်သည်။ ထို့ကြောင့် အိမ်မှ ယူလာခဲ့စဉ်က ကျောက်ကာတစ်အုပ်နှင့် အပြည့် မုန့်ပုစွန် လုံးရေပေါင်း ၁၆၈ ခုဖြစ်သည်။ တစ်ဝက်တိတိကို ဆရာတော်ဘုရားက ဘုဉ်းပေးလိုက်သောအခါ၌ မုန့်ပုစွန်ပေါင်း ၈၄ ခု ကျန်လေသည်။ ထို ၈၄ ခုကို ဦးဇင်းတစ်ပါးက တစ်ဝက် တိတိ စားလိုက်ပြန်လျှင် မုန့်ပုစွန်ပေါင်း ၄၂ ခုသာ ကျန်တော့၏။ ထို ၄၂ ခုအနက် ကိုရင်က တစ်ဝက်တိတိကို စားပြီးသောအခါ ၂၁ ခုသာ ကျန်တော့သဖြင့် ဆရာတော်ဘုရားသည် ၃ ပါးလုံး အညီအမျှ စားကြရမည်ဟူသော စေတနာနှင့် ခွဲဝေလိုက်လေလျှင် တစ်ပါး ၇ ခုစီ စားကြရမည် ဖြစ်ပေသတည်း။

*   *   *

## ၅။ ပုစ္ဆာစကားထာ အဖြေများ

## (င) ဖိနပ်စီးကြရအောင်

အစ်မကြီးနုနှင့် အလတ်စုတို့ နှစ်ယောက်က စတင်၍ အတူတူ ဖိနပ်စီးကြသည်။ ပထမ ၁၀ ရက် တစ်ပတ်ပြည့်လေလျှင် မကြီးဖြစ်သူ နုက ခေတ္တရပ်နားလိုက်ပြီး အလတ်စုနှင့် အငယ် ဥတို့ကို တွဲဖက်စီးပြန်စေသည်။

ဒုတိယ ၁၀ ရက် တစ်ပတ်ပြည့်သောအခါ မလတ်စုသည် သူ၏ အခွင့်အရေးဖြစ်သော ရက်ပေါင်း ၂၀ ပြည့်သွားပြီဖြစ်သော ကြောင့် ရပ်နားလိုက်ရချေပြီ။ အငယ်ဥက ၁၀ ရက်ရသွားလေပြီ။

ထိုအခါ မကြီးနုသည် တစ်ဖန်ပြန်လာပြီးလျှင် အငယ်ဥနှင့် တွဲ၍ ကျန်သော တတိယပတ် ၁၀ ရက်ကို ဆက်စီးပြန်သောအခါ မပိုမလို အတိအကျ အားလုံး အညီအမျှပင် အမေ့စိတ်တိုင်းကျ ဖိနပ်စီးကြရပြီဖြစ်ပေသတည်း။

*    *    *

## (စ) ဟိုဘက်ကမ်းကို ကူးကြမယ်

မုဆိုးကြီး အကြံရလေပြီတည်း။ ပထမဆုံး ဆိတ်ကိုလှေပေါ်တင်ပြီး တစ်ဖက်ကမ်းသို့ ပို့လိုက်သည်။ ထိုအခါ ဤမှာဖက်ကမ်းတွင် ကွမ်းထုပ်နှင့် ကျား ကျန်ရစ်ခဲ့ပေမည်။

ဒုတိယတစ်ခေါက်တွင် ကျားကိုတင်ပြီး တစ်ဖက်ကမ်းသို့ ပို့လိုက်ပြန်သည်။ ထိုအခါ အပြန်ခရီး၌ လှေခွက်ချည်းသာ ကျန်တော့သည်ဖြစ်၍ ဆိတ်ကိုတင်၍ ပြန်ခေါ်လာလေ၏။

တတိယ တစ်ခေါက်၌မူ ကွမ်းထုပ်ကိုတင်၍ ကျားထံသို့ ပို့လိုက်သည်။ စတုတ္ထအခေါက်မှသာလျှင် ဆိတ်ကိုခေါ်တော့မည် ဖြစ်၍ အားလုံး အန္တရာယ်ကင်း ဘေးရှင်းကြပေတော့မည် ဖြစ်ပေသတည်း။

* * *

## (ဆ) မီးရထား ၂ စင်း

"ဖြူပြာသာ ဒီရထားတွေမှာ တာဝန်ရှိတဲ့လူဆိုရင် အခုလောက် ကြာအောင် ရထားတွေရပ်နေရမှာ မဟုတ်ဘူး၊ ဒီနေရာမှာ လက်ရုံးရည်လည်း မလိုပါဘူး၊ နှလုံးရည်ပဲလိုပါတယ်၊ ဒီတော့ ဘယ်လိုလုပ်ကြရမယ်ဆိုတာကို ဖြူပြာ သေသေချာချာ ရှင်းပြပါ့မယ် နားထောင်ကြပါ။

"ရထား ၂ စင်းဟာ တောင်နဲ့မြောက် တန်းနေတဲ့ လမ်းပေါ်မှာ ခေါင်းချင်းဆိုင်ပြီး ဆုံနေကြတယ် မဟုတ်လား၊ သူတို့ ၂ စင်း ဆုံနေတဲ့ လမ်းရဲ့ဘေးမှာလည်း ရေစုပ်စက်ကိုသွားတဲ့ ကန့်လန့်ဖြတ် လမ်းတိုကလေး တစ်ခုကလည်း ရှိနေတယ်ဆိုတော့ ဒီနေရာမှာ ပိုပြီး လွယ်သွားပါတယ်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲဆိုရင် ပထမအနေနဲ့ မော်လမြိုင် ကိုသွားမယ့် ရထားက ရထား ၃၂ တွဲစာလောက် ဝေးဝေး နောက် ကိုဆုတ်ပြီး ရွှေ့သွားပါစေ၊ ရွှေ့သွားပြီးပြီဆိုတော့ ရန်ကုန်ကို သွားရမယ့်ရထားက ရှေ့ကိုတိုးပြီး ခုတ်မောင်းလာပါစေ၊ ရေစုပ် စက်ကိုသွားတဲ့ လမ်းတိုကလေးကို ကျော်လွန်သွားပြီဆိုတော့မှ

ရန်ကုန်သွားရထားဟာ လမ်းတိုကလေးထဲကို ရထားနောက်မြီးကိုဆုတ်ပြီး တွဲထိုးလိုက်ပါ၊ တွဲပေါင်း ၃၂ တွဲတိတိ၊ လမ်းတိုကလေးက ဆန့်တယ်ဆိုတော့ အဲဒီလမ်းတိုမှာ ရန်ကုန်သွားရထားတွဲကို နောက်မြီးကစပြီး ၃၂ တွဲ ချန်ဖြုတ်ထားခဲ့ပြီး သူ့လမ်းကို ပြန်လာခဲ့ပါစေ။

"တောင်နဲ့မြောက် တန်းထားတဲ့ မော်လမြိုင် ရန်ကုန်သွားရထားလမ်းပေါ်ကို ပြန်ရောက်လာတဲ့အခါမှာ ရန်ကုန်သွား ရထားကိုနောက်ကို ခပ်ဝေးဝေးဆုတ်ပြီး နေပါစေ။

"ဒီအခါမှာ မော်လမြိုင်သွား ရထားက ရှေ့ကိုတိုးမောင်းလာပြီးစောစောက ရန်ကုန်သွားရထားနောက်မြီးက ဖြုတ်ချန်ထားခဲ့တဲ့ ရထားတွဲ ၃၂ တွဲကို လမ်းတိုကလေးဆီက ပြန်ချိတ်ပြီးယူလာပါစေ၊ ယူလာပြီးရင် အဲဒီ မော်လမြိုင်သွား ရထားဟာသူပထမ ရပ်နေခဲ့တဲ့ နေရာဟောင်းဆီကိုပဲ ပြန်သွားပြီး ရပ်နေပါစေ။

"ရန်ကုန်သွား ရထားဟာ တစ်ခါထပ်ပြီး စောစောကလိုပဲလမ်းတိုကလေးရှိတဲ့ နေရာကို မောင်းလာပြီး လမ်းတိုကလေးထဲကို ခဏဝင်ခိုနေလိုက်ပါ၊ အဲဒီတော့ ရထားလမ်းပေါ်မှာ ရှင်းသွားပြီမဟုတ်လား၊ အဲဒီလို ရထားလမ်း ရှင်းသွားပြီဆိုတော့မှ မော်လမြိုင်သွား ရထားဟာ မောင်းထွက်ပြီးလာပါ၊ ရေစုပ်စက်ရှိတဲ့ လမ်းတိုကလေးနေရာက လွန်သွားတဲ့အခါမှာ စောစောက နောက်မြီးမှာချိတ်ပြီးယူလာခဲ့တဲ့ ရန်ကုန်သွား ရထားတွဲ ၃၂ တွဲကို လမ်းပေါ်မှာဖြုတ်ချချန်ထားရစ်ခဲ့ပြီး သူ့လမ်းကို သူ ဖြောင့်ဖြောင့်မောင်းသွားပေရော့။

"ဒီတော့မှ ရန်ကုန်သွား ရထားဟာ ခဏခိုဝင်နေတဲ့လမ်းတို ကလေးထဲက ပြန်ထွက်လာပြီးတော့ မော်လမြိုင် ရထားကဖြုတ်ချထားခဲ့တဲ့ သူ့တွဲ ၃၂ တွဲကို နောက်ပိုင်းက ပြန်ချိတ်ယူ

ပြီးတော့ ရန်ကုန်ကို ဆက်မောင်းသွားနိုင်ပြီ မဟုတ်လား၊ ရထားတွဲ ၃၂ တွဲဟာ ရှေ့နဲ့နောက် နေရာပြောင်းသွားတာကလွဲရင် ဘာမှ မပင်ပန်းဘဲနဲ့ ကိုယ့်လမ်းကိုယ်သွားနိုင်ကြပြီပေါ့၊ ကိုင်း ဖြေပြာ ပြောပြတာ ရှင်းကြတယ် မဟုတ်လား"

* * *

## (၉) ဆွတ်ချူရန် ခက်ပါဘိ

သူဇာသည် အရှေ့အရပ်မှလာရသူ ကိုမေတ္တာနှင့် အနောက်အရပ်မှ လာရသူ ကိုသစ္စာတို့ နှစ်ယောက်ကို အဘွားကျေးဇူးဖြင့် တစ်ယောက် ယောက်ကို ဆွတ်ခူးနိုင်ပေတော့မည်။ အဘွားက–

"ငါ့မြေးရဲ့၊ ဘယ်သူဟာဖြင့် ငါ့မြေးအပေါ်ကို အနစ်နာခံပြီး သွားလာဆက်ဆံရတယ်၊ ဒုက္ခနဲ့ရင်းတည်ပြီး ချစ်ရခင်ရတယ် ဆိုတာကိုသာ တွေးပြီး ရွေးချယ်ပေတော့ကွယ်" ဟု သူဇာ၏ မိခင်ပြာဖုံးဖြစ်ကာ မတွေးနိုင် မမျိုနိုင် မဆုံးဖြတ်နိုင်ဖြစ်နေသော စိတ်ကို ဆုံးဖြတ်နိုင်စွမ်းရအောင် သတိပေးခဲ့လေသည်။

ထို့ကြောင့် သူဇာသည် ဆရာနှစ်ယောက်ဖြစ်သူ ကိုမေတ္တာနှင့် ကိုသစ္စာတို့အား အတွေးနှင့် ငေးကာ ကြည့်စမ်းလိုက်လေသည်။

အရှေ့အရပ်မှလာသော ဆရာကိုမေတ္တာသည် ထွက်ပြူဆဲ နေမင်းကြီးအား ကျောခိုင်းလျက် အေးချမ်းသာယာသော ခရီးစဉ်ဖြင့် သူချစ်သော မိန်းကလေး သူဇာ့ထံသို့ နေ့စဉ်အချိန်မှန်လာနိုင်ခဲ့ လေသည်။

အပြန်ခရီး၌လည်း ဆရာကိုမေတ္တာသည် အနောက်တောင် စောင်းသို့ ဝင်အောင်းသွားပြီဖြစ်သော နေမင်းကြီးအား ကျောပေး ထွက်ခွာလာခဲ့ရသဖြင့် သူ့ဘဝသည် ထာဝစဉ်ကြည်အေး၍ အရွှင် ဆေးသာ ဖြစ်ခဲ့ရသည်။

အနောက်အရပ်မှလာသော ဆရာကိုသစ္စာသည်ကား ဆရာကိုမေတ္တာနှင့် ဆန့်ကျင်ဘက် ခံစားရရှာသည်။ အကြောင်းသော်ကား ဆရာကိုသစ္စာသည် သူချစ်သော မိန်းကလေးထံသို့ သွားလာဝင်ထွက် ဆက်ဆံရသည်မှာ အပန်းကြီးလှဘိ၏။

ချစ်သော မသူဇာ၏ ရွှေမျက်နှာ သော်တာလကို ရွှင်ရွှင်ပြပြနှင့် မြင်ပါရမည့်အရေးအတွက် ဆရာကိုသစ္စာခမျာ ထွက်ပြူစနေမင်း၏ အပူဒဏ်ကို မျက်နှာပေးကာ မပူနိုင် မလောင်နိုင်ဘဲ လှမ်းခဲ့ရသည်။ သွားခဲ့ရသည်၊ ဆက်ဆံခဲ့ရသည်။

အပြန်ခရီး ဆိုပြန်လျှင်လည်း ဆရာကိုသစ္စာသည် ဝင်လုဆဲဆဲ နေလုံး၏ အရှိန်ဒဏ်ကို မျက်နှာအပ်လျက် သွားရပြန်ချေသည်။ သို့သော် သူ့ဘဝ၌ သူချစ်သော မသူဇာနှင့်သာ တွေ့ရပါမည် ဆိုလျှင် ပူရမည်လည်း မသိ၊ လောင်ရမည်လည်းမသိ။ ချစ်သည့် ဇောဖြင့်သာ မြေပြင်ကို သင်ဖြူးအမှတ်နှင့် ထပ်မနားလှမ်းခဲ့ရ သည်ချည်းပင်။

"အဘွား၊ သူဇာတော့ အနောက်အရပ်ကလာရတဲ့ ဆရာကိုသစ္စာဟာ အရှေ့အရပ်က လာရတဲ့ ဆရာကိုမေတ္တာထက်ကို သူဇာ့အပေါ် ဒုက္ခနဲ့ အရင်းတည်ပြီး ဆက်ဆံရတယ်ဆိုတာကို တွေးမိလို့ ဆရာကိုသစ္စာရဲ့ မေတ္တာကိုပဲ"

အဘွားသည် ရက်သွေးလျှမ်း၍ နှင်းဆီသွေး ဖြန်းသွားသော သူဇာ၏ မျက်နှာကလေးကို ကြည့်လိုက်ရင်းက–

"ကောင်းပါလေ့တော်"

* * *

## (ဈ) ဘီလူး ၃၀နှင့် မင်းသား ၃ ယောက်

နောင်တော်ကြီး ဝဏ္ဏကုမ္မာသည် ညီတော်နှစ်ပါးအား ကြည့်ကာ "ညီတော်တို့၊ နောင်တော်နှင့်အတူ ဘီလူး ၃၀ တို့အလယ်ကို ဘေးအန္တရာယ်မရှိအောင် နေရာယူကြစို့ရဲ့" ဟု ဆိုလိုက်သည်။

ထို့ကြောင့် ဘီလူး ၃၀ ဟူသော အလယ်၌ မင်းသားညီနောင် ၃ ပါးကို ပေါင်းလိုက်သော် သင်္ချာအရေအသွက်အားဖြင့် ၃၃ ရလေ၏။ ထို ၃၃ ကို ဗျည်း ၃ လုံးဟူ၍ မှတ်ပါလေ။

ဗျည်း ၃၀ အကြားသို့ ဗျည်း ၃ လုံးသည် ဘေးအန္တရာယ် မရှိအောင် နေရာယူသည်ဟု ဆိုလျှင် 'န ဘ ယံ' ဘေးမရှိဟူသော စကားအတိုင်း နေရာယူရပါမည်။ ထို့ကြောင့် 'က' ကြီးမှ စ၍ 'အ' အထိ ရေတွက်သွားသောအခါ 'ဏ' နေရာမှာ တစ်ယောက်က နေရာယူရပါမည်။ 'ဘ' နေရာမှာ တစ်ယောက်က နေရာယူရပါမည်။ 'ရ' နေရာမှာ တစ်ယောက်က နေရာယူရပါမည်။

အားလုံး ဗျဉ်း ၃၃ လုံး ပြည့်သွားသောအခါ တစ်နှစ်သုံးလေး စသည်ဖြင့် မည်သို့ပင် ရေတွက်သော်လည်း နေရာယူထားသော 'ဏ ဘ ရ'နေရာ ၃ ခုအား တစ်ဆယ်ဂဏန်း မကျတော့ပေ။

မှတ်ချက်။ ။ စာလုံးအမှန်သည် 'န ဘ ယ' ဖြစ်သော်လည်း နေရာယူသော အခါ၌မူ 'ဏ ဘ ရ' ဟူ၍ ယူရပါမည်။

* * *

## (ည) ဝါးတစ်ရာ မကိုးခေါက်

မောင်ဝသည် တစ်နေ့လုံး တစ်ညလုံး ဝါးလုံး တစ်ရာကို 'မ' ကိုးခါကျအောင် ရေတွက်ရင်း ဦးလေးစံတုတ်၏ကိုယ်စား ဖောင်ဖွဲ့နေမိလေသည်။

ဦးလေးစံတုတ်အနေဖြင့် ဝါးလုံးတစ်ရာကို 'မ' ကိုးခါကျအောင် ရေတွက်၍ ရနိုင်စေရန် ဖောင်ဖွဲ့နိုင်မည်။ မဖွဲ့နိုင်မည်ဟု မသိရပေသည့် မောင်ဝအနေနှင့်မူကား အလွန်စိတ်ပူနေမိ၏။

အဘိုးသည် မရနိုင်သောအဖြေကို တစ်ခါမျှ မမေးခဲ့။ ရနိုင်မည့် အဖြေ၊ တွက်နိုင်မည့်အဖြေသာ ဖြစ်ရပေမည်ဟု မောင်ဝအတတ် တွေးမိကာ အဖြကိုသာ ထပ်တလဲလဲရှာမိရင်း ဝါးလုံးတစ်ရာကို မကိုးခါရအောင် ရေတွက်လျက် မအိပ်မနေ ဖောင်ဖွဲ့နေတော့၏။

လိုလျှင်ကြံဆ နည်းလမ်းရ ဟူသကဲ့သို့ နောက်ဆုံး၌ မောင်ဝသည် အဖြေကို ရသောကြောင့် အဘိုးထံသို့ပြေးကာ သူ့အယူအဆအား တင်ပြလိုက်လေသည်။

"အဘိုး ကျွန်တော် တွက်လို့ရပြီ၊ ဝါးဖောင်ကို ဖွဲ့နိုင်ပြီ အဘိုး"

"ဟေ၊ ဟုတ်ရဲ့လားကွဲ့၊ ကိုင်း ဒါဖြင့် ဆိုစမ်းငါ့မြေး"

အဘိုးကလည်း 'အာဂ ငါ့မြေး' ဟူသော အနေနှင့် ပီတိစိမ့် သောဟန် ပေါ်လွင်နေသည်။

"ဝါးလုံးကို ၁၁ လုံးစီခွဲပြီး ၉ ခါတိတိ ယူလိုက်ရင် ဝါးလုံး ပေါင်း ၉၉ လုံးရရော မဟုတ်လားအဘိုး၊ ကျန်တဲ့တစ်လုံးကိုတော့ နဖားဖောက်သီပြီး ဖောင်ဖွဲ့ရမယ်လေ၊ ဒီတော့မှလည်း မြစ်ကို စုန်ဆင်းဖို့ ဖောင်ဖြစ်လာမယ် မဟုတ်လား အဘိုးပြောတဲ့အတိုင်း အားလုံး 'မ' ချည်းပဲနော် အဘိုး"

ခါးကုန်းနေပြီဖြစ်သော အဘိုးသည် ပီတိဖုံးနေသော မျက်နှာ ဖြင့် တပြုံးပြုံးရွှင်လျက် ရှိနေချေပြီတည်း။

* * *

## ၆။ ပုံပြင်စကားထာ အဖြေများ

## (က) သစ္စာရှင်မည်သူနည်း

သူဌေးသမီး၊ မင်းသား၊ ညောင်စောင့်နတ်၊ ခိုးသူ၊ ခင်ပွန်းလင်၊ ဤ ၅ ဦးတွင် မည်သူသည် သစ္စာရှင် ဖြစ်သနည်းဟူရာ၌

ရှေးသရောအခါ သက်ဿနဂိုရ်ပြည်တွင် မဟာဗြဟ္မဏ၊ မဇ္ဈိမ ဗြဟ္မဏ၊ ခုဒ္ဒဗြဟ္မဏ၊ စူဠဗြဟ္မဏဟူ၍ ပုဏ္ဏားလေးယောက်တို့ ရှိကြလေ၏။

တစ်နေ့သ၌ ဤပုဏ္ဏား လေးယောက်တို့သည် မြစ်ဆိပ်တစ်ခု ၌ ရေအတူချိုးကြသောအခါ တစ်ယောက်လျှင် ရွှေဒင်္ဂါးပြားရေ တစ်ရာစီရှိသည်တို့အား တစ်ပေါင်းတစ်စုတည်း ထားခဲ့ကြလေ၏။ သို့ရာတွင် အငယ်ဆုံးဖြစ်သော ပုဏ္ဏားမှာမူ သူ၏ အစုဖြစ်သည့် ရွှေဒင်္ဂါးတစ်ရာကို အကောက်ကြံ၍ အများနှင့် ရောစုမထားဘဲ တစ်နေရာ၌ ဝှက်ထားလိုက်လေ၏။

အားလုံးရေချိုးပြီးကြ၍ ကမ်းသို့ရောက်လေလျှင် အငယ်ဆုံး ပုဏ္ဏားသည် သူ၏ ဥစ္စာပျောက်သွားသည်။ မည်သူ့ပစ္စည်းမျှ မပျောက်ပါဘဲလျက် ဤနေရာသို့ တစ်ပါးလူလည်း မလာနိုင်၊ ထို့ကြောင့် သူပျောက်ဆုံးရသော ဥစ္စာအတွက် စု၍ ခွဲဝေပေးရ

မည်ဟု ကျန်သောပုဏ္ဏား ၃ ယောက်အား တောင်းဆိုလေသည်။ ပုဏ္ဏားတို့ကလည်း ငါတို့လေးယောက် ထားကြရာတွင် 'သင့်တစ်ယောက်တည်းရွေး၍ ပျောက်ရသည်ကို ငါတို့ အဘယ်ကြောင့် ပေးရမည်နည်း" ဟု ဆို၍ ရွာသူကြီးထံသို့ ရောက်ကြလေကုန်၏။

ထိုအခါ တရားသူကြီးက "သင့်တို့လေးဦး ဥစ္စာထားကြရာတွင် တစ်ယောက်၏ဥစ္စာသာ ရွေးချယ်ပျောက်ဆုံးရသည်မှာ မဖြစ်စကောင်း၊ ထို့ကြောင့် ကျန်သောဥစ္စာကို လေးဦး အညီအမျှဝေကြရမည်" ဟု ဆုံးဖြတ်လေ၏။

ပုဏ္ဏားသုံးယောက်တို့ မခံနိုင်လေ၍ မြို့ဝန်ထံသို့ ရောက်ကြပြန်သည်။ မြို့ဝန်မှတစ်ဆင့် အမတ်ကြီး၊ အမတ်ကြီးမှတစ်ဆင့် ပြည့်ရှင်မင်း စသည်ဖြင့် ရောက်သွားသောအခါ ပြည့်ရှင်မင်းကလည်း ရွာသူကြီးကဲ့သို့ပင် စစ်ဆေး ဆုံးဖြတ်ပေးပြန်၏။ ထိုအခါ ပုဏ္ဏားသုံးယောက်တို့ မခံနိုင်ဖြစ်ကြပြန်သောကြောင့် ပညာရှိ အမတ်ကြီး၏ သမီး စန္ဒာကုမာရီထံသို့ ရောက်လေ၏။

ထိုအခါ စန္ဒာကုမာရီသည် ပုဏ္ဏားလေးယောက်အား မျက်နှာ စုံညီ အတူခေါ်ယူပြီးလျှင်–

"ဆရာတို့၊ ဥပမာအနေဖြင့် ကျွန်မစကား ဆိုပါအံ့၊ နားထောင်ကြပါလော့" ဟု အချိကာ ဆိုခဲ့ပြီးသော သစ္စာရှင်မည်သူနည်းဟူသည့် ပုံပြင်စကားထာအား ပြောပြလေ၏။ ပုံပြင်ဆုံးလေလျှင် အမတ်ကြီး၏သမီး စန္ဒာကုမာရီသည် "ဆရာတို့၊ အခုကျွန်မပြောသော ပုံပြင်တွင် သစ္စာရှင်သည် မည်သူဖြစ်သည်ဟု ဆိုပါမည်နည်း" ဟု မေးလိုက်လေ၏။

ထိုအခါ ပထမပုဏ္ဏားသည် မင်းသားကို သစ္စာရှင်ဖြစ်သည်ဟု ဆို၏။ အကြောင်းသော်ကား မင်းသားသည် ရလာသော ပန်းဦးပန်ခွင့်ကို ပယ်နိုင်သောကြောင့် ဖြစ်သည်ဟု ဆို၏။

ဒုတိယပုဏ္ဏားသည်ကား ညောင်စောင့်နတ်ကို သစ္စာရှင်ဖြစ်သည်ဟု ဆို၏။ အကြောင်းသော်ကား ယောက်ျားတို့၏ စိတ်သည် အလွန်စောင့်နိုင်ခဲဘိ၏။ ယခု ရုက္ခစိုးသည် စိတ်ကို နိုင်အောင် စောင့်နိုင်သောကြောင့် ဖြစ်၏ဟု ဆိုသည်။

တတိယ ပုဏ္ဏားသည်ကား ခင်ပွန်းလင်ဖြစ်သူကို သစ္စာရှင် ဖြစ်သည်ဟုဆို၏။ အကြောင်းသော်ကား အလွန်စင်ကြယ်စွာသော ပတ္တမြားကို ဆေးသောရေနှင့်တူသည် ဖြစ်လျက် အာရုံ၌ မတပ်ငြိဘဲ မယားအား ခွင့်ပေးလိုက်နိုင်သောကြောင့် ဖြစ်သည်ဟု ဆို၏။

ပုဏ္ဏား အငယ်ဆုံးသည်ကား သူခိုးကြီးကို သစ္စာရှင်ဖြစ် သည်ဟုဆို၏။ အကြောင်းသော်ကား ခိုးသူ၏ သဘောသည် အသက်ကိုစွန့်၍ အသက်မွေးကြရသူများ ဖြစ်၏။ ထိုသို့ အသက် စွန့်ကာ အသက်မွေးနေသူ ဖြစ်ပါလျက် အဝတ်တန်ဆာကိုလည်း မမက်၊ ဥစ္စာရွှေငွေကိုလည်း မတပ်စွန်း၊ ပယ်လွှတ်လိုက်နိုင်သော ကြောင့် ဖြစ်၏ဟု ဆိုသည်။

ထိုအခါ အမတ်ကြီးသမီးသည် သူ၏ အခြွေအရံတစ်ဦးအား "အစ်မကြီး၊ ပုဏ္ဏားလေးယောက်တို့တွင် အငယ်ဆုံး ပုဏ္ဏားသည် ခိုးသူကို သစ္စာရှင်ဟု ဆိုပေသည်။ သူ၏အဆိုကို ထောက်၍ သူသည်ပင်လျှင် ပျောက်သောဥစ္စာကို လက်ဝယ်ထားရှိသူ ဖြစ်ပေ မည်။ ထို့ကြောင့် အစ်မကြီးသည် ပုဏ္ဏားအငယ်ထံသို့သွားကာ ဤစကားကို ပြောပါလေ" ဟု မှာကြား၍ လွှတ်လိုက်လေ၏။

အခြေအရံမသည်လည်း ပုဏ္ဏားငယ်ထံသို့ ရောက်လေလျှင် "အရှင်ပုဏ္ဏား၊ သုံးယောက်သော ပုဏ္ဏားတို့ကား ပညာနည်းသော လူမိုက်များသာ ဖြစ်ကြသည်။ အရှင်သာ ပညာရှိပေစွ၊ အရှင့်မှာ လည်း ဇနီးမရှိ၊ ကျွန်မမှာလည်း ခင်ပွန်းမရှိ၊ ကျွန်မတို့နှစ်ဦး ခင်ပွန်းပြုရသော် ကောင်းပေမည်။ ကျွန်မ၏ ဖခင် အမတ်ကြီး

ကိုလည်း ကျွန်မ ကြောက်ရွံ့ပါသည်။ ထို့ကြောင့် ကျွန်မနှင့် အရှင်တို့ အတူနေနိုင်ရန် အဝေးသို့ ပြေးကြပါစို့။ အရှင့်မှာ အသက် မွေးရန် ဥစ္စာမရှိလေသလော” ဟု ဖြားယောင်းလိုက်လေ၏။

ပုဏ္ဏားငယ်သည်လည်း ဝမ်းမြောက်စွာနှင့် “ချစ်နှမ မကြောင့် ကြပါနှင့်၊ ငါ့မှာ ဥစ္စာရှိပါသည်၊ ပျောက်သည်ဟုဆိုပြီး ငါ့လက် မှာ ဝှက်ထားပါ၏။ သူတို့ထံမှ နောက်ထပ် တစ်စုရအောင် ငါ ကြိုးစားနေပါသည်” ဟု ဖြေလိုက်၏။

အခြွေအရံမသည်လည်း သူ၏ဝှက်၍ပါလာသော ဥစ္စာ အနည်းငယ်ကိုပြ၍ “အရှင်၊ ကျွန်မမှာ ဒီမျှ ဥစ္စာပါပါသည်၊ အရှင့်ဥစ္စာနှင့်အတူ ရော၍ထားရန် ကျွန်မကို အပ်ပါလော” ဟု တောင်းလျှင် ပုဏ္ဏားငယ်သည်လည်း ‘မ’ ၌ တပ်မက်သောစိတ်ဖြင့် ယုံလေသောကြောင့် ရွှေဒင်္ဂါးပြားရေ ၁၀၀ ကို အပ်နှံလိုက်လေ၏။

ဤနည်းဖြင့် ပုဏ္ဏားသုံးယောက်လုံးထံမှ ဥစ္စာထုပ်အား လှည့်ဖြား၍ တောင်းလေလျှင် အသီးအသီး ရကြလေကုန်၏။ ထို့နောက် ရထားသော ဥစ္စာထုပ်များနှင့်အတူ အမတ်ကြီး၏သမီး စန္ဒာကုမာရီသည် ပုဏ္ဏားလေးယောက်အား ခေါ်၍ ပြည့်ရှင်မင်းကြီး ၏ရှေ့သို့ ဝင်လေ၏။

မင်းရှေ့သို့ ရောက်သောအခါ စန္ဒာကုမာရီ သတို့သမီးသည် “ယခု အဖြစ်အပျက်သည် စဉ်းလဲ၍ ကြောက်မက်ဖွယ်ကောင်းလှ ပါပေ၏။ ပုဏ္ဏားလေးယောက်သည် ပညာရှိအချင်းချင်းလည်း ဖြစ်ကြပါပေသည်။ သို့သော် ပုထုဇဉ်တို့၏ သဘောကား၊ လောဘ၊ ဒေါသ၊ မောဟတို့၏ကျွန် ဖြစ်ချေကုန်၏။

“သောတဝိညာဏ်သည် စက္ခုဝိညာဏ်ကို တိုက်တွန်း၏။ စက္ခုဝိညာဏ်မြင်လေလျှင် မနောဝိညာဏ်အား တိုက်တွန်း၏။ ထိုသို့

တိုက်တွန်းသောကြောင့် ကာယကံမှုကို ပြုကြလေသည်။ ထိုကာယကံမှုကို ပြုလေလျှင် ပညာမှ ယုတ်ကြလေတော့၏။ ပညာမှ ယုတ်သောအခါ အဆင်အခြင်မရှိ၊ မကောင်းမှုကို ပြုကြတော့၏။ သံသရာဝဋ်ဆင်းရဲ၌ ခိုင်မြဲစွာ ကျကုန်တော့ချေမည်” ဟုဆိုလျက် သူ့ထံမှာ ရောက်ရှိထားသည့် ဥစ္စာလေးထုပ်အား ပြည့်ရှင်မင်း၏ ရှေ့သို့ ချလိုက်ကာ “ဥစ္စာရှင် ယူလေလော့” ဟု ဆိုလိုက်လေသတည်း။

ပုဏ္ဏားသုံးယောက်တို့သည် သူတို့၏ ဥစ္စာများကို ယူလိုက်ကြလျှင် ကျန်သောဥစ္စာကို ပုဏ္ဏားငယ်က ကောက်ယူလိုက်လေ၏။

ထိုအခါ ပြည့်ရှင်မင်းက “ပုဏ္ဏားငယ်၊ သင့်ဥစ္စာပျောက်သွားပြီးဟု ဆိုခဲ့လျက်၊ ယခုဥစ္စာကို အဘယ်မှရလေသနည်း” ဟု ဆိုလိုက်လျှင် အမတ်ကြီးသမီးသည် “သြော် အရှင်မင်းကြီး၊ ယခင်အခါက သူ၏ဥစ္စာကို သူပင် ဝှက်ထားခဲ့ချေသည်၊ ယခုသော် သူ၏ ဥစ္စာကို သူကိုယ်တိုင်ပင် ညွှန်ပြလိုက်ချေပြီ” ဟု ဆိုလိုက်သည်။

လေးယောက်သော ပုဏ္ဏားတို့သည်လည်း မိမိတို့၏ ဥစ္စာအစုအား အသီးသီး ယူဆောင်ကာ ပြန်ကြလေတော့သတည်း။

* * *

## (ခ) ကျေးဇူးရှင်မည်သူနည်း

မြွေပါ၊ ကြောင်၊ ခွေး ၃ ဦးတို့သည် အချင်းချင်း မိမိသာ ကျေးဇူးရှင်ဖြစ်သည်ဟူ၍ ငြင်းခုံကြလေလျှင် နောက်ဆုံး၌ မဒရာဇ်ပြည်မှ ဘုရင့်သမီးတော်ထံသို့ အဆုံးအဖြစ်ကို နာခံရန် ရောက်ကြလေကုန်သတည်း။

ထိုအခါ ဘုရင့်သမီးတော်သည် မြွေပါ၊ ကြောင်၊ ခွေးတို့အား အတူထိုင်စေလျက်–

“မြွေပါယူခဲ့သော ပစ္စည်းသည် ချမ်းသာကြွယ်ဝ ကုန်လုံစေသည်မှာ မှန်ပါ၏။ ကြောင်ကတစ်ဖန် ပြန်လည်ဆောင်ကြဉ်းပေး၍ ကျေးဇူးများသည်ဆိုခြင်းမှာလည်း မှန်ပါ၏။ သို့သော် ခွေးသည် သင်တို့နှစ်ဦးထက် ထူးကဲစွာ စည်းစိမ်ကိုလည်း ခိုင်မြဲစေရန် စောင့်ပေ၏။ ထိုစည်းစိမ်ထက် တန်ဘိုးမဖြတ်နိုင်သော သူဌေးသား၏ အသက်ကိုလည်း ရှည်စေခဲ့၏။

“ထို့ကြောင့် ခွေးသည်သာလျှင် သင်တို့အထဲ၌ ပိုမို၍ ကျေးဇူးရှင် ဖြစ်ထိုက်ပါပေသည်တကား” ဟု ဆုံးဖြတ်လိုက်လေသတည်း။

* * *

## (၈) ဖူးစာရှင် မည်သူနည်း

သူဌေးသား သုံးယောက်တို့သည် အချင်းချင်း ငြင်းခုံခြင်းဖြင့် အကျိုးမရှိ၊ အဆုံးအဖြတ်ကို ခံကြမည်ဟုဆိုကာ သုဓမ္မာစာရီ မင်းသမီးထံသို့ ရောက်သွားကြလေ၏။

ထိုအခါ မင်းသမီးသည် သူဌေးသားသုံးယောက်၏ အပြောစကားများအား အသေအချာ မှတ်သားစေ၍

“မောင်တို့ သုံးယောက်လုံး၏ စကားကို ကြားရချေပြီ။ ကျွန်ုပ် ဆုံးဖြတ်မည်ကို နာခံကြပေတော့။ သူဌေးသားတစ်ယောက်သည် သူ၏ ကတိအတိုင်း သူဌေးသမီးကို သင်္ဂြိုဟ်၍ သွားလေပြီ၊ သူဌေးသားတစ်ယောက်ကလည်း သူ၏ ကတိအတိုင်း သူဌေးသမီး၏ အရိုးကို ထုပ်ပိုး၍ လွယ်သွားလေပြီ။ ကျန်သူဌေးသား

တစ်ယောက်မှာမူကား သူ၏ ကတိအတိုင်း လုပ်တိုင်း၌ စောင့်ကျန် နေရစ်ခဲ့ရ၏။

"သူဌေးသား သုံးယောက်အနက် လုပ်တိုင်း၌ စောင့်ရသော သူသည် ဆွေ ၇ ဆက်တိုင်အောင် ယုတ်ညံ့ခြင်းကို ခံရ၏။ ထို့ကြောင့် ထိုသူဌေးသား စောင့်နေရသည့် အခိုက်အတွင်း သူဌေးသမီး အသက်ရှင်လာသည်ဖြစ်၏။ အကယ်၍ သူဌေးသမီး အသက်ရှင်၍ မလာလျှင်မူ သူဌေးသား၏တစ်သက် လုပ်တိုင်း၌သာ နေရချေတော့မည်။

"သို့အတွက် သေအတူ ရှင်မှာနေသူသာလျှင် ရှင်ဖက်ဖြစ်ကောင်း လေပြီဖြစ်၍ သူဌေးသမီး၏ ဖူးစာရှင်သည် သင်္ချိုင်း၌ စောင့်ရှောက် နေရသော သူဌေးသားသာလျှင် ဖြစ်စေရမည်" ဟု ဆုံးဖြတ်လိုက် လေသတည်း။

* * *

## (ဃ) အကြီးဆုံး မည်သူနည်း

ဆင် ၃ ကောင်ပါသော အထုပ်ကို ကိုမိုးကုန်းသည် လက်နှင့် ဆွဲကိုင်ရ၏။ ငှက်ဆင်သည် နူတ်သီးဖြင့် ကိုက်ချီရ၏။ အပျိုတော် သည် လက်နှင့်ကော်ထုတ်၍ ပစ်ရ၏။ မအိမ်မြသည် နှာခေါင်း ထဲသို့ ဝင်သွားရ၏။ ဘုရင့် သမီးတော်မှာမူကား သူ၏ မျက်လုံး ထဲ၌ အမှိုက်စကလေး ဝင်သွားသည်ဟု အထင်ရှိကာ မျက်လုံး ခိုးလိုးခုလု ရှိရုံသာ ဖြစ်သောကြောင့် ဤပုံပြင်တွင် ဘုရင့်သမီးတော် သာလျှင် အကြီးဆုံးဖြစ်ပေသတည်း။

* * *

## (င) သင် မည်သို့ဆုံးဖြတ်မည်နည်း

အမတ်ကြီး၏ သမီးသည် သူ၏ ရှေ့တူရူတွင် ရှိနေကြသော သူဌေးသား ပေတလုလင်နှင့် သူဌေးသမီးတို့အား စူးစိုက်စွာ ကြည့်လိုက်လေသည်။ ထိုသူ ၃ ဦးတို့ကလည်း မည်သို့ဆုံးဖြတ်မည်ဟု စိတ်စောလျက် ငံ့နေကြဘိသည်။

အမတ်ကြီး၏သမီးသည် အမှုသည် သုံးယောက်လုံးတို့၏ စကားများကို စာချီအား စာရေးစေပြီးသော် အမှုသည်များနှင့် တကွ မင်းကြီး၏ရှေ့သို့ ဝင်ကြလေ၏။

ပြည့်ရှင်မင်းကြီးသည်လည်း စာချီတို့ ဆိုသည့်အတိုင်း ဟုတ်မှန်သည်၊ မမှန်သည်ကို အမှုသည်တို့အား မေးလေလျှင် ဟုတ်မှန်ပါသည်ဟု ဖြောင့်ဆိုကြလေ၏။ ထိုအခါ ပြည့်ရှင်မင်းသည်

"ပေတလုလင်သည် လင်အစစ် မဟုတ်ပါဘဲလျှင် လင်အယောင်ဆောင်ထားသောကြောင့် အသက်သေရန် သင့်ပေသည်။ သို့သော် ချမ်းသာခွင့်ပေးလိုက်မည်၊ လွှတ်စေ။ သူဌေးသားသည် များစွာသော စည်းစိမ်ချမ်းသာရှိလျက် သစ္စာကိုမဖျက်၊ လင်ရင်း အမှန် ဖြစ်ပေသည်။ သူဌေးသမီးမှာမူကား လင်အရင်းကို သစ္စာဖျက်ကာ ကန့်ကွက်သည် ဖြစ်သောကြောင့် မှည့်လေပြီးသော သစ်သီးသည် အညှာမှကြွေလေလျှင် အညှာသို့တစ်ဖန် ပြန်မရောက်လေသကဲ့သို့ အမိဝမ်းမှ ဖွားလေပြီးသောသားသည် အမိဝမ်းသို့ ပြန်၍ မဝင်နိုင်သကဲ့သို့ဟူသော သူ၏ ညွှန်ပြီးသော စကားပမာကဲ့သို့ အကျင့်ပျက်သူ ဖြစ်ပေသည်" ဟု ဆုံးမစကား ပြောကြား၍ အမှုသည်တို့အား လွှတ်လိုက်လေတော့သတည်း။

* * *

## မှီငြမ်းကိုးကားသော စာအုပ်များ

၁။ မဟောသဓာ ဇာတ်တော်ကြီး
၂။ မဟာဇနက ဇာတ်တော်ကြီး
၃။ ဓမ္မပဒဝတ္ထုတော်ကြီး (ဒု)
၄။ တကောင်းရာဇဝင်
၅။ ရှင်သီလဝံသ အမေး အဖြေ
၆။ ခံတော်မောင်ကျဘမ်း
၇။ မြန်မာ့စွယ်စုံကျမ်း (တွဲ ၃-၆)
၈။ ကဝိဘရတီကျမ် (ဒု)
၉။ မုံရွေးမှတ်စု
၁၀။ ဂီတရောဝါဒပျို့
၁၁။ မာတောဝါဒပျို့
၁၂။ မြန်မာ့ဂုဏ်ရည်
၁၃။ သုသောဓိတ မဟာရာဇဝင် (တ)
၁၄။ ဦးကုလား မဟာရာဇဝင် (ပ)
၁၅။ ကာလိဒါသ လျှောက်ထုံး

**ယနေ့မန္တလေး စာအုပ်တိုက်**

၁၆။ မာဓဝနိဒါန်းကျမ်း

၁၇။ ဥတုဘောဇန သင်္ဂဟကျမ်း

၁၈။ သုတေသန သရုပ်ပြ အဘိဓာန်

၁၉။ သမန္တစက္ခုဒီပနီ (ပ)

၂၀။ ကဗျာ့ကြေးမုံ ပိဋကတ်ကြေးမုံ

၂၁။ သင်္ဂဇာစကားပုံပေါင်းချုပ်

၂၂။ ရွှေဘုံနိဒါန်း

၂၃။ ဗဟုသုတဟင်းလေးအိုး

၂၄။ နှောင်းဖြစ်စာတမ်း

၂၅။ ရှေးဖြစ်စာတမ်း

၂၆။ ဘိုးဘေးမှတ်တမ်း

၂၇။ အမိကျေးဇူး

၂၈။ မဃဒေဝလင်္ကာသစ်

၂၉။ ယဉ်ကျေးမှုစာစောင်များ

၃၀။ လူထုပညာစာစောင်များ

၃၁။ သုဓမ္မစာရီဖြတ်ထုံး

၃၂။ မဏိရတနာပုံကျမ်း